

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၄၉) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် ၊ ဗုဒ္ဓဟူး ၊ (ဖေဖော်ဝါရီ ၁၂ ၊ ၂၀၁၄)

# ဒါဖတ်ပြီးမှ မလေးရှားသွားပါ

ငြိမ်းချမ်း၊ အေးမြတ်သူ

စစမျိုးဆက်ကျောင်းသားကိုအောင်ကြီးသည် ၂၀၁၄တွင်မလေးရှားရောက်မြန်မာများထဲမှပထမဆုံးအသတ်ခံရသူဖြစ်သည်။ပြီးခဲ့သည့်နှစ်မေလ ၂၉ရက်မှဇွန်လစရက်ထိဖြစ်ပွားခဲ့သောမလေးရှားနိုင်ငံရှိမြန်မာလုပ်သားများအကြမ်းဖက်တိုက်ခိုက်ခံရမှုသတင်းများကိုကိုအောင်ကြီးကမြန်မာသတင်းမီဒီယာများထံအဓိကကူညီပေးပို့ခဲ့သူဖြစ်သည်။ ၂၀၁၃ခုနှစ်တွင် မလေးရှားရောက် မြန်မာနိုင်ငံသား ၃၀ခန့် အသတ်ခံရပြီး အမျိုးသမီးငါးဦး အုပ်စုဖွဲ့မုဒိမ်းကျင့်ခံရကာ အုပ်စုဖွဲ့တိုက်ခိုက်ခံရမှု ငါးကြိမ်ထိဖြစ်ပွားခဲ့သည်။ စာ ၃ »



## မိုဘိုင်းဖုန်း အပြောင်းအလဲ ဘယ်သူတွေနိုင်ပြီး ဘယ်သူတွေ ရှုံးမလဲ


စာမျက်နှာ ၂၀ »

## ယဉ်ကျေးမှုမြို့တော်မှ နဂါးခြေရာများ

မောင်တာ

"သူတို့ကို ထိန်းချုပ်ဖို့ဆိုတဲ့ အပိုင်းမှာကျတော့ ဥပဒေစိုးမိုးဖို့ လိုတာပေါ့။ ဥပဒေစိုးမိုးပြီးတော့မှ ထားပါတော့ဗျာ။ မှတ်ပုံတင်အတုထုတ်ပေးတဲ့ သူတွေကိုလည်း ဆက်ပြီးတော့ ထုတ်မပေးအောင် ဖိဖိစီးစီးအရေးယူမယ်ဆိုလို့ရှိရင် အလိုအလျောက်ပေါ့လေ။ ပိုက်ဆံပေးပြီး နိုင်ငံသားဖြစ်နေတဲ့ ပြဿနာတွေ သက်သာသွားမယ်။ ဥပဒေစိုးမိုးမှုလိုတယ်။ မြန်မာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မျှမျှတတနဲ့ ဥပဒေပါအခွင့်အရေးကိုသာ ပေးမယ်ဆိုရင် ဒေသခံတွေက သူတို့ကို မနာလိုစရာလည်း မရှိဘူး။ အမုန်းပွားစရာလည်းမရှိဘူး"

အချပ်ပို IV »



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၂၀၁၁ ဩဂုတ်၁၉ရက်က သမ္မတအိမ်တော်တွင် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့စဉ်က

## ခေါင်းဆောင်နှစ်ဦးကြား ယုံကြည်မှုပျက်သွားပြီလား

အောင်သူရ

လွန်ခဲ့သောသုံးနှစ်ခန့်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဓာတ်ပုံရှေ့တွင် သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံမှုက မြန်မာနိုင်ငံအတွက် ကောင်းမွန်သော အပြောင်းအလဲများဖြစ်ပေါ်စေခဲ့သည်။ အစိုးရခေါင်းဆောင်နှင့် လူထုခေါင်းဆောင်ကြား ၂၀၁၁ ဩဂုတ် ၁၉ ရက်တွင် စတင်တည်ဆောက်နိုင်ခဲ့သော ယုံကြည်မှုက သမိုင်းတွင်သော အပြောင်းအလဲများဖြစ်ပေါ်မှု၏ နိဒါန်းတစ်ခုလည်း ဖြစ်ခဲ့ပါသည်။ သို့သော် ၂ နှစ်ကျော်ကြာပြီး နောက်ပိုင်းတွင် အခြေအနေကပြောင်းလဲလာခဲ့သည်။ အချပ်ပို III »

## ငြိမ်းချမ်းရေးအတွက် ပင်လုံစိတ်ဓာတ်ကို ထိန်းသိမ်းပါ

အောင်ခိုင်၊ ထွန်းခိုင်

ယနေ့မှ စတင်ပြီး ရေတွက်ပါက လွန်ခဲ့သော (၆၇) နှစ်တိတိတွင်လွတ်လပ်သော အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံတော် အိပ်မက်ကို အကောင်အထည်ဖော်ရန် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသား ခေါင်းဆောင်အချို့ ရှမ်းပြည်နယ် ပင်လုံမြို့တွင် သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

သို့သော် ပြီးခဲ့သည့် ၆၇နှစ်တာကာလအချိန်အများစု၌ပင်လုံစိတ်ဓာတ် ပျောက်ဆုံးနေခဲ့ပြီး နိုင်ငံ၏ တစ်နေရာမဟုတ် တစ်နေရာတွင် တိုင်းရင်းသားအချင်းချင်း အပြန်အလှန်သတ်ဖြတ်သော သွေးစွန်းသည့်နေ့ရက်များက များလွန်းခဲ့သည်။


ဆောင်းပါးအပြည့်အစုံ-စာ ၈ »

## ဝန်ကြီးများမလိမ္မာလျှင် မည်သူ့တာဝန်

စာမျက်နှာ ၁၈ »




CNC
MEN'S WEAR
CNC Men's Wear Customer များအား
ကျေးဇူးတုံ့ပြန်သောအားဖြင့်အဆိုတော် ကိုလေးဖြူ၏ "စိတ်ပူတယ်"
MTV သီချင်းသစ်ကို အမြို့မြို့အနယ်နယ်ရှိ
CNC အရောင်းဆိုင်များတွင် CNC တံဆိပ်ဝယ်ယူသူတိုင်း
VCD တစ်ခွေ လက်ဆောင်ပေးသွားမည် ဖြစ်ပါသည်။
www.cncmenwear.com | www.facebook.com/cnc1999


GOLDEN CITY
THIS FEBRUARY
You are invited to experience the grandness of Golden City
NATIONAL LANDMARK · EXCLUSIVELY YOURS
Presented by Golden Land Real Estate Development Company Limited
●Royal treatment at our hotel ●Platinum privilege club ●International Office Building
●Premium luxury shopping ●Australian landscape design team ●Comfortable luxury living space
●Top global property management company ●Modern classical fusion ●Elite Community
●French inspired Garden
Hotline:+95(0)1-8605111 +95(0)1-8605222
Golden Land Real Estate Development Co.,Ltd.
Address:Yankin Road,CMA Old building,Yankin Township,Yangon Myanmar Http://www.glredcl.com



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မျက်နှာဖုံးမှအဆက်

# ဒါဖတ်ပြီးမှ မလေးရှားသွားပါ

ထို့အပြင် တိုက်ခိုက်ခံရမှုများကြောင့် ဒဏ်ရာရမြန်မာ ရာနှင့်ချီ၍ရှိသည်။

၂၀၁၃ မတိုင်မီနှစ်များကလည်း မလေးရှားနိုင်ငံတွင် မြန်မာလုပ်သားများ အသတ်ခံရမှုရှိနေရာ ၂၀၁၃ ခုနှစ်တွင် ပိုမိုများပြားလာခြင်းဖြစ်သည်။ ထိုဖြစ်စဉ်များကြောင့် မလေးရှားနိုင်ငံတွင် မြန်မာနိုင်ငံသားများ ဆက်လက်နေထိုင်ရန်နှင့် သွားရောက်လုပ်ကိုင်ရန် စိုးရိမ်စရာဖြစ်လာခဲ့သည်။

“တစ်နှစ်ကို ပျမ်းမျှ မြန်မာ ၅၀ လောက်သင်္ဂြိုဟ်ရတယ်။ ဒါပေမဲ့ ၂၀၁၃ ခုနှစ်က ပိုများတယ်” ဟု မလေးရှားနိုင်ငံ ပီနန်နာရေးကူညီမှုအသင်းဥက္ကဌ ဦးဗိုလ်မြကပြောသည်။

မလေးရှားနိုင်ငံရောက် မြန်မာလုပ်သားများ၏ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် ကူညီမှုများ လုပ်ကိုင်ပေးနေသော ကိုအောင်ကြီးမှာ ဖေဖော်ဝါရီ ၄ ရက်က အသတ်ခံခဲ့ရသည်။ မလေးရှား နိုင်ငံရောက် မြန်မာများအား ကူညီပေးနေသူများမှာ ၎င်းတို့၏ အသက်အန္တရာယ်စိုးရိမ်ရသည်ကို၎င်းတို့ကိုယ်တိုင်သိထားပြီးဖြစ်သည်။ နာမည်ကျော်ကြားမှုရှိလာလျှင် အသတ်ခံရမှုမှာ ရာနှုန်းပြည့်ရှိနေသည်ဟု ၎င်းတို့က ဆိုသည်။

ကိုအောင်ကြီးအသတ်ခံရပြီးနောက်တစ်နေ့တွင် မလေးရှားနိုင်ငံရှိ ရခိုင်ဒုက္ခသည်စခန်းသို့ ဟောပြောပွဲ သွားရောက်သော ရခိုင်အမျိုးသားပါတီ ထိပ်ပိုင်းခေါင်းဆောင်အချို့ ကွာလာလမ်ပူတွင် သေနတ်ဖြင့် သုံးချက်ပစ်ခတ်လုပ်ကြံခံရသည်။

၂၀၁၃ ခုနှစ်တွင် ဆာလာရန်းမြို့ရှိ မြန်မာနိုင်ငံသားများ အကြမ်းဖက်တိုက်ခိုက်ခံရမှု ၁၀ ရက်ဆက်တိုက်ဖြစ်ပွားရာ ထိုဖြစ်စဉ်တွင် မြန်မာလုပ်သား ခုနစ်ဦး သေဆုံးခဲ့သည်။ ဩဂုတ် ၁၆ ရက်တွင် ဂျိုဟိုးပြည်နယ် တမန်ကိုတာရပ်ကွက်ရှိ ပင်နာဆိုးနစ်ဖုန်းစက်ရုံတွင် လုပ်ကိုင်သော မြန်မာအမျိုးသမီးတစ်ဦးကို မလေးရှားနိုင်ငံသားများက အုပ်စုဖွဲ့မုဒိမ်းကျင့်ပြီး လမ်းဘေးစွန့်ပစ်ထားမှု၊ ဒီဇင်ဘာ ၂၃ ရက်တွင် ဆာရာဝပ်ပြည်နယ် ဆီနိုင်းမြို့တွင် မြန်မာလုပ်သား ၉၇ ဦးအား အင်ဒိုနီးရှားနိုင်ငံသားများ အုပ်စုဖွဲ့တိုက်ခိုက်မှုကြောင့် ၁၀ ရက်ကြာ ဂိုဒေါင်ဟောင်းတစ်ခုတွင် ပုန်းခိုနေရမှုစသည့် ဖြစ်စဉ်တိုင်းတွင် ထူးဆန်းသည်မှာ မလေးရှားရဲတပ်ဖွဲ့က ထိရောက်စွာ စုံစမ်းအရေးယူဖော်ထုတ်နိုင်မှုမရှိခြင်းပင်ဖြစ်သည်။

“အသတ်ခံရလည်း မလေးရဲကို သွားမတိုင်နဲ့၊ အပိုပဲ။ မြန်မာတွေ အသတ်ခံရတာဆိုရင် တစ်မှုမှာ မမိဘူး”ဟု မလေးရှားနိုင်ငံရောက် မြန်မာများကို ကူညီဆောင်ရွက်ပေးနေသည့် မယာယာကပြောသည်။

ဂျိုဟိုး၊ ဆာလာရန်း၊ အလော့စတား၊ ဘတ်တာဝပ်၊ ပီနန်း၊ ဆာရာဝပ်နှင့် ကွာလာလမ်ပူ အစွန်းပိုင်းမြို့များသည် မြန်မာနိုင်ငံသားများ၏ အသက်အန္တရာယ်ကို အဓိကစိန်ခေါ်နေသော မြို့များဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသားများ အသတ်ခံရမှုမှာ ဂျိုဟိုးပြည်နယ်၌ အများဆုံးဖြစ်ပွားခဲ့သည်။ မလေးရှားနိုင်ငံတွင် လူတစ်ယောက်သတ်ရန် လွယ်ကူနေသည်မှာ မြန်မာလုပ်သားများအသတ်ခံရမှုများက သာဓကဖြစ်သည်။

“တချို့မြို့တွေက အကြမ်းဖက်ဒုစရိုက်တွေများတယ်။ အဲဒီလိုမြို့တွေမှာ နေထိုင်တဲ့သူတွေဆို ဂရုတစိုက်နေထိုင်သင့်တယ်။ မဟုတ်ရင် ပြဿနာတွေက ဆက်ဖြစ်နေမှာပဲ”ဟု မလေးရှားနိုင်ငံ မြန်မာသံရုံးမှ အလုပ်သမားရေးရာ သံမှူးဦးစိုးဝင်းကပြောသည်။

မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အရေအတွက်မှာ သုံးသိန်းဝန်းကျင်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပြောဆိုသည်။ သို့သော် မလေးရှားရောက် မြန်မာလုပ်သားအရေးဆောင်ရွက်နေသူများကမူ တရားဝင်ရော၊ တရားမဝင်ရောပေါင်းလျှင် မလေးရှားရောက် မြန်မာငါးသိန်းဝန်းကျင်ရှိသည်ဟုဆိုကြသည်။

၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် လူမျိုးရေး၊ ဘာသာရေးအကြမ်းဖက်မှုများ၊ ၂၀၁၃ ခုနှစ်အတွင်း ထပ်မံဖြစ်ပွားခဲ့သည့် မိတ္ထီလာနှင့် လားရှိုးဘာသာရေး၊ လူမျိုးရေးအကြမ်းဖက်မှုများ၏ ရိုက်ခတ်မှုအဖြစ် မလေးရှားနိုင်ငံဆာလာရန်းတွင် စတင် ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း မလေးရှားရောက်မြန်မာများကဆိုသည်။

ဆာလာရန်းအကြမ်းဖက်မှုဖြစ်ပြီးချိန်၌ မလေးရှားရောက်မြန်မာများအတွက်ကံဆိုးမှုတစ်ခုထပ်မံပေါ်ပေါက်လာပြန်သည်။ ထိုအရာမှာ မလေးရှားရှိတရားမဝင်နိုင်ငံသားများဖမ်းဆီးစစ်ဆေးခြင်းစီမံချက်များကို ဆက်တိုက်ပြုလုပ်လာခြင်းဖြစ်သည်။

စက်တင်ဘာမှစ၍ 6P စီမံချက်ဖြင့် တရားမဝင် နိုင်ငံသားဖမ်းဆီးမှုစီမံချက်ကို သုံးလပြုလုပ်ရာ ထိုစီမံချက်တွင် တရားမဝင် မြန်မာနိုင်ငံသားတစ်ထောင်ဝန်းကျင်ထိဖမ်းဆီးခံရသည်။ ထိုအချိန်တွင် မလေးရှားရှိ မြန်မာများ လုံခြုံမှုမရှိဟုဆိုကာ နှစ်ထောင်ခန့် ပြန်လည်ရောက်ရှိလာသည်။

မလေးရှားနိုင်ငံတွင် တရားမဝင် နိုင်ငံသားများ ဖမ်းဆီးထားရှိသည့်စခန်း ၁၂ ခုရှိရာ မြန်မာနိုင်ငံသားများထားရှိသည့် စခန်း ၁၀ ခုရှိပြီး စခန်းတစ်ခုလျှင် မြန်မာ ၃၀၀ ဦးဝန်းကျင်ရှိကြောင်း ဦးစိုးဝင်းကဆိုသည်။

ဖမ်းဆီးမှုပြုလုပ်ချိန်တွင် မြန်မာလုပ်သားများအတွက် အလုပ်နားရသည်က ပိုများနေသည်။ ထိုအခြေအနေများကြောင့် မလေးရှားသို့ မြန်မာလုပ်သားများ မလာစေချင်တော့ဟု မလေးရှားရောက်မြန်မာအချို့ကပြောသည်။

“အလုပ်သမားတွေ ဒီကိုမလာပါနဲ့တော့။ အေဂျင်စီတွေကလည်း မလွှတ်ပါနဲ့တော့လို့တောင်းပန်ပါတယ်”ဟု မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် နေထိုင်သည့် မခင်ငြိမ်းချမ်းဦးကပြောသည်။

ထို့အပြင်မလေးရှားသို့ သွားရောက်လုပ်ကိုင်မည့် သူများသည် ကိုယ်သွားရောက်လုပ်ကိုင်မည့် မြို့၏ လုံခြုံရေးအနေအထားနှင့် လုပ်ငန်းခွင် လုံခြုံရေးအနေအထားများကို ကြိုတင်လေ့လာထားသင့်ကြောင်း ရွှေ့ပြောင်းအလုပ်သမားကွန်ရက်အဖွဲ့ ဒါရိုက်တာ ဦးစိန်ဌေးက အကြံပြုသည်။

“ကိုယ်သွားမယ့်နေရာက ရာဇဝတ်မှုတွေ ခဏခဏဖြစ်တဲ့ နေရာလားဆိုတာ သိထားရမယ်။ ဟိုမှာက အလုပ်သမားရေးရာ သံအရာရှိက တစ်ယောက်ပဲရှိတာ”ဟု ဦးစိန်ဌေးကပြောသည်။

မြန်မာနိုင်ငံသားများ ဆက်တိုက်အသတ်ခံရပြီးနောက်ပိုင်း လုပ်သားစေလွှတ်ရာတွင် တရားမဝင်လုပ်သား များပြားသော နေရာ၊ ဆိုးသွမ်းသည့် နယ်မြေများနှင့် ဘာသာရေးအစွန်းရောက်သည့်နေရာများသို့ မြန်မာလုပ်သားများ စေလွှတ်ခြင်းမရှိတော့ကြောင်း မလေးရှားသို့ လုပ်သားစေလွှတ်သည့် မြန်မာအေဂျင်စီအသိုင်းအဝိုင်းက ပြောသည်။

မလေးရှားနိုင်ငံရောက် မြန်မာလုပ်သားများ အစစအရာရာ ကျိုးလန့်စာစားဖြစ်နေချိန်တွင်မူ မြန်မာအေဂျင်စီများဘက်က အလုပ်သမားများ စေလွှတ်နေဆဲပင်ဖြစ်သည်။

“ပြဿနာဖြစ်ခံရတဲ့သူတွေက တရားမဝင်နေထိုင်တဲ့သူတွေ အများစုဖြစ်နေတာ။ တရားဝင်သွားတဲ့ သူတွေက ပြဿနာသိပ်မရှိဘူး”ဟု Silver Crane အေဂျင်စီ ဒါရိုက်တာ ဦးစိုးစည်သူက ပြောသည်။

“တချို့က မိဝေးဖဝေးဆိုပြီး လွှတ်နေကြတာရှိတယ်။ ကိုယ့်နိုင်ငံမဟုတ်လို့ဆိုပြီး အရာရာသတိနဲ့ နေရင် မဖြစ်လောက်ပါဘူး”ဟု ဦးဗိုလ်မြကဆိုသည်။

မလေးရှားနိုင်ငံသို့ လုပ်သားများ သွားရောက်လုပ်ကိုင်ရန် အဆင်မပြေလျှင် လက်ရှိအခြေအနေအရ သွားရောက်လုပ်ကိုင်ရန် အသင့်တော်ဆုံးနေရာမှာ ကိုရီးယားနိုင်ငံဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အကြံပေးအရာရှိတစ်ဦးကပြောသည်။

ကိုရီးယားနိုင်ငံသို့ မြန်မာအလုပ်သမား စေလွှတ်ရာတွင် ၂၀၁၁ မှစ၍ နှစ်နိုင်ငံအစိုးရနားလည်မှုစာချွန်လွှာ (MOU)လက်မှတ်ထိုးပြီး လုပ်သားစေလွှတ်လျက်ရှိရာ အလုပ်သမားတစ်ဦး တစ်လလျှင် အနိမ့်ဆုံးဝင်ငွေကျပ် ၁၀ သိန်းနှင့် အထက်ရရှိကြပြီး အလုပ်ချိန်မှာ တစ်နေ့လျှင် ရှစ်နာရီ သတ်မှတ်ထားသည်။ ကိုရီးယားနိုင်ငံသို့ သွားရောက်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမား ၁၄၀၀၀ ကျော်ရှိပြီး တစ်နှစ်လျှင် အကြမ်းဖျင်း မြန်မာလုပ်သား ၃၀၀၀ သွားရောက်လုပ်ကိုင်နေကြောင်း သတင်းရရှိသည်။

ထို့အပြင် ကိုရီးယားမှ မြန်မာလုပ်သားများခေါ်ယူရာတွင် စင်ကာပူကဲ့သို့ အင်ဂျင်နီယာ၊ စာရင်းကိုင်စသော ကွန်ပျူတာကျွမ်းကျင်သူ ကျွမ်းကျင်လုပ်သားများကို ခေါ်ယူခြင်းမဟုတ်ဘဲ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုကဲ့သို့ အထွေထွေလုပ်သားများ ခေါ်ယူခြင်းဖြစ်သည်။

ထိုင်းနိုင်ငံမှာလည်း မြန်မာ အထွေထွေလုပ်သားများသွားရောက်လုပ်ကိုင်ရန် အခွင့်အလမ်းများစွာရှိသော်လည်း လက်ရှိအခြေအနေတွင် ထိုင်းနိုင်ငံရေးပြဿနာများကြောင့် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများပင် နယ်စပ်မှ တစ်ဆင့် နေ့စဉ်ထောင်ချီ၍ ပြန်လာနေသည်။

မလေးရှားသို့ အလုပ်သမားများစေလွှတ်နေသော အေဂျင်စီများက ဖြစ်ခဲ့သောပြဿနာများကြောင့် မလေးရှားသို့သွားရောက်လုပ်ကိုင်ခြင်းကို ရပ်နားရန်အထိ မလိုအပ်သေးဘဲ၊ ဆက်လက်သွားရောက်နိုင်ဆဲဟု ပြောနေကြသော်လည်း၊ မလေးရှားရောက်မြန်မာအချို့ကမူ လက်ရှိအခြေအနေတွင် အလုပ်သမားသစ်များ မလာသင့်တော့ဟု ဆိုနေကြသော်လည်း သွားသင့်၊ မသွားသင့်ကို အခြေအနေအားလုံးကို ခြုံငုံသုံးသပ်ပြီး ကိုယ်တိုင်ပင်ဆုံးဖြတ်ရမည်ဖြစ်သည်။ သို့သော် သေချာသည်က ပြည်တွင်း၌လူမျိုးရေး၊ ဘာသာရေးအကြမ်းဖက်မှုများဆက်ဖြစ်ပွားနေလျှင် မလေးရှားရောက်မြန်မာများလည်း လုံခြုံမည်မဟုတ်ပေ။

“မြန်မာနိုင်ငံမှာ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခတွေဖြစ်နေရင် မလေးရှားရောက် မြန်မာတွေအတွက်လည်း ထပ်ဖြစ်နေဦးမှာပဲ” ဟု ကွာလာလမ်ပူမြို့တွင် နေထိုင်သော ကိုမျိုးညွန့်ကပြောသည်။

### မလေးရှားရောက် မြန်မာများ ဆောင်ရန်၊ ရှောင်ရန် အချက်များ

- အုပ်စုဖွဲ့နေထိုင်ရန်။
- အချိန်မတော်သွားလာခြင်းမှ ရှောင်ရန်။
- သောက်စားမူးယစ်ပြီး အချိန်မတော်တစ်ယောက်တည်း တက္ကစီစီးခြင်း၊ လမ်းလျှောက်ပြန်ခြင်း မပြုရန်။
- ဖြစ်ပေါ်နေသော သတင်းများကို အဆက်မပြတ်နားစွင့်နေရန်။
- မလေးရှားစကားနှင့် အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောတတ်ရေးကြိုးစားရန်။
- အဝတ်အစားများ သပ်ရပ်စွာဝတ်ဆင်ရန်။
- ပတ်စ်ပို့အပါအဝင် စာရွက်စာတမ်းအထောက်အထားများ အမြဲတမ်းယူဆောင်ရန်။

7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

CRIME မှုခင်း သတင်း CORNER

## ရေအိုးကိုလှံဖြင့် ပစ်ရာမှ ကလေးငယ်ထိမှန် သေဆုံး

**သန်းဋ္ဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

ရေအိုးကို လှံဖြင့် လက်တည့်စမ်းပစ်ရာမှ ကလေးငယ်ကိုထိကာ သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ရွာထောင်ကျေးရွာတွင် နေထိုင်သူ အမျိုးသားတစ်ဦးသည် လှံကိုင်၍ နေအိမ်မှထွက်လာခဲ့ပြီး တစ်ရွာတည်းရှိ အိမ်တစ်အိမ်ရှေ့ရောက်သောအခါ အိမ်ထရံ၌ကပ်၍ တင်ထားသည့် ရေအိုးကို လှံဖြင့် လက်တည့်စမ်းပစ်သည်ဟုဆိုသည်။

၎င်းပစ်လိုက်သောလှံသည် ရေအိုးကိုမထိဘဲ အိမ်ထရံဖောက်၍ အိမ်ထဲရှိ ထရံအနီးတွင် အိပ်ပျော်နေသော ခြောက်နှစ်အရွယ်ရှိ ကလေးငယ်ကိုထိကာ နောက်ကျောဘယ်ဘက် လက်ပြင်အောက်၌ လှံသွားစူးဝင်သည့် ဒဏ်ရာရပြီး သေဆုံးသွားကြောင်း ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

"ရွာတွေမှာ ဒါမျိုးတွေဖြစ်တတ်တယ်။ သူလည်း ဒီလိုဖြစ်မယ် မထင်ပေမယ့် ကံတရားပေါ့။ သေသွားတော့ လူသေမှုနဲ့ အမှုဖွင့်ထားတယ်" ဟု မကွေးတိုင်းမှ ရဲမှူးတစ်ဦးက ပြောသည်။

ထို့ကြောင့်လှံကို ပေါ့ဆစွာ သုံးစွဲသူအား လယ်ကိုင်းနယ်မြေရဲစခန်းမှပြစ်မှုဆိုင်ရာပုဒ်မ-၃၀၄(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

## ကုသိုလ်တော်ဘုရားဝင်းတွင် ပြုလုပ်မည့် ရွှေဝတီစာပေပွဲတော် နိုင်ငံတကာစာရေးဆရာ ၄၀ ဦးတက်မည်

**ရဲနောင်၊ ဇော်မျိုးလှိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

မန္တလေးမြို့ ကုသိုလ်တော် ဘုရားဝင်း၌ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာကျင်းပမည့် ဒုတိယအကြိမ်မြောက် ရွှေဝတီစာပေပွဲတော်သို့ နိုင်ငံတကာစာရေးဆရာ ၄၀ ဦးနှင့် မြန်မာစာပေနှင့် ကာတွန်းပညာရှင် ၈၀ တို့ တက်ရောက်၍ ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်သည်။

မြန်မာစာပေ ဖွံ့ဖြိုးရေး၊ ကမ္ဘာသို့ပျံ့နှံ့ရေး၊ မြန်မာစာပေနှင့် ကမ္ဘာ့စာပေ ပူးပေါင်းရေးတို့အတွက် ဆွေးနွေးပွဲများ၊ ဟောပြောမှုများ၊ အပြန်အလှန်ငြင်းခုံမှုများ ပြုလုပ်ကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ဝင်ကြေးအခမဲ့ဖြင့် လာရောက်လေ့လာနိုင်သည်ဟု ပွဲတော်ဖြစ်မြောက်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

တက်ရောက်လာသူများ စာပေရသအပြည့်အဝခံစားနိုင်ရေးအတွက် ပင်မအစီအစဉ်များအပါအဝင် အစီအစဉ်ငယ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် တိုက်ရိုက်ဘာသာပြန် တင်ဆက်မှုများ ပြုလုပ်ပေးမည်ဖြစ်ပြီး ပွဲခင်းအခြေအနေများကို အယ်လ်အီးဒီ LED ဖန်သားပြင်များဖြင့် တိုက်ရိုက်ပြသသွားမည်ဟု သိရသည်။

ကုသိုလ်တော်ဘုရားဝင်း၌ ကျင်းပသော ရွှေဝတီစာပေပွဲတော်သို့ ဖေဖော်ဝါရီ ၁၅ ရက်တွင် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည်ဖြစ်ပြီး "သူမအကြိုက်ဆုံး စာပေသူရဲကောင်းများနှင့် ဗီလိန်များ" ကို ကမ္ဘာကျော်စာရေးဆရာများ ဖြစ်သည့် ဂျန်ချန်း (ငန်းရိုင်းများ)၊ ဘီဘီစီသတင်းဌာန၏ နာမည်ကျော် သတင်းစာပညာရှင် ဖာဂယ်ဟိန်း၊ စာပေနိုဗယ်ဆုရှင် Louis de Bernieres တို့က ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။

ထို့အပြင် ၂၀၁၃ ခုနှစ် ထိပ်တန်းအတွေးအခေါ် ပညာရှင် ၁၀၀ တွင် ပါဝင်ခြင်း သတ်မှတ်ခံရသူ ဒေါက်တာသန်းမြင့်ဦး၊ မြန်မာနွယ်ဖွား စာပေနိုဗယ်ဆုရှင် Wendy Law-Yone၊ ဆရာနေဝင်းမြင့်၊ ခင်ခင်ထူး၊ ဆရာဖေမြင့် စသည့် မြန်မာစာရေးဆရာများကလည်း စာပေယဉ်ကျေးမှု ဆိုင်ရာငြင်းခုန်၊ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။


"ရွှေဝတီစာပေပွဲတော် ကျင်းပခြင်းကြောင့် စာပေပေါင်းစုံနဲ့ အခြားအတွေးအခေါ် ပေါင်းစုံ အပြင်ကမ္ဘာမှာဖြစ်ပျက်နေတာကို ပိုပြီး မြင်တွေ့လာနိုင်ဖို့ ဒီလိုပွဲတော်မျိုးလုပ်တာ ကောင်းပါတယ်" ဟု ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတေသနမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးသော်ကောင်းက မှတ်ချက်ပြုထားသည်။


မန္တလေးမြို့ ကုသိုလ်တော်ဘုရားဝင်း၌ ဖေဖော်ဝါရီ ၁၄ မှ ၁၆ ရက်အတွင်း တစ်ဦးချင်း စာတမ်းဖတ်ပွဲများ၊ အဖွဲ့လိုက် စာပေဆွေးနွေးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ မှတ်တမ်းဗီဒီယို တင်ဆက်ပြသမှုများနှင့် ရုပ်ရှင်ဇာတ်ကားများကိုပြည်ပမှ သရုပ်ပြအဖွဲ့များ၏ အကူအညီဖြင့် ပူးပေါင်းတင်ဆက်ခြင်း၊ မြန်မာနိုင်ငံ ဓာတ်ပုံခေတ်ဦး သရုပ်ဖော်ပြကွက်များ၊ ယနေ့ခေတ် လူနေမှုဘဝများနှင့် အစိုးရဝန်ထမ်းများ၏ တစ်နေ့တာဘဝကို ဖော်ကျူးသည့် ပြကွက်များကိုလည်း တင်ဆက်သွားမည်ဖြစ်သည်။

သို့သော် ရွှေဝတီစာပေပွဲတော်ဖြစ်မြောက်ရေး ကော်မတီတွင် မန္တလေးမြို့ခံ စာရေးဆရာနှင့် ကာတွန်းဆရာအချို့က ခံယူချက်မတူညီမှုကြောင့် နုတ်ထွက်မှုများ ပြုလုပ်ခဲ့သော်လည်း စာပေပွဲတော်သို့ လာရောက်လေ့လာမှု ပြုလုပ်မည်ဟု ပြောကြသည်။

မန္တလေးမှ စာရေးဆရာနှင့် ကာတွန်းဆရာအချို့ နုတ်ထွက်မှုကြောင့် "မူလစီစဉ်ထားတဲ့ စာရေးဆရာတွေ၊ သုတေသီတွေနဲ့ စာတမ်းတွေမပါတော့တဲ့အတွက် အားနည်းသွားနိုင်စရာရှိပါတယ်။ နောက်ပိုင်း တင်ကြမယ့် စာတမ်းတွေကလည်း ချိတ်ထဘီအကြောင်း၊ သနပ်ခါးအကြောင်း အဲဒီလိုမျိုးတွေ များမယ်ဗျ။ သတင်းဆောင်းပါးဆန်မယ်ပေါ့" ဟု မန္တလေးနယ်ခံစာရေးဆရာတစ်ဦးဖြစ်သူ ဆရာကျော်ရင်မြင့်က ပြောကြားသည်။

"စာပေပွဲတော်အနေနဲ့က ပညာရှင်တွေအားလုံး ပူးပေါင်းပြီး မြန်မာစာပေဖွံ့ဖြိုးရေးလုပ်တာကတော့ အကောင်းဆုံးပေါ့။ ခံယူချက်မတူညီလို့ လူမစုံဘူးဆိုပေမယ့် နောက်နှစ်တွေမှာ ပိုပြီးပြည့်စုံအောင် ကောင်းမွန်အောင် ကြိုးစားသွားမှာပါ" ဟု ပွဲတော်စီစဉ်ရေးတာဝန်ခံတစ်ဦးဖြစ်သူ ဒေါက်တာသန့်သော်ကောင်းက ပြောသည်။ စာပေပွဲတော် နောက်ဆုံးနေ့တွင် ဒေါက်တာတင်မောင်ကြည်က မန္တလေးမြို့နှစ်(၁၅၀)ပြည့် စာတမ်းဖြင့် ပိတ်သိမ်းမည်ဖြစ်ပြီး ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် စာပေပွဲတော်ထက် ပိုမိုကောင်းမွန်ရန်ဆောင်ရွက်မည်ဟု ပွဲဖြစ်မြောက်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။



Life
7Day News Journal
Vol.12, No.49 • FEBRUARY 12 , 2014

# အိမ်မပြန်ချင်သေးသည့် ယိုးဒယားမြေမှ ကြက်ကြော်သည်လေး

**အေးသူစံ**

"မြန်မာပြည်ပြန်ရင် ဘာလုပ်စားရမလဲ။ ကျွန်တော့်တစ်ယောက်စာတောင်မလောက်ဘူး။ အခုဒီမှာ ကျွန်တော်တစ်ယောက်ပဲရှာ တစ်အိမ်လုံးထိုင်စားလို့ရတယ်လေ"

လေးပေ နှစ်ပေ ပတ်လည် တွန်းလှည်းလေးပေါ်မှာတင်ထားသည့် ပွက်ပွက်ဆူနေသော ဆီအိုးထဲသို့ မုန့်နှစ်စိမ်ထားသည့် ကြက်သားတုံးတွေကိုပစ်ထည့်ရင်းက ကိုမင်းထိုက်တစ်ယောက် ဘန်ကောက်မြို့၏ အချက်အချာကျသော နရသီဝလမ်းမကြီးတစ်လျှောက် ပျားပန်းခပ်မျှသွားလာနေသောလူများကိုကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။



*ကြက်ကြော်ရောင်းနေသော ကိုမင်းထိုက်* ဓာတ်ပုံ - အောင်ပေါ်ထွန်း

အေပရွန်ခပ်လတ်လတ်ကို ဝတ်ဆင်ထားပြီး လက်အိတ်စွပ်ထားသည့် လက်တွေက ကြက်ကြော်လာဝယ်သူများကို သွက်လက်စွာထုပ်ပိုးရောင်းချသည့် ကိုမင်းထိုက်လို မြန်မာအလုပ်သမားတစ်သန်းကျော် ထိုင်းနိုင်ငံကို မှီခိုရပ်တည်နေရသည်မှာ အဆန်းတော့မဟုတ်ပါ။

သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့က ပြည်ပရောက် မြန်မာအလုပ်သမားများ ပြန်လာကြဖို့ တိုက်တွန်းဖိတ်ခေါ်ခဲ့သည်မှာ ၂နှစ်ကျော်ပြီဖြစ်သော်လည်း ကျိုက်မရောဇာတိ မွန်တိုင်းရင်းသား ကိုမင်းထိုက်အပါအဝင် ပြည်ပ ရောက်မြန်မာအလုပ်သမားအများစုက အိမ်ပြန်ရန်စိတ်မကူးနိုင်ကြသေး။

အထည်ချုပ်၊ ဖိနပ်ချုပ် စသည့်စက်ရုံလုပ်သားများအတွက် တစ်နေ့လုပ်အားခ ကျပ် ၅,၆၀၀ ရရှိရေးအတွက်ကိုပင် အလုပ်သမားများတိုက်ပွဲဝင်နေရဆဲ မြန်မာနိုင်ငံသို့ပြည်ပရောက် မြန်မာလုပ်သားများ ပြန်လာရေးကို မဆွဲဆောင်နိုင်သေးပေ။

စက်မှုဇုန်များတွင် လုပ်ခ၊ လစာနှင့် အလုပ်သမားအခွင့်အရေးအတွက် တောင်းဆိုဆန္ဒပြမှုများကလည်း ဆက်တိုက်ဖြစ်ပေါ်နေဆဲဖြစ်သည်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း ကြက်ကြော်သည်ပင် ပြန်လာရန် ဆန္ဒမရှိသေးလျှင် ခေတ်ပညာတတ်အရည်အချင်းပြည့် မြန်မာနိုင်ငံသားများ အမိမြန်မာနိုင်ငံပြန်လာရေးသည် အိပ်မက်သာဖြစ်နေပေဦးမည်။

**စာမျက်နှာ (၃၂) သို့**



7DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# ပိုဗိုလန်စက်ရုံတည်ဆောက်ရန် မြေသိမ်းမှု လျော်ကြေးပေးရန်တောင်းဆို

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

ပုပ္ပါးတောင်တွင် ပိုဗိုလန်စက်ရုံ ဆောက်လုပ်ရန် မြေသိမ်းယူမှုအတွက် လျော်ကြေးပေးရန် လျှပ်စစ်ဝန်ကြီးဌာနသို့ တောင်းဆိုစာ ပေးပို့ခဲ့ကြောင်း ပုပ္ပါးတောင်ချစ်သူများအသင်းမှ သတင်းရရှိသည်။

လျှပ်စစ်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ဆောင်ရေး ဦးစီးဌာနက ပုပ္ပါးတောင်တွင် လယ်ယာမြေများ သိမ်းယူပြီး ပိုဗိုလန်စက်ရုံတည်ဆောက်ခဲ့သည်။ ယင်းလယ်ယာမြေများ သိမ်းယူစဉ်က သီးနှံလျော်ကြေးသာ ပေးလျော်ခဲ့ကြောင်း ပုပ္ပါးတောင်ချစ်သူများ အသင်းမှ ဦးတိုးက ပြောသည်။

ထိုသို့ သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် သိမ်းစဉ်ကာလမှလက်ရှိအချိန်ထိ လျော်ကြေး ပေးအပ်ရန် လျှပ်စစ်ဝန်ကြီးဌာနသို့ ဇန်နဝါရီလဆန်းက နို့တစ်စာ ပေးပို့ခဲ့ပြီး နှစ်လအတွင်း မလိုက်လျောပါက တရားစွဲဆိုသွားမည်ဟု ၎င်းကဆိုသည်။

“သိမ်းတုန်းက လျော်ကြေးမပေးခဲ့ဘူး။ သီးနှံလျော်ကြေး သောင်းဂဏန်းပဲ ပေးခဲ့တာ။ အခု လျော်ကြေးရယူလိုမှုနဲ့ နို့တစ်စာ ပေးပို့ထားတယ်။ နှစ်လအတွင်းမှာ တုံ့ပြန်မှုမရှိရင် တရားစွဲဆို သွားမယ်” ဟု ဦးတိုးက ပြောသည်။

“ဒေသခံတွေက စက်ရုံကထွက်တဲ့ အနံ့တွေ၊ အမှုန်တွေကို ရှူနေရတာတော့ အမှန်ပဲ။ ပြီးတော့ အမှုန်တွေက စိုက်ခင်းတွေကိုလွင့်လာတယ်” ဟုဒေသခံတစ်ဦးက ပြောသည်။

ယင်းနို့တစ်စာကို လယ်မြေဧက ၁၈၇ ဒသမ ၇၈ ဧက၊ တောင်သူ ၇၈ ဦးတို့ကိုယ်စား ပုပ္ပါးတောင်ချစ်သူများအသင်းနှင့် ရှေ့နေက ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




## မလွှပွင့် ငါးရံ့ပေါင်းထုပ်ချက်

ငါးရံ့ပေါင်းထုပ်ချက်ဖို့ မလွှပွင့် ၁၀ ပွင့်၊ ၂၅ ကျပ်သားအရွယ် ငါးရံ့တစ်ကောင်တို့ပဲ လိုပါတယ်။

ပထမဆုံး မလွှပွင့်တွေကို ရေစင်အောင်ဆေးပါ။ ငါးရံ့ကို အသားလွှာပြီး အနေတော်အရွယ် အတုံးလေးတွေ တုံးပါ။ အသားကို ဆား၊ နနွင်း၊ ဟင်းခတ်မှုန့်၊ ကြက်သွန်ဖြူ နီ၊ ထောင်းတို့နဲ့ နယ်ပြီး ခဏနှပ်ထားပါ။ ပြီးရင် ဝတ်ဆံထုတ်ထားတဲ့ မလွှပွင့်အတွင်း နှပ်ထားတဲ့ငါး သွတ်ပါမယ်။

ကြက်သွန်ဖြူ နီ၊ ကိုင်းခရမ်း ချဉ်သီးတစ်လုံးကို ဆီသတ်ပါ။ ခရမ်းချဉ်သီးလိပ်သွားတဲ့အခါ မလွှပွင့်လေးတွေ ထည့်ကာ အပွင့်မြုပ်ရုံရေထည့်ကာ အုပ်ထားပါ။ ဆီပြန်လျှင် အပေါ်အငန်မြည်း၍ ချနိုင်ပါပြီ။









# ကမ္ဘာ့အကြီးဆုံး စာအုပ်ထဲမှ ပန်းကလေးတစ်ပွင့်

**အေးမွန်ရာပြည့်**

ဘုရားတန်ဆောင်းအတွင်း အုတ်ခုံပေါ်တွင် ထိုင်နေသည့် သမီးရည်းစားစုံတွဲ တစ်တွဲရှေ့၌ ရပ်ကာ စံပယ်ပန်းကုံးတစ်တွဲချိတ်ထားသည့် လက်ကို ဆန့်တန်းလိုက်သည်။ အမျိုးသမီးဖြစ်သူက သူမရှေ့တွင်ရပ်နေသည့် ကလေးငယ်နှင့်ငါးမိနစ်ခန့်စကားပြောပြီး ပန်းတစ်တွဲကိုယူကာ ငါးရာတန်တစ်ရွက်ကို ထုတ်ပေးနေသည်။ ကလေးငယ်ကငါးရာတန်ကိုလက်ထဲတွင် ပိုက်ထားသည့် စံပယ်ပန်းကုံးများဖြင့် ပြည့်မောက်နေသည့် စကောဇန်းထဲသို့ ထိုးထည့်လိုက်ပြီး ပန်းဝယ်မည်ဟု ယူဆရသည့် နောက်ထပ်ဧည့်သည်များကိုဘုရားဝင်းတစ်ပတ်ပတ်ကာ ရှာဖွေနေသည်။



*ကျောင်းမှာလည်း ကြိုးစားပြီး၊ အိမ်အတွက် အလုပ်ကြိုးစားသော ယဉ်ယဉ်ချော*

ဓာတ်ပုံ - အေးမွန်ရာပြည့်

မင်းတုန်းမင်းတရားကြီး တည်ထားခဲ့သည့် မန္တလေးမြို့ရှိ ကျောက်တော်ကြီးဘုရားအတွင်းသို့လာရောက်သည့်ဧည့်သည်များအား တစ်မနက်ခင်းလုံးပန်းလိုက်ရောင်းနေသည့် မိန်းကလေးငယ်တစ်ဦး၏ ပုံရိပ်များပင်ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ရှားပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်ရောပြည်တွင်းခရီးသွားဧည့်သည်များပါ နေ့စဉ်စည်ကားနေသည့် အဆိုပါဘုရားကြီးကိုမှီခိုပြီး အသက်မွေးဝမ်းကျောင်းရှာနေရသူများကလည်း ဒုနှင့်ဒေး။ ၎င်းတို့အထဲတွင် မျိုးရိုးစဉ်ဆက်ပန်းရောင်းကာ အသက်မွေးခဲ့သည့် ၎င်းတို့မိသားစုတစ်စုမှာလည်း တစ်စုအပါအဝင်ပင်ဖြစ်သည်။

သနပ်ခါးပါးပါးကို ညက်နေအောင် လိမ်းထားသည့် မျက်နှာပေါ်တွင် သနပ်ခါးထူထူကို သစ်ရွက်ပုံဖော်ပြီး ထပ်လိမ်းထားသည်။ နှုတ်ခမ်းတွင် ပန်းရောင်နှုတ်ခမ်းဆိုးဆေးကို ဆိုးထားသည်။ ကုပ်ထိအောင် ရှည်နေပြီဖြစ်သည့် ဆံပင်များကိုလည်း နှစ်ခြမ်းခွဲကာ ကျစ်ဆံမြီးကျစ်ထားသည်။ အနည်းငယ် ဟောင်းနွမ်းနေသည့် စကတ်တိုနှင့် နှစ်ထပ်အင်္ကျီကိုဝတ်ထားသည်။ ထိုသို့အပျိုမကြီးပုံစံဖမ်းထားသော်လည်း ငယ်သွားလဲရန် ကျိုးနေသည့် သွားလေးများ၊ ဖြူဖွေးနေသည့် မျက်လုံးအတွင်းသားများနှင့် မည်းညစ်နေသည့်ခြေလက်များကတော့ အပြစ်ကင်းစင်နေသည့်ကလေးငယ်တစ်ဦးရဲ့ သွင်ပြင်လက္ခဏာများ အထင်းသား ပေါ်စေသည်။ သူမ၏ နာမည်အပြည့်အစုံမှာ ယဉ်ယဉ်ချောဖြစ်သည်။

ကျောက်တော်ကြီးဘုရားဝင်းပရိဝုဏ်အတွင်းတွင် အသက် ၂နှစ်ခွဲခန့်အရွယ်ကတည်းက ပန်းရောင်းခဲ့သည့် ယဉ်ယဉ်ချောမှာ ယခုအသက်(၇)နှစ်ကျော်ရှိပြီဖြစ်သည်။ ပန်းရောင်းခဲ့သည့် သက်တမ်းမှာလည်း လေးနှစ်ခွဲကျော် ငါးနှစ်အတွင်းသို့ပင် ဝင်တော့မည်။ အဘွားဖြစ်သူ လက်ထက်မှ သူမ၏အမေဖြစ်သူပါ မျိုးရိုးစဉ်ဆက်ပန်းရောင်းခဲ့သည့် ကျောက်တော်ကြီးဘုရားဝင်းအတွင်းပင် သူလည်း ပန်းရောင်းတာဝန်ကို ဆက်လက်တာဝန် ထမ်းဆောင်နေခြင်းဖြစ်သည်။

**စာမျက်နှာ (၁၃)သို့**



7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# ငြိမ်းချမ်းရေးအတွက် ပင်လုံစိတ်ဓာတ်ကို ထိန်းသိမ်းပါ

**အောင်နိုင်၊ ထွန်းနိုင်**

ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ယနေ့ညတွင် ကျင်းပမည့် ပျော်ပွဲ၊ ရွှင်ပွဲတစ်ခုကို သွားရောက်ဖို့စိတ်ကူးယဉ်ပြီး ပျော်မြူးနေပါသလား။

ဒါမှမဟုတ် ပြည်ထောင်စုနေ့မှာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် အားလပ်ရက်တွင် ပျော်မြူးနေပါသလား။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တစ်နေရာတွင်တော့ပြည်ထောင်စုနေ့ ပျော်ပွဲ ရွှင်ပွဲများကို ပျော်ရွှင်စွာ ဆင်နွှဲခွင့်မရသည့်အပြင် ပူဆွေးဝမ်းနည်းမှုများဖြင့် ကြုံတွေ့နေရသူများရှိနေကြသည်။


(၆၇) နှစ်ပြည့်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်ပတ်လည်အခမ်းအနား မကျင်းပမီနှစ်ရက်အလို(၂၀၁၄ ဖေဖော်ဝါရီ ၁၀) ကစပြီး မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြား ကချင်ပြည်နယ် ဂျာအိန်ယန် ကျေးရွာအနီးတွင် အပြင်းအထန် တိုက်ခိုက်လျက်ရှိသည်။

ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တည်ထောင်ခဲ့သော မြန်မာ့တပ်မတော်နှင့် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် ကချင်တိုင်းရင်းသားတို့အကြားဖြစ်ပွားနေသည့် အဆိုပါတိုက်ပွဲမှာ ပြင်းထန်ပြီး နှစ်ဖက်အကျအဆုံးရှိနိုင်ကြောင်း ဒေသခံများနှင့် စစ်ရေးလေ့လာသူများကပြောသည်။

ပြည်ထောင်စုနေ့အကြို အဆိုပါတိုက်ပွဲကြောင့် နှစ်ဖက် စစ်သည်များ၏ မိသားစုဝင်များအကြား ပျော်ပွဲရွှင်ပွဲများကို မေ့ထားကာ အိမ်မှ ထွက်ခွာသွားသူများ ဘေးကင်းရေးအတွက် ပူဆွေးနေရမည်မှာ သေချာသည်။

ယနေ့မှ စတင်ပြီး ရေတွက်ပါက လွန်ခဲ့သော (၆၇) နှစ်တိတိတွင်လွတ်လပ်သော အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အိပ်မက်ကို အကောင်အထည်ဖော်ရန် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသား ခေါင်းဆောင် ၂၃ဦးသည် ရှမ်းပြည်နယ် ပင်လုံမြို့တွင်သဘောတူညီမှုတစ်ခု လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာ့နိုင်ငံရေးအကြောင်းပြောသူများအကြားတွင် "ပင်လုံစိတ်ဓာတ်"ဟု ရည်ညွှန်းရသည်အထိ ပြည်မနှင့် တောင်တန်းခေါင်းဆောင်များအကြား တန်းတူညီမျှရေးအတွက် နားလည်မှုယူနိုင်ခဲ့သည့် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည်မှာ (၆၇)နှစ်ကြာခဲ့ပြီဖြစ်သည်။




*ပင်လုံစာချုပ်ကိုဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ လက်မှတ်ရေးထိုးနေသည့် ပန်းချီဆရာ စိုင်းလင်းမြတ်၏ ပုံတူပန်းချီကား* ဓာတ်ပုံ - အောင်သူရ

သို့သော်လည်း ပြီးခဲ့သည့် (၆၇) နှစ်တာကာလသည် ပြည်ထောင်စုတွင် ပင်လုံစိတ်ဓာတ်ပျောက်ဆုံးခဲ့ရပြီး ပြည်ထောင်စုမြန်မာနိုင်ငံသားများအချင်းချင်း အပြန်အလှန်သတ်ဖြတ်မှုများဖြင့် သွေးစွန်းခဲ့သည့် နေ့ရက်များအဖြစ်နှင့်သာ အချိန်ကုန်လွန်ခဲ့ကြရသည်။

ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဦးအောင်ဆန်းနှင့် ကချင်၊ ချင်းနှင့် ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များ၏ နေရာအသီးသီးကို ဆက်ခံသူများအကြား သတ်ကြ၊ ဖြတ်ကြဆဲဖြစ်သည်။ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ရှမ်းပြည်နယ်သည်လည်းပြည်ထောင်စုသားအချင်းချင်း စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်နေကြဆဲ နေရာတစ်ခုပင်ဖြစ် သည်။

ပြီးခဲ့သည့်ကိုးလအတွင်းရှမ်းပြည်နယ်တစ်ခုတည်းတွင်မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်နယ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအကြား သုံးရာကျော် တစ်ကြိမ်နီးပါး တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ပါဝင်ခဲ့သည့်နောက်ထပ်တိုင်းရင်းသားများနေထိုင်ရာ ချင်းပြည်နယ်သည်လည်း ပြီးခဲ့သည့် (၆၇) နှစ်တာ ကာလများအတွင်း အနည်းငယ်သော တိုးတက်မှုများသာရှိခဲ့ပြီး မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးဒေသစာရင်းဝင်ခဲ့သည်။

တိုင်းရင်းသားခေါင်းဆောင်ကြီးများ သဘောတူခဲ့သည့် တန်းတူညီမျှရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပင်လုံစိတ်ဓာတ်သည် ၎င်းတို့နေရာဆက်ခံသူများလက်ထဲတွင် အပြန်အလှန်ပြစ်တင်ဝေဖန်ရေးသာဖြစ်ခဲ့ရသည်။

လက်နက်ကိုင်တိုက်ပွဲများ၊ အာဏာနှင့် အကျိုးစီးပွားခွဲဝေမှုများနှင့် အခြားမတူညီမှုများအတွက် ပင်လုံစိတ်ဓာတ်သည် စံနမူနာမဖြစ်ခဲ့ဘဲ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်သာအပြစ်တင်ခဲ့ကြသည်။

ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး နှစ်ပေါင်း ၆၀ ကျော်အတွင်း မြန်မာအစိုးရက တိုင်းရင်းသားများအား ပြည်ထောင်စုအနှစ်သာရထက် ပြည်ထောင်စုနေ့အခမ်းအနားတွင်ဝင်ရောက်ဆင်နွှဲရန်လောက်သာ အလေးထားခဲ့ကြောင်းညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးခွန်ဥက္ကာကပြောသည်။

"နိုင်ငံရေးအရ တိုင်းရင်းသားတွေကို ဘာမှမစဉ်းစားပေးခဲ့ဘူး။ အဲဒီနေ့ရဲ့ အခမ်းအနားတွေလောက်ပဲ တိုင်းရင်းသားတွေကပါဝင်ခွင့်ရတဲ့ သဘောရှိတယ်"ဟု ဗိုလ်မှူးကြီးခွန်ဥက္ကာကပြောသည်။

ဗြိတိသျှအစိုးရ၏ နေမဝင်အင်ပါယာမှခွဲထွက်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်အတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဗမာအစိုးရနှင့် တောင်တန်းဒေသမှ တိုင်းရင်းသားခေါင်းဆောင်ကြီးများအကြား အပြန်အလှန်နားလည်မှုရယူနိုင်ခဲ့သည့် သမိုင်းဝင်နေ့ကို အတုယူပြီး ဒုတိယပင်လုံညီလာခံတစ်ခု လုပ်ဆောင်သင့်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်များ ၊ နိုင်ငံရေးသမားများက အစဉ်အဆက် တောင်းဆိုခဲ့ကြသည်။

"အခုအချိန်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးနိုင်ပြီးရင် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်ပြီး စစ်မှန်တဲ့ပြည်ထောင်စုကြီးဖြစ်ဖို့ တိုင်းရင်းသားတွေ လိုလားနေကြတယ်"ဟု ဗိုလ်မှူးကြီးခွန်ဥက္ကာကပြောသည်။


ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး စစ်မှန်သည့် ပြည်ထောင်စုစနစ် ပေါ်ပေါက်ရေးအတွက် မြန်မာအစိုးရဘက်က မကြာခဏထုတ်ဖော်ပြောဆိုခဲ့ပြီး ယခင်အစိုးရများလက်ထက်က ခြောက်လှန့်စရာအဖြစ် အသုံးပြုခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုဆိုသည့် စကားကိုပင် အစိုးရအရာရှိများက ထုတ်ဖော်ပြောဆိုလာခဲ့သည်။

စစ်မှန်သည့်ပြည်ထောင်စုတစ်ခုဖြစ်ပေါ်လာစေရန်အတွက် အပြောသက်သက်ဖြင့်သာမဟုတ်ဘဲ တိုင်းရင်းသားများကို တန်းတူအခွင့်အရေးပေးရမည် ဖြစ်ကြောင်း ချင်းအမျိုးသားတပ်ဦး၏ အဓိပတိကောင်စီဝင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောသည်။

"စစ်မှန်တဲ့ပြည်ထောင်စုစနစ်ဆိုရင် တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမျိုးသားတန်းတူအခွင့်အရေးကို အာမခံရမယ်"ဟု ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းကပြောသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ရေးထိုးခဲ့သည့် ပင်လုံစာချုပ်၏ သက်တမ်းသည် ၆၇ နှစ်ကြာခဲ့ပြီဖြစ်သည်။ သို့သော်လည်း ပြည်ထောင်စု၏ တစ်နေရာရာတွင် ပြည်ထောင်စုသားအချင်းချင်းတိုက်ခိုက်နေကြဆဲဖြစ်သည်။ ပင်လုံစိတ်ဓာတ်သည်လည်း အကောင်အထည် မဖော်နိုင်သေးဘဲ သမိုင်းထဲမှ အဖြစ်အပျက်တစ်ခုအဖြစ်သာ ရှိနေဆဲဖြစ်သည်။

"ဒီပြည်ထောင်စုနေ့ကြီးကနေစပြီး သဘောထားတွေကြီးကြဖို့နဲ့ စစ်မှန်တဲ့ပြည်ထောင်စုနေ့တွေဖြစ်ဖို့ ရင့်ကျက်ကြပါလို့ တိုက်တွန်းလိုပါတယ်"ဟု ဗိုလ်မှူးကြီးခွန်ဥက္ကာကပြောသည်။ ။



## ၂၀၁၄ ဖေဖော်ဝါရီ ၁၂မှ ၁၈ရက်ထိ

## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်နဲ့တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေထုမငြိမ်မသက်ဖြစ်နိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာပါ့မယ်။ ဘင်္ဂလားပင်လယ်အော်နဲ့တောင်တရုတ်ပင်လယ်ပြင်တို့မှာ မုန်တိုင်းဖြစ်နိုင်ခြေမရှိပါ။ ဘင်္ဂလားပင်လယ်အော်အတွင်းမှ ရေငွေ့ပါသောလေများ မြန်မာနိုင်ငံတောင်ပိုင်းဒေသများအပေါ် သို့ တိုးဝင်လျက်ရှိနေပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းဒေသများနဲ့ ကမ်းလွန်ဒေသများတွင် လှိုင်းအနည်းငယ်ရှိနိုင်ပြီး မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းဒေသနဲ့ ကမ်းလွန်ဒေသများတွင် လှိုင်းအမြင့်(၁)ပေမှ(၂)ပေခန့်နဲ့ ကျန်မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအမြင့်(၂)ပေမှ (၃)ပေရှိနိုင်ပါတယ်။

**ညအပူချိန်များအခြေအနေ**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနဲ့ မြောက်ပိုင်းတို့တွင် ညအပူချိန်များမှာ 9.C-13.C ခန့်၊ နေပြည်တော်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် 12.C-15.C မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနဲ့ ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များမှာ 15.C-18.C ခန့်၊ ကျန်ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ ညအပူချိန်များဟာ 17.C-21.C ခန့်ရှိနိုင်ပါတယ်

**မိုးတိမ်တောင်အခြေအနေ**

မြန်မာပြည်တစ်ဝန်းလုံး ဒေသများမှာမိုးတိမ်တောင်များဖြစ်ပေါ် နိုင်မှုမရှိပါ။

**မိုးရွာသွန်းမှုအခြေအနေ**

ကချင်ပြည်နယ်မှာ ၂ရက်မှ ၃ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါတယ်။ ကချင်ပြည်နယ်တွင် ၅ရက်ခန့်၊ နေပြည်တော်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနဲ့ပဲခူးတိုင်းဒေသကြီးတို့တွင် ၂ရက်ခန့်တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကျန်တစ်ပြည်လုံးတွင် အများအားဖြင့်သာယာနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ တောင်ပိုင်းတို့တွင် ၃ရက်မှ ၅ရက်ခန့် နံနက်ပိုင်းအချိန်အခါများတွင် မြူအနည်းငယ်ကျဆင်းနိုင်ပါတယ်။


**ဒေါက်တာထွန်းလွင် (MCCW)**

# Health

7 DAY NEWS JOURNAL

Vol.12, No.49 • FEBRUARY 12 , 2014


## မြန်မာနိုင်ငံတွင် ကင်ဆာကြောင့် နှစ်စဉ် သေဆုံးသူ ငါးသောင်းခန့်ရှိ တစ်ရက်လျှင် လူ ၁၃၀ ကျော်နှုန်း သေဆုံးနေခြင်းဖြစ်



*မြန်မာနိုင်ငံတွင် လူသေဆုံးမှု အများဆုံးဖြစ်စေသော ရောဂါပိုးထဲမှ တစ်ခုဖြစ်သော ကင်ဆာဆဲလ်ကို တွေ့ရစဉ်*

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကြောင့် နှစ်စဉ်သေဆုံးသူ ငါးသောင်းခန့်ရှိကြောင်း ကမ္ဘာ့ကင်ဆာရောဂါနေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတင်းထုတ်ပြန်သည်။

ကင်ဆာရောဂါဆိုင်ရာ အစီရင်ခံစာတွင် WHO ၏ ခန့်မှန်းချက်များအရ ၂၀၁၂ ခုနှစ်တွင် ပြည်တွင်း၌ ကင်ဆာရောဂါဖြစ်ပွားသူ လူနာသစ် ခြောက်သောင်းကျော်ရှိသည်ဟု ခန့်မှန်းထားပြီး ၄၉,၀၀၀ သေဆုံးခဲ့သည်ဟု ဖော်ပြထားသည်။

၂၀၁၂ ခုနှစ် အတွင်းတွင် ဖြစ်ပွားကူးစက်မှုများပြားသည့် ခုခံအားကျဆင်းမှုရောဂါဖြင့် လူပေါင်း တစ်သောင်းငါးထောင်ကျော် သေဆုံးခဲ့ပြီး ငှက်ဖျားရောဂါ ဖြစ်ပွားသူ လေးသိန်းခန့်တွင် ငါးရာကျော် သေဆုံးခဲ့ကြောင်း စာရင်းများအရ သိရသည်။

ထို့ကြောင့် ကင်ဆာရောဂါကြောင့် သေဆုံးမှုမှာ HIV/AIDS ရောဂါ၊ ငှက်ဖျားရောဂါတို့ထက်ပင် သေဆုံးနှုန်း မြင့်မားနေသည်။

ကင်ဆာရောဂါ ကုသနိုင်သည့် ဌာနသုံးခု၏ စာရင်းများအရ နှစ်စဉ်ကင်ဆာရောဂါအမျိုးမျိုးဖြစ်ပွားသူ တစ်သိန်းခန့်ရှိနိုင်သည်ဟု ခန့်မှန်းထားသော်လည်း တကယ်တမ်းတွင် လူနာခုနစ်ထောင်ခန့်သာ ဆေးကုသမှုခံယူရန် ဆေးရုံများသို့ ရောက်ရှိလာသည်ကို ကင်ဆာရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာစိုးအောင်က ကင်ဆာရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲတစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိအမျိုးသားများတွင် အဆုတ်၊ အသည်းနှင့် အစာအိမ်ကင်ဆာ အဖြစ် အများဆုံးဖြစ်ပြီး အမျိုးသမီးများတွင် ရင်သား၊ သားအိမ်ခေါင်းနှင့် အဆုတ်ကင်ဆာရောဂါ အများဆုံးဖြစ်ပွားကြောင်း ဖေဖော်ဝါရီ ၄ ရက် ကမ္ဘာ့ကင်ဆာရောဂါနေ့တွင် WHO က ထုတ်ပြန်လိုက်သည်။

မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ကင်ဆာဖြစ်ပွားနှုန်း တစ်နှစ်ထက် တစ်နှစ် များပြားနေပြီး နှစ်စဉ် ကင်ဆာလူနာအသစ် ၁ ဒသမ ၇ သန်းကျော် ဖြစ်ပွားနေသည်ဟုဆိုသည်။

ဒေသတွင်းတွင် ကင်ဆာရောဂါကြောင့် ၁ ဒသမ ၂ သန်း သေဆုံးနေပြီး ကင်ဆာရောဂါဖြစ်ပွားခြင်း၏ အဓိက အကြောင်းရင်းတွင်ပါဝင်သည့် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်ကာ ကမ္ဘာတစ်ဝန်း အဆုတ်ကင်ဆာဖြစ်ပွားသူများ၏ ၇၁ ရာခိုင်နှုန်းမှာ ဆေးလိပ်ကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ခန္ဓာကိုယ်တစ်ခုလုံးတွင် ကင်ဆာရောဂါ အမျိုးအမည်ပေါင်း တစ်ရာကျော်ဖြစ်ပွားနိုင်ပြီး ကင်ဆာရောဂါသည် စောစီးစွာသိရှိပါက ဆေးကုသနိုင်၍ အသက်ရှင်နိုင်သည့် ရောဂါတစ်ခုလည်း ဖြစ်သည်။

တစ်ကမ္ဘာလုံးတွင် ကင်ဆာရောဂါဖြစ်ပွားခြင်း၏ အဓိကအကြောင်းရင်းများမှာ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းနှင့် ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများကြောင့်ဖြစ်ပွားနေကြောင်း သိရသည်။

ထို့အပြင် စီးပွားရေး ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းပြည်များတွင် အသည်းရောင်အသားဝါပိုးများနှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါပိုးများကြောင့်လည်း ကင်ဆာရောဂါများဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

## ဝေးလံဒေသရှိ ကျန်းမာရေးဝန်ထမ်းများ လစာသုံးဆတိုးမြှင့်ပေးရန် စီစဉ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

ဝေးလံသည့် ဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်သည့် ကျန်းမာရေးဝန်ထမ်းများအား လစာသုံးဆအထိ တိုးမြှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည်။

ဝေးလံပြီးသွားလာရ ခက်ခဲသည့် ဒေသများတွင် အမြဲတမ်း ကျန်းမာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် အခက်အခဲများ ရှိနေသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လစာတစ်ဆအပါအဝင် နယ်စပ်ဒေသဖွံ့ဖြိုးရေးဘဏ္ဍာငွေဖြင့် တစ်ဆ သက်ဆိုင်ရာဒေသများမှ တစ်ဆနှုန်းဖြင့် စီစဉ်ဆောင်ရွက်သွားလျှင် ပိုမိုအဆင်ပြေမည်ဟု ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဝန်ထမ်းများသည် ထိုဒေသများတွင် ခရီးဝေးကွာခြင်း၊ ဘာသာစကားအခက်အခဲရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် စားဝတ်နေရေးအခက်အခဲများစွာတို့ကြောင့် ဒေသခံများ၏ စောင့်ရှောက်မှုလိုအပ်သော်လည်း အချို့သော အရပ်ဒေသများတွင် ဒေသခံများကိုယ်တိုင် အခက်အခဲများရှိနေသည့်အတွက် ဌာနတွင်း လိုအပ်သည့် ထောက်ပံ့မှုများကိုသာ ဆောင်ရွက်ရမည်ဟု ဆိုသည်။

လိုအပ်နေသည့် ကျန်းမာရေး ဝန်ထမ်းအခက်အခဲ ဖြေရှင်းနိုင်ရန် သွားလာရခက်ခဲသည့် ဒေသ ၈၇ နေရာခန့်တွင် သွားရောက်တာဝန်ထမ်းဆောင်ပါက ဘွဲ့လွန်အတွက် အမှတ်ထပ်ဆောင်းပေးခြင်းနှင့် သတ်မှတ်ထားသည့် ကာလပြည့်မီပါက တောင်းထားသည့် မြို့များသို့ ဦးစားပေးစေလွှတ်ခြင်းတို့ဖြင့် ထိုပြဿနာကိုဖြေရှင်းရန် ဆောင်ရွက်နေသည်။

သွားလာရခက်ခဲပြီး ဝေးလံသည့်နေရာများရှိ တက္ကသိုလ် ဝင်တန်းအောင်မြင်ပြီး ကျောင်းသား၊ ကျောင်းသူများအား အချို့သော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် သီးခြားရွေးချယ်မှု အစီအစဉ်ဖြင့် ကျောင်းလက်ခံပြီး ထိုဒေသများတွင် ပြန်လည်တာဝန်ထမ်းဆောင်နိုင်သည့် မူဝါဒကို ကျင့်သုံးနေသည်။

ဝေးလံသည့်ဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်ရသည့် ဝန်ထမ်းများအား လစာနှင့်ညီမျှသော ထမ်းဆောင်းစရိတ်ကို ခံစားခွင့်ပြုထားသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုနှင့် စရိတ်ကြီးမားခြင်းကြောင့် နေရပ်ဒေသများသို့ အလွယ်တကူ မပြန်နိုင်ကြောင်း ချင်းတောင်တန်းတွင် တာဝန်ထမ်းဆောင်နေသည့် ကျောင်းဆရာတစ်ဦးက ပြောသည်။




7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# ဥရောပငါးနိုင်ငံ ထောက်ပံ့မှုဖြင့် အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံရသူများအား ကူညီမှု စီမံကိန်း ယခုနှစ်ကုန်အထိ တိုးမြှင့်လုပ်ဆောင်မည်

**အေးမွန်ရာပြည့်**

**မန္တလေး၊ ဇန်နဝါရီ-၇**

မိုးကုတ်မြို့နယ်တွင် ဥရောပငါးနိုင်ငံမှကြက်ခြေနီအဖွဲ့များနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း လုပ်ဆောင်နေသည့် အိတ်ချ်အိုင်ဗီရှိသူများအား ထောက်ပံ့သည့်စီမံကိန်းကို ၂၀၁၄ နှစ်ကုန်အထိ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဒိန်းမတ်၊ နော်ဝေး၊ ဗြိတိန်၊ ဆွီဒင်၊ သြစတြေးလျစသည့် ဥရောပငါးနိုင်ငံမှကြက်ခြေနီ အဖွဲ့များ၏ ထောက်ပံ့မှုဖြင့် ၂၀၀၅ မှစတင်ကာ မိုးကုတ်မြို့နယ် အတွင်းရှိ ကျေးရွာ ၅၆ ခုတွင် လုပ်ဆောင်ခဲ့သည့် အိတ်ချ်အိုင်ဗီရောဂါပိုးရှိသူများအား ထောက်ပံ့သည့် ပရောဂျက်စီမံကိန်းမှာ ၂၀၁၃ တွင်ပြီးဆုံးမည်ဖြစ်သော်လည်း ရောဂါပိုးရှိသူများ ကိုယ်တိုင်ဖွဲ့စည်းထားသည့် အဖွဲ့များ စနစ်တကျရပ်တည်နေနိုင်ရေး လိုအပ်ချက်များရှိနေသေး၍ ၂၀၁၄ နှစ်ကုန်အထိ စီမံကိန်းကာလအား တိုးမြှင့်လိုက်ရခြင်းဖြစ်ကြောင်း မိုးကုတ်မြို့နယ်ကြက်ခြေနီအသင်း အမျိုးသမီးတပ်ခွဲမှူး ဒေါ်ခင်အုန်းမြင့်က ပြောသည်။

"ရောဂါပိုးရှိသူအချင်းချင်းဖွဲ့ထားတဲ့ ကိုယ်ထူကိုယ်ထအဖွဲ့တွေအချင်းချင်းကြားမှာ အိမ်တိုင်ရာရောက် လိုက်ပြုစုပေးတာ၊ ဆေးယူပေးတာ၊ ဝင်ငွေတိုးလုပ်ငန်းတွေလုပ်ပြီး ရန်ပုံငွေရှာတာတွေ လုပ်ပေးနေတယ်။ သူတို့တွေချည်း သီးသန့်ရပ်တည်နေနိုင်ဖို့ ပူးတွဲလုပ်ရေးမှာ ကျန်နေ သေးလို့ ၂၀၁၄ အထိ သက်တမ်း ထပ်တိုးမြှင့်လိုက်ရတာ" ဟု ဒေါ်ခင်အုန်းမြင့်က ပြောသည်။

မိုးကုတ်မြို့နယ်အတွင်းမှ ကျောက်တူးဖော်ရေး လုပ်သားအများစုမှာ နေရာအနှံ့အပြားသို့ ရွှေ့ပြောင်းသွားလာနေကြသည့်အတွက် အဓိကရောဂါပိုး သယ်ဆောင်သူများ ဖြစ်လာနိုင်ခြေရှိ၍ ယခုကဲ့သို့ မိုးကုတ်မြို့ပတ်ဝန်းကျင်မှ ရွာများတွင် စီမံကိန်း လုပ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုစီမံကိန်းအတွင်းတွင် ရွှေ့ပြောင်းလုပ်သားများသာမက ကျောက်မိုင်းတူးဖော်သူများ၊ အပျော်မယ်များ၊ မိန်းမလျာများကိုပါ ပညာပေးအစီအစဉ်များ ပေးခြင်း၊ ဆေးကုသစရိတ်များ ထောက်ပံ့ခြင်းများလည်း ပြုလုပ်ပေးနေကြောင်း သိရသည်။

မိုးကုတ်မြို့တွင် ပြုလုပ်ပေးနေသည့် ယင်းစီမံကိန်းကို ၂၀၀၅ ခုနှစ်ကတည်းက လုပ်ဆောင်လာခဲ့ခြင်းဖြစ်ပြီး စီမံကိန်းစတင်လုပ်ဆောင်စဉ်ကမူ အိတ်ချ်အိုင်ဗီပိုးနှင့်ပတ်သက်သည့် စီမံကိန်းအပြင် တီဘီရောဂါ၊ ငှက်ဖျားရောဂါများနှင့် ရေသန့်ရရှိရေးကိစ္စရပ်များကိုပါ တွဲဖက်လုပ်ဆောင်ပေးခဲ့သည်။




# အဆီဓာတ်နည်းသောဒိန်ချဉ် စားသုံးပေးခြင်းဖြင့် ဆီးချိုရောဂါ အန္တရာယ်လျော့ကျစေ

**ကမ်းဘရစ်ချ်၊ဖေဖော်ဝါရီ-၇**

ဒိန်ချဉ်စားသုံးခြင်းဖြင့် ဆီးချိုရောဂါ အမျိုးအစား(၂) အန္တရာယ်ကို သိသာစွာလျော့ကျစေနိုင်သည်ဟု ဗြိတိန်သုတေသနပညာရှင်များကပြောကြားသည်။

သီတင်းတစ်ပတ်လျှင် ဒိန်ချဉ်ကို ၁၂၅ ဂရမ်ကိုလေးကြိမ် (သို့မဟုတ်) ငါးကြိမ်ခန့်စားသုံးသောအရွယ်ရောက်ပြီးသူများသည် ဒိန်ချဉ်မစားသူများနှင့်နှိုင်းယှဉ်လျှင် ဆီးချိုရောဂါအမျိုးအစား (၂)အန္တရာယ် ၂၈ ရာခိုင်နှုန်းလျော့ကျနိုင်သည်ဟု သုတေသနပညာရှင်များကပြောကြားသည်။

ဗြိတိန်နိုင်ငံ ကန်းဘရစ်ချ်တက္ကသိုလ်မှ ဆေးဝါးသုတေသနအဖွဲ့သည် ယင်းနိုင်ငံအရှေ့ပိုင်းရှိ နော်ဖော့ခ်စီရင်စုမှ အမျိုးသား၊ အမျိုးသမီး ၂၅,၀၀၀ ကို သုတေသနပြုခဲ့ကြသည်။ ယင်းအဖွဲ့မှ ဆီးချိုရောဂါအမျိုးအစား (၂) ဖြစ်ခါစ လူ ၇၅၃ ဦး၏ နေ့စဉ်စားသောက်မှုများကို နှစ်ပေါင်း ၁၁ နှစ်ကြာလေ့လာခဲ့ကြသည်။

နို့နှင့် ဒိန်ခဲများစားသုံးမှုသည် ဆီးချိုရောဂါအန္တရာယ်နှင့် ဆက်စပ်မှုမရှိသော်လည်း အဆီဓာတ်နည်းပြီး အချဉ်ဖောက်ထားသောနို့ထွက်ပစ္စည်းများ ဥပမာ ဒိန်ချဉ် (Yogart)၊ ချိစ်နှင့် အဆီနည်းသောဒိန်ခဲပျော့များကိုပမာဏများစွာစားသုံးပေးခြင်းဖြင့် ဆီးချိုရောဂါအမျိုးအစား(၂)အန္တရာယ်ကို အနည်းဆုံး ၂၄ ရာခိုင်နှုန်းအထိ လျော့ကျစေသည်ဟု သုတေသနပညာရှင်များတွေ့ရှိခဲ့သည်။ အဆီဓာတ်နည်းပြီး အချဉ်ဖောက်ထားသော နို့ထွက်ပစ္စည်းများသည်သာ ဆီးချိုရောဂါအန္တရာယ်လျော့ကျပြီး ယင်းအနက် ဒိန်ချဉ်သည် ဆီးချိုရောဂါအမျိုးအစား(၂)အန္တရာယ်ကို ၂၈ ရာခိုင်နှုန်းအထိ လျော့ကျစေသည်ဟု ပညာရှင်များကပြောကြားသည်။

*—Ref: UPI*



Regional

7 Day News Journal

Vol.12, No.49 • FEBRUARY 12 , 2014



ဒုတိယကျူးကျော်စစ်အပြီး စိုက်ထူထားသော နယ်ခြားကျောက်တိုင်

ဓာတ်ပုံ-လင်းသက်နိုင်

# မိုးညှင်းမြို့ တွင် အထပ်မြင့် ဟိုတယ်နှစ်ခု ထပ်ဖွင့်မည်

**မျိုးမင်းဦး**

**မိုးညှင်း၊ ဖေဖော်ဝါရီ-၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရုံးစိုက်ရာ မိုးညှင်းမြို့တွင် ပြည်တွင်းပြည်ပခရီးသည်များ လာရောက်သူများပြားလာသည့်အတွက် ခရီးသည်များ တည်းခိုနိုင်ရန် အထပ်မြင့်ဟိုတယ်နှစ်လုံးကို ယခုနှစ်အတွင်း တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတင်းရရှိသည်။

"ဒီနှစ်အတွင်း တိုးချဲ့ဖွင့်လှစ်မယ့် ဟိုတယ် နှစ်လုံးရှိပါတယ်။ တော်ဝင်ကျောက်စိမ်းဟိုတယ်ကတော့ အထပ်လေးထပ်ပါ။ အခန်း ၈၀ ပါရှိပြီး မိုးညှင်းမြို့ဘိုးဘွားရိပ်သာအနီးမှာ ဖေဖော်ဝါရီလကုန်ရက်ပိုင်းမှာ စတင်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ ဝင်းယူနတီဟိုတယ်အတွင်းမှာပဲ အထပ်မြင့်ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းအနေနဲ့ အထပ်ငါးထပ်ရှိပြီး အခန်းပေါင်း ၁၀၀ ပါတယ်"ဟု မိုးညှင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က ပြောကြားခဲ့သည်။

မိုးညှင်းမြို့ပေါ်တွင် မိုးညှင်းဟိုတယ်၊ ဝင်းယူနတီဟိုတယ်၊ ဟိုတယ်ချင်းတွင်း၊ ရွှေတောင်တန်း၊ ဂရိတ်၊ Golden Arrow စသည့် ဟိုတယ် ခြောက်ခုနှင့် တည်းခိုခန်း ၁၄ ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသည်များ မိုးညှင်းအနီးတစ်ဝိုက်ရှိ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်ကျောက်ဆစ်ဒေသများ၊ ကျောက္ကာယွန်းထည်လုပ်ငန်း၊ ဗောဓိတစ်ထောင်သာသနာ့နယ်မြေနှင့် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်များသို့ လာရောက်လေ့လာသူများ၊ မိုးညှင်းဒေသစီးပွားရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ တစ်နှစ်ထက်တစ်နှစ် များပြားလာသဖြင့် ဟိုတယ်နှင့် တည်းခိုခန်းအချို့တွင် ခရီးသည်များ ပြည့်ကျပ်နေသောကြောင့် ခရီးသည်များ အလွယ်တကူတည်းခိုနိုင်ရန် အထပ်မြင့်ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းများ ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

မိုးညှင်းမြို့တွင် ၂၀၁၄ ခုနှစ်နှစ်ပိုင်းကာလအထိ အထပ်အမြင့်ဆုံး ဟိုတယ်အဖြစ် အထပ်ခြောက်ထပ်ဖြင့် တည်ဆောက်ထားသည့် ဟိုတယ်ချင်းတွင်း တစ်ခုသာ ရှိသည်။

# မြန်မာ – အင်္ဂလိပ် ဒုတိယကျူးကျော်စစ်အပြီး စိုက်ထူခဲ့သော နယ်ခြားကျောက်တိုင် ပြုပြင်ထိန်းသိမ်းရန်လိုအပ်နေ

**လင်းသက်နိုင်**

**အောင်လံ၊ ဖေဖော်ဝါရီ-၇**

အောင်လံမြို့နယ် ကန်နှစ်ဆင့်ကျေးရွာတွင် စိုက်ထူထားသော မြန်မာ-အင်္ဂလိပ်စစ် ပွဲသမိုင်းဝင်နယ်ခြားကျောက်တိုင်တစ်ခုမှာ ပြုပြင်ထိန်းသိမ်းသူမရှိဖြစ်နေပြီး ပျက်စီးပျောက်ကွယ်တော့မည့်အခြေအနေဖြစ်နေကြောင်းသတင်းရရှိသည်။

ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင်ဖြစ်ပွားခဲ့သော မြန်မာ-အင်္ဂလိပ် ဒုတိယကျူးကျော်စစ်ပွဲတွင် အင်္ဂလိပ်တပ်များက အောင်လံမြို့မြောက်ဘက်ရောဝတီမြစ်ကမ်းဘေး ဒဂုံမော်ကျေးရွာအထိ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး မြန်မာမင်းပိုင်နက်နှင့် နယ်မြေအပိုင်းအခြားအဖြစ် ကန်နှစ်ဆင့်ကျေးရွာတွင် အထက်ပါကျောက်တိုင်ကိုစိုက်ထူထားခြင်းဖြစ်သည်။

"ကျောက်တိုင်က အိမ်ခြံဝန်းတွေထဲရောက်ရှိနေပါပြီ။ ခြံရှင်ကပဲ သန့်ရှင်းရေးလုပ်ထိန်းသိမ်းပေးထားတာ။ အမိုးအကာမရှိဘဲရေရှည်ထားမယ်ဆို ပျက်စီးသွားမှာပါပဲ" ဟု အောင်လံဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ကျောက်စာတိုင်များမှာ အောင်လံမြို့မြောက်ဘက်တွင်တစ်ခုမကစိုက်ထူထားရှိခဲ့သည်ဆိုသော်လည်းယခုအခါတွင် အထက်ပါတစ်ခုသာ တွေ့ရှိခဲ့ရကြောင်း အောင်လံမြို့မှ အငြိမ်းစားကျောင်းဆရာတစ်ဦးက ပြောသည်။

ထို့အပြင် မှတ်တမ်းပါကျောက်စာတိုင်တစ်ခုမှာမူ ၁၉၂၉ ခုနှစ်တွင် မကွေးဝန်ရှင်တော်မင်းကြီး၏ရုံးတွင် ရှိနေခဲ့ပြီး အထက်ပါကျောက်စာတိုင်ကို ၁၉၆၄ ခုနှစ်တွင် ပညာရေးနှင့် ကျန်းမာရေးတာဝန်ခံဖြစ်သူ ဗိုလ်မှူးကြီး လှဟန်ကတွေ့ရှိညွှန်ကြားခဲ့သဖြင့် ဒေါက်တာစိုးတင်က သယ်ဆောင်ကာ အမျိုးသားပြတိုက်သို့ ပေးပို့ခဲ့ကြောင်းလည်း ဆရာတိုက်စိုးရေးသားခဲ့သော ရောဝတီအမည်ရှိစာအုပ်စဉ် အညွှန်းအရ သိရှိရသည်။မြန်မာ-အင်္ဂလိပ်ဒုတိယကျူးကျော်စစ်အပြီး အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးသောအခါ နယ်ခြားစောင့်အဖြစ် အောင်လံမြို့မဈေးကြီး နေရာ၌ မတ်စေ့ပုံ သဏ္ဌာန်စစ်တပ်ခံတပ်အဆောက်အအုံ ဆောက်လုပ်ခဲ့ကြပြီး အင်္ဂလိပ် စစ်တပ်အခြေချကာ အောင်လံနယ်တစ်ဝိုက်အား စီမံအုပ်ချုပ်ခဲ့ကြောင်းလည်း အောင်လံဒေသခံရပ်မိရပ်ဖများက ပြောသည်။ လွတ်လပ်ရေးရရှိပြီးနောက် အဆိုပါ အဆောက်အအုံအား ဈေးအဖြစ်အသုံးပြုခဲ့ကြပြီးနောက် ယင်းအဆောက်အအုံအား ဖျက်သိမ်းခဲ့ကာ နှစ်ထပ်ဈေးသစ်ကြီး အဖြစ်ပြန်လည်တည်ဆောက်ခဲ့ခြင်းကြောင့် သမိုင်းဝင် အဆောက်အအုံကြီး ဆုံးရှုံးခဲ့သည်။

ထို့ကြောင့် သမိုင်းအထောက်အထားတစ်ခုဖြစ်သော အထက်ပါကျောက်စာတိုင်ကို မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းထားရှိသင့်ကြောင်း အငြိမ်းစားပညာရေးဝန်ထမ်းက ၎င်း၏ ဆန္ဒကိုပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# တွဲလက်များ ပရဟိတအဖွဲ့ နွမ်းပါးကလေးငယ်များအတွက် သင်ထောက်ကူပစ္စည်းများ လှူဒါန်း

**ကိုစိုင်း**

**ကလေး၊ ဖေဖော်ဝါရီ- ၈**

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့နယ်အတွင်းရှိတွဲလက်များ ပရဟိတအဖွဲ့က ကလေးမြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသော စာသင်ကျောင်း ငါးကျောင်းအတွက် စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

တွဲလက်များ ပရဟိတ အဖွဲ့သည် အဓိကအားဖြင့် ကလေးမြို့နယ်အတွင်းရှိ အောင်ရွာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မြလင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဖောင်ကူးကျေးရွာ မူလတန်းကျောင်းတို့ရှိ ကျောင်းသူ၊ ကျောင်းသားများအတွက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအဖွဲ့သည် အွန်လိုင်းမှတစ်ဆင့် ရပ်ဝေးရပ်နီးရှိ စာအုပ်စာပေ လှူဒါန်းလိုသူများ၏ ထည့်ဝင်အလှူငွေများ၊ အဖွဲ့ဝင်များ၏ ထည့်ဝင်ငွေများဖြင့် စာအုပ်စာတမ်းများ လှူဒါန်းမှုပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

"ကျေးလက်ဒေသနေ စာမသင်နိုင်သော ကလေးငယ်တွေ စာတတ်စေချင်လို့ အခုလို မရှိနွမ်းပါးတဲ့ ကလေးငယ်တွေ စာသင်နေကြတဲ့ ကျောင်းမှာ လိုက်ပြီး လှူဒါန်းမှုတွေပြုလုပ်နေရတာပါ" ဟု စာအုပ်စာတမ်း လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင်တစ်ဦးကပြောသည်။

တွဲလက်များ ပရဟိတအဖွဲ့သည် လာမည့် ၂၀၁၄-၁၅ ပညာသင်နှစ်မှစတင်၍ မိုဘိုင်းစာကြည့်တိုက်တစ်ခု ပြုလုပ်ရန် လျာထားပြီး စာအုပ်စာတမ်းများ လှူဒါန်းမှုအနေဖြင့် အလှူရှင်ပေါ်မူတည်၍ ကျောင်းသား၊ ကျောင်းသူ ၇၀၀ မှ ၁၀၀၀ ခန့်အား လှူဒါန်းသွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့မှ အဖွဲ့ဝင်များက ပြောသည်။



*တွဲလက်များအဖွဲ့က စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းနေစဉ်*

ဓာတ်ပုံ- ကိုစိုင်း

# မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်သွားလာသူ ပြန်လည်များလာ

**မောင်ကံ**

**မောင်တော၊ ဖေဖော်ဝါရီ-၈**

ဒေသတွင်း ပဋိပက္ခကြောင့်သွားလာမှု ပိတ်ထားခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဖြတ်ကျော်သွားလာမှု ခုနစ်ရက်ဗီဇာ သမားများကို ၂၀၁၃ ဒီဇင်ဘာမှပြန်လည်သွားလာခွင့်ပြုခဲ့ရာ ယခုအခါ နယ်စပ်ဖြတ်ကျော်သွားလာသူ ဦးရေ ပြန်လည် မြင့်တက်လာကြောင်း မောင်တောခရိုင်လဝကရုံးမှ သတင်း ရရှိသည်။

ဆူပူအကြမ်းဖက်မှုများမဖြစ်ပေါ်မီ ခုနစ်ရက်ဗီဇာဖြင့် မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်သို့နယ်စပ်ဖြတ်ကျော်သွားလာသူ ဦးရေမှာတစ်ရက်လျှင် အသွား ၇၀၊ အဝင် ၇၀ ဦးခန့်ရှိသော်လည်း ဆူပူအကြမ်းဖက်မှုများဖြစ်ပြီးနောက် နယ်စပ်ပြန်လည် ဖွင့်လှစ်ချိန်တွင် တစ်ရက်လျှင် တစ်ဦး၊ နှစ်ဦးသာရှိခဲ့သည်။ ယခုအခါ နယ်စပ်ဖြတ်ကျော်သွားလာခွင့်ကို ခွင့်ပြုပြီး တစ်လကျော်အကြာတွင် မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ သွားသူဦးရေတစ်ရက်လျှင် သုံးဆယ်၊ လေးဆယ်ခန့်ရှိကာ အဝင်မှာ ဆယ်ဦးခန့်သာရှိကြောင်းသတင်းရရှိသည်။ နယ်စပ်ဖြတ်ကျော်သွားလာသူဦးရေ များလာသည့်အတွက် မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်သို့ပြေးဆွဲနေသည့် စက်လှေများပြန်လည် အလုပ်ဖြစ်လာသည်။

# မောင်တောနယ်စပ်တွင် ဖုန်းတာဝါတိုင်များ ဆက်လက်စိုက်ထူ

**မောင်ကံ**

**မောင်တော၊**

**ဖေဖော်ဝါရီ-၈**

တန်ဖိုးနည်းဖုန်းများ ချပေးချိန်မှစတင်ကာ ဖုန်းလိုင်းများမကောင်းဖြစ်နေသည့် မောင်တောနယ်စပ်ဒေသတွင်ဖုန်းလိုင်းများပိုမိုကောင်းမွန်လာစေရေး တာဝါတိုင်များ ဆက်လက်စိုက်ထူနေကြောင်း ဆက်သွယ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဆက်လက်စိုက်ထူနေသော တာဝါတိုင်များမှာ မောင်တောမြောက်ဘက် ကျီးကန်းပြင်၌ တစ်တိုင်၊ ကြိမ်ချောင်းတိုက်နယ်၌ တစ်တိုင်၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲ၌ တစ်တိုင်ဖြစ်ပြီး မောင်တောတောင်းဘက်တွင် အလယ်သံကျော်၌ တစ်တိုင်စိုက်ထူနေခြင်းဖြစ်သည်။

"ကျီးကန်းပြင်၊ ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲနဲ့ အလယ်သံကျော်မှာတစ်နေရာကိုတာဝါတိုင်တစ်တိုင်စီ စိုက်ထူနေပါပြီ။ လောလောဆယ်တော့ ဖောင်ဒေးရှင်းတွေ အကုန်စနေပြီဖြစ်ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

မောင်တောနယ်စပ်ဒေသတွင် ဖုန်းတာဝါတိုင်များအဖြစ် ဆက်သွယ်ရေးစခန်းရုံးဝင်းတွင် တစ်တိုင်၊ ဘူးသီးတောင်- မောင်တောကားလမ်းရှိ မြို့သူကြီးကျေးရွာတွင် တစ်တိုင်နှင့် ခုနစ်မိုင် ဆင်သေတောင်တွင် တစ်တိုင်စိုက်ထူထားသော်လည်း ဂျီအက်စ်အမ်ဖုန်းများမှာတာဝါတိုင်နှင့်လေးမိုင်ဝန်းကျင်အကွာခန့်သာ ရရှိသည့်အတွက် နယ်စပ်ဒေသများတွင် အသုံးပြု၍မရသေးဟုဆိုသည်။

ဝန်ထမ်းအလိုရှိသည်

Min Dhama Company Limited ၏ စက်ရုံ၊အလုပ်ရုံများနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

(၁) Engineer (Production) ကျား (၁၀) ဦး
- B.E (Mechanical) , B.Tech (Mechanical) , AGTI (Mechanical) ရရှိထားသူဖြစ်ရမည်။

(၂) Engineer (M&E) ကျား (၆) ဦး
- လုပ်ငန်းနှင့်သက်ဆိုင်သော အင်ဂျင်နီယာဘွဲ့/ဒီပလိုမာရရှိထားသူဖြစ်ရမည်။
- M & E လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ် လုပ်ကိုင်ဖူးသူဖြစ်ရမည်။

(၃) Office Staff ကျား/မ (၈) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ရုံးလုပ်ငန်းများကို စိတ်ပါဝင်စားသူဖြစ်ရမည်။

(၄) General Worker (Welder) ကျား (၃၀) ဦး
- Welder လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူဖြစ်ရမည်။
- အသက် (၂၀) နှစ်မှ (၄၅) နှစ်ကြား ဖြစ်ရမည်။
- လုပ်ငန်းအပေါ်တွင် စိတ်ပါဝင်စားမှုရှိ၍ အလုပ်ကိုကြိုးစားလုပ်ကိုင်သူဖြစ်ရမည်။

အမှတ်စဉ် (၁၊၂၊၃) အတွက်
- အင်္ဂလိပ်စာအသင့်အတင့် ရေးနိုင်၊ဖတ်နိုင်၊ပြောနိုင်ရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
- အသက် (၂၀)နှစ် နှင့် (၃၅)နှစ်ကြား ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် (၂၀. ၂. ၂၀၁၄) ရက်နေ့ နောက်ဆုံးထား၍ ကိုယ်တိုင်ရေးလျှောက်လွှာ၊ (၃)လအတွင်း ရိုက်ကူးထားသောဓါတ်ပုံ (၃)ပုံ၊နိုင်ငံသား စိစစ်ရေးကဒ်ပြားမိတ္တူ၊ ပညာအရည်အချင်း ထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်းတို့ဖြင့် Min Dhama Company Limited အမှတ်(၁၀၆)၊ ပန်းပဲခေါင်း မောင်ခက်လမ်း၊စက်မှုဇုံ(၄)၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၃၁၂၇၀၀၀ ၊ ၀၉ ၄၂၀၃၅၄၈၈ ၊ ၀၉ ၄၀၁၆၀၄၃၈၃

UD Group

ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700

အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလှ၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-24333 , 09-6504900

7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

စာမျက်နှာ (၇)မှ

## ကမ္ဘာ့အကြီးဆုံး စာအုပ်ထဲမှ ပန်းကလေးတစ်ပွင့်

အဖေဖြစ်သူဆုံးပါးပြီး အမေကလည်း နောက်အိမ်ထောင်ပြုခဲ့သည့်အတွက် ယဉ်ယဉ်ချောတစ်ယောက်အဘိုးအဘွားများနှင့်သာ အတူနေထိုင်သည်။ အဘိုးအဘွားကိုပင် အဖေ၊ အမေအဖြစ်ပင် ပြောင်းလဲခေါ်ဝေါ်သုံးစွဲခဲ့သည့်မှာ သူသိတတ်စအရွယ်မှပင် ဖြစ်သည်။ သူ၏အဘိုးက စာကလေးအစာရောင်းပြီး အဘွားကတော့ အိမ်မှုကိစ္စများကိုသာ တာဝန်ယူထားသည်။ တစ်နေ့တာ ပန်းရောင်းရသမျှ ငွေများအားလုံးကိုလည်း ရေတွက်မနေဘဲ အဘွားလက်ထဲသို့ပင် အကုန်ပေးသည်။ ဘုရားဖူးဧည့်သည်များလျှင် များသလိုယဉ်ယဉ်ချော၏တစ်နေ့ပန်းရောင်းရငွေမှာ အများဆုံး ကျပ်ငါးထောင်ခန့်အထိ ရတတ်သည်။

တစ်ခါတစ်ရံပန်းရောင်းရငွေများထဲမှ ငွေတစ်ရာ၊ နှစ်ရာကို ဘုရားဘဏ္ဍာငွေအလှူခံသည့်ပုံးအတွင်း ထည့်တတ်သေးသည်။ “အဲဒီလိုထည့်ရင် ပန်းများများ ပိုရောင်းရတတ်တယ်။ များများရောင်းရတော့ စောစောပြန်ရတယ်”ဟု ယဉ်ယဉ်ချောက ပွင့်လင်း သွက်လက်စွာ ပြောသည်။

လက်ရှိအချိန်တွင် မူလတန်းတက်နေရပြီဖြစ်သည့် အတွက် ယခင်ကလို တစ်နေကုန် ပန်းမရောင်းနိုင်တော့ပါ။ ညနေအချိန်ပိုကျောင်းဆင်းပြီး လေးနာရီနောက်ပိုင်းအချိန်များတွင်သာ အချိန်လုကာ ပန်းရောင်းနေရသည်။ ယင်းအချိန်ပိုင်းအတွင်း သူ၏ ပန်းရောင်းရကြေးက ငွေတစ်ထောင်ကျော်သည်။

ကျောင်းချိန်နှင့် တိုက်၍ ပန်းမရောင်းနိုင်တော့သည့်အတွက် အဘိုးဖြစ်သူ၏ စာကုသိုလ်ရောင်းရငွေများနှင့်သာ မိသားစု နေ့စဉ်စားစရိတ်အတွက် ရပ်တည်နေရသည်။ အချိန်ပိုင်း ပန်းရောင်းရသည့် ငွေများကိုမူ ကျောင်းအချိန်ပိုကြေးတစ်လလေးထောင် အချိန်မှန်ပေးရန်အတွက် အဘွားက သီးသန့်စုပေးထားသည်။

ကျောင်းတက်နေသည့် ရက်များတွင်လည်းတစ်ရက်မှကျောင်းပျက်မခံဘဲ နေ့စဉ် အိမ်စာများကို အကြွေးမထားဘဲ စိတ်ပါလက်ပါ လုပ်တတ်သောကြောင့်ပြီးခဲ့သည့် လပတ်စာမေးပွဲတွင် အဆင့်လေးနေရာရခဲ့သေး သည်။

အသက် ၇ နှစ်အရွယ်သာရှိသေးသည့် ကလေးငယ်တစ်ဦးအနေဖြင့် လိုချင်စရာ အဆန်းအပြားပစ္စည်းများကလည်း ပေါများလှသည်။ တစ်ခါတစ်ရံ သူလိုချင်လွန်းလှသည့် ဒေါက်ဖိနပ်၊ ကွန်ပါဘူးကဲ့သို့သော ပစ္စည်းများကို ဝယ်ပေးရန် အဘိုးအဘွားများထံသို့ ရှားရှားပါးပါး ပူဆာတတ်သေးသည်။ မဝယ်ပေးလျှင်လည်း ခဏ တိုင်းနားပူနားဆာလုပ်တတ်သူမဟုတ်ကြောင်း သူမ၏ အဘွားဖြစ်သူ ဒေါ်ရင်သန်းက ယဉ်ယဉ်ချော၏ ဆံပင်များကို ဖြီးသင်ပေးနေရင်းပြောသည်။

သူပန်းရောင်းနေသည်ကို သတိထားမိသည့် နိုင်ငံခြားဧည့်သည်အချို့ကလည်း ၎င်းတို့တွင်ပါလာသည့်သော့ချိတ်များ၊ အရုပ်များ၊ ဖောင်တိန်များ မကြာခဏ ပေးသွားတတ်သည်။ တစ်ခါကလည်း နိုင်ငံခြားသားတစ်ဦးက ပြည်ပမဂ္ဂဇင်းတစ်အုပ်ထဲတွင် ပါလာသည့် သူမရယ်နေသည့်ပုံကို ဖြတ်ကာလက်ဆောင်ပေးခဲ့ဖူးသည်။ ထိုစာမျက်နှာအား ယနေ့အချိန်ထိ သူအိပ်သည့် ခေါင်းရင်းတွင် ကပ်ပြီးထားထားသည်ဟု ယဉ်ယဉ်ချောက ဆေးဆိုးထားသည့် နှုတ်ခမ်းပါးကို ကော့ပျံနေအောင် ပြုံးရယ်ရင်းပြောသည်။

လက်ရှိအချိန်တွင် စားဝတ်နေရေးအတွက် ကျောက်တော်ကြီးဘုရားတွင် ပန်းရောင်းနေရသော်လည်း သူကြီးလာလျှင်ဆရာဝန်မကြီး (သို့မဟုတ်) ဧည့်လမ်းညွှန်လုပ်လိုသည်။

“အဘွားက ရောင်းခိုင်းလို့သာရောင်းရတာ။ ဒေါက်တာဆရာမကြီးဖြစ်ချင်တာ။ တိုးရစ်ဂိုက်မကြီးလည်းဖြစ်ချင်တယ်။ တိုးရစ်ဂိုက်အစ်မတစ်ယောက်ကဆို အခုချိန်ထိ ဘုရားလာတိုင်း မုန့်ဖိုးတွေပေးတယ်”ဟုယဉ်ယဉ်ချောက နာမည်ကို စာရွက်ပေါ်တွင် လက်သေးသေးလေးများဖြင့် ရေးပြနေရင်းပြောသည်။

ပညာတတ်ကြီးတစ်ယောက်အထိဖြစ်ရန် ယဉ်ယဉ်ချောတစ်ယောက် စိတ်ကူးယဉ်နေသော်လည်း အဘွားဖြစ်သူကမူ ရည်းစားထားပြီး စိတ်လေလွင့်မည်ကို စိုးရိမ်သောကြောင့် ငါးတန်းထိသာကျောင်းတက်ခိုင်းပြီး စက်ပန်းထိုးပညာရပ်ဖြင့် အိမ်တွင်းတွင်ပင် အလုပ်လုပ်ခိုင်းရန် စိတ်ကူးထားသည်ဆိုပါသည်။ ဆယ်ကျော်သက်အရွယ် သမီးရည်းစား စုံတွဲများစွာ ကျောက်တော်ကြီး ဘုရားဝင်းအတွင်း လာရောက်နေကြသည်ကို မြင်တွေ့နေရသည့် ဒေါ်ရင်သန်းတစ်ယောက် မြေးဖြစ်သူအပေါ် စိတ်အပူကြီးပူကာ အိမ်တွင်ပင် အလုပ်လုပ်စေရန် စီစဉ်နေခြင်းဖြစ်သည်။

“စာလည်း တတ်စေချင်တယ်။ ရှစ်တန်း၊ ကိုးတန်းရောက်လို့ စရိတ်စကကြီးတာက တစ်မျိုး၊ ပျက်ဆီးမှာစိုးတာကလည်း တစ်မျိုး၊ စိတ်ပူနေရမှာကြောင့် ငါးတန်းလောက်ပြီးရင် စက်ပန်းထိုးသင်ပေးဖို့တော့ စီစဉ်ထားတာပဲ”ဟု ဒေါ်ရင်သန်းကပြောသည်။

ယဉ်ယဉ်ချောမှာ ကျောက်တော်ကြီးဘုရားသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအကြားတွင် ထင်ရှားကျော်ကြားသကဲ့သို့ပြည်ပခရီးသွားများလာသည်နှင့် အမျှ နိုင်ငံခြားတွင်လည်း သူ့ပုံရိပ်များက ပျံ့နှံ့နေပြီဖြစ်သည်။ ပြီးခဲ့သည့်လေး နှစ်တာကာလအတွင်းတွင် ကျောက်တော်ကြီးဘုရားသို့ အလည်ရောက်ခဲ့ဖူးသည့် ခရီးသွားဧည့်သည်များမှ သူနှင့် ပတ်သက်သည့် အချက်အလက်များ ပြန်လည်ဖြန့်ဝေမှုကြောင့် သူနှင့်တွေ့ဆုံရန် ကျောက်တော်ကြီးဘုရားသို့ တကူးတကလာရောက်ကြရသည့် နိုင်ငံခြားသားများလည်း ရှိသည်ဟု မန္တလေးမြို့ခံ နိုင်ငံခြားသား စကားပြန်တစ်ဦးက ပြောသည်။

ပန်းဗန်းကို ရွက်ကာတစ်မျိုး၊ ပိုက်ကာတစ်မျိုးဖြင့် ရယ်နေသည့် သူ၏ ပုံတူများမှာလည်း ပြည်တွင်းမှ ဓာတ်ပုံပညာရှင်များ၊ ပန်းချီပညာရှင်များ၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်သာမက ပြည်ပပညာရှင်များအထိပင် ပျံ့နှံ့နေပြီဖြစ်သည်။

ကလေးငယ်တစ်ဦး ဈေးရောင်းနေသည်ဖြစ်သည့်အတွက် ကလေးသူငယ် အခွင့်အရေးများနှင့် ငြိစွန်းမှုများရှိနေနိုင်သော်လည်း သူ၏ ချစ်စရာကောင်းလွန်းသည့် သွင်ပြင်လက္ခဏာများကြောင့် ခရီးသွား ဧည့်သည်များမှ အစ ပညာရှင်အဆင့် ဓာတ်ပုံရိုက်သူများပါ သူ၏ ပုံကိုမှတ်တမ်းတင်ရန် စိတ်အားထက်သန်သွားတတ်ကြသည်ဟု မန္တလေးမြို့မှဓာတ်ပုံပညာရှင်မောင်ဘဦး(မန္တလေး)က ပြောသည်။ ဓာတ်ပုံထဲတွင် သူ၏ ပုံရိပ်များ အသက်ဝင်ပြီးလှနေစေသည့် လျှို့ဝှက်ချက်မှာ အသံထွက်အောင် ရယ်ခြင်းပင်ဖြစ်သည်။

သူ့ကို ပုံတူပန်းချီ ရေးဆွဲရန် အုပ်ထိန်းသူ လက်မှတ်ထိုးပေးရန် နိုင်ငံခြားသူ အမျိုးသမီးတစ်ဦးက တောင်းဆို၍ ထိုးပေးခဲ့ရဖူးသည်။ ပြည်တွင်းပညာရှင်တစ်ဦးကလည်း သူ၏ တစ်နေ့တာဖြတ်သန်းပုံများကို အသေးစိတ်မှတ်တမ်းဓာတ်ပုံယူသွားခဲ့ဖူးသည်။ သို့သော်လည်း သူ၏ ပုံရိပ်ကို အသုံးပြုသည့်အတွက် အခကြေးငွေတစ်စွန်းတစ်စမှ မရရှိခဲ့ဖူးသေးပါ။ သူ၏ ဓာတ်ပုံများကိုပြည်တွင်းပြည်ပတွင် ပြပွဲများ၊ မဂ္ဂဇင်းများတွင် ထည့်သွင်းအသုံးပြုပြီး အကျိုးအမြတ်များ ခံစားနေရသော်လည်း မိသားစုမှာမူ ယနေ့အချိန်ထိ နေ့စဉ်စားဝတ်နေရေး ပူပန်နေရဆဲဖြစ်သည်။

စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်လည်းဖြစ်၍ တစ်နေကုန် ပန်းရောင်းရန် ဘုရားဝင်းအတွင်း ရောက်နေသည့် ယဉ်ယဉ်ချောတစ်ယောက် ထမင်းစားနားနေသည်မှာ နှစ်နာရီနီးပါးရှိတော့မည်။ နံနက်ခင်းတစ်ပိုင်းလုံး ပန်းရောင်းခဲ့ပြီး နေ့လယ် ၁၂ နာရီကတည်းက အနားယူခဲ့သည်မှာ ယခုနှစ်နာရီထိုးခဲ့ပြီဖြစ်သည်။ ပန်းသွားမရောင်းမီ မျက်နှာပေါ်မှာ သနပ်ခါးနှင့် နှုတ်ခမ်းနီအား အဆင်ပြေ၊ မပြေ မှန်ကိုတစ်ချက်ကြည့်လိုက်ပြီး ပန်းဗန်းကို ခေါင်းပေါ် ရွက်တင်လိုက်သည်။

ညနေစောစောပြန်ရရေးအတွက် ဗန်းအတွင်းမှ လက်ကျန်ပန်း အားလုံးကို အမြန်ရောင်းထွက်စေရန် ဘုရားဘဏ္ဍာငွေအလှူခံသည့်ပုံးအတွင်းသို့တစ်ရာကျပ်သွားထည့်လိုက်သည်။ ထို့နောက်ဘုရားအတွင်းသို့ ဝင်လာသည့် ဝဝဖိုင့်ဖိုင့်အသက်ခပ်ကြီးကြီးနိုင်ငံခြားသားစုံတွဲဆီသို့ ပန်းသွားရောင်းနိုင်ရန် ခြေလှမ်းပြင်လိုက်သည်။ ခေါင်းပေါ် ရွက်ထားသည့် ပန်းဗန်းကလေးကလည်း ယဉ်ယဉ်ချော ခေါ်ရာနောက်သို့ မလိုက်ချင်၊ လိုက်ချင်နှင့် တလှုပ်လှုပ်။

## စစ်ကိုင်းတိုင်းတွင် တည်ဆောက်မည့် သားဖွားမီးယပ်ဆေးရုံအတွက် JICA ကူညီမည်

ကိုစိုင်း

ကလေး၊ ဖေဖော်ဝါရီ- ၉

စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့အထွက် ၇၅ သစ်စက်အနီး ကျွဲရဲလမ်းခွဲတွင် တည်ဆောက်မည့် အမျိုးသမီးသားဖွားမီးယပ် အမျိုးသမီးသီးသန့် ဆေးရုံတည်ဆောက်ရန်အတွက် ဂျပန်နိုင်ငံ (JICA) မှ အကူအညီပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“အကြမ်းဖျင်းခန့်မှန်းထားရှိမှုက နှစ်ဘီလီယံကုန်ကျမယ်ဆိုပြီး တွက်ချက်ထားပါတယ်။ နေရာတွေလည်းကြည့်ပြီးပြီ ဒီဆေးရုံဖြစ်ပေါ်လာဖို့အတွက် အစကနေအဆုံးအထိ (JICA) ကနေ ကူညီသွားမှာပါ။ ပြီးတော့ မုံရွာမြို့ပြည်သူ့ဆေးရုံဝင်းကြီးထဲမှာလည်း ခုတင်သုံးရာဆံ့ အဆင့်မြင့်တိုင်းဆေးရုံတစ်ခု တည်ဆောက်ဖို့ရှိတယ်”ဟု တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဝန်ကြီး ဦးစိန်မောင်က ပြောသည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအရ ကျန်ရှိသည့် လ ၃၀ ကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကိုဖြတ်၍ ကလေးဝ-ကိုင်းမြစ်ကူးနေရာတွင် တံတားတစ်စင်း၊ ဟုမ္မလင်း-ကပ်သာ လမ်းပိုင်းကောင်းမွန်မည်ဆိုပါက ယင်းနေရာတွင် မြစ်ကူးတံတားတစ်စင်း၊ ကလေးဝအနီးတွင် အဆင့်မြင့် ဆိပ်ကမ်းတစ်ခုတို့ကို ၂၀၁၄-၂၀၁၅ မှစတင်ကာ BOT စနစ်ဖြင့် ပြည်တွင်းကုမ္ပဏီများအား အဓိကထား၍ နှစ် ၃၀ စီမံကိန်းအဖြစ် နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်တည်ဆောက်ရန် လျာထားမှုများ ရှိကြောင်း သိရသည်။

MEDECINS SANS FRONTIERES
နယ်စည်းမခြားဆရာဝန်များအဖွဲ့

**Vacancy**

Job title: **Deputy Human Resources Coordinator**
Job location: **Yangon Coordination Office**
**Deadline:** **Wednesday, 26th February 2014**

Medecins Sans Frontieres is an international, medical, humanitarian organization, which has been working in Myanmar since 1992 and is currently providing healthcare in Shan, Rakhine, Kachin States and Yangon Divisions.

**Main of task and responsibilities**

- This post is a key role within a busy HR team, supporting more than 1,200 staff.
- Supports the management of HR administration of national staff throughout the mission.
- Supports the HR Coordinator in developing and implementing national staff HRM policies.

**Requirements**

- Preferable previous HR experience with MSF or other INGO
- Minimum 2 years work experience in HR and/or administration
- Fluent English both written & spoken, good communication skills
- Excellent computer skills
- Trustworthy and able to deal with confidentiality
- Able to work in a strict procedural framework in an environment of pressure from your own colleagues
- Good organizational skills as well as attention to detail and accuracy
- Ability to travel to project locations on regular basic

Please send your **Applications** to:
**MSF-Holland (Yangon Coordination)**
**No. 59, Aye Yadnar Road, Thiri Gone Housing,**
**Thingangyun Township, Yangon.**
**Email: msfh.myanmar.recruitment@gmail.com.**
**Only Shortlisted candidates will be contacted.**



7DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# စစ်တွေ-ဘူးသီးတောင်-မောင်တော လမ်းကြောင်းတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိမှုများပြားနေ၍ ခရီးသွားများကို တင်းကျပ်စွာစစ်ဆေး

**မောင်ကံ**

**မောင်တော၊ ဖေဖော်ဝါရီ-၉**

စစ်တွေ-ဘူးသီးတောင်-မောင်တောလမ်းကြောင်းတွင် သွားလာနေကြသည့် ခရီးသွားအချို့ထံမှ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုများပြား၍ ကားဂိတ်၊ သင်္ဘောဆိပ်များတွင် ခရီးသွားများကို တင်းကျပ်စွာ စစ်ဆေးနေကြောင်း သတင်းရရှိသည်။

"မောင်တော-ဘူးသီးတောင်ကားလမ်းရှိ ဂိတ်တွေမှာရော၊ ဘူးသီးတောင်သင်္ဘောဆိပ်ကမ်း၊ အမြန်ဆိပ်ကမ်းနဲ့စစ်တွေသင်္ဘောဆိပ်ကမ်း၊ အမြန်ဆိပ်ကမ်းအားလုံးမှာ စစ်ဆေးနေတာဖြစ်ပါတယ်။ ပါလာတဲ့အထုပ်အားလုံးကိုဖွေပါတယ်။ မောင်တောမှာဆိုရင် ရွှေဇားတံတားဂိတ်မှာတောင်စစ်ဆေးမှုတွေပြုလုပ်နေပါတယ်"ဟု စစ်တွေမြို့သို့ မကြာမီရက်များက သွားရောက်ခဲ့သူခရီးသည်တစ်ဦးက ပြောကြားသည်။



မောင်တောမြို့နယ်ရှိ ဂိတ်တစ်ခုကိုတွေ့ရစဉ်

ဓာတ်ပုံ-မောင်ကံ

ခရီးသည်များကို လမ်းတစ်လျှောက်စစ်ဆေးခြင်း၊ ခရီးသည်တိုင်းစစ်ဆေးခြင်းတို့ကြောင့် အချိန်ကြန့်ကြာမှုအနည်းငယ်ရှိသော်လည်း လက်ရှိခေတ်စားနေသည့် မူးယစ်ဆေးဝါးလုပ်ငန်းကို တိုက်ဖျက်ခြင်းဖြစ်သည့်အတွက် ကျေနပ်မှုရှိကြောင်း မောင်တောသို့အလည်ရောက်ရှိနေသူတစ်ဦးကပြောသည်။

ဇန်နဝါရီလအတွင်းက စစ်တွေမြို့၊ အမြန်ရေယာဉ်ဆိပ်ကမ်းတွင်ဘူးသီးတောင်သို့လိုက်ပါမည့် ခရီးသည်များထံမှ မူးယစ်ဆေးဝါး ပမာဏများစွာကို သက်ဆိုင်ရာက ဖမ်းဆီးရမိပြီးနောက် စစ်ဆေးမှုများတင်းကျပ်လာခြင်းဖြစ်သည်။

# ဦးပိုင်စားအုန်းဆီစိုက်ခင်းနှင့် ပတ်သက်၍ မြေသိမ်းခံရွာသားများနှင့် ကုမ္ပဏီတာဝန်ရှိသူများ ဆွေးနွေး

**စိုးမိုးအောင်**

**ထားဝယ်၊ ဖေဖော်ဝါရီ-၉**

ရေဖြူမြို့နယ်အတွင်းရှိ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းဧရိယာအဖြစ် သိမ်းယူခံထားရသော ဒေသခံများ၏ ဥယျာဉ်ခြံမြေများကို မြေယာပိုင်ဆိုင်ခွင့် အာမခံချက်ပေးနိုင်ရန် သက်ဆိုင်ရာသို့ တင်ပြတောင်းဆိုခဲ့ခြင်းကြောင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများနှင့်ဒေသခံများ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

ရေဖြူမြို့နယ် ကံပေါက်ဒေသအတွင်းရှိ ရှင်ပုံကျေးရွာ၊ အိန္ဒရာဇာအပါအဝင် ကျေးရွာခုနစ်ရွာအနီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ဆီအုန်းခြံနှင့် ဆီအုန်းစက်ရုံစီမံကိန်း ဆောင်ရွက်လျက်ရှိရာ ဒေသခံများက သိမ်းဆည်းခံ မြေများပါဝင်နေခြင်း ကို တရားမျှတစွာ ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရထံ တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။

ကျေးရွာများတွင် ဥယျာဉ်များနှင့်အတူ စားကျက်မြေများပါ ပျက်စီးဆုံးရှုံးခဲ့ပြီး စီမံကိန်းဧရိယာတွင် ပိုးသတ်ဆေးများ သုံးစွဲခြင်း၊ တားမြစ်ဧရိယာ သတ်မှတ်ထားခြင်းကြောင့် မွေးမြူရေး လုပ်ငန်းများအတွက် အခက်အခဲဖြစ်ခြင်း၊ ရှင်ပုံကျေးရွာအနီးရှိ ချောင်းအတွင်းသို့ စက်ရုံမှ စွန့်ပစ်ပစ္စည်းများနှင့် ပိုးသတ်ဆေးဘူးအခွံများ စွန့်ပစ်ခြင်းများကြောင့် ကျန်းမာရေး ထိခိုက်မှုများဖြစ်ပွားနိုင်သဖြင့် အဆိုပါစီမံကိန်းကို ဒေသခံများက မလိုလားခြင်းဖြစ်ကြောင်း သိရသည်။

"အရင်လက မြေစာရင်းဦးစီးက လာတယ်။ ဒေသခံတွေကို ပုံစံ ၁၀၅ နဲ့ တင်ပြဖို့ပြောတယ်။ ဒါကို အုပ်ချုပ်ရေးမှူးက ဒီဒေသက သစ်တောနယ်မြေဖြစ်လို့ ဓားမဦးချခွင့်ပဲရှိတယ်လို့ ပြောတယ်။ ဇန်နဝါရီလကုန်ပိုင်းလောက်က ကုမ္ပဏီက တာဝန်ရှိသူတွေလာတော့ အထောက်အထားအပြည့်အစုံနဲ့ ဒေသခံတွေ အမှန်တကယ်ပိုင်ဆိုင်ကြောင်း တင်ပြစေချင်တယ်။ ပြီးရင် အထက်ကို တင်ပြပေးမယ်လို့ဆိုတယ်။ ပြန်ပေး မပေးလားတော့ အသေချာမပြောခဲ့ဘူး" ဟု ရှင်ပုံဒေသခံ တစ်ဦးက ပြောကြားသည်။ အဆိုပါတွေ့ဆုံပွဲကို ကံပေါက်အုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့ပြီး ဒေသခံတောင်သူ ၄၀ ကျော် တက်ရောက်တင်ပြဆွေးနွေးခဲ့သည်။

မြေစာရင်းက ကွင်းဆင်းကောက်ယူခဲ့သော အချက်အလက်များကို မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ ရေဖြူမြို့နယ်အတွင်း ဆီအုန်းခြံစိုက်ပျိုးရေးလုပ်ငန်းများအတွက် ကုမ္ပဏီများက ဆောင်ရွက်နေပြီး ဆန်းချိကျေးရွာအနီးတွင်လည်း ဒေသခံများနှင့် မြေယာပိုင်ဆိုင်မှု ပြဿနာများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကံပေါက်ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းဧရိယာအဖြစ် ကုမ္ပဏီမှ မြေဧက ၃၀,၀၀၀ သတ်မှတ်ဆောင်ရွက်နေရာ ဒေသခံတောင်သူများ ဥယျာဉ်ခြံမြေများပါဝင်နေသောကြောင့် ဒေသခံရွာသားများက သိမ်းဆည်းခံဥယျာဉ်ခြံမြေများကို အစားထိုးပေးရန်၊ ဆီအုန်းပင်များ၏စိုက်ပျိုးထားသော ဥယျာဉ်များအတွက် နစ်နာကြေးများပေးအပ်ရန် တောင်းဆိုထားခြင်းကြောင့် မြေစာရင်းဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများကဒေသခံများနှင့် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

"ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်"

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက် (ညည-၆/၃၈) သင်ပန်းကုန်းရပ်ကွက်ရှိ ဦးချိန်အန်းပေါက် (ခ)အောင်သူကိုသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်း မူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်(၃၀၆၄/၂၀၁၃)ဖြင့် တရားဝင်မှတ်ပုံ တင်ပြီးဖြစ်ပါသည်။

HAIR PRO

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် ကုန်သွယ်မှု အမှတ်အသားတို့ကို ကြေညာသူ၏ HAIR PRO အမှတ် တံဆိပ်ဖြင့် အဆင့်မြင့်ထုတ်လုပ်ထားသော မိတ်ကပ်ပစ္စည်းအမျိုးမျိုး၊ အလှအပပစ္စည်းမျိုးစုံ၊ အမျိုးသမီး သုံးပစ္စည်းအမျိုးမျိုး၊ ခေါင်းလျှော်ရည် ဆံပင်ပေါင်းဆေး၊ ဆံပင်ဆိုးဆေး၊ ခေါင်းလိမ်းဆီအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းထားသော ပလပ်စတစ်အိတ်များ ၊ စက္ကူအိတ်များ၊ ဂျပ်ဖူးများ အစရှိသော ထုပ်ပိုးပစ္စည်းအမျိုးမျိုး အပေါ်တွင် လည်းကောင်း၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ကြော်ငြာ၊ ရုပ်ရှင်ဆလိုက်၊ မဂ္ဂဇင်း၊ ဘလောက်တုံး၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်းအစရှိသည်တို့ပေါ်တွင်လည်းကောင်း ဘောက်ချာစာအုပ်များပေါ်တွင် လည်းကောင်း၊ ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို တွယ်ကပ်၍ လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ ဖိနှိပ်၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လက်လီ လက်ကားဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ကုန်အမှတ်တံဆိပ်မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါအမှတ်အသားကို ကျွန်ုပ်၏ မိတ်ဆွေမှတပါး အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ၊ ပုံတူပုံမှားဖြစ်စေ တုပသုံးစွဲခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။ ပြုလုပ်ခဲ့ပါက ရာဇဝတ်ကြောင်း၊ တရားမ ကြောင်းတို့ဖြင့် တရားစွဲဆို အရေးယူမည်ဖြစ် ကြောင်း သတိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ဇော်သန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-စ၈၃၈)

ဒေါ်နွယ်နွယ်အေး
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၂၁)

ဦးမျိုးမင်းထွန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၁၁)

ROYAL LAW FIRM

တိုက်ခန်းအမှတ် ( W-4)၊ ရုံးကြီးတိုက်တန်း၊ လမ်း ၇၀၊ ၂၉ ×၃၀ လမ်းကြား
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

Ph: 09-2052215, 09-402634233, 09-2066620

ကျော်ကျော်နိုင်မိသားစု ကုမ္ပဏီလီမိတက်

**အောင်ချမ်းမြေ့**

**ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း**

**(JAPANESE LANGUAGE TRAINING CENTRE)**

အမှတ်(၂၄၉-2B)၊ ဗားဂရာလမ်းမ၊ မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅
aungchanmyae.myanmar@gmail.com

- ၂၅. ၂. ၂၀၁၄ ရက်မှ စတင်မည်။ လူဦးရေ(၃၀)ဦးသာ လက်ခံမည်။
- သင်ကြားနိုင်သည့်အချိန် (I) 09:00 AM to 04:00 PM (Break (1)hour)
- သင်တန်းကာလ (၅)လ၊ တစ်ပတ်(၅)ရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
- ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း (၅၀၀)အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာ အဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
- အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- "အောင်"ပြီး "ချမ်းမြေ့"မှု တွေ့ရရှိဖို့ "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။
- ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိ ကျောင်းများတွင် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးသည်။

# Education

7DAY NEWS JOURNAL

Vol.12, No.49 • FEBRUARY 12 , 2014





ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟူဂိုဆွိုင်း

ဓာတ်ပုံ-စိုးသန်းဝင်း/အေအက်ပ်ပီ

# ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ဂျပန်တက္ကသိုလ်တစ်ခု ပညာရေးပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုး

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၅**

ဂျပန်နိုင်ငံရှိရီစုမိခန်အာရှပစိဖိတ်တက္ကသိုလ် (APU)သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ပညာရေးဆိုင်ရာနယ်ပယ်ခြောက်ခုတွင်ပူးပေါင်းဆောင်ရွက်၍ ပံ့ပိုးကူညီမှုပြုလုပ်ရန် သဘောတူလက်မှတ်ရေးထိုးလိုက်သည်။

မြန်မာနိုင်ငံရှိ တက္ကသိုလ်တစ်ခုနှင့် ပထမဆုံးအကြိမ် သဘောတူလက်မှတ်ရေးထိုးလိုက်သော ဂျပန်တက္ကသိုလ်သည် ပညာရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

သင်ကြားရေးဌာနမှ ပါမောက္ခများ၊ ဝန်ထမ်းများ ဖလှယ်ခြင်း၊ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားဖလှယ်ခြင်း၊ သင်ကြားရေး၊ သင်ထောက်ကူပစ္စည်းနှင့် အခြားပညာရေးနှင့် သုတေသနဆိုင်ရာသတင်းအချက်အလက်ဖလှယ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ တွေ့ဆုံပွဲနှင့် ကာလတိုသင်တန်းများဆောင်ရွက်ခြင်း၊ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သင်တန်းအစီအစဉ်များ ပို့ချခြင်းတို့ကို အတူတကွ ဆောင်ရွက်မည်ဖြစ်ကြောင်း အာရှပစိဖိတ်တက္ကသိုလ်မှ ပါမောက္ခကပြောကြားသည်။

အာရှပစိဖိတ်တက္ကသိုလ်အနေဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှုသည် ပထမအဆင့်ခြေလှမ်းဖြစ်ပြီး အနာဂတ်တွင် မြန်မာနိုင်ငံ၏ ပညာရေးအဆင့်မြှင့်တင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာကျောင်းသားများအတွက် ပညာသင်ဆုအခွင့်အလမ်းများဖန်တီးပေးထားသော အာရှပစိဖိတ်တက္ကသိုလ်တွင် မြန်မာနိုင်ငံမှ ဘွဲ့ကြိုကျောင်းသား ၂၀ ဦးနှင့် ဘွဲ့လွန်ကျောင်းသား ၃ ဦးပညာသင်ယူနေပြီး ကျောင်းသားဟောင်း ၁၀၅ ဦးရှိသည်။

# ပညာရေးတက္ကသိုလ်၊ ကောလိပ်များတွင် အင်္ဂလိပ်ဘာသာစကားသင်ကြားရေး ကန်ဒေါ်လာ ခြောက်သန်းကျော် ဗြိတိန်ထောက်ပံ့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၅**

သမ္မတဦးသိန်းစိန်၏ သီးခြားမေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံရှိ ပညာရေးတက္ကသိုလ်၊ ကောလိပ်များ၌ အင်္ဂလိပ်ဘာသာစကားသင်ကြားရေးအတွက် အမေရိကန်ဒေါ်လာ ခြောက်သန်းထောက်ပံ့မည်ဖြစ်ကြောင်း အာရှရေးရာ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟူဂိုဆွိုင်းကပြောသည်။

ဗြိတိသျှကောင်စီသည် အင်္ဂလိပ်ဆရာ၊ ဆရာမများအား မြန်မာနိုင်ငံရှိ ပညာရေးတက္ကသိုလ်၊ ကောလိပ်များသို့ ယခုနှစ်အတွင်း စေလွှတ်၍ အင်္ဂလိပ်ဘာသာစကားသင်ကြားမှုများ စတင်ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်သည်။

"သမ္မတရဲ့ သီးခြားမေတ္တာရပ်ခံချက်အရ ဗြိတိသျှကောင်စီက ဒီနိုင်ငံရဲ့ ပညာရေးတက္ကသိုလ်၊ ကောလိပ်တွေအားလုံးမှာ အင်္ဂလိပ်ဘာသာစကားသင်ကြားရေးအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သန်းထောက်ပံ့ဖို့ရှိတယ်လို့ ဒီနေ့ပြောကြားနိုင်တဲ့အတွက် ကျွန်တော်ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု အာရှရေးရာ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဟူဂိုဆွိုင်းက ဇန်နဝါရီ ၃၀ ရက်တွင် ဗြိတိသျှကောင်စီ(မြန်မာ)၌ ပြောသည်။

မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ရောက်ရှိလာသော ဗြိတိန်ဝန်ကြီးသည် ရန်ကုန်တက္ကသိုလ်၌ မိန့်ခွန်းပြောရန် ကြေညာခဲ့သော်လည်း ထိန်းချုပ်ရန် မစွမ်းသာသော အကြောင်းများကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)တွင်နေရာရွှေ့ပြောင်း၍ မိန့်ခွန်းပြောကြားခဲ့ရကြောင်း သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံမှ အင်္ဂလိပ်စာဆရာ၊ ဆရာမ ၄၅ ဦးသည် ပြည်တွင်းရှိ ပညာရေးတက္ကသိုလ်၊ ကောလိပ်များ၌ ကာလရှည်လာရောက် သင်ကြားပို့ချမည်ဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်ကပြောထားသည်။

မြန်မာနိုင်ငံတွင် အခြေခံပညာမူလတန်းအဆင့်မှ၍ တက္ကသိုလ်မှ ဘွဲ့ရရှိသည်ထိ အင်္ဂလိပ်ဘာသာစကားကို နှစ်ပေါင်းများစွာသင်ယူခဲ့သော်လည်း ကျောင်းသား၊ ကျောင်းသူများ၏ အင်္ဂလိပ်ဘာသာစကားစွမ်းရည်နိမ့်ကျနေခြင်းကြောင့် အစိုးရသစ်က နိုင်ငံတကာအကူအညီဖြင့် အစီအစဉ်သစ်များ ဆောင်ရွက်နေသည်။




# အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲမည့် စီမံချက် JICA နှင့် လက်မှတ်ရေးထိုး

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

မြန်မာနိုင်ငံရှိ အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲမည့် စီမံချက်ကို ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ(JICA)နှင့်ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့ လက်မှတ်ရေးထိုးလိုက်သည်။

ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ၏ မြန်မာနိုင်ငံရုံး အကြီးအကဲ မစ္စတာ တာနာကာနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်တို့သည် ဇန်နဝါရီ၃၁ရက်က နေပြည်တော်၌လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲမည့်စီမံချက်မှာ ငါးနှစ်ခန့်ကြာမည်ဖြစ်ပြီး ပညာရေးကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် ပညာရေးဆိုင်ရာ ဆောင်ရွက်မှုများကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဂျပန်သံရုံးက သတင်းထုတ်ပြန်သည်။

စီမံချက်အရ သင်ရိုးညွှန်းတန်းမူဘောင်၊သင်ရိုးစာအုပ်၊သင်ယူမှုကိရိယာအသစ်နှင့်ဆရာလမ်းညွှန်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်ပြီး ပညာရေးကောလိပ်များတွင်လည်း သင်ရိုးညွှန်းတမ်းအသစ်များ အစားထိုးသွားမည်ဖြစ်သည်။

“သင်ရိုးညွှန်းတမ်းတွေ အသစ်ပြန်ရေးဆွဲသင့်နေတာကြာပါပြီ။ ဝေါဟာအသုံးအနှုန်းတွေကိုလည်း ခေတ်နဲ့အညီ ပြင်ဆင်သင့်နေတာတွေ ရှိတယ်။ မူလတန်းအဆင့်ပြီးရင် အလယ်တန်းနဲ့ အထက်တန်းအဆင့်တွေကိုလည်း နှစ်အလိုက် ပြုပြင်ပြောင်းလဲသွားဖို့ လိုအပ်ပါတယ်” ဟု ပညာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ၏ ထောက်ပံ့မှုဖြင့် မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းရေးဆွဲရန် သဘောတူပြီးနောက် အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် အာရှဖွံ့ဖြိုးမှုဘဏ် (ADG) နှင့် ဆွေးနွေးညှိနှိုင်းနေကြောင်း သိရသည်။

အစိုးရသစ်လက်ထက်တွင် ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတကာပံ့ပိုးကူညီမှုများကို တိုးမြှင့်လက်ခံနေလျက်ရှိပြီး ကမ္ဘာ့ဘဏ်ကလည်း အခြေခံပညာကျောင်းများ၏ အထွေထွေအသုံးစရိတ်၊ ပညာသင်ထောက်ပံ့ကြေးနှင့် မူလတန်းအဆင့် စာဖတ်စွမ်းရည် မြှင့်တင်ခြင်းတို့အတွက် အမေရိကန်ဒေါ်လာသန်း၆၀ ကိုပညာသင်နှစ်သုံးနှစ်စာ အစိုးရအသုံးစရိတ်မှ တစ်ဆင့်ထည့်ဝင် ထောက်ပံ့မည်ဖြစ်သည်။




# ပညာရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၅**

မြန်မာနိုင်ငံ၌ ဆန်းသစ်တီထွင်သော ပညာရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် Social Enterprise Consultant တွင် ပါဝင်နိုင်မည့် အစီအစဉ်ကို လျှောက်ထားနိုင်ကြောင်း ဗြိတိသျှကောင်စီက ကြေညာသည်။

ဗြိတိသျှကောင်စီ၏ Social Enterprise Consultant အစီအစဉ်သည် စီးပွားရေးလုပ်ငန်းကျွမ်းကျင်မှုများကို အသုံးပြု၍ မိမိပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းအား အပြုသဘောဆောင်သည့် အပြောင်းအလဲများဖန်တီးလိုစိတ်ပြင်းပြသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနှံ့အပြားရှိလူ့အဖွဲ့အစည်းအတွင်း ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်မည့်ဖြေရှင်းချက်များကို ရှာဖွေဖော်ထုတ်ရန် စိတ်ရော၊ ကိုယ်ပါနှစ်မြှုပ်လုပ်ကိုင်လိုသူများလျှောက်ထားသင့်ကြောင်း ဗြိတိသျှကောင်စီမှ ယင်းအစီအစဉ် တာဝန်ရှိသူ Tristan Ace ကပြောသည်။

အထက်ပါအစီအစဉ်အတွက် တက္ကသိုလ်မှဘွဲ့ရရှိထားပြီး စီးပွားရေးလုပ်ငန်း(သို့) အစိုးရမဟုတ်သော အဖွဲ့အစည်းတွင် လုပ်ငန်းအတွေ့အကြုံတစ်နှစ် အနည်းဆုံးရှိထားရမည်ဖြစ်ကာ လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်သည်။

အဆိုပါသင်တန်းကိုယခုနှစ် မတ်လနှင့် ဇွန်လတို့တွင် သက်ဆိုင်ရာအတန်းအလိုက် ခွဲခြားဖွင့်လှစ်သွားမည်ဖြစ်ပြီး www.myanmar-network.net တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှု၍ ဖေဖော်ဝါရီ ၂၅ ရက်နောက်ဆုံး လျှောက်ထားရမည်ဖြစ်သည်။

# ကန်တက္ကသိုလ်၊ ကောလိပ် ၃၀ ကျော် ပညာရေးပြပွဲလုပ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၅**

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်၃၆ ခုမှ တာဝန်ရှိသူများ လာရောက် ရှင်းလင်းပြသမည့် ပညာရေးပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက်၊ နေ့လယ် ၁ နာရီမှ ညနေ ၆ နာရီထိကုန်သည်ကြီးများဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်ဝင်ခွင့်လျှောက်ထားမှုနှင့် ပညာသင်ဆုအခွင့်အလမ်းများကို လေ့လာနိုင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ကြောင်း အမေရိကန်သံရုံးနှင့် အမေရိကန်ပညာရေးဌာနက ဖိတ်ခေါ်ထားသည်။

ဒီဂရီဘွဲ့၊ မဟာဘွဲ့နှင့် အခြားသင်တန်းအစီအစဉ်များကို အမေရိကန်ပညာပြပွဲ၌ လေ့လာနိုင်မည်ဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ် တက္ကသိုလ်၊ ကိုလိုရာဒိုပြည်နယ်တက္ကသိုလ်၊ စိန့်လူးဝစ်တက္ကသိုလ်၊ စိန့်ပီတာတက္ကသိုလ်၊ အရီဇိုးနား တက္ကသိုလ်စသည့် တက္ကသိုလ်များမှ ကိုယ်စားလှယ်များလာရောက်မည်ဖြစ်သည်။

အရှေ့တောင်အာရှဒေသများတွင် အမေရိကန်နိုင်ငံသို့သွားရောက်ပညာသင်ယူနေသော မြန်မာကျောင်းသားဦးရေ နည်းပါးလျက်ရှိပြီး အမေရိကန်ပညာရေးအခွင့်အလမ်းတိုးမြှင့်ရရှိရန် အမေရိကန်သံရုံးက စီစဉ်နေခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသို့ မြန်မာကျောင်းသားများ သွားရောက်ပညာသင်ယူမှုနည်းပါးရခြင်းမှာ ကျောင်းစရိတ်ကြီးမြင့်ခြင်း၊ ဘာသာစကားကျွမ်းကျင်မှုမရှိခြင်းနှင့် သတင်းအချက်အလက်ဖြန့်ဝေမှုအားနည်းခြင်းတို့ကြောင့် ဖြစ်ကြောင်း အမေရိကန်သံရုံး၊အမေရိကန်ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားဖူးသည်။

# အနည်းဆုံးအခကြေးငွေနှုန်းထားသတ်မှတ်ရန် စစ်တမ်းကောက်ယူမှု မပြီးသေး

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

ပြည်တွင်းလုပ်သားများအတွက် အနည်းဆုံးအခကြေးငွေ နှုန်းထား သတ်မှတ်နိုင်ရန် စစ်တမ်းကောက်ခံမှု ဒုတိယအဆင့်သာရှိသေးကြောင်း မြန်မာဖွံ့ဖြိုးမှု အရင်းအမြစ်အဖွဲ့ (MDRI) အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက ပြောသည်။

ပြည်တွင်းအလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေ နှုန်းထားသတ်မှတ်နိုင်ရန် အစိုးရက ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်တွင်ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် တရားဝင်နှုန်းထားအတည်ပြုသတ်မှတ်ရန် အစိုးရက ပညာရှင်များနှင့်ပူးပေါင်း၍ လက်ရှိအလုပ်သမားများရရှိနေသည့် လုပ်ခလစာငွေနှင့် အသုံးစရိတ်ကုန်ကျငွေတို့ကို အမှန်တကယ်သိရှိရန် မြေပြင်ကွင်းဆင်းလေ့လာမှုကိုအဓိကတိုင်းဒေသကြီးသုံးခုဖြစ်သည့် ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းတို့တွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစ၍ နှစ်လကျော်ကြာ



*ဆေးသုတ်နေသော လုပ်သားတစ်ဦး*

ဓာတ်ပုံ-ဂျေမောင်မောင်

စစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့သည်။

"ဒါ ကနဦးအဆင့်ပဲ ရှိသေးတယ်။ အနည်းဆုံး အခကြေးငွေနှုန်းထား ထွက်ရှိဖို့ လေ့လာချက်ကတော့ ဒုတိယအဆင့်ရှိပြီလို့ ပြောလို့ရတယ်။ ပထမအဆင့်က စစ်တမ်းနည်းစနစ်စလုပ်တဲ့ အဆင့်ပေါ့။ အခုဟာက ကော်မတီကိုတင်ပြပြီး ဆွေးနွေးတဲ့အခြေအနေအဆင့်ပေါ့။ ဒါပေမဲ့ ဒါက မြို့ကြီးသုံးမြို့ကို အကြမ်းဖျင်းကောက်တာပဲ ရှိသေးတယ်။ တစ်နိုင်ငံလုံးကောက်ဖို့ ကျန်သေးတယ်" ဟု အမှုဆောင်အရာရှိ ဒါရိုက်တာ ဦးဇော်ဦးက ပြောသည်။

၎င်းတို့ကွင်းဆင်းလေ့လာချက်အရ တစ်အိမ်ထောင်လျှင် မိသားစုဝင်သုံးဦး အသုံးစရိတ်ကုန်ကျစရိတ်ငွေမှာ တစ်လလျှင် အနိမ့်ဆုံးငွေကျပ် နှစ်သိန်းသုံးသောင်းကျော် အကြမ်းဖျင်းတွက်ချက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါ ကောက်ယူမှုတွင် ၎င်းတို့အနေဖြင့် အသက်(၁၅)နှစ်မှ(၅၉)နှစ်အထိ အလုပ်လုပ်ကိုင်လျက်ရှိသည်ဟု အကြမ်းဖျင်းတွက်ချက်ခဲ့သည်။

ယင်းတွက်ချက်မှုအပေါ် အလုပ်သမားကိုယ်စားလှယ် အဖွဲ့များက ကန့်ကွက်ပြောဆိုထောက်ပြမှုများလည်း ရှိခဲ့သည်။ အလုပ်သမားကိုယ်စားလှယ်များက ၎င်းတို့အဖွဲ့ အခြေခံမူချမှတ်ခဲ့သည့်အသက်အရွယ်ပိုင်း သတ်မှတ်မှုကို သဘောမတူပေ။

# ပြည်ပအလုပ်အကိုင်ပြပွဲ ရန်ကုန်တွင် နှစ်ရက်ကြာ ကျင်းပမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

ပြည်တွင်းပြည်ပမှ အေဂျင်စီများပါဝင်မည့် ပြည်ပအလုပ်အကိုင်ပြပွဲကို မတ်လ ၂ ရက်မှစ၍ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ရှ်ခ်၌ နှစ်ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအသင်းချုပ်အတွင်းရေးမှူးဦးကျော်ထင်ကျော်ကပြောသည်။

ပထမအကြိမ်အဖြစ် အေဂျင်စီအသင်းချုပ်ကဦးစီး၍ ပြည်တွင်း၊ပြည်ပမှ အေဂျင်စီများပါဝင်ပြသမည့် ပြည်ပအလုပ်အကိုင်ပြပွဲကိုမတ်လ ၂ရက်မှ ၃ ရက်ထိ နှစ်ရက်ကြာပြုလုပ်မည်ဖြစ်ပြီး နံနက် ၉နာရီမှ ညနေ ၅ နာရီထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ အလုပ်အကိုင်ပြပွဲတွင် ဆိုင်ခန်းပေါင်းတစ်ရာကျော်ပါဝင်မည်ဖြစ်သည်။

"အေဂျင်စီအသင်းချုပ်အနေနဲ့ ဒါပထမဆုံးလုပ်တာပါ။ ပြည်ပက အေဂျင်စီတွေကိုလည်း ဖိတ်ထားတယ်။ စင်ကာပူဘက်က ဒီဇင်ဘာ ၂၈ရက်ရောက်မယ်ပြောတယ်။ တခြားနိုင်ငံတွေကိုလည်း ဖိတ်ထားပါတယ်"ဟု အတွင်းရေးမှူး ဦးကျော်ထင်ကျော်ကပြောသည်။

ယခုကျင်းပပြုလုပ်မည့်ပြည်ပအလုပ်အကိုင်ပြပွဲတွင် စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ အလုပ်ခေါ်ဆိုမှုများကို တစ်နေရာတည်းတွင် တိုက်ရိုက်လျှောက်ထားနိုင်မည်ဖြစ်သည်။ အစိုးရသစ်လက်ထက်နောက်ပိုင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ခဲ့သောကြောင့် ပြည်တွင်းသို့ အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်လာပြီးနောက် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်မှစ၍ ပြည်တွင်း၌ အလုပ်အကိုင်ပြပွဲများပြုလုပ်လာလျက်ရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

Logistics Assistant (M- 5 Posts), Sales Representative (M- 5 Posts), House-keeping (M- 5 Posts).
Thet Paing Soe Co., Ltd.
No.(45), Pyay Road, 7 1/2 Mile, Mayan-gone Township, Yangon.
Ph: (95 1) 660923

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

(1) AEC Center Officer One Post (M/F)
(2) Office Assistant One Post (M/F), Computer Skills, English Speaking and Writing & Others Knowledge.
Office Address: Office of Commercial Affairs, Royal Thai Embassy, No.86(A), Shin Saw Pu Road, Sanchaung Township, Yangon.
Ph: 01-510731

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Bar Waitress (2)Posts
Bell Boy (2) Posts
**Hotel Shwe Gone Daing**
Email:monyeekyaw@gmail.com
PH:01 552583

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing M (4) Posts
Office Staff M (1) Post
Driver M (4) Posts
Security M (6) Posts
Grandwish General Trading Co.,Ltd
PH:01 8550610

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Driver (M-1 Post), ကားကြီး၊ ကားသေးမောင်းနိုင်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အတွေ့အကြုံရှိသူဦးစားပေးမည်။ လျှောက်ထားလိုသူသည် ကားလိုင်စင်မူရင်း/မိတ္တူနှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းများ အပြည့်အစုံတို့ဖြင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
S.P Fashion (AIIZ), Kabaraye Villa, D(9), Mayangone Township, Yangon.
ဖုန်း-၀၁-၆၅၅၈၂၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Receptionist M (2) Posts
Kitchen Helper M (2) Posts
Supervisor M (1) Post
Chief Cook M (1) Post
Driver M (1) Post
No(14).Phone Gyi Road,Lanmadaw Township.

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်းအလိုရှိသည်။ ကုမ္ပဏီ အရောင်းကားမောင်းရန်။ နယ်ခရီးထွက်နိုင်ရမည်။ လစာကောင်းသည်။
ဖုန်း-၀၉ ၂၅၄၀၅၁၁၀၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Hotel အတွက်
Receptionst F (2) Posts
Supervisor F (2) Posts
No(660-A),Myakanthar(1)Street, Kamaryut Township.

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဝန်ထမ်းအမျိုးသမီး (၁၀) ဦးအလိုရှိသည်။ နယ်မှလာသူများအတွက် နေစရာအဆောင်ပေးမည်။
အဆောင်ခတစ်လ- တစ်သောင်းကျပ်။
ဖုန်း-၀၁ ၂၀၁၁၄၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁) ဦး
အသက် ၃၀မှ ၅၀ နှစ်၊ ဘွဲ့ရ၊ ကွန်ပျူတာ အင်္ဂလိပ် အရေး၊ အပြော ကျွမ်းကျင်။
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
အဆောင်နေနိုင်သူ ဦးစားပေးမည်။
ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃

--------------------------------

**အလိုရှိသည်**

ဆိုင်အကူ မ (၁) ဦး
ဟင်းချက်ကျွမ်းကျင် မ (၁) ဦး
ဖုန်း-၀၉ ၂၅၀၃၇၀၇၃၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Caisher(ကွန်ပျူတာ) ကျား (၃) ဦး
Waiter ကျား (၃) ဦး
ဓားကိုင် ကျား (၃) ဦး
အကြော်ဆရာ ကျား (၃) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၃) ဦး
ညစောင့် ကျား (၃) ဦး
သန့်ရှင်းရေး ကျား (၃) ဦး
ဖုန်း-၀၉ ၃၁ ၂၇၆၃၅၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing Manager M/F (1) Post
Marketing Assistant M/F (1) Post
English Teacher For Summer Programme M/F (5) Posts
Chinese Teacher For Summer Programee M/F (5) Posts
Driver M (1) Post
Ph:01 382213

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Logistics Assistant M (5) Posts
Sales Representative M (5) Posts
Housekeeping M (5) Posts
**Thet Paing Soe Co.,Ltd**
PH:(95 1) 660 923

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

PhotoShop Designer F (1) Post
Sales Staff F (2) Post
Marketing Staff M/F (2) Posts
Driver M (2) Posts
Ph:01 206341

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing (အိမ်၊ခြံ၊မြေ) ကျား/မ (၅) ဦး
အမှတ်(၂၄/အေ)၊ ပထမထပ်၊ တိုက်(၂)၊ မြို့ပြအိမ်ရာ(မြောက်)၊ ၈ မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၅၀၇၅၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Manager ကျား (၁) ဦး
Home Decoration လုပ်ငန်း အတွေ့အကြုံ ၂နှစ်။
ဖုန်း-၀၉ ၅၀၃၈၄၆၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Manager M/F (1) Post
Japanese Instructor M/F (2) Posts
Office Staff F (2) Posts
**Better Life Education & Career Supporting Centre**
Ph:01 382529

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

civil Engineer M/F (2) Posts
Office staff M/F (2) Posts
Operation Manager M (1) Post
Secretary F (1) Post
**KING GROUP Construcion Co.,Ltd**
Ph:09 422484546

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

မိတ်ကပ်၊ ဆံထုံး၊ ဆံပင်ညှပ်၊ ဆံပင်ကောက်၊ ဆံပင်ဖြောင့်ကျွမ်းကျင် မ(၁)ဦး
ခြေသည်း၊ လက်သည်း၊ အလှပုံဖော် မ (၁) ဦး။
ဖုန်း-၀၉ ၄၃၀၄၁၄၁၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Winning Security Group Co.,Ltd မှ လုံခြုံရေးဝန်ထမ်းအလိုရှိသည်။ အသက် (၁၈)မှ(၅၀)။ ကျန်းမာသန်စွမ်း၍ စိတ်ပါဝင်စားသူ။ ဖုန်း-၀၁ ၃၉၇၆၃၈

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

တရုတ်အရောင်းဝန်ထမ်း မ (၅) ဦး
ပညာအရည်အချင်းမလို။
ဗိုလ်ချုပ်ဈေး၊ ရန်ကုန်။
ဖုန်း-၀၁ ၃၈၈၇၄၅

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

အချက်အပြုတ်ကျွမ်းကျင်
(ယိုးဒယား၊ တရုတ်၊ ရှမ်း)
မီးဖိုချောင်အကူ/ပန်းကန်ဆေး
စားပွဲထိုး/မုန့်ဖို
အအေးဖျော်ကျွမ်းကျင်
ဖုန်း-၀၁ ၅၃၅၃၅၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Manager ကျား (၁) ဦး
Home Decoration လုပ်ငန်း အတွေ့အကြုံ ၂နှစ်။ ဖုန်း-၀၉ ၅၀၃၈၄၆၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးဝန်ထမ်းအမြန်အလိုရှိသည်။ လစာ ငါးသောင်း။ ဓာတ်ပုံရိုက်ကူးရေးနှင့် ပြုပြင်ခြင်းကို သင်ကြားပေးမည်။ နယ်မှလာသူ နေထိုင်ရေး စီစဉ်ပေးမည်။
ဖုန်း-၀၁ ၂၂၇၁၉၉

--------------------------------

**အလိုရှိသည်**

ကွန်ပျူတာပန်ထိုးစက်ရုံတွင် တာဝန်ထမ်းဆောင်ရန်
Photoshop ကျွမ်းကျင်သူ မ (၂) ဦး
စက်ရုံ၊ ရုံးဝန်ထမ်း(ဘွဲ့ရ) မ (၂) ဦး
စက်မောင်းကျွမ်းကျင် မ (၂) ဦး
စက်မောင်းအကူ မ (၂) ဦး
ဖုန်း-၀၉ ၄၂၁၁၃၄၄၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Chinese-Myanmar Project Coordinator M (5) Posts
Chinese-Myanmar Translator M (30) Posts
Admin Officer (Chinese Only) F (5) Posts
Vehicle Supervise Staff M (2) Posts
Email:catherine.girl@gmail.com
PH:09 43161005

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# ဝန်ကြီးများမလိမ္မာလျှင် မည်သူ့တာဝန်

အေးသူစံ

သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့မှ ဝန်ကြီးအချို့ ရာထူးနှင့်မလိုက်ဖက်သော စကားလုံးအသုံးအနှုန်းများ ပြောဆိုနေခြင်းသည် ပြည်သူများအတွက် ထူးဆန်းသည့်ဖြစ်ရပ်မဟုတ်တော့ပါ။ အစိုးရသစ်တက်ပြီးမကြာမီ သူ့ထက်ငါအလုအယက်ဖြင့် အံ့သြမကုန်ဖွယ်စကားများကို ဝန်ကြီးအချို့ပြောခဲ့သည်။ ပြောဆဲလည်းဖြစ်သည်။ သို့သော် ထပ်တလဲလဲထွက်ပေါ်လာသည့် သံတမန်မဆန်သော စကားလုံးများအတွက် မည်သူ့ထံတွင်တာဝန်ရှိသလဲမေးခွန်းက နယ်လှည့်ပါးရိုက်ရဲသည်ဟု စိန်ခေါ်ပြောကြားခဲ့သော ဝန်ကြီးဦးအုန်းမြင့်၏ ပြောစကားများထွက်ပေါ်လာချိန်တွင် ပြည်သူများအသိချင်ဆုံးမေးခွန်းဖြစ်လာပါသည်။

မေးခွန်း၏အဖြေကို ဝန်ကြီးများ ရွေးချယ်ခန့်အပ်ထားသည့် သမ္မတဦးသိန်းစိန်လည်း မဖြေသေး။ ကာယကံရှင်ဝန်ကြီးများကိုယ်တိုင်လည်း လူသိရှင်ကြားမဖြေရှင်းသေးပေ။ ပို၍ဆိုးရွားသည်မှာ ဝန်ကြီးတစ်ဦး၏ နှုတ်ဖြင့်ရမ်းကားမှုကို အခြားဝန်ကြီးများကပါ ဝိုင်းဝန်းဖုံးဖိကာကွယ်နေခြင်းဖြစ်သည်။ ယင်းလုပ်ရပ်က လက်ရှိအစိုးရ၏ အုပ်ချုပ်ရေးယန္တရားနှင့် ဒီမိုကရေစီစနစ်ဖော်ဆောင်မှုအပေါ် သံသယပွားလာစေကြောင်း နိုင်ငံရေးသမားများနှင့် လွှတ်တော်အသိုင်းအဝိုင်းအပြင် အရပ်သားအချို့ကပါ ဝေဖန်လာကြသည်။

သမ္မတက ခေါ်ယူသတိပေးရုံသာပြုလုပ်ခဲ့ပြီး ချက်ချင်းအရေးမယူခြင်း၏ နောက်ဆက်တွဲရလဒ်က ယင်းဝန်ကြီးများကိုမည်သူတွေကျောထောက်နောက်ခံပြုနေသလဲဆိုသည့် သံသယကိုပိုမိုကြီးထွားလာစေသည်။

ပြည်သူကို ထမင်းတစ်နပ်သာလျှော့စားခိုင်းသောလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဦးမြင့်လှိုင်ဆိုလျှင် ယခင်စစ်အစိုးရအကြီးအကဲဟောင်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ လူရင်းဖြစ်ပြီး ယခုနယ်လှည့်ပါးရိုက်မည်ဆိုသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး၊ယခင်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်မှာလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လူရင်းဖြစ်ပြီး စစ်ခေါင်းဆောင်အဖြစ်မှဆင်းသက်လာသော ဗိုလ်ချုပ်ကြီးတစ်ဖြစ်လဲ သမ္မတဦးသိန်းစိန်ကအရေးယူရန် နှောင့်နှေးနေကြောင်း ဝေဖန်မှုများရှိလာခဲ့သည်။ယင်းနှင့်ပတ်သက်၍ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူဦးရဲထွဋ်က တစ်စုံတစ်ရာမှတ်ချက်မပေးလိုကြောင်း၊ မဖြေကြားလိုကြောင်း ၎င်း၏ အီးမေးလ်မှတစ်ဆင့်ဖြေကြားခဲ့သည်။



သစ်ရာကောက်ကျေးရွာမှဒေသခံများကို မတောင်းပန်ဘဲ ရှင်းပြနေသော ဦးအုန်းမြင့် ဓာတ်ပုံ-မိုးကျော်

စိတ်နောက်ကိုယ်ပါပြောဆိုခြင်းအတွက် ကာယကံရှင်ဝန်ကြီးများတွင် နံပါတ်တစ်တာဝန်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ (ခ)အရပြည်ထောင်စုဝန်ကြီးများကို သမ္မတက ခန့်အပ်ခြင်းဖြစ်၍ သမ္မတတွင် တာဝန်ရှိကြောင်း နိုင်ငံရေးဆောင်းပါးများရေးသားသူ ဒေါက်တာရန်မျိုးသိမ်းကပြောသည်။

ထို့အပြင် ယခုနှုတ်ကြမ်းသည့်ဝန်ကြီးများသည်စစ်သားလူထွက်ဖြစ်၍ ပါးစပ်ဝသီပါနေခြင်းဟု အစိုးရအဖွဲ့က ခုခံပြောကြားနေခြင်းက ရေရှည်တွင် အရပ်ဘက်နှင့်စစ်ဘက်ယုံကြည်မှုတည်ဆောက်ရေးကို ထိခိုက်နိုင်ကြောင်း ၎င်းကထောက်ပြသည်။

"စစ်သားလူထွက်တွေမို့ အကျင့်ပါနေလို့ဒီလိုပြောတာပါလို့ အစိုးရဘက်က ခုခံပြောကြားတာဟာ အခြေအမြစ်မရှိပါဘူး။ စစ်တပ်အပါအဝင်အဖွဲ့အစည်းတိုင်းမှာ ကောင်းတဲ့သူ၊ ဆိုးတဲ့သူတွေ ဒွန်တွဲရှိနေတာပါ။ အဲဒီလိုခုခံတာဟာ အရပ်ဘက်နဲ့စစ်ဘက်ယုံကြည်မှုတည်ဆောက်ရေးကို ထိခိုက်နိုင်တဲ့အထိဖြစ်နိုင်ပါတယ်" ဟု ဒေါက်တာရန်မျိုးသိမ်းကပြောကြားသည်။

"ကိုယ့်စကားကိုယ် တာဝန်မယူတဲ့သူတွေကို အယုံအကြည်မရှိပါဘူး။ သူတို့ ပြုပြင်ပြောင်းလဲတယ်ဆိုတာ ပါးစပ်ဖျားမှာပဲရှိတာကို ကျွန်တော်တို့ဦးအုန်းမြင့်အကြောင်း စာစောင်တွေမှာဖတ်ပြီးကတည်းကပိုသိလာပါတယ်။ကျွန်တော်တို့ နေ့တိုင်းရှာဖွေစားသောက်နေရတာအခုထိ မော်တော်ပီကယ်ကို ကြောက်နေရတုန်းပါ။ အခု ကျွန်တော်တို့ဘယ်သူ့ကိုထောက်ခံရမလဲ၊ အားပေးရမလဲ သဲကွဲသွားတာပေါ့"ဟု အသက် (၃၁)နှစ်အရွယ် တက္ကစီယာဉ်မောင်း ကိုတေဇကျော်က ပြောသည်။

မြန်မာပြည်သို့ ပထမဆုံးအကြိမ်လာရောက်ပြီး သမ္မတဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ဝင်များကိုတွေ့ဆုံသွားသည့် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ကလည်း မြန်မာအစိုးရအဖွဲ့အတွင်း ဒီမိုကရေစီလိုလားသူနှင့်မလိုလားသူတို့ နှစ်ခြမ်းကွဲနေကြောင်း ပြောကြားခဲ့သည်။

အစိုးရအဖွဲ့တွင်း သူလူကိုယ့်လူ ဂိုဏ်းကွဲနေခြင်းကြောင့် ဝန်ကြီးတစ်ဦး၏ ပြောမှားဆိုမှားဖြစ်ပါက ကိုယ့်လူပွဲထွက်မသွားစေရန် အစွမ်းကုန် ဖုံးဖိအားပေးနေသည်ဟု တထစ်ချပြောဖို့တော့ ခက်ကြောင်း၊ သို့သော် လက်ရှိအစိုးရတာဝန်ရှိသူအများစုမှာ ခေတ်ဆိုးကြီးထဲတွင် ကျင်လည်ခဲ့ကြပြီး ခေါင်းဆောင်ဟောင်းများ၏ ဩဇာအနည်းနှင့်အများ တစ်နည်းနည်းသက်ရောက်နေမှာ သေချာကြောင်း ယခင်စစ်အစိုးရခေါင်းဆောင်အချို့နှင့် ထဲထဲဝင်ဝင်ရင်းနှီးကျွမ်းဝင်ခဲ့သူ သက်ခိုင်အတ္ထုပ္ပတ္တိကိုရေးသားခဲ့သည့် စာရေးဆရာမင်းဒင်ကပြောကြားသည်။

"တချို့တာဝန်ရှိသူတွေဟာ စကားလုံးရွေးချယ်မှုမှားယွင်းတာ၊ ခံစားမှုကိုပုံဖော်ချက်မှားယွင်းတာ၊ မီဒီယာရဲ့ ထိရောက်မှုကို သတိမပြုမိတာတွေကြောင့် ပွဲဆူတာတွေလည်းတွေ့ရပါတယ်။ စေတနာမှန်မမှန်၊ သွေးရိုးသားရိုးဟုတ်မဟုတ်သေချာဆန်းစစ်ဖို့လိုပါမယ်။ ရန်ကုန်တိုင်းဝန်ကြီးချုပ်ရဲ့ ပြည်သူတွေကို အလိုလိုက်မိလို့တိုင်းပြည်ဆင်းရဲတာ ဆိုတာမျိုး၊ ဝန်ကြီးဦးအုန်းမြင့်ရဲ့ ပါးရိုက်နားရိုက်ရဲတယ်ဆိုတဲ့အပြောမျိုးကတော့ ဧရာမအလွဲအမှားကြီးတွေပါပဲ"ဟု ၎င်းကဆက်ပြောသည်။

မြန်မာနိုင်ငံတွင် မကြာမီ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲအကြို ၂၀၁၄ တစ်နှစ်လုံးတွင် မြန်မာ့နိုင်ငံရေးသည် စိတ်ဝင်စားစရာများဖြင့်ပြည့်နှက်နေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာကို အာရုံစိုက်၍မဆုံးမီ လွှတ်တော်ကိုယ်စားလှယ်ဦးအောင်သိန်းလင်း တင်သွင်းလာသော ပုဒ်မ ၅၉(စ)ကို လူတစ်သိန်းကျော်က လက်မှတ်ထိုးပြီး မပြင်လိုကြောင်း အစီရင်ခံစာကြီးထွက်ပေါ်လာသည်။

ဦးအောင်သိန်းလင်းကို တုံ့ပြန်ရန် နိုင်ငံရေးအင်အားစုတို့ လှုပ်ရှားချိန်တွင် မလေးရှားတွင် ရခိုင်ပါတီခေါင်းဆောင်အချို့ သေနတ်ပစ်ခတ်လုပ်ကြံခံရသည်။မလေးရှားရောက် မြန်မာအရေးဆောင်ရွက်နေသည့် ကိုအောင်ကြီး(ဇဇမျိုးဆက်)အသတ်ခံလိုက်ရသည်။ ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ နိုင်ငံရေးလှည့်ကွက်များစွာကို အစိုးရက အသုံးချလာမည်ကို စိုးရိမ်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းဦးဇာဂနာကပြောသည်။

"ကျွန်တော်တို့ကို အာရုံထွေပြားအောင်များလုပ်နေသလားလို့ တွေးမိပါတယ်။ ဒီရက်ပိုင်းဖြစ်ရပ်တွေက စိပ်လွန်းလို့ ဘယ်နောက်ကိုလိုက်ပြီး ဘာကိုအရင်ကိုင်တွယ်ရမလဲဆိုတာ မသိဘူးဖြစ်နေတယ်။ ဒီလိုအကွက်တွေရွှေ့နေတယ်လို့ ပြောမိလို့ သမ္မတနားကလူတွေက ကျွန်တော့်ကိုကြုံရင်ကြုံသလို ကျွန်တော်တို့ဘာအကွက်မှမရွှေ့ပါဘူးလို့တောင်တွေ့တိုင်းပြောလာကြတယ်"ဟု ၎င်းကပြောသည်။

လက်ရှိအစိုးရအဖွဲ့အတွင်း သမ္မတဦးသိန်းစိန်မှစ၍ ဝန်ကြီးအတော်များများမှာ ယခင်အစိုးရအကြီးအကဲဟောင်းဗိုလ်ချုပ်မှူးကြီးနှင့်ကင်းရှင်းသူမရှိခြင်းကြောင့် အစိုးရဟောင်း၏ဩဇာလွှမ်းမိုးမှုရှိနိုင်ကြောင်းလည်း ၎င်းကဆိုသည်။

မဆင်မခြင်ပြောဆိုသည့်ဝန်ကြီးအားလုံးကို သမ္မတကအရေးမယူဟုဆိုသော်လည်း မြစ်ဆုံကိစ္စတွင် မပြောသင့်သည့် စကားများပြောခဲ့သည့်အတွက် လျှပ်စစ်ဝန်ကြီးဌာနဝန်ကြီးဦးဇော်မင်းကိုအရေးယူဖူးသည့်သာဓကကိုလည်း ထည့်တွက်ရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းကဆိုသည်။

နိုင်ငံတကာတွင် မကြာသေးမီက အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက တယ်လီဖုန်းထဲတွင်ဥရောပသမဂ္ဂကိုFuckThe EU ဟု သုံးနှုန်းပြောဆိုသည့်သတင်းကို ပြန်ကြားရေးဒုဝန်ကြီးဦးရဲထွဋ်က ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့်ဖြန့်ဝေခဲ့သည်။

Fuck ဆိုတာ သူတို့ယဉ်ကျေးမှုအရ ဆဲတယ်လို့တောင်သုံးလို့မရပါဘူး။ ဒီကနေ့ နိုင်ငံခြားဟစ်ဟော့ပ်သီချင်းတိုင်း အဲဒီစကားလုံးမပါတာတောင်မရှိသလောက်ပါပဲ။ ပြီးတော့ နှိုင်းယှဉ်ပြောရရင် အမေရိကန်က သူ့ပြည်သူကိုFuck လို့သုံးနှုန်းတာမဟုတ်ပါဘူး။ EU ကိုသာ သုံးနှုန်းတာ။ ဦးအုန်းမြင့်ကတော့ ကိုယ့်မြန်မာပြည်သူတွေ၊ သူ့ကိုရွေးကောက်တင်မြှောက်ထားပါတယ်ဆိုတဲ့ ပြည်သူတွေကို ပါးရိုက်မယ်လို့ပြောသွားတာပါ"ဟု ဇာဂနာကပြောကြားသည်။

ကုလသမဂ္ဂညီလာခံကျင်းပစဉ်တစ်ကြိမ်တွင် ရုရှားမှခေါင်းဆောင်ကသူ၏ ဖိနပ်ကိုချွတ်၍ အစည်းအဝေးခုံကိုခေါက်ခဲ့ပြီး မကျေနပ်မှုကို ဖော်ပြခဲ့ခြင်းလောက်သာ အရိုင်းဆုံးဥပမာအဖြစ်ကြုံတွေ့ခဲ့ရပြီး မြန်မာပြည်မှဝန်ကြီးများလို ပြည်သူကိုလက်အောက်ငယ်သားအခိုင်းအစေသဖွယ်သဘောထားပြီး ကြိမ်းမောင်းပြောဆိုမှုမျိုး မကြားဖူးခဲ့ကြောင်း ၎င်းကဆိုသည်။

စကားပြောမှားလျှင် ဒုက္ခရောက်တတ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်း၏ ဖြစ်စဉ်က နမူနာကောင်းတစ်ခုဖြစ်သည်။ ဒုတိယသက်တမ်းအတွက် ရွေးကောက်ပွဲဝင်ရန်ပြင်ဆင်နေသော ဂေါ်ဒွန်ဘရောင်းတစ်ယောက် ၂၀၁၀ ဧပြီလကုန်ပိုင်းက မဲဆွယ်စည်းရုံးရေးခရီးစဉ်တစ်ခုတွင် မဲဆန္ဒရှင်တစ်ဦးဖြစ်သော အသက်(၆၆)နှစ်အရွယ်မစ္စဂီလီယန်ဒက်ဖီနှင့် တွေ့ဆုံကာ ၎င်းပြောသောစကားများ၊ အကြံပြုချက်များကိုမီဒီယာများရှေ့တွင် တလေးတစားနားထောင်သည်။ ဖက်လှဲတကင်းနှုတ်ဆက်၍ ခင်ဗျားက အလွန်တော်တဲ့အမျိုးသမီးပါဟု ချီးကျူးသည်။

တွေ့ဆုံမှုအပြီးကားပေါ်အရောက်တွင်တော့ ၎င်းနှင့်တွေ့ဆုံရန် စီစဉ်သူကို အပြစ်တင်ပြီး 'ဒီအမျိုးသမီးကြီးက တစ်ယူသန်မကြီး' ဟု စိတ်ထဲရှိသည့်အတိုင်းပြောချလိုက်သည်။ကံဆိုးချင်တော့ဝန်ကြီးချုပ်ရင်ဘတ်တွင် မိုက်ကရိုဖုန်းမချွတ်ရသေး၍ မီဒီယာအပါအဝင်အားလုံးသိသွားတော့သည်။ စကား မှားယွင်းမှုကို ဂေါ်ဒွန်ဘရောင်းတစ်ယောက် နာရီပိုင်းအတွင်း ပြန်တောင်းပန်သော်လည်း အချိန်မမီတော့ပါ။

ဝန်ကြီးချုပ်၏ အဖွဲ့တွက်ကို ထိုဖြစ်စဉ်က လှစ်ဟပြလိုက်ပြီး မီဒီယာများတွင် အကြီးအကျယ်ဝေဖန်ခံလိုက်ရသလို ပြည်သူများ၏ ထောက်ခံမှုလျော့ကျကာ ထိုရွေးကောက်ပွဲတွင် ဂေါ်ဒွန်ဘရောင်းရှုံးခဲ့ပါသည်။

၂၀၁၅ ရွေးကောက်ပွဲသည် အမှန်တကယ်လွတ်လပ်ပြီး တရားမျှတခဲ့ပါက ဦးအုန်းမြင့်အပါအဝင် ပြည်သူကိုကြိမ်းမောင်းသူဝန်ကြီးအချို့ ဒလိမ့်ခေါက်ကွေးကျဆုံးသွားကြမည်သာဖြစ်ကြောင်း စာရေးဆရာမင်းဒင်ကဆိုသည်။

"သွေးရိုးသားရိုးရွေးကောက်ပွဲဆိုရင် ဘယ်ပြည်သူက ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်မိအောင် ဒီဝန်ကြီးမျိုးတွေကို မဲပေးပါ့မတုံးဗျာ။ ဒီလိုဝန်ကြီးတွေရဲ့ အသိဉာဏ်အဆင့်မျိုးနဲ့တိုင်းပြည်ကိုဆင်းရဲတွင်းကနေဘယ်လိုဆွဲတင်နိုင်မှာတုံး။ ရှင်းပါတယ်"ဟု ၎င်းကဆိုသည်။

သမ္မတဦးသိန်းစိန်က ကျန်ရှိသည့်အစိုးရသက်တမ်းတွင် ပြည်သူ့လိုအင်နှင့်အသံကိုနားထောင်ပြီး ဆက်လက်လုပ်ကိုင်မည်ဟု ကတိပေးပြောကြားသည်။ ဒီမိုကရေစီနည်းလမ်းတကျရွေးကောက်ထားသည့် ကျွန်တော်တို့အစိုးရဟု သမ္မတက မကြာခဏသုံးနှုန်းပြောဆိုသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄)တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီးနိုင်ငံတော်တစ်ဝန်းလုံးတွင် တည်သည်ဟု ပြဋ္ဌာန်းထားသည်။

အပြောနှင့်အလုပ်တစ်ထပ်တည်းကျစေရန် သမ္မတအနီးမှ လူများဖြောင့်မတ်မှန်ကန်ဖို့လိုအပ်ပါသည်။ ၎င်းတို့တွင်အချိန်များစွာမကျန်တော့ပါ။ ရွေးကောက်ပွဲမတိုင်မီ ၂နှစ်အတွင်းပြည်သူ့နှစ်လိုမှုကိုပြန်ရရန် ပြည်ပြတ်သားသားအရေးယူရမည်ဖြစ်ပါသည်။

သို့မှသာ ဦးသိန်းစိန်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးအပေါ် သံသယဝင်နေမှုများဖယ်ရှားနိုင်မည်ဖြစ်သည်။

# ဆယ်လအတွင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၁ ဘီလီယံရှိ



ဓာတ်ပုံ - ရဲမင်းအောင်ဖေ့စ်ဘွတ်ခ်

*ဂျပန်ဆိပ်ကမ်းသို့ ရောက်ရှိလာသော မြန်မာတန်းမြင့်ဆန်များ*

**သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၁၀**

မြန်မာနိုင်ငံအနေဖြင့် လက်ရှိ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် ၁၀ လ တာကာလအတွင်း ကုန်သွယ်မှု ပမာဏကန်ဒေါ်လာ ၂၁ ဘီလီယံ ပြည့်ခဲ့ပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောကြားသည်။

"၁၀လအတွင်းမှာကုန်သွယ်မှုပမာဏ ၂၁ ဘီလီယံ ဒီနေ့ပြည့်ပါပြီ"ဟု နေပြည်တော်သမဝါယမဝန်ကြီးရုံးတွင်ဖေဖော်ဝါရီ၁၀ရက်က ပြုလုပ်သည့် လက်ကားဈေးကွက်များထူထောင်ရေး ညှိနှိုင်းအစည်းအဝေး၌ ဦးဝင်းမြင့်က ပြောကြားသည်။

ထို့အပြင် ပို့ကုန်ကဏ္ဍတွင်လည်း ယမန်နှစ်အလားတူကာလထက် နှစ်ဘီလီယံခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ၎င်းကထပ်မံပြောကြားသည်။ သို့သော်လည်း နိုင်ငံတည်ဆောက်ရေးကာလဖြစ်၍ ပြည်ပမှ ကုန်ကြမ်းများတင်သွင်းနေရသောကြောင့် သွင်းကုန်ပမာဏက ပိုများနေသေးသည်ဟုဆိုသည်။

ပို့ကုန်ကဏ္ဍတွင် လယ်ယာထွက်ကုန်တင်ပို့မှုက နှစ်စဉ်တိုးတက်လျက်ရှိပြီး ၂၀၁၀-၂၀၁၁ တွင်ကန်ဒေါ်လာ၁ဒသမ၈ဘီလီယံသာ ရှိခဲ့ရာမှ ၂၀၁၁-၂၀၁၂ တွင် ၂ဒသမ၃၇ဘီလီယံ၊ ၂၀၁၂-၂၀၁၃ တွင် ၂ဒသမ ၅၆ ဘီလီယံနှင့် ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဇန်နဝါရီလကုန်အထိ ၂ဒသမ ၁၆ ဘီလီယံအထိရှိခဲ့သည်။

"အခုနှစ် ထူးခြားတာကတော့ ပြောင်းနဲ့နှမ်းကို အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ ပြောင်းလည်းတန် တစ်သန်း ပို့ပြီးသွားပါပြီ။ နှမ်းလည်းပဲ ယခင်နှစ်ကထက် ၅၀ ရာခိုင်နှုန်း ပိုတင်ပို့နိုင်ပါတယ်"ဟု ဦးဝင်းမြင့်ကပြောကြားသည်။

လယ်ယာထွက်ကုန်တင်ပို့မှု တိုးတက်ရုံသာမက ဈေးကောင်းလည်း ရရှိလာ၍ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာကြောင်း ၎င်းကထပ်မံပြောကြားသည်။ "လယ်သမားတွေ ဝင်ငွေတိုးလာတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ဆင်းရဲတွင်းမှာတော့ နစ်နေဆဲပါပဲ"ဟု နေပြည်တော်လယ်ဝေးမြို့နယ်မှ တောင်သူ ဦးလှမြင့်ကပြောသည်။

မြန်မာနိုင်ငံ၏ကုန်သွယ်မှုမှာ ၂၀၁၁-၁၂ခုနှစ်တွင်ကန်ဒေါ်လာ ၁၄ဘီလီယံကျော်၊ ၂၀၁၂-၁၃တွင် ၁၅ ဘီလီယံကျော် ရှိခဲ့ပြီး ယခု ၂၀၁၃-၁၄ တွင်မူ ၂၃ ဘီလီယံခန့်မျှော် မှန်းထားခြင်းဖြစ်သည်။ အဓိက ကုန်သွယ်ဘက် နိုင်ငံများမှာလည်း တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနိုင်ငံများဖြစ်သည်။

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy Y MIT | 100,000 |
| Galaxy S Advance | 219,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 270,000 |
| Galaxy S3 | 360,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 495,000 |
| Galaxy Mega 5.8 | 320,000 |
| Galaxy Note II | 430,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

**Sony**

| Model | Price |
|---|---|
| Xperia Z | 430,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 835,000 |
| iPhone 5s(16GB) | 720,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

**Huawei**

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 128,000 |
| G 520 | 125,000 |
| G 610s | 134,000 |
| G 700 | 218,000 |
| Ascend P6 | 290,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 144,000 |
| Y 300c (CDMA) | 99,000 |

ဖေဖော်ဝါရီ (၈)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 640,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 325,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 180,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၈,၀၀၀ |
| ကျောက် | တစ်ကျင်း | ၈၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| Two Star (အနီရောင်) | ၁ ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1''-1½'') | ၁ ပိဿာ | ၁,၃၈၀ |
| အိမ်ရိုက်သံ (2''-4'') | ၁ ပိဿာ | ၁,၂၈၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၈)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၅,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဖေဖော်ဝါရီ(၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Feb (12) | 815 | 920 | 940 | 970 |
| Feb (13) | 815 | 920 | 940 | 970 |
| Feb (14) | 815 | 920 | 940 | 970 |
| Feb (15) | 815 | 920 | 940 | 970 |
| Feb (16) | 815 | 920 | 940 | 970 |
| Feb (17) | 815 | 920 | 940 | 970 |
| Feb (18) | 815 | 920 | 940 | 970 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 1.7 GHz,4 GB DDR3, 500GB HDD, HD, 14" | 490,000 |
| Intel Core i3 1.7 GHz, 4 GB DDR3, 500 GB HDD, 14" | 566,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 629,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 1 TB HDD ,15.6" | 787,000 |
| **Lenovo** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, 14" | 490,000 |
| Intel Core i3 1.6 GHz, 4 GB DDR3, 500 GB HDD, HD, 13.3" | 678,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 500 GB HDD, 14" | 757,000 |
| Intel Core i7 2.3 GHz, 4 GB DDR3,500 GB HDD, 14" | 816,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 565,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 580,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6" | 649,000 |
| Intel Core i7 2.4 GHz, 8 GB DDR3, 1 TB HDD, 15.6" | 1,020,000 |

7DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# မိုဘိုင်းဖုန်း အပြောင်းအလဲ ဘယ်သူတွေနိုင်ပြီး ဘယ်သူတွေရှုံးမလဲ

■ ဆွေမွန်၊ ဇော်မျိုးလှိုင်

လာမည့်ရက်ပေါင်း ၂၄၀ အတွင်း မြန်မာနိုင်ငံရှိ လူတိုင်းနီးနီးမိုဘိုင်းဖုန်းအသုံးပြုနိုင်တော့မည်ဖြစ်သည်။

ယခုနှစ်အတွင်း လူတိုင်းနီးနီး မိုဘိုင်းဖုန်းအသုံးပြုလာနိုင်မည့် အခြေအနေကမည်သူတို့အတွက် အများဆုံးအကျိုးရှိနိုင်ပါသလဲဟု မေးခွန်းထုတ်သောအခါ ဟန်းဆက်များ၊ မိုဘိုင်း application များ ထုတ်လုပ်ရောင်းချသူ၊ အခြားသော ဆက်သွယ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများမှ အကျိုးအမြတ် အများဆုံး ရမည်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူ အိုင်စီတီလုပ်ငန်းရှင်များက ပြောသည်။

ယခုအခါ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူ ခုနစ်သန်းဝန်းကျင်ရှိသည်။ ရှစ်လအတွင်း မိုဘိုင်းဆင်းမ်ကတ် သန်း ၃၀ ကိုရောင်းချပေးနိုင်ရန် အဆင်သင့်ထုတ်လုပ်ပေးသွားမည်ဟု တယ်လီနော မြန်မာကုမ္ပဏီမှ ကြေညာထားသည်။

ထို့အပြင် အော်ရီဒူးနှင့် ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာများကလည်း အရေအတွက် မကြေညာသေးသော်လည်း တယ်လီနောနှင့် တစ်ပြိုင်တည်း ဆင်းမ်ကတ်များ သန်းချီရောင်းမည်ဖြစ်ရာ ၎င်းတို့အစီအစဉ်များ အနှောင့်အယှက်မရှိခဲ့လျှင် ယခုနှစ်အတွင်း လူတိုင်းဖုန်းကိုင်နိုင်ကြမည်ဖြစ်သည်။

"ဆက်သွယ်ရေးကောင်းလာရင်တော့ လုပ်ငန်းတွေ အကုန်အကျိုးရှိလာမယ်။ ဘယ်လုပ်ငန်းမဆိုပေါ့။ Direct နဲ့ Indirect ပဲ ကွာမယ်။ Direct Industry ဖြစ်တဲ့ တယ်လီဖုန်းနဲ့ ပတ်သက်တဲ့ ကုမ္ပဏီတွေအားလုံးကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ တက်လာမှာပါ။ Call Center တွေလည်း အကုန်တက်မယ်။ တချို့ကိစ္စလေးတွေပဲ နည်းနည်းလေးလိုမယ်"ဟု မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်အတွင်းရေးမှူး ဦးဇော်မင်းဦးက ပြောသည်။

အဦးဆုံးအကျိုးအမြတ်များ စွာရရှိမည့်သူများမှာ ဈေးသက်သာသော တရုတ်ဟန်းဆက် ထုတ်လုပ်သူများဖြစ်မည်။ ဆက်သွယ်ရေးအော်ပရေတာများအတွက် စက်ပစ္စည်းများထောက်ပံ့ရောင်းချခွင့်ရရှိထားသော ZTE, Huawei စသော တရုတ်ကုမ္ပဏီများ၊ တာဝါတိုင်များကိုကန်ထရိုက်ယူကာ လိုက်လံတည်ဆောက်ပေးသည့်ကုမ္ပဏီများ၊ ဟန်းဆက် အရောင်းဆိုင်များမှတိုက်ရိုက်အကျိုးကျေးဇူးများစွာရရှိမည့်သူများဖြစ်သည်။

ပြည်တွင်း၌ လက်ရှိတွင် ဟန်းဆက်များထုတ်လုပ်သည့်





*တယ်လီနောသို့ ဆက်သွယ်ရေးလိုင်စင်ပေးစဉ်၊ အော်ရီဒူးသို့ ဆက်သွယ်ရေးလိုင်စင်ပေးအပ်စဉ်*

ဓာတ်ပုံ - Telenor Myanmar & Ooredoo Myanmar Facebook

ကုမ္ပဏီမရှိသေးသော်လည်း ဆက်သွယ်ရေးအော်ပရေတာ ကုမ္ပဏီများအနေဖြင့် ဝန်ဆောင်မှု များပြားလာသည့်အချိန်တွင် ထိုကဲ့သို့ ဟန်းဆက်များ ထုတ်လုပ်နိုင်မည့် ကုမ္ပဏီများ ရှိလာနိုင်ကြောင်း ဦးဇော်မင်းဦးက သုံးသပ်သည်။

ဟန်းဆက်များ တင်သွင်းရောင်းချမည့် ကုမ္ပဏီအများအပြားတိုးပွားလာနိုင်ပြီး ထို့နောက်တွင် ပြည်တွင်းဖြန့်ကြက်လုပ်ကိုင်နိုင်ရန်အတွက် အခွန်အခကြီးမားမှုမှာ အဆိုပါကုမ္ပဏီများအတွက် အခက်အခဲဖြစ်နေပြီး ၂၀ ရာခိုင်နှုန်းခန့် ပေးဆောင်နေရခြင်းကြောင့် တရားမဝင်တင်သွင်းနေရမှုများနေရာ အကောက်ခွန်နှင့် အခြားသော သူများက ပိုမိုအကျိုးရှိနေပြီး နောက်ပိုင်းတွင် တရားဝင်တင်သွင်းနိုင်ရန် အခွန်နှုန်းထားလျှော့ချနိုင်ပါက ပိုမိုအဆင်ပြေနိုင်ကြောင်း မန္တလေးကွန်ပျူတာလုပ်ငန်းရှင်အသင်း နာယက ဦးရဲမြတ်သူက ပြောသည်။

"တယ်လီဖုန်းတွေ အများကြီးဝင်တာမှာ သတ်မှတ်ထားတဲ့ အခြားပစ္စည်းတွေလိုမျိုးပဲ သင့်တော်တဲ့နှုန်း ထားသင့်တယ်။ တစ်နိုင်ငံလုံးတင်သွင်းနေတဲ့ အလုံးရေကို ခြုံကြည့်ရင် အနည်းစုက သွင်းပြီး အများစုက အောက်လမ်းက ဝင်လာတာတွေဖြစ်နေတယ်။ အဲဒီလိုဖြစ်မယ့်အစား ၂ ရာခိုင်နှုန်း၊ ၃ ရာခိုင်နှုန်းလောက်ပဲ ကောက်နိုင်ရင် အခွန်လည်း ပိုရလာမယ်" ဟု ဦးရဲမြတ်သူက ပြောသည်။

အော်ပရေတာများက စတင်ရောင်းချချိန်တွင် ဆင်းမ်ကတ်အရေအတွက်နှင့် ရောင်းချပေးမှုအပေါ် မူတည်ပြီး ကြိုတင်ပြင်ဆင်ထားမှုများ လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ယခင်က အချိန်အတိုင်းအတာဖြင့် လစဉ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချပေးစဉ်ကပင် ဟန်းဆက်များ ဝယ်လိုအားကောင်း၍ ပစ္စည်းပြတ်လပ်ခြင်းများရှိခဲ့သည်။

"လိုသလောက်မရခင်ကတောင် တစ်ခါတလေ လူသုံးများတဲ့ ဟန်းဆက်တွေပြတ်လပ်တာ ရက်ပိုင်းလောက်စောင့်ရတာတွေ ရှိနေသေးတာ။ အခုလို ရောင်းပေးလို့ လိုသလောက်ရတဲ့အချိန်ကျရင် ပစ္စည်းပြတ်လပ်မှုတွေ ဖြစ်လာနိုင်သလို သူ့နောက်ကရမယ့် အကျိုးအမြတ်ကလည်း များလာနိုင်တယ်" ဟု မိုဘိုင်းဖုန်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

နေရာတိုင်းတွင် မိုဘိုင်းဆင်းမ်ကတ်များ လိုသလောက်ဝယ်ယူလာနိုင်သည့်အချိန်တွင် Keypad ဖုန်းအမျိုးအစားများ အသုံးပြုမှုများလာနိုင်သော်လည်း ပြည်တွင်းဈေးကွက်အရ စမတ်ဖုန်းအမျိုးအစား ဈေးသက်သာမည့် မိုဘိုင်းဈေးကွက် ပိုမိုကြီးထွားလာနိုင်ကြောင်း Mr.Fone ဖုန်းဆိုင်မှ အထွေထွေမန်နေဂျာ ကိုထက်လင်းကျော်က ပြောကြားသည်။ စမတ်ဖုန်းဈေးကွက်ကို မြန်မာနိုင်ငံတွင် နေရာယူထားနိုင်မည့် ကုမ္ပဏီများ အနေဖြင့်လည်း အကျိုးအမြတ်မှာ အော်ပရေတာကုမ္ပဏီများနောက်တွင် လိုက်ပါလာနိုင်မည်ဖြစ်သည်။

"အော်ပရေတာတွေက ဆင်းမ်ကတ်တွေ ရောင်းချထားပေးရင် ဘယ်လိုပုံစံနဲ့ ရောင်းပေးမယ်ဆိုတဲ့ပေါ်မှာ ဟန်းဆက်ဈေးကွက်က မူတည်တယ်။ ဟန်းဆက်နဲ့တွဲရောင်းမှာလား၊ ဘယ်လိုရောင်းပေးမှာလဲဆိုတာက ရှိသေးတယ်။ အဲဒီပေါ် မူတည်ပြီး လုပ်ကိုင်ရမှာ"ဟု Mr.Fone ဖုန်းဆိုင်မှ အထွေထွေမန်နေဂျာ ကိုထက်လင်းကျော်က ပြောသည်။

မိုဘိုင်းဟန်းဆက်များ တင်သွင်းဖြန့်ဖြူးရောင်းချပေးနေသည့် ကုမ္ပဏီများနေဖြင့်လည်း အကျိုးများစွာရှိမည်ဖြစ်ပြီး မိုဘိုင်း 3g စနစ်ကို ဆင်းမ်ကတ်များ စတင်ရောင်းချစဉ်တွင်ပင် အသုံးပြုနိုင်မည်ဟု ထုတ်ပြန်ထားမှုများနှင့် အင်တာနက်အသုံးပြုမှုကို တစ်ပါတည်း ထည့်သွင်းပေးမည်ဖြစ်သောကြောင့် အင်တာနက်ဆိုင်ရာ လုပ်ကိုင်နေသည့် လုပ်ငန်းများ အားလုံးလည်း တစ်ပြေးညီတိုးတက်လာနိုင်မည်ဖြစ်သည်။

"တယ်လီဖုန်းကနေ အင်တာနက်ရတဲ့အတွက် အင်တာနက်ကုမ္ပဏီတွေလည်း တက်လာမယ်။ Content လုပ်တဲ့ Developer တွေလည်း တက်လာမယ်။ Mobile Content တွေတင်မကဘဲ Internet Content တွေပါ တက်လာမယ်။ Data Backbone ကလည်း ဆောက်ကို ဆောက်ရမယ်ဆိုတော့ တယ်လီဖုန်းနက်ဝဵါခ်တင်မဟုတ်ဘဲ အင်တာနက်နက်ဝဵါခ်လည်း တစ်ခါတည်းတက်လာမှာပါ" ဟု ဦးဇော်မင်းဦးက ပြောသည်။

မိုဘိုင်းဖုန်းအသုံးပြုမှု များလာသည့်နောက်တွင် အဆိုပါဖုန်းအတွင်း ထည့်သွင်းအသုံးပြုလာနိုင်မည့် Application သုံးစွဲမှု များပြားလာနိုင်ပြီး ထို့နောက်တွင် မိုဘိုင်း Application ကို အသုံးပြုပြီး ချိတ်ဆက်လုပ်ကိုင်နိုင်မည့် လုပ်ငန်းများ၊ မိုဘိုင်းဘဏ်စနစ်များ သာမက မိုဘိုင်းမှတစ်ဆင့်သတင်းအချက်အလက်ပေးပို့ခြင်းကဏ္ဍများ ပိုမိုတိုးတက်လာနိုင်သည်။

"Mobile Application တွေ အသုံးပြုတာများလာလိမ့်မယ်။ Mobile Application က နှစ်ပိုင်းရှိတယ်။ သုံးစွဲသူတွေအတွက် ထုတ်လုပ်ပေးရတာတွေရှိမယ်။ Industrial လုပ်ငန်းသုံးထုတ်လုပ်ပေးတာတွေရှိမယ်။ အဲဒီလိုလည်း အသုံးပြုတာများလာလိမ့်မယ်။ ဆော့ဖ်ဝဲတွေရောပေါ့။ Mobile Banking လိုဟာမျိုးတွေလည်း များလာမှာပေါ့"ဟု MIT Software ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဦးထွန်းသူရသက်က သုံးသပ်ပြောကြားသည်။

ထို့အပြင် ပြည်တွင်းမိုဘိုင်းဖုန်းနှင့်ဆက်စပ်လုပ်ကိုင်နေသည့် မိုဘိုင်း SMS မှတစ်ဆင့် သတင်းပေးပို့ခြင်း၊ အချက်အလက်ရယူခြင်း၊ Call Center လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ကုမ္ပဏီများအနေဖြင့်လည်း ပိုမိုဈေးကွက်ကြီးမားလာမည်ဖြစ်သည်။

"ကျွန်တော်တို့ကတော့ အခုဆင်းမ်ကတ်ရောင်းချပေးမယ့် အော်ပရေတာတွေက တယ်လီနောက ဆင်းမ်ကတ်ပဲဖြစ်ဖြစ်၊ အော်ရီဒူးက ဆင်းမ်ကတ်ပဲဖြစ်ဖြစ် ညှိနှိုင်းပြီး အဲဒီဆင်းမ်ကတ်အသုံးပြုတဲ့သူတွေကို SMS Service တွေအတွက် ညှိနှိုင်းသွားမှာပါပဲ။ မိုဘိုင်းဖုန်းတွေ ဆင်းမ်ကတ်တွေ များလာရင်တော့ လုပ်ငန်းတွေလည်း ပိုအဆင်ပြေလာမှာပါ"ဟု လက်ရှိ 1876 Call Center များအပြင် SMS များကို ဝန်ဆောင်မှုပေးနေသည့် Blue Ocean ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ကိုတင်ကိုကိုလတ်က ပြောသည်။

လက်ရှိတွင် သတင်းဌာနနှစ်ခုဖြစ်သည့် BBC နှင့် Eleven Media မှ သတင်းအချက်အလက်များကို သတင်းတိုပို့စနစ်ဖြင့် ဝယ်ယူထားသော မိုဘိုင်းဖုန်းများသို့ SMS ပို့၍ ဝန်ဆောင်မှုပေးနေသော်လည်း နောက်ပိုင်းတွင် အခြားသောသတင်းဌာနများမှလည်း မိုဘိုင်းမှတစ်ဆင့် လုပ်ကိုင်မှုများပြားလာနိုင်မည်ဖြစ်သည်။

ထို့အပြင် မိုဘိုင်းဖုန်းများ ရုတ်တရက်ပေါများလာမည့် ဂယက်ကြောင့် ရပ်တည်ရန်ခက်ခဲပြီး ပျောက်ကွယ်သွားမည့်လုပ်ငန်းအချို့ကလည်း ရှိလာနိုင်သည်။


မိုဘိုင်းဖုန်းများအသုံးပြုမှုများပြားလာချိန်တွင် ပျောက်ကွယ်သွားမည့်လုပ်ငန်းတစ်ခုမှာ အများပြည်သူသုံးတယ်လီဖုန်းများပင်ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလက်အောက်တွင် လုပ်ကိုင်နေသည့် အများပြည်သူတယ်လီဖုန်းများကို ဆက်သွယ်ရေးလုပ်ငန်းမှ ချထားလုပ်ကိုင်စေရာတွင် အသုံးပြုမှုနည်းပါးပါက ပြန်လည်သိမ်းမည်မဟုတ်သော်လည်း မလုပ်ကိုင်လိုတော့၍ ပြန်လည်အပ်နှံခြင်းများရှိပါက လက်ခံပြီးလိုင်းပိတ်သိမ်းခြင်းများပြုလုပ်မည်ဖြစ်သည်။

"မိုဘိုင်းဖုန်းတွေများလာတော့ PCO ဖုန်းက လျော့ကျသွားမှာပဲ။ အရင်ကလည်း လာအပ်တဲ့သူတွေရှိတယ်။ အဲဒါတွေဆိုရင် လိုင်းပိတ်ပစ်လိုက်တယ်။ ဘယ်လောက်ထိ လျော့သွားမလဲဆိုတာတော့ ခန့်မှန်းပြောလို့မရဘူး"ဟု အများပြည်သူသုံးတယ်လီဖုန်းဌာနမှ အရာရှိတစ်ဦးကပြောသည်။

ထို့အပြင်မိုဘိုင်းဖုန်းဖြင့် အင်တာနက်ပေါ်မှ သတင်းဖတ်သူ၊ သတင်းတိုပို့စနစ်ဖြင့် သတင်းဖတ်သူများလာမည်ဖြစ်၍လည်း ပုံနှိပ်မီဒီယာအချို့ မိုဘိုင်းဖုန်းအပြောင်းအလဲပေါ် ရင်ခုန်စွာစောင့်ကြည့်နေသည်။ အချို့လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည်။

အများပြည်သူသုံး တယ်လီဖုန်းလုပ်ငန်းများ ပျောက်ကွယ်သွားနိုင်ဖွယ်ရှိသော်လည်း အခြားသော ဆက်သွယ်ရေးလုပ်ငန်းများမှာ အကျိုးအမြတ်ဖြစ်ထွန်းသည့်ဘက်ကို ပိုမိုအလားအလာရှိရာ အချို့နေရာများတွင် လုပ်ကိုင်ရခက်ခဲခြင်းများ၊ အိုင်တီဆိုင်ရာ လုပ်ငန်းများတွင် အချို့သောအခက်အခဲများသာ ရှိလာနိုင်မည်ဖြစ်ကြောင်း ကွန်ပျူတာပညာရှင်များက သုံးသပ်သည်။

"လူတိုင်းနီးပါးဆက်သွယ်လို့ရမယ့်ကိစ္စမှာ ဆိုးကျိုးတွေကတော့ မတွေ့ဘူး။ ဆက်သွယ်ဆောင်ရွက်မှုက အချိန်တိုင်းမှာပြုလုပ်နေတာပဲလေ။ ဒီနေရာမှာ ရှိနိုင်တဲ့ဆိုးကျိုးက အင်တာနက် Acess ရတယ်။ အဲဒီကနေမဟုတ်တဲ့ Content တွေ သွားမိမယ်။ ဒါတွေကလည်း ကိုယ့်ရွေးချယ်မှုပဲ။ အချိန်တိုင်းမှာ ဆက်သွယ်မှုအဆင်ပြေတဲ့အတွက် ကောင်းတဲ့ကိစ္စပါပဲ"ဟုဦးဇော်မင်းဦးကပြောသည်။



ဓာတ်ပုံ - နှစ်ကီ

# Technology

7 DAY NEWS JOURNAL

Vol.12, No.49 • FEBRUARY 12 , 2014



ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်တောင်စုဝန်ကြီး ဦးမြတ်ဟိန်း mcit.gov.mm

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အော်ပရေတာအဖြစ် ပူပေါင်းဆောင်ရွက်ရန် နိုင်ငံခြားကုမ္ပဏီအား ဧပြီမတိုင်မီရွေးမည်

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်မည့် နိုင်ငံတကာ အဆင့်မီကုမ္ပဏီအား ယခုဘဏ္ဍာနှစ်အတွင်း အပြီးသတ် ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“နောက်ဆုံးအဆင့် လုပ်နေပါပြီ။ ဘယ်သူနဲ့ပေါင်းမလဲဆိုတာကတော့ နောက်ဆုံးအဆင့် ညှိနှိုင်းဆွေးနွေးမှု လုပ်နေပြီးတော့ ဒါပြီးမှပဲ အဖြေပေးနိုင်မယ်ထင်ပါတယ်။ နောက်ဆုံးအဆင့်ကို အချိန်သိပ်မပေးနိုင်ဘူး။ သုံးလပဲပေးတဲ့အတွက်ကြောင့် မတ်လလောက်ဆို အဖြေထွက်မှာပေါ့” ဟု ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က ပြောသည်။

လက်ရှိတွင် နောက်ဆုံးအဆင့် အသေးစိတ်ဆွေးနွေးနေခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း အပြီး ရွေးချယ်မည်ဖြစ်ကာ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အရာရှိတစ်ဦးက ပြောသည်။

နောက်ဆုံးအဆင့်ညှိနှိုင်းရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းမည့်ကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းနေခြင်းဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်လက်လုပ်ကိုင်မည့် လုပ်ငန်းရပ်များနှင့် အနီးစပ်ဆုံးလုပ်ဆောင်နိုင်မည့် ကုမ္ပဏီကို ရွေးချယ်သွားမည်ဖြစ်သည်။ ညှိနှိုင်းသည့် ကုမ္ပဏီများတွင် ယခင် အော်ပရေတာနောက်ဆုံးအဆင့် ဆန်ခါတင်ရွေးချယ်ခံရသည့် KDDI၊ Orange နှင့် Sintle တို့ ပါဝင်ကြောင်း သတင်းရရှိသည်။

“မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းကလည်း သူတို့သွားဖို့ သင့်လျော်တဲ့ Consutant တွေ ကျန်တဲ့ပုံစံပေ့ါ။ အဲဒီပုံစံနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ Proposal ပြန်တင်ပေးနိုင်တဲ့ အဲဒါနဲ့နီးစပ်မှုရှိတဲ့ ဂျပန် KDDI Sumitomo ကိုနောက်ဆုံးအဆင့် ညှိနှိုင်းတဲ့ပုံစံပေ့ါ။ မကြာခင်မှာပဲ ဒါက အဖြေထွက်မှာပါ” ဟု ဦးသန်းထွန်းအောင်က ပြောသည်။

မြန်မာ့ဆက်သွယ်ရေးကို အော်ပရေတာတစ်ခုအဖြစ် ပြောင်းလဲလုပ်ကိုင်ရာတွင် ဂျပန်နိုင်ငံအခြေစိုက် KDDI ဆူမီတိုမိုကော်ပိုရေးရှင်းနှင့် ပူးပေါင်းလုပ်ကိုင်သွားဖွယ်ရှိကြောင်း နိုင်ငံတကာသတင်းဌာနတစ်ခုက ဇန်နဝါရီလတွင် ဖော်ပြခဲ့သည်။

## သုံးလပတ်ရလဒ်ပေါ် ထွက်ပြီးနောက် ကန်ဒေါ်လာ ၁၄ ဘီလီယံဖိုးရှိ ရှယ်ယာများ နှစ်ပတ်အတွင်း Apple ပြန်လည်ဝယ်ယူ

**နယူးယောက်၊ ဖေဖော်ဝါရီ-၇**

Apple ကုမ္ပဏီ၏ ပထမသုံးလပတ်ရလဒ်များထွက်ပေါ်လာချိန်မှစ၍ ကန်ဒေါ်လာ ၁၄ ဘီလီယံတန်ဖိုးရှိ ရှယ်ယာများကို ပြန်လည်ဝယ်ယူထားကြောင်း ယင်းကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

ကန်ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုးရှိရှယ်ယာများကို Apple ကုမ္ပဏီက ရှယ်ယာအရှိန်မြှင့်ပြန်လည်ဝယ်ယူရေးအစီအစဉ် (ASR) မှတစ်ဆင့် ဝယ်ယူခဲ့ပြီး ကန်ဒေါ်လာနှစ်ဘီလီယံတန်ဖိုးရှိရှယ်ယာများကို လွတ်လပ်သောဈေးကွက်မှဝယ်ယူခဲ့သည်ဟု ယင်းပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်ကပြောသည်။ ကုမ္ပဏီတစ်ခုက ရင်းနှီးမြှုပ်နှံမှုဘဏ်မှ ၎င်း၏ရှယ်ယာများကိုဝယ်ယူရာတွင် ASR လုပ်ငန်းက အစဉ်သဖြင့် ပါဝင်လေ့ရှိသည်။ လန့်မိသည်ဟု မစ္စတာကွတ်က Wall Street ဂျာနယ်အားပြောသည်။

နှစ်သစ်ကူးအားလပ်ရက်ကာလအတွင်း iPhone ရောင်းအားမှာ မျှော်မှန်းထားသည်ထက် ကျဆင်းခဲ့ကာ ဝင်ငွေလျော့နည်းမည်ဟုခန့်မှန်းချက်ထွက်ပေါ်ခဲ့ပြီးနောက် Apple ကုမ္ပဏီ၏ရှယ်ယာတန်ဖိုးများကျဆင်းသွားခြင်းဖြစ်သည်။

လွန်ခဲ့သော ၁၂ လအတွင်း ကန်ဒေါ်လာ ၄၀ ဘီလီယံတန်ဖိုးရှိ ရှယ်ယာများကို Apple ကုမ္ပဏီက ပြန်လည်ဝယ်ယူခဲ့ကြောင်းသိရသည်။ “အဲဒါက ကျွန်တော်တို့ရဲ့ ကုမ္ပဏီအပေါ် လောင်းကြေးထပ်လိုက်တယ်လို့ဆိုလိုတာပါ” ဟု မစ္စတာကွတ်ကပြောသည်။

ယင်းရှယ်ယာပြန်လည်ဝယ်ယူခြင်းမှာ Apple ကုမ္ပဏီ၏ ကန်ဒေါ်လာ ၆၀ ဘီလီယံတန်ဖိုးရှိ ရှယ်ယာများပြန်လည်ဝယ်ယူရေးအစီအစဉ်တွင်ပါဝင်ကြောင်းသိရသည်။ ယင်းကဲ့သို့ရှယ်ယာပြန်လည်ဝယ်ယူမှုများအပြင် Apple ကုမ္ပဏီက ရှယ်ယာပိုင်ရှင်များအားကန်ဒေါ်လာ၇ဒသမ၇ဘီလီယံပြန်အမ်းခဲ့သေးသည်။



ယင်းသတင်းကို Apple ကုမ္ပဏီအမှုဆောင်အရာရှိချုပ် တင်မ်ကွတ်နှင့်တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည့် Wall Street ဂျာနယ်က ပထမဦးဆုံးဖော်ပြခဲ့ခြင်းဖြစ်သည်။ Apple ကုမ္ပဏီ၏ သုံးလပတ်ရလဒ်ကြေညာပြီး တစ်ရက်အကြာ ဇန်နဝါရီ ၂၈ ရက်တွင် ရှယ်ယာတန်ဖိုး ၈ ရာခိုင်နှုန်းကျဆင်းသွားခြင်းကြောင့် အံ့သြထိတ်

—*Ref: Reuters*

## ပြည်နည်းပညာတက္ကသိုလ် ပထမအကြိမ် ဘားကမ့်ကျင်းပမည်

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

ပြည်နည်းပညာတက္ကသိုလ်က ပထမဦးဆုံးအကြိမ်အဖြစ် ဘားကမ့်ပြု လုပ်မည်ဖြစ်ပြီး အွန်လိုင်းစာရင်းပေးသွင်းခြင်းကို ဦးရေ၅၀၀ အထိ လက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Barcamp TU-Pyay အဖြစ် ပြည်နည်းပညာတက္ကသိုလ်တွင် မတ်လ ၁ ရက်၌ ကျင်းပမည်ဖြစ်ပြီး ယခင်က ပြည်ဘားကမ့်အဖြစ် ကျင်းပခဲ့သည်များ ရှိခဲ့သော်လည်း နည်းပညာတက္ကသိုလ်အနေဖြင့် ပထမဦးဆုံးအကြိမ် ကျင်းပမည်ဖြစ်ရာ နည်းပညာဆိုင်ရာများကို ဦးစားပေးဆွေးနွေးမှုများ ပြုလုပ်လိုခြင်းကြောင့်ဖြစ်ကြောင်း စီစဉ်သူတစ်ဦးဖြစ်သည့် ကိုမင်းသူကျော်က ပြောသည်။

“ပြည်မှာဆိုရင် ပြည်ဘားကမ့်ဆိုပြီး လုပ်နေကျရှိပေမယ့် အဲဒီဘားကမ့်မှာကျတော့ နည်းပညာနဲ့ပတ်သက်တာတွေက ဆွေးနွေးတာနည်းတယ်။ စိုက်ပျိုးရေးတို့ပြီးတော့ ရှေးဟောင်းနဲ့ပတ်သက်တာတွေကို ပိုပြီး ဆွေးနွေးကြတယ်။ အဲဒါကြောင့် နည်းပညာသီးသန့်လုပ်ချင်တာနဲ့ လုပ်ဖြစ်သွားတာပါ” ဟု ကိုမင်းသူကျော်က ပြောသည်။

နည်းပညာပိုင်းများ လာရောက်ဆွေးနွေးပေးရန်ဖွံ့ဖြိုးမှုအတွက် အိုင်စီတီအဖွဲ့ (MIDO) နှင့် အခြားသော ပညာရှင်အများအပြားကို ဖိတ်ကြားထားပြီး မတ်လ ၂ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဟု သတင်းရရှိသည်။

အွန်လိုင်းစာရင်းပေးသွင်းနိုင်ရန်ဆောင်ရွက်နေဆဲသာဖြစ်ပြီးလာမည့်တစ်ပတ်တွင်စတင်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ အွန်လိုင်းစာရင်းပေးသွင်းခြင်းကို ဦးရေ ၅၀၀ ခန့် လက်ခံမည်ဖြစ်ကြောင်း စီစဉ်သူများထံမှ သိရသည်။ ပွဲသို့ လာရောက်သူများကို AGD ဘဏ်မှဓာတ်ပုံနှစ်ပုံနှင့်ကျပ်တစ်ထောင်ယူလာရုံဖြင့် MPU ကတ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Vacancy Announcement

(1)Higher Education Marketing Manager / Director
Minimum of 3 years marketing experience Yangon higher education
Strong connections to the local media and events partners
Your application will be treated with the upmost confidentiality directly with the Centre Director

(2)Senior Lecturer / Head of Academics (Higher Education)
Master degree in Business or Hospitality
Prior experience with HND BTEC programs as head of academics

(3)Lecturers (Part time or Full time)
Specialized in Business or Hospitality with related Bachelor/Master degree and Experience

TEMASEK INTERNATIONAL COLLEGE

To apply forward your resume to Ms.Carine Le Port, Centre Director: carine@temasekcollege.com
You can also visit us at 56A Pho Sein Road, Tamwe Tsp, Yangon TEL : 01 548121, 01 540510

# ပင်စင်စားအားလုံးအတွက် ဆင်းမ်ကတ်များခွဲတမ်းဖြင့် လစဉ်ရောင်းချပေးမည်

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

ပင်စင်စားများအတွက် ဆင်းမ်ကတ်များကို ပင်စင်ရရှိထားသူအားလုံးအတွက်အချိန်ကန့်သတ်မှုမရှိ ခွဲတမ်းထည့်သွင်းရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ဇန်နဝါရီလမှ စ၍ နိုင်ငံတာဝန်ထမ်းဆောင်ခဲ့သည့် သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားများအတွက် ဆင်းမ်ကတ်ခွဲတမ်းငါးသောင်း သီးသန့်ထည့်သွင်းရောင်းချပေးခဲ့ပြီး လစဉ်သီးသန့်ခွဲတမ်းဖြင့် ထည့်သွင်းရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပင်စင်စားတွေ အကုန်လုံးဘယ်လောက်ရှိလဲ။ ရှိတဲ့အရေအတွက်ပေါ် မူတည်ပြီး အကုန်လုံးရတဲ့အချိန်အထိတော့ဒီလိုပဲလတိုင်းသတ်သတ်ခွဲတမ်းနဲ့ ပေးသွားမှာပါ။ ဘယ်အချိန်လောက်ထိ ပေးမယ်ဆိုပြီးတော့မရှိဘူး" ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာက ပြောသည်။

သို့သော် ပင်စင်စားဝန်ထမ်းများအနေဖြင့် မည်သည့်ပုံစံဖြင့်ရောင်းချပေးနေသည်ကို ရှင်းရှင်းလင်းလင်း မသိရှိကြဘဲ လျှောက်ထားရခြင်းလည်း မရှိကြောင်း၊ အငြိမ်းစားပင်စင်ဝန်ထမ်းအများစုက ပြောသည်။ ထို့ပြင် ခွဲတမ်းဖြင့်ရောင်းချပေးမည်ဆိုသော်လည်း လက်ရှိတိုင်ပင်စင်စားအများစုအတွက် ခွဲတမ်းမရရှိကြကြောင်း ရန်ကုန်မြို့ရှိရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးကို ပြောသည်။

"ကျွန်တော်တို့မြို့နယ်မှာကအဆင်သင့်ဖြစ်အောင်ဆိုပြီးတော့ရပ်ကွက်ထဲမှာရှိတဲ့ ပင်စင်သမားတွေကိုလာပြီး ပြောခိုင်းထားတာပဲရှိတယ်။ ကြိုပြင်ထားတဲ့သဘောပါပဲ။ ဒါပေမဲ့ ဘာညွှန်ကြားချက်မှတော့မရဘူး။ ပေးဖို့တော့ မရှိပါဘူး" ဟု သာကေတမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

လက်ရှိတွင် ပင်စင်စားများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ရောင်းချပေးနေခြင်းမဟုတ်ဘဲ ဆင်းမ်ကတ်များကို ပင်စင်လစာထုတ်ယူရသည့် ဘဏ်များသို့ ပို့ထားပြီး အဆိုပါဘဏ်များမှ တစ်ဆင့် ရောင်းချပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အချို့သောပြည်နယ်များတွင် စီးပွားရေးဘဏ်များမှတစ်ဆင့်ပင်စင်စားများကိုဆင်းမ်ကတ်ခွဲတမ်းများ ရောင်းချပေးပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ ပင်စင်စားများအတွက် ဇန်နဝါရီလ ခွဲတမ်းငါးသောင်းသီးသန့်ရရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလုံးရေ ၁၅၀၀၀ ဖြင့် အများဆုံးရရှိခဲ့ခြင်းဖြစ်သည်။






# ဗီဒီယိုအစည်းအဝေးပြုလုပ်နိုင်သည့် စနစ်တစ်မျိုး ဂူးဂဲလ်ကုမ္ပဏီစတင်ရောင်းချ

**ဆန်ဖရန်စစ္စကို၊ဖေဖော်ဝါရီ-၇**

ကုမ္ပဏီလုပ်ငန်းများထံမှရရှိသောဝင်ငွေတိုးမြင့်လာစေရန် အင်တာနက်ဝက်ဘ်ဆိုက်ရှာဖွေရေး ကုမ္ပဏီဂူးဂဲလ်က ဗီဒီယိုအစည်းအဝေးပြုလုပ်နိုင်သည့် စနစ်တစ်မျိုးကို ဖေဖော်ဝါရီ ၆ရက်တွင် ထုတ်ဖော်ပြသလိုက်သည်။

ဗီဒီယိုကင်မရာတစ်ခုနှင့် စပီကာများအပါအဝင် ဗီဒီယိုဆွေးနွေးပွဲပြုလုပ်နိုင်သောစနစ်ပါရှိသည့် ဂူးဂဲလ်ကုမ္ပဏီ၏ Chromebox တစ်ကိုယ်ရေသုံး ကွန်ပျူတာများ၏အထူးထုတ် Version ကိုရောင်းချရန် Asus, Hewlett-Packard ၊Dell ကုမ္ပဏီတို့နှင့်ပူးပေါင်းဆောင်ရွက်ထားသည်ဟု ဂူးဂဲလ်ကုမ္ပဏီကပြောသည်။

ယင်းထုတ်ကုန်တွင်မတူညီသောနေရာများရှိအသုံးပြုသူများထံမှ သီးခြားဗီဒီယိုဖိုင် ၁၅ ခုကို ချိတ်ဆက်ရန် ဂူးဂဲလ်ကုမ္ပဏီ၏အခမဲ့ Hangouts ဗီဒီယိုစကား ပြောနည်းပညာကိုအသုံးပြုထားသည်။

ယင်းစနစ်ကိုအသုံးပြုထားသောကွန်ပျူတာရောင်းချလိုက်ခြင်းကြောင့် လုပ်ငန်းများစွာတွင် လက်ရှိအသုံးပြုနေသော ဗီဒီယိုအစည်းအဝေးပြုလုပ်နိုင်သည့်စနစ်များထုတ်လုပ်ထားသည့် Cisco System နှင့် Polycom ကုမ္ပဏီနှင့် ဂူးဂဲလ်ကုမ္ပဏီယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

ကမ္ဘာ့အကြီးကျယ်ဆုံး အင်တာနက်ဝက်ဘ်ဆိုက်ရှာဖွေရေး ဝန်ဆောင်မှုပေးသည့် ဂူးဂဲလ်



အစည်းအဝေးပြုလုပ်နိုင်သော Chromebox ကို ဂူးဂဲလ်ကုမ္ပဏီက Asus ကုမ္ပဏီနှင့်ပူးပေါင်းထုတ်လုပ်လိုက်ပြီး အမေရိကန်နိုင်ငံတွင် ဖေဖော်ဝါရီ ၆ ရက်က ကန်ဒေါ်လာ ၉၉၉ ဒေါ်လာဖြင့်ရောင်းချခဲ့သည်ဟု ဂူးဂဲလ်က ပြောသည်။

တစ်နှစ်တာဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှုစရိတ်အတွက် ဝယ်ယူသူများအနေဖြင့် ကန်ဒေါ်လာ ၂၅၀ စီပေး၍လည်းဝယ်ယူနိုင်သည်။ ပထမဆုံးနှစ်အတွက် ဝန်ဆောင်ခမှာ ယင်းထုတ်ကုန်၏ ရောင်းဈေးတွင်ပါဝင်ပြီးဖြစ်သည်။

ကုမ္ပဏီမှာ ၎င်း၏ဝင်ငွေအများစုကိုကြော်ငြာများမှရရှိခြင်းဖြစ်သည်။ သို့သော် ကုမ္ပဏီလုပ်ငန်းများသို့လည်း ဂူးဂဲလ်ကုမ္ပဏီက ဝန်ဆောင်မှုများရောင်းချလေ့ရှိသည်။ ယင်းကဲ့သို့ရောင်းချမှုများတွင် စီးပွားရေးအရအသုံးပြုသူများအတွက် ရည်ရွယ်ထားသော Chromebook လက်ပ်တော့ကွန်ပျူတာများအပြင် အီးမေးလ်နှင့်စာရွက်စာတမ်းများ ထုတ်လုပ်ပေးခြင်းတို့ကဲ့သို့ ဂူးဂဲလ်ကုမ္ပဏီ၏ အထူးထုတ် အွန်လိုင်း Application များလည်းပါဝင်သည်။

*—Ref: Reuters*

မြင့်မိုရ်ဆွေ



ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်အတွင်းရှိ မြေစိုက်ကျူးကျော်တဲငယ်များကိုတွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ကျူးတွေက မြိုင် အင်းဂလိုင်

"ရန်ကုန်မြို့ကြီးရဲ့ မြောက်ဘက်၊ အရှေ့မြောက်ဘက်နဲ့ အနောက်မြောက်ဘက် အရပ်ဒေသတွေမှာ စုစုပေါင်း "အင်း (၄)အင်း"တိတိ ပေါ်ထွန်းလာလိမ့်မယ်။ အဲဒီလို အင်းလေးအင်းစုံပြီဆိုရင် ရန်ကုန်မြို့ကြီးဟာ ရှေးယခင်ထက် အဆပေါင်းများစွာ တိုးတက်စည်ကားလိမ့်မယ်။ ယခုအခါ အင်းတကော်၊ အင်းတိုင်နဲ့ အင်းစိန်ဆိုပြီး အင်း ၃ အင်း ပေါ်ခဲ့ပြီးပြီ။ နောက်ထပ် ပေါ်ထွန်းဖို့ အင်းတစ်အင်း ကျန်နေသေးတယ်။ အဲဒီ 'အင်း'က 'အင်းဂလိုင်ကွဲ့'။

အထက်ပါစကားများကိုကြိုတင်မိန့်ကြားခဲ့သူမှာ ဆရာတော်ကြီးတစ်ပါး ဖြစ်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကာလက မိန့်ကြားခဲ့ခြင်းဖြစ်၏။ ရန်ကုန်မြို့ကြီး၏ အနောက်မြောက်ဘက်တွင် လှိုင်မြစ်က ရစ်ပတ်စီးသွယ်နေ၏။ လှိုင်မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ပန်းလှိုင်မြစ်ကမ်းတွင် ရေဥက္ကံရွာ၊ သောင်ကြားရွာစသည့် ရွာများမှ ကိုးကွယ်သည့် ဆရာတော်ကြီး တစ်ပါး ရှိခဲ့၏။ ဆရာတော်ကြီး မပျံလွန်မီ အထက်ပါစကားများကို မိန့်ကြားခဲ့ခြင်းဖြစ်ပြီး ထိုစဉ်ကာလ ကြားရသူ အချို့က ဆရာတော်ကြီး မိန့်ကြားချက်ကို ခပ်လွယ်လွယ် သဘောထားခဲ့ကြ၏။ အမှန်တကယ် ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်သူ အလွန်နည်းလှ၏။ အင်းဂလိုင်ဆိုသည်မှာ လှိုင်မြစ်မှ ယနေ့ ဖောက်လုပ်ထားသော ရန်ကုန်-ညောင်တုန်း ကားလမ်းနှင့် ဘုရင့်နောင်လမ်းတို့ကို ဖြတ်၍ ပန်းလှိုင်မြစ်အတွင်းသို့ စီးဆင်းသွားသော ချောင်းငယ်တစ်ခု၏ အမည်ဖြစ်လေသည်။ အဆိုပါ ချောင်းဖြတ်သန်းရာ ကွင်းကို အင်းဂလိုင်ကွင်းဟုလည်း ခေါ်တွင်၏။ ဆရာတော် ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ၁၉၈၈ ခုနှစ်မှစ၍ အင်းဂလိုင်ဒေသတွင်မြို့သစ်တစ်မြို့ ထွန်းပေါ်လာလေ၏။

ထိုမြို့သစ်ကား ယခုအခါ လှိုင်သာယာဟု အမည်တွင်ပြီး အမှန်ပင် စည်ကားသိုက်မြိုက်လှ၏။ ဆရာတော်ကြီး၏ အကြားအမြင်ဖြင့် ကြိုတင်အမိန့်ရှိခဲ့လေသော 'အင်း'(၄)အင်းကား ပြည့်စုံသွားခဲ့လေ၏။ နောက်ဆုံးဘိတ်အိတ်နှင့်လွယ်ဆိုသကဲ့သို့ နောက်ဆုံး'အင်း'ဖြစ်သော အင် ဂလိုင်ရှိ လှိုင်သာယာမြို့သည် အင်းစိန်၊ အင်းတကော်၊ အင်းတိုင်တို့ထက် သာလွန်စည်ကားသော မြို့ကြီးတစ်မြို့အဖြစ် တည်ရှိနေလေတော့၏။ စာရေးသူသည် အထက်ပါ ဆရာတော်ကြီးမိန့်ကြားခဲ့သော အကြောင်းအချက်များကို ၁၉၉၅ ခုနှစ်ခန့်က ထုတ်ဝေသော လှိုင်သာယာမြို့သစ် ပထမအကြိမ်မြောက် မဂ္ဂဇင်းတွင် ဖတ်ရှုမှတ်သားခဲ့ရခြင်း ဖြစ်ပါသည်။

လှိုင်သာယာမြို့သည် ၂၆ ဒသမ ၀၁ စတုရန်းမိုင် အကျယ်အဝန်းရှိ၏။ ကစင်၊ သာယာကုန်း၊ ရှမ်းချောင်း၊ ဒိုင်စု၊ ညောင်ရွာ၊ ရေဥက္ကံ၊ သောင်ကြား၊ အတွင်းပဒံ၊ အပြင်ပဒံ၊ ကမ်းပြိုနှင့် ရွှေလင်ပန်းရွာတည်းဟူသော ရွာပေါင်း ၁၁ ရွာကို မြို့ကွက်အတွင်း သွတ်သွင်း၍ တည်ဆောက်ထား၏။ စက်မှုဇုန်များမှာလည်း အပိုင်း(၁)မှ အပိုင်း(၇)အထိနှင့် ရွှေလင်ပန်းစက်မှုဇုန်ကိုပေါင်း၍ အစိုးရဖော်ထုတ်သော ဇုန်ရှစ်ခုတိတိရှိပြီး ပုဂ္ဂလိက ဖော်ထုတ်သော စက်မှုဇုန် သုံးခုပါပေါင်းလျှင် စုစုပေါင်း ဇုန် ၁၁ ဇုန်ရှိလေ၏။ အိမ်ရာစီမံကိန်းများကလည်း ပဒေသာပင် (F.M.I)၊ နဝဒေး၊ ပန်းလှိုင်၊ ဖွံ့ဖြိုးအောင်၊ မြစိမ်းရောင်၊ ကျန်စစ်သား၊ ဗိုလ်အောင်ကျော်၊ ထီးလှိုင်ရှင်၊ အောင်ဇေယျ၊ ပီမိုးနင်းနှင့် ရွှေလင်ပန်းဟူ၍ စုစုပေါင်း ၁၁ ခုရှိပြန်၏။ ရွာပေါင်း ၁၁ ရွာကို အခြေခံပြီး စက်မှုဇုန် ၁၁ ခုနှင့် အိမ်ရာစီမံကိန်း ၁၁ ခုပါဝင်သော မြို့ဖြစ်၍ ၁၁ မီးငြိမ်းသောမြို့ဟု ဆိုနိုင်၏။

လှိုင်သာယာသည် ရခိုင်ပြည်နယ်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်မြို့သို့ ကုန်းလမ်းအဝင်တံခါးဝတွင် တည်ရှိပြီး နေ့စဉ်နှင့်အမျှ ကုန်စည်မျိုးစုံ၊ လူမျိုးစုံ စီးဝင်ကူးသန်းသွားလာရာ မြို့ဖြစ်၏။ ရေလမ်းခရီးအဖြစ် လှိုင်မြစ်ကြောင်းအတိုင်း ဒလမြို့နှင့် သန်လျင်မြို့ အစုန်အဆန်သွားလာနိုင်သည်။ တပ်မတော် အစိုးရလက်ထက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ခဲ့သော မြို့သစ်များအနက် အစည်ကားဆုံးမြို့သစ်ဖြစ်ကြောင်းလည်း တွေ့ရှိရ၏။ မူလက လူဦးရေ တစ်သိန်းခန့်သာရှိသော အဆင်းရဲဆုံး မြို့သစ်ဖြစ်ရာမှ တည်နေရာ၏ အရေးပါမှုနှင့် စက်မှုဇုန်များ၏ အကျိုးကျေးဇူးကြောင့် ဆယ်စုနှစ် နှစ်စုအတွင်း လူဦးရေ လေးသိန်းနီးပါးရှိသော မြို့ကြီးတစ်မြို့ဖြစ်လာကြောင်း တွေ့ရှိရ၏။ စက်မှုဇုန်များတွင် လည်ပတ်စက်ရုံပေါင်း ၇၅၅ ရုံခန့်ရှိပြီး အလုပ်သမားစုစုပေါင်း ခုနစ်သောင်းခန့်အထိ ရှိကြောင်း သိရှိရ၏။ စက်မှုလုပ်သား အများဆုံးရှိသော မြို့ဟု ဆိုနိုင်၏။ လှိုင်သာယာမြို့တွင် နိုင်ငံတကာ အဆင့်မီ ဂေါက်ကွင်း စက်မှုတက္ကသိုလ်နှင့် အနောက်ပိုင်းတက္ကသိုလ်တို့ တည်ရှိ၏။ နိုင်ငံတကာအဆင့်မီ ပန်းလှိုင်ဆေးရုံနှင့် ထွန်းဖောင်ဒေးရှင်းဆေးရုံလည်း တည်ရှိ၏။ ခနိမိုးထရံကာနေအိမ်မှ သိန်းပေါင်းသောင်းကျော်တန် လုံးချင်းအိမ်ရာများအထိ လူတန်းစားအလွှာစုံနေထိုင်ရာ မြို့ကြီးဖြစ်၏။ ရန်ကုန်မြို့နှင့် ဆက်သွယ်ရန် လှိုင်မြစ်ကူးတံတားကြီး သုံးစင်း တည်ဆောက်ထားရာ လုံလောက်မှု မရှိသဖြင့် ဘုရင့်နောင် တံတားအသစ်တစ်စင်းကိုထပ်မံ၍ တိုးချဲ့တည်ဆောက်လျက် ရှိပေသည်။ မြို့၏ မြောက်ဘက်အစွန်တွင် ဦးပိုင်ကုမ္ပဏီက တည်ဆောက်သော ငွေပင်လယ် အအေးခန်း စက်ရုံများလည်း တည်ရှိနေ၏။ ထို့အပြင် ဧရာဝတီတိုင်းသို့ အဝေးပြေးကားများဖြင့် ဆက်သွယ်ရန် ကားဂိတ်သီးခြား ရှိနေပြန်၏။

သို့သော် ပစ္စုပ္ပန်ကာလဒီမိုကရေစီခေတ်သစ် အရုဏ်ဦးတွင် အင်းဂလိုင်ဒေသမှ လှိုင်သာယာမြို့သည် ကျူးကျော်အိမ်ရာ အများဆုံးတည်ရှိရာမြို့တစ်မြို့ ဖြစ်လာ၏။ ရွှေလင်ပန်းစက်မှုဇုန်အတွင်း၌ စက်ရုံများကို ကျောပေးပြီး လမ်းပေါ်မေးတင်၍ ဆောက်လုပ်ထားသော ကျူးကျော်တဲအိမ်များ ထောင်နှင့်ချီ၍ ရှိနေ၏။ အမြို့မြို့ အနယ်နယ်မှ ၁၂ ပွဲဈေးဟု ခေါ်အပ်သော ဘုရားပွဲများရှိဈေးဆိုင်များအလား နံရံချင်းကပ်၍ ဆောက်လုပ်ထား၏ အင်ဂျင်စက်ဖြင့် လျှပ်စစ်မီးသွယ်တန်းပေးထား၏။ အညစ်အကြေးများကို လမ်းဘေးရေမြောင်းအတွင်း စွန့်ပစ်ကြ၏။ အချို့တဲအိမ်များက မဟာဓာတ်အားလိုင်းအောက်တွင်ပြွတ်သိပ်စုပြုံ၍ ဆောက်လုပ်ထားကြ၏။ ရွှေလင်ပန်းအားကစားကွင်းကြီးကိုလည်း ကျူးကျော်အိမ်ရာများက ပတ်ပတ်လည်ဝန်းရံထား၏။ ရွှေလင်ပန်းချောင်းဘေးတစ်လျှောက် ရွှေလင်ပန်းရွာဘက်ခြမ်းတွင်လည်း ကျူးကျော်တဲအိမ်များ အပြည့်ရှိနေ၏။

အဆိုးဝါးဆုံးမြင်ကွင်းမှာ ဘုရင့်နောင် တံတားမှ ညောင်တုန်းသို့ ဆက်သွယ်ထားသော လမ်းမကြီးပေါ်တွင် လှိုင်သာယာစက်မှုဇုန် ၁၊ ၂၊ ၃ နှင့် ၄ ကိုမျက်နှာမူ၍ တဲအိမ်များ ရာထောင်ချီပြီး တသီတတန်းကြီး ဆောက်လုပ်ထားသော မြင်ကွင်းဖြစ်၏။ ဘုရင့်နောင်လမ်းမကြီးကိုကျောပေးပြီး အိမ်သာများကို အစီအရီဆောက်လုပ်ထားလေ၏။ အချို့အိမ်သာများကို မြွေရေခွံအိတ် အစုတ်အပြများဖြင့် ကာရံထား၏။ ငွေဆောင်နှင့် ချောင်းသာသို့ နေ့စဉ်မပြတ်မော်တော်ယာဉ်ဖြင့် သွားလာနေကြကုန်သော နိုင်ငံခြားသားများအတွက် အထူးစီစဉ်ထားသည့် ရှုကွက်ရှုရပ်ပမာ တွေ့မြင်နိုင်လေ၏။ မြန်မာတို့၏သိက္ခာကို အဝီစိရောက်အောင် ပို့ဆောင်ပေးနေသောမြင်ကွင်းများလည်းဖြစ်နေ၏။

ကျူးကျော်များကို "စိတ်ကြိုက်ကျူး"နှင့် "ထိပ်တိုက်ကျူး" ဟုနှစ်မျိုးခွဲနိုင်မည်ထင်၏။ အထက်တွင် ဖော်ပြခဲ့သော ကျူးကျော်အိမ်ရာများမှာ ရှေးဦးမဆွ စိတ်ကြိုက်နေရာရှာပြီး ဝင်ရောက်ကျူးကျော်လာရာမှ တဖြည်းဖြည်း တိုးပွားများပြားလာသော ကျူးများဖြစ်ခြင်းကြောင့် "စိတ်ကြိုက်ကျူး" ဟုဆိုနိုင်၏။ ထိပ်တိုက်ကျူးဆိုသည်မှာ နောက်မှလက်ကျန် နေရာရှာပြီး အလုံးအရင်းနှင့် အင်အားသုံး၍ မင်းမဲ့စရိုက် ဆန်ဆန် ပြောင်ပြောင်တင်းတင်း ဝင်ရောက်ကျူးကျော်သူများ ဖြစ်၏။ မကြာမီက ရွှေလင်ပန်းချောင်းတောင်ဘက်ခြမ်းတစ်လျှောက်တွင် တဲအိမ်အလုံး ၂၀၀ ခန့်ရက်ပိုင်းအတွင်း ဝင်ရောက်ကျူးကျော်မှုနှင့် ပန်းလှိုင်တံတားထိပ်နှင့် ပန်းလှိုင်မြစ် သောင်ထွန်းသည့်နေရာတွင် အလုံး ၅၀၀၀ ခန့် တစ်ပတ်အတွင်း ဝင်ရောက်ကျူးကျော်မှုများဖြစ်၏။ အစိုးရက အင်အားသုံးပြီး ထိပ်တိုက်တွေ့ဆုံကာ အတင်းအကျပ် ဖျက်ဆီးဖယ်ရှားခဲ့၏။ မြေစီမံခန့်ခွဲမှု တာဝန်ရှိသူတို့က မသိယောင်၊ မမြင်ယောင်ဆောင်နေခြင်း၊ အမုန်းမခံလိုခြင်း၊ အန္တရာယ်ပြုခံရမည်ကို ကြောက်ရွံ့ခြင်းစသည့် တာဝန်မဲ့စိတ်များကြောင့် စိတ်ကြိုက်ကျူးကျော်တို့က ကွန်ရက်လိုဖြန့်ကြက်၍ နေရာယူ တိုးပွားလာခြင်း ဖြစ်၏။ စိတ်ကြိုက်ကျူးတို့ လက်ဦးမှုကြောင့် ကျူးစရာနေရာက တစ်စတစ်စ အလွန်ရှားပါးလာလေ၏။ ထိုအခါ နောက်ရောက်လာသော အိမ်ရာမဲ့များ၊ အိမ်ငှားဘဝဖြင့် မရပ်တည်နိုင်သူများက ထိပ်တိုက်တွေ့ချင်လည်း တွေ့၊ ရှေ့ကလူတွေတောင် မဖယ်သေးရင်တို့ကိုလည်း ဖယ်မှာမဟုတ်၊ ဖယ်ရင်လည်း ရင်ဆိုင်ရုံပဲဟု စိတ်ပိုင်းဖြတ်ပြီး ပြောင်ပြောင်တင်းတင်း ရှိစုမဲ့စု လက်ကျန်နေရာများကို အတင်းဝင်ယူကြခြင်း ဖြစ်၏။ စိတ်ကြိုက်ကျူးက ခပ်ချောင်ချောင် ကျူးခြင်းဖြစ်ပြီး၊ ထိပ်တိုက်ကျူးက ခပ်ပြောင်ပြောင် ကျူးခြင်းဖြစ်၏။ မည်သို့ဆိုစေ စိတ်ကြိုက်ကျူးခဲ့သူများက ယနေ့ လှိုင်သာယာတွင် အလုံးအရင်းနှင့် တည်ရှိနေဆဲ ဖြစ်ပေသည်။

ယခင်က မြေစီမံခန့်ခွဲမှု တာဝန်ရှိသော အဖွဲ့အစည်းတွင် ကော်လိတ္တော်အရာရှိ၏၊ လုပ်ပိုင်ခွင့်များ ရှိ၏။ ကျူးကျော်အိမ်ရာကို အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေ အက်ဥပဒေအရ နှင့်တစ်ထုတ် ပြီးနောက် မဖယ်လျှင် ရဲနှင့် ဖယ်ရှားခွင့်ရှိ၏။ အမြန်ဆုံးချက်ချင်း ကွင်းဆင်းဆောင်ရွက်နိုင်သော လုပ်ပိုင်ခွင့်ဖြစ်၏။ တရားမထောင်တွင် တစ်လ ချုပ်နှောင်ခွင့်ရှိ၏။ ရန်ကုန်တွင် အကြမ်းအားဖြင့် စည်ပင်မြေကို မြို့တော်စည်ပင်က စီမံခန့်ခွဲ၍ အစိုးရမြေနှင့် အိမ်ရာစီမံကိန်းမြေကို အိုးအိမ်က စီမံခန့်ခွဲ၏။ သို့သော် ကော်လိတ္တော်အရာရှိလုပ်ပိုင်ခွင့်ကို ယခင်တပ်မတော်အစိုးရလက်ထက်မှစပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အပ်နှင်းထား၏။ အင်အားသုံးဖယ်ရှားမှုကို ထွေ/အုပ်ကသာ လုပ်ကိုင်နိုင်၏။ လက်တွေ့မြေစီမံခန့်ခွဲသူများက မလုပ်နိုင်။ လုပ်လိုလျှင် ထွေ/အုပ်ကိုတင်ပြရ၏။ ထွေ/အုပ်က တိုင်းဒေသကြီး အစိုးရအထိ အဆင့်ဆင့် တင်ပြ၏။ ထိုကာလအတွင်း စိတ်ကြိုက်ကျူးတို့အခွင့်သာပြီး အေးအေးဆေးဆေး အဖော်အပေါင်း များကိုပါခေါ်၍ ရွာတည်နိုင်ခွင့် ရရှိလေတော့၏။

**အချပ်ပို (VI) သို့**

(ယခင်အပတ်မှအဆက် . . . )

**ဘက်တူရင်လူမရွေးတဲ့ တက်လူကလေးသက်ခိုင်**

သူကျင်လည်ခဲ့လေသောလူကုံထံသူဌေးသူကြွယ်တို့၏ အကြောင်းမှသည် သူ့ဇာတိရပ်ရွာအကြောင်းဘက်သို့ စကားလမ်းကြောင်းပြောင်းလိုက်ချိန်တွင် ကိုသက်ခိုင်၏ အသံသည် အတန်ငယ်တိမ်သွားဟန်ရှိသည်။ သူ့မျက်လုံးအစုံသည် ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်ရာမှသည် အဝေးဆီသို့ ရွေ့လျားသွား၏။ ကျွန်တော်တို့ထိုင်နေရာဇရပ်ငယ်မှာ ဓာတ်ဆီဆိုင်ဝင်းအတွင်းတွင် တည်ရှိသည်ဖြစ်၍ မလှမ်းမကမ်းရှိဓာတ်ဆီပန့်များတွင် ဆီဝင်ဖြည့်သည့်ကားကြီး၊ ကားငယ်တို့ဥဒဟိုဝင်ထွက်နေကြသည်။

ထိုင်းနိုင်ငံ တစ်နံတစ်လျားရှိ ဓာတ်ဆီဆိုင်တိုင်း လိုလိုသည် ကျယ်ဝန်းသောမြေကွက်လပ်များတွင် ဆောက်လုပ်ထားကြပြီး နားခိုရန်ဇရပ်ငယ်နှင့် သန့်ပြန့်သော ကိုယ်လက်သန့်စင်ခန်းများလည်း ရှိသည်။ ကော်ဖီဆိုင်၊ မီနီမားကက်နှင့် ဆဲဗင်းအလဲဗင်းကဲ့သို့ စုံစီနဖာရောင်းသည့် ဆိုင်များတွဲဖက်ဖွင့်လှစ်ထားကြသည်။

ထိုင်းနိုင်ငံက ဓာတ်ဆီဆိုင်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် အချိန်မရွေး နေရာမရွေး လိုသလောက်ဝယ်ယူနိုင်သည်။ ကျွန်တော်သိသလောက် ထိုင်းနိုင်ငံတွင်ဖြန့်ဖြူးနေသောဓာတ်ဆီများမှာ သဘာဝဓာတ်ငွေ့မှသည် Gasoline ခေါ် ဓာတ်ငွေ့ရည်ဖြစ်အောင် ဖန်တီးထားခြင်းဖြစ်သည်ဟု ဆို၏။ Gasoline ထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့ရာခိုင်နှုန်းအများစုသည် မြန်မာပြည်မှဝယ်ယူတင်သွင်းခြင်း ဖြစ်လေသည်။ လျှပ်စစ်ဓာတ်အားရာခိုင်နှုန်းအများစု ထုတ်လုပ်ရာတွင်လည်း သဘာဝဓာတ်ငွေ့ကိုသာ အဓိကထား၍သုံးလေရာ ထိုင်းနိုင်ငံတစ်လွှား အသုံးပြုနေသော လျှပ်စစ်ဓာတ်အားပမာဏ၏ ၆၀ ရာခိုင်နှုန်းခန့်သည် မြန်မာပြည်ထွက်သဘာဝဓာတ်ငွေ့များမှမြစ်ဖျားခံသည်ဟု ကျွမ်းကျင်သူအချို့က ဆိုသည်။ ကိုသက်ခိုင်တစ်ယောက် အာရုံပြောင်းလိုပြောင်းငြား ကျွန်တော်စကားမရှိ စကားရှာလိုက်မိသည်။

"ဟေ့လူ ကိုသက်ခိုင်။ ထိုင်းက ဓာတ်ဆီတွေဟာ သဘာဝဓာတ်ငွေ့ကနေ လုပ်တာဆိုဗျ"

"ကျွန်တော်လည်း အဲဒီလိုပဲကြားဖူးတယ်ဗျ။ အေးဗျာ၊ မဆလခေတ်တုန်းက အမေရိကန်ရေနံကုမ္ပဏီတစ်ခုဟာ မြန်မာ့ပင်လယ်ပြင်မှာ ရေနံရှာတော့ ရေနံမတွေ့ဘဲ သဘာဝဓာတ်ငွေ့တွေပဲ တွေ့ဖူးသတဲ့။ နောက်ဆုံးတော့ မတော်တဆမှုပေပဲလား။ သို့တည်းမဟုတ် အမေရိကန်ကုမ္ပဏီနဲ့ဗမာအစိုးရအကြား နားလည်မှုလွဲရာကနေ ပြဿနာတစ်စုံတစ်ရာရဲ့နောက်ဆက်တွဲများ ဖြစ်လေသလားတော့ မဆိုနိုင်ဘူး။ အဲဒီမြန်မာ့ကမ်းလွန်ရေနံအစမ်းတွင်းဟာ ရုတ်တရက်မီးလောင်ပေါက်ကွဲပြီး နိဂုံးချုပ်ခဲ့ဖူးတယ်ဗျ။ အချက်အလက်အသေးစိတ်ကို ကျွန်တော်မသိပေမယ့် အဲဒီရေနံအစမ်းတွင်း မီးလောင်နေတဲ့ပုံကို အဲဒီကာလထုတ်တဲ့ သတင်းဂျာနယ်တွေမှာ ဖော်ပြခဲ့တာ အခုထက်ထိကျွန်တော်မှတ်မိနေတယ်"

"သဘာဝဓာတ်ငွေ့တွေတွေ့ပြီးသားဆိုတော့ အမေရိကန်တွေနစ်နာကုန်တာပေါ့ ဒီလိုလား"

"ဘယ်သူနစ်နာသလဲဆိုတာ ယတိပြတ်တော့မဆိုနိုင်ဘူး။ အဲဒီခေတ်ကာလက သဘာဝဓာတ်ငွေ့တွေဟာ ဈေးကွက်ရှိဟန်မတူဘူး။ သဘာဝဓာတ်ငွေ့တွေကို နေရာတချို့မှာ ဒီအတိုင်းမီးရှို့ပြီးထားတဲ့ မီးတောက်ကြီးတွေ ကျွန်တော်မြင်ဖူးတယ်။ ကျွန်တော့်စိတ်ထင် ရန်ကုန်အင်းစိန်လမ်း၊ အုတ်ကျင်းအလွန် သမိုင်းလမ်းဆုံမရောက်မီ ရေမြောင်းကြီးနားမှာလို့ထင်မိတယ်။ ခုတော့ သဘာဝဓာတ်ငွေ့ကနေ နည်းပညာ အသစ်တစ်မျိုးနဲ့ Gasoline လို ဓာတ်ဆီတစ်မျိုးဖြစ်အောင်လုပ်နိုင်ပြီမို့ သဘာဝဓာတ်ငွေ့ဟာ ရွှေဖြစ်လာတာပေါ့ဗျာ။ သဘာဝဓာတ်ငွေ့ရွှေလိုတန်ဖိုးရှိတဲ့အချိန် မြန်မာပြည်ထဲမှာ ဓာတ်ငွေ့သိုက်တွေ တစ်သီတစ်တန်းကြီးရှာတွေ့တော့ ရတနာပုံဆိုက်ကိန်းဝင်ကုန်တာပေါ့ဗျာ။ မြန်မာပြည်သူလူထုအတွက် ဟုတ်၊ မဟုတ်တော့ မသေချာလှဘူး။ ခင်ဗျား ဘာသာဆက်တွေးပေတော့"

"နေပါဦးဗျ။ သဘာဝဓာတ်ငွေ့ကနေ ဓာတ်ဆီထုတ်နိုင်တာမကြာလှသေးဘူးထင်မိတယ်"

"သေချာတာပေါ့ဗျာ။ ဒီနည်းပညာကို STG+ (Syngas to Gasoline Plus)လို့ခေါ်သတဲ့ဗျ။ စတင်တွေ့ရှိတာကတော့ အမေရိကန်တွေပဲ။ တွေ့တာလည်း ဆယ်စုနှစ်ဝန်းကျင်လောက်ပဲရှိဦးမယ်။ အခု ကျွန်တော်တို့ မျက်စိရှေ့က ဓာတ်ဆီဆိုင်မှာရောင်းနေတဲ့ Gasoline 91 တို့၊ 95 တို့ဆိုတာ ဗမာပြည်က တင်သွင်းလာတဲ့ သဘာဝ ဓာတ်ငွေ့တွေကနေ ထုတ်တာပေါ့ဗျ။ ဒီနည်းပညာကို အမှီပြုပြီး အဆမတန်ချမ်းသာကုန်ကြတာကတော့ အာရပ်အာဏာရှင်တွေပေ့ါ။ ဒါတင်မကသေးဘူး။ ဒီဓာတ်ဆီဆိုင်မှာ ဓာတ်ဆီရောင်းနေတဲ့ ဝန်ထမ်းတွေလည်း ဗမာအလုပ်သမားတွေပါပဲဗျာ။ ဒီဆိုင်က ပန့်ကိုင်နေတဲ့ဝန်ထမ်းကလေးနှစ်ယောက်ဆို ကျွန်တော်တို့ရွာနဲ့သိပ်မဝေးတဲ့ ရွှေပန်းတောကဆိုလား"

"အာ၊ သေချာမှ လုပ်ပါဗျာ။ ဓာတ်ဆီပန့်ကိုင်တဲ့ ဝန်ထမ်းက ဗမာဖြစ်နိုင်ပါ့မလား။ သူတို့ပြောနေပုံကတော့ တကယ့်ထိုင်းလူမျိုးစစ်စစ်တွေလိုပဲ"

"ဟုတ်သမှ ဟုတ်ဟုတ်၊ ဟုတ်ဟုတ်နဲ့ တောင်နေသေးဗျာ။ ထိုင်း လဝက ရန်ကြောင့် ထိုင်းယောင်ဆောင်သော အညာသားတွေဖြစ်ကုန်ကြတာပေ့ါ။ ဓာတ်ဆီပန့်ကိုင်တဲ့ အဆင့်တောင်မဟုတ်ဘူး။ တချို့ဆို နာမည်ကြီးဟိုတယ်တွေရဲ့ မန်နေဂျာအဆင့်မှာတောင် မြန်မာတွေရှိပ့ါဗျာ။ တိုင်းပြည်အတွက်ဆိုတဲ့ ခေါင်းစဉ်နဲ့ အကျယ်ချဲ့တွေးမိလို့ကတော့ ညညတောင် အိပ်ပျော်နိုင်စရာမရှိဘူး။ တကယ့်အရွယ်ကောင်း အားကောင်းမောင်းသန်တွေ၊ ထက်မြက်တဲ့သူတွေလည်း ပါပ့ါဗျာ။ ဟိုးလွန်ခဲ့တဲ့ နှစ်အစိတ်ဝန်းကျင်ကတော့ ထိုင်းဘက်ကိုရောက်လာကြတဲ့ ဗမာအများစုဟာ ထိုင်းနယ်စပ်တစ်ဝိုက်က မွန်၊ ထားဝယ်လို ဗမာတိုင်းရင်းသား တွေများပါတယ်။ ခုကာလမှာတော့ ကျွန်တော့်ဇာတိရွာဘက်ဆီကတောင် ထိုင်းကို အိမ်ဦးနဲ့ကြမ်းပြင်လိုဖြစ်ပြီး ရောက်လာကုန်ကြပြီဗျာ။ အေးဗျာ၊ ကျွန်တော့်ဇာတိရွာနဲ့ပတ်သက်လို့ ကျွန်တော့်နာကြည်းစရာအတိတ်ဆိုးတွေရှိခဲ့သလို လွမ်းမောစရာတွေလည်း အများကြီးပါပဲ။ အထူးသဖြင့် ကျွန်တော့်ရွာသားတွေ၊ ကျွန်တော့်အမျိုးတွေ ထိုင်းနိုင်ငံအနှံ့မှာ ကျပန်းအလုပ်သမားတွေအဖြစ် ရောက်လာကုန်ကြတဲ့အဖြစ်ဟာ ကျွန်တော့်ကို အိပ်မက်ကနေ လှုပ်နှိုးလိုက်သလိုပါပဲ"

အလုပ်ပါးသောနေ့ဖြစ်သည့်အပြင် နံနက် ၉ နာရီဝန်းကျင်ခန့်သာရှိသေးသဖြင့် ကိုသက်ခိုင်၏ ဇာတိရွာဇာတ်ကြောင်းနားထောင်နိုင်ရန် အခွင့်သာလျက်ရှိလေရာ သူ့စကားစကို သူ့စိတ်ကြိုက်ရှေ့ဆက်နိုင်ရန် ကျွန်တော်လမ်းဖွင့်ပေးလိုက်ပါသည်။

"အင်း၊ ဒါဆိုလဲ စောစောကခင်ဗျားပြောလက်စ ကိုသက်ခိုင့်ရွာအကြောင်း ပြန်ဆက်ပါဦးဗျ"

နတ်မောက်နယ်တစ်ဝိုက်က ရွာတွေဟာ ပုဂံအပျက်မှာ နတ်မောက်မိဖုရားက သူ့နောက်လိုက်တွေနဲ့အတူ ပြန်လာပြီး အခြေချရာကနေ အစပြုတယ်ဆိုတာကို ထည့်စဉ်းစားရင် ကျွန်တော့်ဇာတိရွာမှိုက်ပင်ဟာ ပုဂံအပျက်မှာ စပေါ်လာသလား မဆိုနိုင်ဘူး။ ဒါ့အပြင် နောက်ထပ်စဉ်းစားစရာတစ်ခုရှိနေတာက ရွာနဲ့မလှမ်းမကမ်းမှာရှိနေခဲ့တဲ့ အင်ကြင်းငုတ်တိုတွေကြောင့်ဗျ။ အင်ကြင်းကျောက်ဖြစ်ဖို့ဆိုတာ နှစ်ပေါင်းသန်းချီကြာရိုးသာမှန်ရင် ကျွန်တော်တို့ ရွှေပင်ရွာရဲ့သက်တမ်းဟာ နှစ်သန်းချီကြာပြီပြောရမှာပဲဗျ။ ဟုတ်တယ်လေ။ အဲဒီအင်ကြင်းငုတ်တွေမှာ ထင်ထင်ရှားရှားမြင်နေရတဲ့ ပုဆိန်ရာလိုလို၊ ဓားရာလိုလို ခုတ်ထစ်ထားတာတွေဟာ လူတွေအခြေကျနေထိုင်ခဲ့လို့ပေ့ါ။ ရွာက သက်ကြီးရွယ်အိုတော်တော်များများကို ကျွန်တော်စပ်စုကြည့်မိသလောက် ဒီရွာဘယ်ကာလက စတည်ဖြစ်ခဲ့တယ်ဆိုတာ ပြောနိုင်တဲ့သူတစ်ယောက်မှ မရှိဘူးဗျ။ ဒါကြောင့် ပုံပြင်တွေထဲကလို ဟိုးရှေးရှေးတုန်းကလို့သာ ပြောရတော့မယ်ထင်ပါရဲ့။ နေဦးဗျ။ ကျွန်တော်ဖတ်ဖူးတဲ့ (ကဒ်ရ်ရွှိကာသစ်)မှာ ဈေး၊ တံတိုင်းနှစ်ပါးမရှိသော အရပ်သည် ဂါမမည်၏။ ဈေးသာရှိ၍ တံတိုင်းမရှိသည်ကား နိဂမမည်၏။ တံတိုင်း၊ ဈေးနှစ်ပါးရှိသည်ကား နဂရဖြစ်၏တဲ့။ ကျွန်တော်တို့ရွာကတော့ ဈေးဆိုလို့ ကြီးဒွေးတို့ဈေးဆိုင်သာရှိပြီး ရွာပတ်ပတ်လည်ကို ဆူးခက်တွေ၊ ပိုင်းတန်းတွေကာရံထားကြတာကြောင့် ဘယ်လိုခေါ်ရမှန်းတောင် မသိတော့ပါဘူးဗျာ။

ကျွန်တော်သတိထားလေ့လာမိသလောက် ရွာတည်ခဲ့တဲ့ကာလရှည်လျားသလောက် ရွာသူရွာသားတွေဟာ ခေတ်အဆက်ဆက် ထီးရိပ်၊ နန်းရိပ်နဲ့ ခပ်ကင်းကင်းနေခဲ့ကြပုံရတယ်။ အင်္ဂလိပ်ခေတ်မှာရော၊ ဒီဘက်ခေတ်မှာပါ ထိုနည်းငှင်းပါပဲ။ မှိုက်ပင်ကော အနီးချုပ်စပ်ကရွာတွေထဲမှာပါ ဘုရင်ခေတ်မှာ သူကောင်းပြုခံရဖူးတယ်။ နန်းသုံးတော်ကောက် အရာရောက်ဖူးတယ်ဆိုတဲ့ မှတ်တမ်းမျိုးကြားတောင် မကြားဖူးဘူးဗျာ။

ကျွန်တော်တို့နယ်တစ်ရိုးက ရွာနာမည်တွေဟာ ရွာနဲ့သမိုင်းကြောင်းဘယ်လိုဆက်စပ်တယ်ဆိုတာ ခွဲခြားနိုင်တဲ့ အရပ်သီအိုရီတစ်ခုလည်း ရှိသေးတယ်ဗျ။ ရွာနာမည်မှာ တော၊ တန်း၊ စမ်း၊ အိုင့် ဆိုတာတွေပါနေရင် ရွာအိုတဲ့။ မပါတဲ့ရွာဆိုရင် နေပြည်တော်နဲ့အဆက်ရှိတဲ့ ရွာတဲ့ဗျ။ ဆိုလိုရင်းကတော့ဗျာ။ ရွာနာမည်က တောတွေ၊ အပင်တွေ၊ စမ်းတွေကို အစွဲပြုပြီးဖြစ်နေရင် အဲဒီရွာကို သမိုင်းမတင်တဲ့ရွာ၊ ယာမြေ၊ တောမြေ၊ စိမ့်စမ်းကောင်းလို့ စုဖွဲ့နေရင်း တဖြည်းဖြည်းအိမ်ခြေများလာတာလို့ယူဆတယ်။ ရုံးတော၊ မှိုက်ပင်၊ ညောင်ကျပ်ပင်၊ ဖားငစမ်း၊ ဝါးကြီးအိုင့်၊ ဖန်းခါးပင်၊ မကျည်းတန်းတို့လို ရွာမျိုးတွေပေ့ါ။ ထူးခြားတဲ့နာမည်ရှိနေရင်တော့ မင်းသားတွေ၊ နယ်ပယ်စားတွေ၊ မင်းနေပြည်တော်ကနေ ပုန်ကန်ဖို့ထွက်လာတဲ့မင်းဆွေ၊မင်းမျိုးတွေတည်တဲ့ရွာလို့ ယူဆကြတယ်။ မင်းမနော်၊ ငွေလေး၊ နားကျ၊ သက်ဝင်၊ နဂါးတို့လို ရွာနာမည်တွေပေ့ါ။

ရွာမှာထူးခြားချက်တွေတော့ ရှိလေရဲ့။ နှစ်ဝမ်းကွဲ၊ သုံးဝမ်းကွဲအမျိုးချင်းပြန်ပေးစားတဲ့ ဓလေ့ထုံးစံတချို့ကို ကျွန်တော်ငယ်ငယ်က ကြားခဲ့ဖူးတယ်။ အခု ခင်ဗျားကိုကျွန်တော်စကားပြောနေတဲ့အချိန်ထိ မှိုက်ပင်ဟာပြင်ပကမ္ဘာကြီးနဲ့ထင်သလောက် မချိတ်ဆက်မိသေးဘူးဗျ။ အေးလေ၊ ရွာလယ်မှာ အသံချဲ့စက်တစ်လုံးချိတ်ပြီး သာမှုနာမှုနဲ့ ဆက်သွယ်ရေးကိစ္စတွေ ဒိုင်ခံလုပ်နေတဲ့ဓလေ့ထုံးစံပျောက်တာတောင် ငါးနှစ်မပြည့်သေးဘူးဗျ။ ရွာသားတွေရဲ့ ပင်ကိုစရိုက်ကိုကလည်း ကိုယ့်ယာ၊ ကိုယ့်ချောင်း ကိုယ့်ဓားမဦးချလုပ်ပြီး အေးအေးလူလူ နေချင်ကြတဲ့သူများတယ်။ ရွာမှာဖြစ်တဲ့ အမှုအခင်းတော်တော်များများဟာ သူကြီးအဆုံးအဖြတ်နဲ့ ပြီးတတ်ကြချည်းပါပဲ။

ခုကာလအထိ ရွာကို ရဲ(ပုလိပ်)ဝင်တယ်ဆိုတာ တကယ့်ကိုကြုံတောင့်ကြုံခဲကိစ္စ။ ကြုံတုန်းမို့ ပြောရဦးမယ်။ မှိုက်ပင်ရွာကို ရဲ(ပုလိပ်)ဝင်အောင် လက်မွန်မဆွဦးစွာပထမဖန်တီးခဲ့သူကတော့ ကျွန်တော်ကိုယ်တိုင်ပဲဗျာ။

ဟုတ်တယ်။ ၁၉၇၅ ဝန်းကျင် ကျွန်တော် (၁၇)နှစ်သားလောက်ကပေ့ါ။ ကျွန်တော့်အစ်ကိုအကြီးဆုံး ရွာပြန်လည်တုန်း လမိုက်ညတစ်ရက်သား သံတုတ်နဲ့ချောင်းရိုက်ခံရပြီး အသည်းအသန်လူနာအဖြစ်နဲ့ နတ်မောက်ဆေးရုံတင်ရတုန်းပေ့ါ။

**အချပ်ပို (VI) သို့**




# မင်းဒင်ရဲ့သက်ခိုင်(၂)

■ မင်းဒင်

# အေပီကေနဲ့ အစက်ကလေးနှစ်စက်

မောင်သာချို




### (တစ်)

သူ့ကာတွန်းလက်ရာတချို့ကို လက်မှတ်ရေးထိုးဖော်ပြသောအခါ တစ်ခါတစ်ခါမြန်မာလိုရေးထိုးဖော်ပြလေ့ရှိသော်လည်း တစ်ခါတစ်ခါမှာတော့ သူက အေပီကေ (APK)ဟူ၍ ရေးထိုးလေ့ရှိပါသည်။ အေပီကေဆိုတော့ အော်ပီကျယ်ပေါ့။ လော်စပီကာ (Loud Speaker) ကြီးကို ကြိုက်ကာ သူ့ကိုယ်သူ အော်ပီကျယ်ဟူ၍ အမည်ပေးခဲ့လေသည့် ကျွန်တော့် သူငယ်ချင်း နိုင်ငံကျော်ကာတွန်းဆရာ။

### (နှစ်)

သူနှင့် ကျွန်တော်ခရီးမိုင်ပေါင်းထောင်နှင့် သောင်းနှင့်ချီ၍ အတူတကွခရီးနှင်ခဲ့ဖူးပါသည်။ ပရိသတ်တို့ စုပြုံအုံခဲနေသည့် စာပေစင်မြင့်တွေပေါ်ကနေ သူပြီးကိုယ်၊ ကိုယ်ပြီးသူ စကားပြောခဲ့ကြဖူးပါသည်။

အခုတလောမှာတော့ သူ့စကားတွေထဲကနေ ကျွန်တော့်စိတ်ထဲ အမှတ်မထင်စွဲနေမိသည့် အချက်ကလေး တစ်ချက်ရှိပါသည်။ အစက်ကလေးနှစ်စက်။ ဟုတ်ပါသည်။ အစက်ကလေး နှစ်စက်ကိစ္စပါ။

### (သုံး)

ကျွန်တော်တို့၏ မြန်မာဘာသာစကားနှင့် ပတ်သက်၍ သွင်ပြင်လက္ခဏာများကို ပုံဖော်ကြလေသောအခါ ရှုထောင့်အသီးသီးမှ အမြင်အမျိုးမျိုးဖြင့် ပုံဖော်ကြရာတွင် ထင်ရှားသည့် လက္ခဏာတစ်ရပ်မှာ မြန်မာဘာသာစကားသည် နိမ့်မြင့်သံ ဘာသာစကားဖြစ်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။ အင်္ဂလိပ်လို Tone Language တဲ့။ က၊ ကာ၊ ကား၊ ကု၊ ကူ၊ ကူး၊ ကန်၊ ကန့်၊ ကန်းစသည်ဖြင့် ရှိနေပုံမျိုးကို အခြေခံကာ သတ်မှတ်လိုက်ကြခြင်း ဖြစ်ပါသည်။

ဤတွင် ကားဟူသောစကားလုံး၌ပါဝင်သည့် အစက်ကလေးနှစ်စက်ကို ကျွန်တော်တို့က ဝစ္စပေါက်သံ၊ ဝိသဇ္ဇနီပါသော အသံ၊ အမြင့်သက်သံ၊ ကျသံ၊ သံလေး၊ နိမ့်သံစသည်ဖြင့် အမျိုးမျိုးခေါ်ကြပါသည်။ အင်္ဂလိပ်လိုကတော့ High Falling Tone ပါပဲ။

ကိုအော်ပီကျယ်က ထိုအစက်ကလေးနှစ်စက် အရေးကြီးကြောင်း စင်မြင့်ပေါ်ကနေ ပြောချလိုက်ရာ ကျွန်တော့်စိတ်ထဲ၌ ငြိသွားမိခြင်းဖြစ်ပါသည်။

သူက"လာရာ"နှင့်"လားရာ"တဲ့။ "လာရာ"၌ အစက်ကလေးနှစ်စက်မပါ။ "လားရာ"၌ အစက်ကလေး နှစ်စက်ပါပါသည်။ ထိုအစက်ကလေးနှစ်စက်က လူနှင့်လောကအတွက် အလွန်အရေးပါနေခြင်းဖြစ်ပါသည်။

### (လေး)

ကျွန်တော်တို့သည်"လာရာ"ကို အခြေတည်ကာ စိတ်ပျက်ကြ၊ လက်လျှော့ကြ၊ အပြစ်ဆိုကြ။

ကျွန်တော့်အဖေက လယ်သမား၊ ကျွန်တော်တို့နေတာက တောမှာဟုဆိုကာ ဘဝမှာ ဘာမှမဖြစ်နိုင်ပါဘူးဟုဆိုပြီး စိတ်ပျက်လက်ပျက်ဖြစ်နေသည့် လူငယ်တစ်ယောက်ကို ဘဝခရီးလမ်းတစ်နေရာ၌ ကျွန်တော်တွေ့ခဲ့ဖူးပါသည်။

ကျွန်တော်တို့နေကြရတာက အာဏာရှင်လက်အောက်၊ ကျွန်တော်တို့ကိုဝန်းရံထားတာက သံမဏိစည်းမျဉ်းစည်းကမ်းတွေ။ ဒါကြောင့်လွတ်လွတ်လပ်လပ်ပြောဆိုရေးသားဖို့ဆိုတာ မဖြစ်နိုင်ပါဘူးဟုလက်လျှော့သူမိတ်ဆွေများစွာကိုလည်း ဘဝအချိုးအကွေ့ဟိုနေရာသည်နေရာများစွာ၌ ကျွန်တော်တွေ့ခဲ့ဖူးပါသည်။

အဲသည့်လူက ခရစ်ယာန်ပေါ့။ အဲသည့်မိန်းကလေးက အစ္စလာမ်ပေါ့။ ဟောဟိုလူကြီးက ဗုဒ္ဓဘာသာဝင်ပေါ့။ သူ့အဖေက ရဲလေ။ သူ့ဦးလေးက ယစ်ထုပ်ကြီးဥစ္စာ။ သူ့အမေက ကုန်စိမ်းသည်မဟုတ်လားစသည်စသည်ဖြင့်လည်း ကျွန်တော်တို့သည် ကိုယ်ဘာမှ မကျူးလွန်ခဲ့ရ၊ ကိုယ့်ပယောဂလည်း ဘာမှ မပါခဲ့ရ၊ ကိုယ်လည်း တစ်စုံတစ်ရာပါဝင်အားထုတ်မှုမပြုခဲ့ရသည့် မူလ"လာရာ"များကို အခြေခံကာ အပြစ်ဆိုခဲ့ကြ၊ အပြစ်ဆိုခံခဲ့ကြရသည်မှာလည်း နိစ္စဓူဝပင်ဖြစ်ပါသည်။

လာရာကို ကြည့်ကာ စိတ်ပျက်ရုံ၊ လက်လျှော့ရုံ၊ အပြစ်ဆိုရုံနှင့် ကျွန်တော်တို့နှင့် ကျွန်တော်တို့လူ့အဖွဲ့အစည်းရှေ့သို့ တိုးရွှေ့နိုင်ပါစ။

### (ငါး)

သူက အစ္စလာမ်ဘာသာဝင်ပါဟု လာရာကို ကြည့်လျှင် အဗ္ဗဒူကလာမ်(Abdul Kalam)။ အိန္ဒိယမှာ ၁၁ ဆက်မြောက် သမ္မတကြီးဖြစ်လာခဲ့ပါ့မလား။ သူကလူမည်းတစ်ယောက်ပါဟု လာရာကိုကြည့်လျှင် ဘားရက်အိုဘားမား (Obama)တစ်ယောက်အမေရိကန်ပြည်ထောင်စု၏ သမ္မတတစ်ယောက်ဖြစ်လာပါ့မလား။ ငါကတောကြီးမျက်မည်းရေရိုင်းမြေရိုင်းမှာ မွေးခဲ့ရတာ၊ ဆင်းရဲပြီးပညာမဲ့တဲ့ မိသားစုမှာ မွေးပြီးသစ်ခုတ်ခဲ့ရ၊ ကူးတို့လှေလှော်ခတ်ခဲ့ရတာဟုဆိုပြီး လာရာကို စိတ်ပျက်နေခဲ့လျှင် အေဗရာဟင်လင်ကွန်း (Abaraham Lincoln) အမေရိကန်ပြည်ထောင်စု၏ သမ္မတကြီးဖြစ်ခဲ့ပါ့မလား။ မူလဘူတကတံငါရွာ၊ အကျယ်အဝန်းက ၆၄၀ စတုရန်းကီလိုမီတာ၊ သဘာဝသယံဇာတက သုညဗလာ။ ထို့ကြောင့် လာရာကိုကြည့်ကာ စိတ်ပျက်လက်လျှော့နေခဲ့သော် စင်ကာပူယခုလို ပထမကမ္ဘာ့နိုင်ငံဖြစ်လာပါ့မလား။ အတန်းပညာက သုံးလေးတန်းအောင်ရုံမျှ၊ မွေးဖွားရာဇာတိက အိမ်ဆယ်လုံး မပြည့်သည့် ရွာမည်ကာမတ္တ။ ထို့ကြောင့် ထိုလာရာကို ကြည့်ကာ ဘဝကို လက်မြှောက်အရှုံးပေးခဲ့သော် ဆန်းထွန်း(မန်းတက္ကသိုလ်)တို့လို၊ ပါရဂူတို့လို စာပေပညာရှင်ကြီးတွေ ပေါ်ပေါက်လာပါ့မလား။

ဘဝမှာ အရေးကြီးဆုံးက အစက်ကလေး နှစ်စက်(သို့) ဝစ္စပေါက်ပါဝင်သည့် "လားရာ"ဖြစ်ပါသည်။ ဘာလုပ်မှာလဲ၊ ဘာဖြစ်ချင်တာလဲ၊ ဘာရည်ရွယ်ထားသလဲ၊ ဘယ်ကိုဦးတည်နေသလဲ၊ ဘယ်သူတွေအတွက်လဲ။ အဲသည့်ဝစ္စပေါက်ကလေးနှစ်လုံးက တော်တည့်ဖြောင့်မတ်မှန်ကန်ရာသို့ ဦးတည်ထားပြီဆိုလျှင် "လာရာ"က ဘာမှ အရေးမကြီးတော့။

စိတ်ဓာတ်ညံ့ဖျင်းသေးသိမ်သူတို့က လာရာကို အပြစ်ဖို့ကြစမြဲ။ စိတ်ဓာတ်ခွန်အားပြတ်သားခိုင်မာသူတို့က လားရာကို အသေအချာရွေးချယ်လျှောက်လှမ်းသွားကြစမြဲ။ အစက်ကလေးနှစ်စက်အကြောင်းပြောသူ အေပီကေ (APK) အား ကျေးဇူးတင်ရပါသည်။

# မြန်မာနှင့် နီပေါအစုအဖွဲ့ပိုင် သစ်တောနှင့်ပတ်သက်၍ နည်းပညာဖလှယ်မည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများနှင့်ပတ်သက်၍ မြန်မာနှင့် နီပေါနိုင်ငံတို့ အပြန်အလှန်သွားရောက်လေ့လာကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ဒေသအစုအဖွဲ့ပိုင် သစ်တောစိုက်ပျိုးမှု အားသာချက်၊ အားနည်းချက်များ၊ နည်းပညာများကို မြန်မာနှင့် နီပေါနိုင်ငံတို့ အပြန်အလှန် ဖလှယ်ကြမည်ဟု ပျိုးပင်လူမှုအဖွဲ့အစည်းမှ ဆလိုင်းကျုံးလျန်ထောင်းက ပြောသည်။

အဆိုပါ နည်းပညာဖလှယ်ရေးအစီအစဉ်အရ နှစ်နိုင်ငံသစ်တောဌာနမှ ဝန်ထမ်းများ၊ သစ်တောအရပ်ဘက်အဖွဲ့အစည်းများနှင့် သစ်တောအသုံးပြုသူများ ပါဝင်မည်ဖြစ်ပြီး လာမည့်ဧပြီတွင် အစီအစဉ် စတင်ရန် ရည်ရွယ်ထားသည်ဟု သိရသည်။

"နီပေါမှာ ဒေသအစုအဖွဲ့ပိုင် သစ်တောလုပ်တာက ကြာပြီ။ အားသာချက်၊ အားနည်းချက်တွေကို လဲလှယ်တဲ့သဘောပါ။ အရင်ကသွားတာတော့ ရှိပေမယ့် အခုက Forestry User တွေပါပါမယ်" ဟု ဆလိုင်းကျုံးလျန်ထောင်းက ပြောသည်။

မြန်မာနိုင်ငံတွင်လည်းဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို နှစ်သုံးဆယ် စီမံကိန်းဖြင့်သစ်တောစိုက်ခင်း ၂ဒသမ ၂၇ သန်း တည်ထောင်ရန် လျာထားလုပ်ဆောင်လျက်ရှိသည်။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညက်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိင်္ဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006


# မလေးရှားရောက် မြန်မာများရဲ့ လုံခြုံရေးဘာလုပ်ပေးကြမှာလဲ

**အောင်သိဒ္ဓိ**




၇ ‌. ၂. ၂၀၁၄ ထုတ် 7DAY သတင်းစာတွင် မလေးရှားရောက် မြန်မာများနှင့် ပတ်သက်သော သတင်းနှစ်ပုဒ်ကို ဖတ်လိုက်ရသည်။ "မလေးရှားနိုင်ငံတွင် ရောက်နေသည့် ရခိုင်အမျိုးသားပါတီခေါင်းဆောင်များ သေနတ်ဖြင့် လိုက်လံပစ်ခတ်ခံရ"ဟူသော သတင်းနှင့် "မလေးရှားရောက် မြန်မာနိုင်ငံသားအရေး ဆောင်ရွက်နေသည့် ၈၈ ကျောင်းသား ကိုအောင်ကြီး ကွာလာလမ်ပူတွင် အသတ်ခံရ" ဟူသော ခေါင်းစဉ်ပါ သတင်းနှစ်ပုဒ်တို့ဖြစ်သည်။

ယမန်နှစ် ရခိုင်ပြည်နယ် ပြဿနာများဖြစ်ပွားပြီးချိန်မှစ၍ မလေးရှားရောက် မြန်မာနိုင်ငံသားများ အန္တရာယ်အမျိုးမျိုး၊ အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်နေရကြောင်း သတင်းစာဖတ်သူတိုင်း သိကြမည်ဖြစ်သည်။ နေ့စဉ်သတင်းစာများတွင် မလေးရှားရောက် မြန်မာအလုပ်သမားများ အုပ်စုဖွဲ့ အနိုင်ကျင့်ခံရခြင်း၊ လူမျိုးခြားတို့၏ ချောင်းမြောင်းသတ်ဖြတ်မှုကို ခံရခြင်း၊ မြန်မာအမျိုးသမီးများ နှိပ်စက်ခံရခြင်း၊ အဓမ္မပြုကျင့်ပြီး လုပ်ကြံသတ်ဖြတ်ခံရခြင်း စသည့် အနိဋ္ဌာရုံသတင်းများက တစ်ခုမက၊ နှစ်ခုမက အများအပြားရှိခဲ့ကြောင်း တွေ့ရသည်။

ဒေါက်တာအရှင်ဉာဏိဿရလို ပုဂ္ဂိုလ်မျိုး၊ ကမ္ဘောဇဘဏ်ကုမ္ပဏီလို ပရဟိတအဖွဲ့အစည်းများက ကူညီပေးမှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူများလည်း အများအပြားပင်ရှိသည်။ တစ်လောကပင် ကမ္ဘောဇလေကြောင်းအစီအစဉ်ဖြင့် မလေးရှားရောက် မြန်မာလုပ်သားများ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။ မလေးရှားတွင် ကျန်ရှိနေသော မြန်မာလုပ်သားများမှာလည်း စိုးရိမ်ထိတ်လန့်မှုများဖြင့် ကြီးလန့်စာစား နေထိုင်ကြရကြောင်း၊ သတိကြီးစွာ ထားနေရကြောင်း၊ ဘယ်သွားသွားနေ့အခါ အုပ်စုလိုက်သာ သွားရဲကြောင်း ပြန်လာသူများ၏ ပြောကြားချက် သတင်းများမှ သိရပြန်သည်။

ယခုတော့ အခြေအနေက ယုတ်လျော့မသွားသည့် အပြင် ပိုဆိုးလာသည်ဟုပင် ပြောရမလိုဖြစ်နေပေသည်။ မြန်မာ့အရေး ဆောင်ရွက်ရန်သွားသည့် နိုင်ငံရေးခေါင်းဆောင်များကိုပင် သေနတ်ဖြင့် လိုက်လံပစ်ခတ်သည်အထိ စော်ကားလာခြင်းမှာ သွေးရိုးသားရိုးမဟုတ်တော့ဟုပြောရမည်ထင်သည်။ ထို့အပြင် မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူတွင် ၈၈ ကျောင်းသားကိုအောင်ကြီးကိုလည်း သတ်ဖြတ်လိုက်သည်ဆိုတော့ "မလေးရှားရောက် မြန်မာများ လုံခြုံရေး ဘာလုပ်ပေးကြမှာလဲ"ဟုပင် မေးချင်မိတော့သည်။

မလေးရှားတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား ငါးသိန်းဝန်းကျင်ရှိပြီး ၎င်းတို့နှင့် ပတ်သက်သည့် ပြဿနာများကို လေ့လာကြည့်လျှင် ပထမဆုံးအားနည်းချက်မှာ မလေးရှားနိုင်ငံရှိ မြန်မာသံရုံး၏ မြန်မာနိုင်ငံသားများအပေါ် လုံခြုံရေးတာဝန်ယူမှုအလွန်အားနည်းနေသည်ဟု သုံးသပ်မိပါသည်။ ဖြစ်ပွားခဲ့သည့် ကိစ္စရပ်တိုင်းမှာလိုပင် မြန်မာသံရုံးအနေဖြင့် ထဲထဲဝင်ဝင်တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ ပြဿနာမဖြစ်စေရန်၊ ကြိုတင် ကာကွယ်ပေးနိုင်ရန် ဝေးစွ ဖြစ်လာသည့် အချိန်မှာပင် အချိန်မီထိန်းသိမ်းဆောင်ရွက်ပေးနိုင်ခြင်းမျိုး မရှိကြောင်း တွေ့ရပါသည်။ ယခုဖြစ်ပွားသည့်ရခိုင်အမျိုးသားပါတီခေါင်းဆောင်များအား အများတကာ သွားလာနေသော ကားလမ်းမပေါ်တွင်ပြောင်ပြောင်တင်းတင်း သေနတ်ဖြင့် လိုက်လံပစ်ခတ်ခံရ သည့် ကိစ္စတွင်လည်း မလေးရှားနိုင်ငံရှိ မြန်မာသံရုံးသည် ဆက်သွယ်မေးမြန်းမှုကိုပင် ရုံးချိန်လွန်သွားပြီဟူသော အကြောင်းပြချက်ဖြင့် ပြဿနာ၏ ဖြစ်စဉ်ကို ပြန်လည်ဖြေကြားနိုင်ခြင်းမရှိကြောင်း သိရသည်။ ယခု ကိစ္စတွင် သေနတ်ပစ်ခံရသည့် ခေါင်းဆောင်များ သေနတ်ကျည်ဆန်ထိမှန်ခြင်း မရှိခဲ့ခြင်းကြောင့် တော်သေးသည်ဟု ဖြေဆိုရမည်ဖြစ်သည်။ သို့မဟုတ်ပါက ပြဿနာပိုကြီးသွားနိုင်ပေသည်။ မလေးရှားနိုင်ငံ မြန်မာ သံရုံး၏စီမံခန့်ခွဲမှုအားနည်းကြောင်း ပေါ်လွင်နေပါသည်။ မလေးရှားတွင် မြန်မာနိုင်ငံသားတို့ မကြာခဏ စော်ကားခံနေရပါလျက် ဤမျှ တာဝန်ကင်းမဲ့စွာ လက်လွှတ်စပယ်နေခြင်းကတော့ လွန်လွန်းသည်ဟု ပြောချင်ပါသည်။ မြန်မာနိုင်ငံသားများ၏ လုံခြုံရေး၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်ထားရှိသော မြန်မာသံရုံးသည် မြန်မာနိုင်ငံသားများအတွက် အာမခံချက်မှ မရှိဘဲ အသက်မဝင်သလို ဖြစ်နေကြောင်း တွေ့ရပါသည်။

ယခုဖြစ်စဉ်နှင့် ပတ်သက်၍ "အကယ်၍သာ ကျည်ဆန်ဖောက်ထွက်မယ်ဆိုရင် ဒေါက်တာအေးမောင်ရဲ့ခေါင်းကတော့ သေချာတယ်။ မှန်ကိုထိမယ်ဆိုလည်း ကျွန်တော်တို့ သုံးယောက် (ဒေါက်တာအေးမောင်၊ ဦးအေးသာအောင်နှင့် ဦးလှမြင့်) ထဲက တစ်ယောက်ယောက် သေချာတယ်" ဟု အတူလိုက်ပါခဲ့သည့် ဦးလှမြင့်က ပြောကြောင်း သိရသည်။ သေဘေးမှ သီသီလေး လွတ်မြောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထို့အပြင် ဒေါက်တာအေးမောင်နှင့်အဖွဲ့ မြန်မာနိုင်ငံမှ မထွက်ခွာမီကတည်းကပင် မလေးရှားသို့ ရောက်ပါက လုပ်ကြံသတ်ဖြတ်မည်ဟု အီးမေးလ်ဖြင့် ခြိမ်းခြောက်မှုများ လက်ခံရရှိခဲ့ကြောင်း၊ အဆိုပါအီးမေးလ်များမှ တစ်ဆင့်လုပ်ကြံမှု၏လက်သည်တရားခံကို ရှာဖွေရန် မလေးရှားလုံခြုံရေးအရာရှိများနှင့် ပူးပေါင်းလုပ်ဆောင်နေကြောင်း သတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့က ပြောကြောင်း သိရှိရပါသည်။ ယခင်က ဖြစ်ပွားခဲ့သော ကိစ္စရပ်အချို့တွင် မလေးရှားရဲများ၏ နှာစေးနေမှုများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း သိနိုင်ပါသည်။ အထူးသတိထားရမည့်အချက်ဖြစ်ပါသည်။

စာရေးသူ စဉ်းစားမိသလောက် ပြောရလျှင် မလေးရှားရောက်မြန်မာလူမျိုးများစိတ်အေးချမ်းစွာ၊ လုံခြုံမှုရှိစွာ အလုပ်လုပ်နိုင်ဖို့ဆိုလျှင် မြန်မာအစိုးရနှင့် မလေးရှားအစိုးရတို့ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်နေပြီဟု ဆိုချင်ပါသည်။ ယခုဖြစ်သည့် ကိစ္စရပ်မျိုးနောင်တွင်လည်း ဖြစ်လာနိုင်ပါသည်။ လုံးဝမဖြစ်ရဟု၍ မည်သူမှ အာမခံနိုင်မည်မထင်ပါ။

**စာမျက်နှာ(၃၂) သို့**

Business
7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014



*ရပ်နားထားသည်မှာကြာပြီဖြစ်သော စျေးသဘော်နှင့်စျေးသည်အချို့*   ဓာတ်ပုံ - ဇေနွေထွန်း

# အရှုံးပေါ်နေသည့် စျေးသဘော်ကို ငှားရမ်းလုပ်ကိုင်လိုသည့် ကုမ္ပဏီ ပြည်တွင်းရေကြောင်းမျှော်

**စောပိုင်၊ ဇေနွေထွန်း**

**ရန်ကုန်**- ရောဝတီမြစ်ကြောင်းအတိုင်း အစုန်အဆန်ပြေးဆွဲပြီး မြို့ကြီးနှစ်ဆယ်ကျော်နှင့် ကျေးရွာပေါင်းများစွာကို ဆိုက်ကပ်၍စျေးရောင်းချသော မြရောစျေးသဘော်ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနက ပြေးဆွဲရန်မရှိဘဲ ကုမ္ပဏီတစ်ခုခုမှ ပြေးဆွဲမည်ဆိုပါက ငှားရမ်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ဒီစျေးသဘော်က အရမ်းရှုံးနေတယ်။ ဒီနှစ်အတွင်းမှာပဲ အကြီးစားပြင်ဆင်နေတယ်။ ဆက်လက်ပြေးဆွဲဖို့အတွက် ကုမ္ပဏီတစ်ခုက လာငှားတယ်ဆိုရင် ကျွန်တော်တို့ဘက်က ငှားပေးမှာပါ” ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ ဌာနမှူးဦးသန်းအောင်က ပြောကြားသည်။

ဌာနက သဘော်ပြေးဆွဲမှုများအရှုံးပေါ်နေသော်လည်း စျေးသဘော်မှာ ရှုံးခြင်းမရှိကြောင်း၊ ဆိုင်ခန်း ခုနစ်ဆယ်ကျော်ကတစ်ဆိုင်လျှင် ဆိုင်ခန်းခခြောက်သောင်းနှင့် မိမိဆိုလျှင် သဘော်တစ်ခေါက်ပြေးဆွဲလျှင် ကုန်တန်ဆာခ ကျပ်သိန်း ၃၀ခန့်ဆောင်ရကြောင်း ပရိဘောဂပစ္စည်းများကို နှစ် ၂၀ကျော်ရောင်းချလာသည့် ဒေါ်ငြိမ်းငြိမ်းကပြောသည်။

“သဘော်ပေါ်ကနေ လူဆင်းဖို့ပဲပြောနေတယ်။ သဘော်ဆက်ထွက်ဖြစ်မယ်၊ မထွက်ဖြစ်မယ်ကို ဌာနကလည်းမဆက်သွယ်ဘူး။ လျော်ကြေးကျတော့လည်း မပေးဘူး”ဟု စျေးသဘော်ပေါ်တွင် ပခုက္ကူမြို့မှ အထည်များရောင်းချသူဦးဟန်ဌေးက ဆိုသည်။

ယင်းစျေးသဘော်ကိုပြီးခဲ့သည့်နှစ်အတွင်းက ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနထံမှ မြေင့်ဦးကုမ္ပဏီက တစ်နှစ်လေလံဖြင့် လုပ်ကိုင်ခဲ့သော်လည်း အရှုံးပေါ်၍သဘော်ပြင်ဆင်ရန် ဝန်ကြီးဌာနသို့ပြန်လည်အပ်နှံခဲ့သည်။

စာမျက်နှာ ၂၈ ››

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၁ | ၉၈၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၁ | ၇၈၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၁ | ၁၃၄၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၉ | ၃၀. ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၄ ဖေဖော်ဝါရီ ၈ ရက် ပေါက်စျေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၉၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၃၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂. ၂၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၆၂၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၃၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၈၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၄. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၃၂၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၈၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၉၆၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၉၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၈၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၁၅၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၅၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၁၀၂၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၄. ၇၃၇၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ စျေးနှုန်း

| ပစ္စည်း | ယူနစ် | စျေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၆၇. ၃၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၃၃ |
| ငွေ | အောင်စ | ၁၉. ၉၁ |
| ကြေးနီ | ပေါင် | ၃. ၂၈ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၇၇ |

မှတ်ချက်။ ။ စျေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီစျေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဖေဖော်ဝါရီ ၈ ရက် ကမ္ဘာ့ပေါက်စျေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014



ရခိုင်ကမ်းခြေရှိ ငါးဖမ်းလှေများ                ဓာတ်ပုံ - မောင်ကံ

# ရခိုင်ပြည်နယ်တွင် ငါးလုပ်ငန်းပြန်ဦးမော့လာ

**စောပိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

ရခိုင်ပြည်နယ်အတွင်း ကိုးနှစ်နီးပါးခန့် ငါးဖမ်းဆီးမှုနည်းပြီး လုပ်ငန်းများကျဆင်းနေသည့်ငါးလုပ်ငန်းဈေးကွက်သည် ၂၀၁၃ ခုနှစ်မှ စတင်ကာလက်ရှိအချိန်ထိပြန်လည်ဦးမော့လာကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးစံကျော်လှကပြောသည်။

၂၀၀၄ ခုနှစ်နောက်ပိုင်း ရခိုင်ပြည်နယ်တွင် ငါးလုပ်ငန်းသည် တဖြည်းဖြည်းထွက်နှုန်းလျော့နည်းလာကြောင်းနှင့် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပြည်နယ်ပဋိပက္ခများကြောင့် ကုန်သည်များ အရှုံးပေါ်သည့်အခြေအနေရှိခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်ကစပြီး လုပ်ငန်းပိုပြီး ကောင်းလာတယ်။ ငါးရရှိမှုလည်း အရင်ထက်ပိုပြီး ကောင်းလာပြီ။ ပုစွန်ဈေးက ကောင်းလာတယ်။ ပုစွန်မွေးမြူရေးကိုလုပ်ငန်းရှင်တွေပိုပြီး အာရုံစိုက်မှုများလာတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း ငါးလုပ်ငန်းဈေးကွက်တွင် ၂၀၀၄ ခုနှစ်မှစ၍ ငါးရရှိမှုနည်းပါးသောကြောင့် လုပ်ကိုင်သူ ရှားပါးလာကြောင်းနှင့် ယခုနှစ်များတွင် ငါးလုပ်ငန်းလုပ်ကိုင်သူ ပြန်လည်များပြားလာကြောင်း သိရသည်။

ငါးလုပ်ငန်းလုပ်ကိုင်သူများသည် ပင်လယ်ပြင်ထွက်ငါးဖမ်းမှုများအပြင် ရေငန်ပုစွန်မွေးမြူရေးကို လုပ်ကိုင်လာကြကြောင်း သိရသည်။

"ကျွန်တော်တို့ဘက်မှာ ပုစွန်ဈေးက ဈေးကောင်းရလာတယ်။ ဒီကနေ အဓိကပို့တာကတော့ ရန်ကုန်က ကုန်သည်ဒိုင်တွေကို ပဲပို့တယ်။ ပြီးခဲ့တဲ့ နှစ်ကပုစွန်တင်ပို့တာက အမေရိကန်ကို ပို့နှုန်းများတယ်လို့ ကြားတယ်"ဟု ငါးလုပ်ငန်းနှင့် ရေငန်ပုစွန်မွေးမြူရေး လုပ်ကိုင်သူဦးသာလှူမော်ကပြောကြားသည်။

ရခိုင်ပြည်နယ်မှ ဖမ်းဆီးရမိသော ငါးများကိုရန်ကုန်သို့ ကုန်သည်များက တိုက်ရိုက်တင်သွင်းကြောင်းနှင့်ပြည်နယ်တွင်းငါးရရှိမှုနှုန်းသည် ၂၀၁၃ မှစ၍ လက်ရှိအချိန်ထိ အခြေအနေကောင်းကြောင်း ငါးလုပ်ငန်းလုပ်ကိုင်သူများကဆိုသည်။

လက်ရှိအချိန်တွင် ပင်လယ်ပြင်ထွက်ခွာ၍ ငါးဖမ်းသည့်လုပ် ငန်းအပြင် ရေငန်ပုစွန်သားဖောက်မွေးမြူရေးလုပ်ငန်းသည်လည်းအမြတ်ငွေရရှိသောကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူများ ပိုမိုအရင်းအနှီးထည့်တိုးချဲ့လုပ်ကိုင်လာကြောင်း သိရသည်။

စာမျက်နှာ ၂၇ မှ

## အရှုံးပေါ်နေသည့် ဈေးသဘောကို ငှားရမ်းလုပ်ကိုင်လိုသည့်ကုမ္ပဏီ ပြည်တွင်းရေကြောင်းမျှော်

"စီးပွားရေးလုပ်တဲ့လူတွေက ရှုံးတယ်ဆိုရင် ဒါကိုအရှုံးခံပြီး ဆက်လုပ်မှာမဟုတ်ဘူး။ သူတို့တွေဆက်ငှားမယ်၊ မငှားဘူးဆိုတာကို မသိရသေးဘူး"ဟု သဘော်ပြန်လည် ပြေးဆွဲရေးကိစ္စနှင့်ပတ်သက်၍ ဦးသန်းအောင်က ပြောသည်။

၁၉၉၂ခုနှစ်တွင် စတင်ပြေးဆွဲသည့် မြရောဈေးသဘော်၌ ဆိုင်ခန်းပေါင်းခုနစ်ဆယ်ကျော်ရှိပြီး ဈေးသူဈေးသားတစ်ရာကျော်က ဈေးရောင်းချနေရာ၌နအနေဖြင့် ဖျက်သိမ်းမည်ဆိုလျှင်လည်း နစ်နာကြေးရရှိလိုကြောင်း ဈေးသူဈေးသားများက ပြောသည်။

လက်ရှိအချိန်တွင်ဈေးသဘော်ပြင်ဆင်ရန် မြင့်ဦးကုမ္ပဏီက ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနသို့ပြီးခဲ့သည့်နှစ် မတ်လမှစ၍ ပြန်လည်အပ်နှံထားပြီး ယင်းကုမ္ပဏီက ပြန်လည်လုပ်ကိုင်မည်၊ မလုပ်ကိုင်မည်ကို လာရောက်ဆက်သွယ်ခြင်းမရှိသေးကြောင်းသိရသည်။

ယခုအခါ မြရောဈေးသဘော်သည်ဗိုလ်တထောင်အမှတ် (၃)ဘောတံတားတွင် ဆိုက်ကပ်ထားသည်မှာ ခုနစ်လခန့်ကြာပြီဖြစ်ပြီး ဈေးသူဈေးသားသုံးဆယ်ခန့်သည် အရောင်းအဝယ်မဖြစ်ဘဲ သဘော်ပေါ်တွင်နေထိုင်နေရကြောင်း ဈေးသူဈေးသားများထံမှ သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014



ဥရုဂွေးသမ္မတ မူဂျီကာကို ၎င်း၏အိမ်ရှေ့တွင် မတ်တတ်ရပ်လျက်တွေ့ရစဉ်

MARIO GOLDMAN/AFP

# ကမ္ဘာ့အဆင်းရဲဆုံးသမ္မတနှင့်တွေ့ဆုံပါ

ကြည်နေဝင်းမင်း

နိုင်ငံရေးသမားများ၏ ဘဝနေထိုင်မှုပုံစံမှာ ၎င်းတို့ကို ရွေးချယ်သောမဲဆန္ဒရှင်များ၏ ဘဝပုံစံနှင့် များစွာကွာခြားသည်ဆိုခြင်းမှာ လူအများညည်းတွားလေ့ရှိသောကိစ္စဖြစ်သည်။ ဥရုဂွေးနိုင်ငံတွင်တော့ ယင်းသို့မဟုတ်ပါ။ လယ်တောထဲတွင် ဖြစ်သလိုနေထိုင်ပြီး ၎င်းရရှိသော လစာအများစုကို ပေးကမ်းစွန့်ကြဲသော ဥရုဂွေးသမ္မတကို တွေ့ဆုံကြည့်ပါ။

လျှော်ထားသောအဝတ်အစားများကို အိမ်အပြင်ဘက်တွင် လှန်းထားသည်။ သောက်ရေသုံးရေကို ချုံနွယ်များဖြင့် ပြည့်နေသော ခြံအတွင်း ရေတွင်းမှရရှိသည်။ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် မယ်နျူရယ်လာဟု အမည်ရသော ခြေသုံးချောင်းနှင့်ခွေးလေးက အစောင့်အကြပ်အနေဖြင့် ရှိသည်။ ယင်းမှာ အခြားကမ္ဘာ့ခေါင်းဆောင်အများစု၏ ဘဝနေထိုင်မှုပုံစံနှင့်သိသိသာသာခြားနားသော ဥရုဂွေးသမ္မတ ဟိုဆေးမူဂျီကာ၏ နေအိမ်ဖြစ်သည်။

သမ္မတမူဂျီကာသည်ဥရုဂွေးနိုင်ငံက ၎င်း၏နိုင်ငံ့ခေါင်းဆောင်များအတွက် ထောက်ပံ့ပေးထားသော ဇိမ်ခံအိမ်များကို ရှောင်ရှားပြီး သူ၏ဇနီးသည်လယ်တောအိမ်ရာတွင် နေထိုင်ရန်ရွေးချယ်ခဲ့သည်။ ဇနီးသည်၏ လယ်တောအိမ်မှာ မြို့တော်မွန်တီဗီဒီယိုပြင်ပဖွက်ထနေသော လမ်းဘေးတွင် တည်ရှိသည်။ သမ္မတနှင့် ဇနီးတို့က လယ်တောကို ကိုယ်တိုင်လုပ်ကိုင်ပြီး ပန်းများစိုက်ကြသည်။

မူဂျီကာသည် ကန်ဒေါ်လာ ၁၂,၀၀၀ နှင့် ညီမျှသော ၎င်း၏လစဉ်ငွေ၏ ၉၀ ရာခိုင်နှုန်းကို လှူဒါန်းပေးကမ်းရင်း ခြိုးခြံချွေတာစွာ နေထိုင်ခြင်းအတွက် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးသမ္မတဟု သတ်မှတ်ခံရသည်။

"ကျွန်တော့်ဘဝအချိန်တော်တော်များများ ဒီလိုပဲနေထိုင်ခဲ့တာပါ"ဟု ဥယျာဉ်အတွင်း ကုလားထိုင်အဟောင်းတစ်လုံးပေါ်ထိုင်ရင်း ဥရုဂွေးသမ္မတကပြောသည်။ "ကျွန်တော့်မှာရှိတာလေးနဲ့ ကောင်းကောင်းနေထိုင်နိုင်ပါတယ်"ဟု ၎င်းကဆက်ပြောသည်။ ဆင်းရဲသားများနှင့် သေးငယ်သော စီးပွားရေးလုပ်ငန်းများအကျိုးအတွက် ၎င်း၏လှူဒါန်းမှုများရှိနေ၍ သမ္မတမူဂျီကာ၏ ဝင်ငွေမှာ ပျမ်းမျှဥရုဂွေးနိုင်ငံသားတစ်ဦး၏ တစ်လဝင်ငွေ ကန်ဒေါ်လာ ၇၇၅ သာရှိသည်ဟူသော အမိပ္ပာယ်ပင်ဖြစ်သည်။

အာဏာရရှိလာခဲ့သော ၂၀၁၀ ပြည့်နှစ်က မူဂျီကာ၏ ပုဂ္ဂိုလ်ရေးချမ်းသာကြွယ်ဝမှုကြေညာချက်မှာ ၎င်း၏ ၁၉၈၇ ခုနှစ်ဗောက်စ်ဝက်ဂွန်ဘီးတဲလ်ကားတန်ဖိုးဖြစ်သော ကန်ဒေါ်လာ ၁,၈၀၀ ဟု ဖော်ပြခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ဇနီးဖြစ်သူ၏ပိုင်ဆိုင်မှုထက်ဝက်ကို ထည့်ပေါင်းခဲ့ပြီး လယ်ယာမြေ၊ နေအိမ်နှင့် လယ်ထွန်စက်များ ပေါင်းလိုက်ပါက ကန်ဒေါ်လာ ၂၁၅,၀၀၀ ရှိလာသည်။ ယင်းမှာ ဥရုဂွေးနိုင်ငံ၏ အရာရှိများအတွက် မဖြစ်မနေထုတ်ဖော်ကြေညာမှုဖြစ်သော်လည်း ဒုသမ္မတ ဒါနီလို၏ သုံးပုံနှစ်ပုံသာရှိသည်။

၂၀၀၉ ခုနှစ်က ရွေးချယ်ခံရပြီး ၂၀၁၀ ပြည့်နှစ် မတ်လမှစ၍ သမ္မတတာဝန်ယူခဲ့သော မူဂျီကာသည် ကျူးဘားတော်လှန်ရေးအပေါ် အားကျအတုယူ၍ ၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များက ဥရုဂွေးတွင် ပေါ်ထွက်ခဲ့သော လက်ဝဲယိမ်းလက်နက်ကိုင်ပြောက်ကျားအဖွဲ့တွင် ပါဝင်ခဲ့သည်။ ခြောက်ကြိမ်သေနတ်ထိမှန်ခဲ့ပြီး ထောင်ထဲတွင် ၁၄ နှစ် နေခဲ့ရသည်။ အကျဉ်းထောင်အတွင်း ခက်ခဲကြမ်းတမ်းစွာ နေထိုင်ခဲ့ရပြီး တစ်ကိုယ်တည်း နေထိုင်ရသည်များလည်းရှိသည်။ ၁၉၈၅ ခုနှစ် ဥရုဂွေးနိုင်ငံ ဒီမိုကရေစီစနစ် ပြန်ကျင့်သုံးချိန်တွင် လွတ်မြောက်ခဲ့သည်။

အကျဉ်းထောင်ထဲတွင်နေခဲ့ရသော နှစ်များက ၎င်း၏ဘဝအမြင်ကို ကူညီပုံဖော်ပေးခဲ့သည်ဟု မူဂျီကာက ဆိုသည်။ "ကျွန်တော့်ကို အဆင်းရဲဆုံးသမ္မတလို့ ခေါ်ကြတယ်။ ဒါပေမဲ့ ကျွန်တော် ဆင်းဆင်းရဲရဲဖြစ်နေတယ်လို့ မခံစားရဘူး။ ဆင်းရဲတဲ့လူတွေဆိုတာ ကြီးကျယ်ခမ်းနားတဲ့ဘဝပုံစံကို ဆက်ထိန်းနိုင်ဖို့ အလုပ်လုပ်တဲ့သူတွေနဲ့ နောက်ထပ်၊ နောက်ထပ် လိုချင်နေကြတဲ့သူတွေပဲ"ဟု မူဂျီကာက ပြောသည်။ "ဒါဟာ လွတ်လပ်မှုနဲ့ ပတ်သက်ပါတယ်။ မင်းမှာပိုင်ဆိုင်မှုတွေ အများကြီးမရှိဘူးဆိုရင် ဒါတွေကို ဆက်လက်တည်တံ့နေစေဖို့ မင်းဘဝတစ်လျှောက်လုံး ကျွန်တစ်ယောက်လို အလုပ်လုပ်နေစရာမလိုဘူး။ အဲဒီလိုဆိုတော့ ကိုယ့်အတွက်ကိုယ် အချိန်ပိုရတယ်"ဟု မူဂျီကာကပြောပြသည်။

"ငါဟာ အူကြောင်ကြောင်အဘိုးကြီးတစ်ယောက်ပုံစံပေါက်ချင်ပေါက်နေလိမ့်မယ်။ ဒါပေမဲ့ ဒါဟာ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ပါ"ဟု ဥရုဂွေးခေါင်းဆောင်က ၂၀၁၂ ခုနှစ် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင်ကျင်းပသော ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုထိန်းသိမ်းနိုင်ရေးကွန်ဖရင့်တွင် ယင်းအချက်ကို ထည့်သွင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့တွေဟာ တစ်နေခင်းလုံး ရေရှည်ထိန်းသိမ်းနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း၊ လူတွေကို ဆင်းရဲတွင်းထဲက ဆွဲထုတ်ဖို့အကြောင်း ပြောနေကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဘာတွေစဉ်းစားနေကြသလဲ။ ကျွန်တော်တို့တစ်တွေဟာ ချမ်းသာတဲ့နိုင်ငံကြီးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ စားသုံးမှုပုံစံမျိုး လိုချင်ကြသလား။ ကဲ အခုမေးလိုက်မယ်။ အကယ်၍များ အိန္ဒိယနိုင်ငံသားတွေဟာ ဂျာမန်တွေလိုပဲ နေအိမ်နဲ့ကားအမျိုးမျိုးရှိလာကြရင် ဘယ်နှယ့်လုပ်မလဲ။ ကျွန်တော်တို့အတွက် အောက်စီဂျင် ဘယ်လောက်များများ ကျန်ဦးမှာလဲ"ဟု ဥရုဂွေးခေါင်းဆောင်က မေးခွန်းထုတ်သည်။

ဆက်လက်၍လည်း "ဒီကမ္ဘာမြေကြီးဟာ ဒီကနေ့ ချမ်းသာတဲ့လူ့အဖွဲ့အစည်းတွေမှာ စားသုံး၊ ဖြုန်းတီးနေသလိုမျိုး လူသားပေါင်းသန်း ၇,၀၀၀၊ ၈,၀၀၀ လောက်က လိုက်ပါလုပ်ဆောင်နိုင်ဖို့အတွက် အရင်းအမြစ်လုံလောက်စွာရှိပါရဲ့လား။ ဒီလိုအလွန်အကျွံစားသုံးမှုမျိုးက ကမ္ဘာမြေကြီးကို ထိခိုက်ပျက်စီးစေတာပဲဖြစ်ပါတယ်"ဟု မူဂျီကာက ပြောကြားပြီး ကမ္ဘာ့ခေါင်းဆောင်အများစုမှာ စားသုံးမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်ခြင်းအပေါ် ယင်းသို့မလုပ်ဆောင်လျှင်ပင် ကမ္ဘာပျက်တော့မည့်အလားမျက်ကန်းတစ္ဆေမကြောက် ရှူးသွပ်နေကြသည်ဟု စွပ်စွဲပြောကြားသည်။

သို့သော် သက်သတ်လွတ်စားသုံးသော မူဂျီကာနှင့် အခြားခေါင်းဆောင်များကြား ကွာဟချက်မှာ မည်မျှပင်ကြီးမားနေသော်ငြားလည်း ၎င်းကိုယ်တိုင်မှာ အခြားခေါင်းဆောင်များကဲ့သို့ပင် နိုင်ငံရေးသမားဘဝ အတက်၊ အကျများမှ လွတ်ကင်းနေသည်မဟုတ်ပေ။

"သမ္မတနေထိုင်တဲ့ပုံစံကြောင့် လူအများအပြားက သူ့ကိုသနားကရုဏာဖြစ်ကြပါတယ်။ ဒါပေမဲ့လည်း အစိုးရရဲ့လုပ်ပုံကိုင်ပုံကြောင့်တော့ သူလည်း ဝေဖန်မှုမှ မလွတ်ကင်းနိုင်ပါဘူး"ဟု ဥရုဂွေးနိုင်ငံ လူထုစစ်တမ်းအဖွဲ့မှ အစ်နာစီယိုဇူအက်နာဘာကပြောသည်။


မကြာသေးမီနှစ်များအတွင်း စီးပွားရေးအရကြီးပွားတိုးတက်မှုများမှာ ကျန်းမာရေးနှင့် ပညာရေးတွင် အစိုးရဝန်ဆောင်မှု တိုးတက်မှုဖြစ်မလာခဲ့ဟု အတိုက်အခံအဖွဲ့များက ပြောကြားကြသည်။ သမ္မတ မူဂျီကာမှာ လွန်ခဲ့သောတစ်နှစ်က လုပ်ဆောင်ခဲ့သည့်ကိစ္စရပ်နှစ်ခုကြောင့်လည်း ဝေဖန်ခံရသည်။ သုံးလသက်တမ်းရှိလာပြီဖြစ်သော ကိုယ်ဝန်ကို တရားဝင်ဖျက်ချခွင့်ပြုသော ဥရုဂွေးလွှတ်တော်၏ပြဋ္ဌာန်းချက်ကို ၎င်း၏ရှေ့မှ သမ္မတများကဲ့သို့ မူဂျီကာက ဗီတိုအာဏာဖြင့် ပယ်ချမှုမရှိခြင်းနှင့် ဆေးခြောက်သုံးစွဲမှုကို တရားဝင်ခွင့်ပြုပေးခဲ့ခြင်းတို့အတွက် မူဂျီကာမှာ အကြီးအကျယ်ဝေဖန်ခံခဲ့ရသည်။


သို့သော် မူဂျီကာ၏ကံကြမ္မာမှာ ၂၀၁၄ ခုနှစ်အတွင်း ပြောင်းလဲလာခဲ့လေသလားမသိ။ ဆေးခြောက်သုံးစွဲခြင်းကို တရားဝင်ဖြစ်စေခဲ့ခြင်းအတွက် ဟိုဆေးပီပီ မူဂျီကာကို Drugs Peace Institute အဖွဲ့က ယခုနှစ်ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အမည်စာရင်းတင်သွင်းခဲ့သည်။ ယင်းအဖွဲ့၏အလိုအရ မူဂျီကာမှာ ငြိမ်းချမ်းရေးနှင့် နားလည်မှုကို မြှင့်တင်ပေးသူဖြစ်သည်။

*—Ref: The World's Poorest President*

7DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

## 7DAY BOOK REVIEW




### ကြက်သမားဟစ်တစ်လုံးနှင့် ဟာသဝတ္ထုရှည်များ

(သော်တာဆွေ)

မြန်မာစာရေးဆရာများထဲတွင် ရွှေဥဒေါင်း၊ ဇဝန၊ သိန်းဖေ မြင့်၊ ဂျာနယ်ကျော်မမလေး၊ သော်တာဆွေ၊ မင်းလူအစရှိသည့် စာရေးဆရာများ၏ စာများသည် မည်သည့်အချိန် ပြန်ဖတ်ဖတ် တသသ ဖြစ်ကြရသည့်စာမျိုးဖြစ်သည်။ ၄င်းတို့အထဲတွင် သော်တာဆွေသည် တစ်မျိုးတစ်ဖုံထူး၍ နေသည်။ ဆရာသော်တာဆွေသည် စာရေးခါစက ဟာသဝတ္ထုများဖြင့်နာမည်ရလာပြီး နောင်အခါတဖြည်းဖြည်း ဘဝသရုပ်ဖော်ဘက်သို့ကူးကာ ဘဝသရုပ်ဖော် စာရေးဆရာအဖြစ်နေထိုင်သွားသူဖြစ်သည်။ သော်တာဆွေသည် စာရေးရာ၌ စကားပြေ အရေးအသားထဲတွင် ပြောလုံးများညှပ်ကာညှပ်ကာ ရေးသားလေ့ရှိရာ စာဖတ်သူအဖို့ ဒေါင်းဒေါင်းပြေး ဖတ်ရှုရလေ့ရှိသည်။

ယခုထွက်ရှိလာသည့် ဟာသဝတ္ထုရှည်များသည် တစ်ခေတ်တစ်ခါက မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုများစုစည်းမှုဟုလည်းဆိုနိုင်သည်။ ချိုချိုချို့ချင်ရို့၊ ဘိုးဘိုးပြောင်၊ ကြက်သမား ဟစ်တစ်လုံး၊ ဖြူပြာမူလဂျီ၊ မီးခေါင်ပေါက်ပါတီ၊ နှုတ်ခမ်းထူမကြောင့်၊ ဂေါ်ချက်ကယ်နာစသည်ဖြင့် ဟာသဝတ္ထုရှည်အပုဒ် ၂၀ ပါဝင်ပြီး စာအုပ်မှာမဂ္ဂဇင်းဆိုဒ် အရွယ်ဖြစ်ကာ စာဖတ်သူဖတ်ရလွယ်အောင်စာလုံးကြီးကြီးဖြင့် ရိုက်နှိပ်ထားသည်။ သော်တာ ဆွေ၏ ရေးဟန်အတိုင်း ထိထိမိမိသွက်သွက်လက်လက်ဖြင့်ရယ်မောဖတ်ရှုရမည်ဖြစ်ပြီးဈေးနှုန်း ၂,၅၀၀ ကျပ်ဖြင့် ယှဉ်ပါက တန်ဖိုးသင့်သောစာအုပ်ဖြစ်သည်။ ဇေယျာမြေ စာအုပ်တိုက်က ဖြန့်ချိပြီး စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

### အဲလက်စ်ဖာဂူဆန်

(ကျော်ကိုကို)

မန်ချက်စတာယူနိုက်တက်အသင်း၏ဘိုးသက်ရှည်ဝါရင့် နည်းပြကြီးဖာဂူဆန်၏ အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ ဥရောပတွင် စာအုပ်ပေါ် ထွက်ပြီး မကြာမီမှာပင် အုတ်အော်သောင်းတင်းဖြစ်သွားပြီး ဘောလုံးပရိသတ်များကြား ဂယက်ရိုက်ခတ်ခဲ့သည့် စာအုပ်ဖြစ်သည်။ မန်ယူအသင်းနည်းပြအဖြစ် အနားယူပြီးကာမှ ထွက်ရှိလာသည့် ယခုဖာဂူဆန်၏ အတ္ထုပ္ပတ္တိသည် ဥရောပတွင် ရောင်းအားအကောင်းဆုံးစာအုပ်စာရင်းထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သလို ဝိဝါဒကွဲပြားမှုများဖြင့် အငြင်းပွားဖွယ်ရာစာအုပ်လည်း ဖြစ်ခဲ့သည်။

စာအုပ်တွင်ဖာဂူဆန်ကြုံ တွေ့ခဲ့သော ဒေးဗစ်ဘက်ဟမ်း၊ ရီယိုဖာဒီနန်၊ ရော်နယ်ဒို၊ ရွိုင်ကိန်း၊ နစ္စတယ်ရွိုင်း၊ ရွန်နေးအစရှိသည့်ဘောလုံးသမားများ၏ ဘဝတစ်စိတ်တစ်ဒေသကို ဖော်ပြထားပြီး ၄င်းနှင့်ပြိုင်ဘက်နည်းပြများဖြစ်သော အာစင်ဝင်းဂါး၊ မော်ရင်ဟိုအစရှိသည့် ပုဂ္ဂိုလ်များအကြောင်း တစေ့တစောင်း ပါဝင်သည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသောမူရင်းစာအုပ်ကို ဘာသာပြန်သူကျော်ကိုကိုက လုံးစေ့ပတ်စေ့ပြန်ဆိုထားပြီး ပြောဟန်စကားပြေဖြင့် ရေးထားရာ သွက်လက်သောစာအုပ်အဖြစ် ဖတ်ရှုရပါမည်။ စာအုပ်တစ်နေရာတွင် "ဘောလုံးပွဲတွေကစားတဲ့အခါ ကျွန်တော်ဟာ ကွင်းဘေးကနေ နာရီတကြည့်ကြည့် လုပ်တတ်တာက တစ်ဖက်အသင်းကို လှည့်စားတဲ့ ပရိယာယ်တစ်ခုပါ။ ပြိုင်ဘက်ကို ခြောက်လှန့်တဲ့ သဘောပါပဲ။ ကျွန်တော်က အချိန်ပြည့်ခါနီးပြီလို့ ပြနေတဲ့အမူအရာက ခံစစ်ကစားဖို့ဖြစ်သွားစေတတ်ပါတယ်။ ဒါဆိုရင်တော့ ကျွန်တော့်အကြိုက်ဖြစ်ပြီပေါ့"ဟု ဖော်ပြ ထားသည်။ K Family စာအုပ်တိုက်က တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ဆံပင်အလှပြင်တဲ့ဓလေ့တွေ ဘယ်အချိန်က ပေါ်ပေါက်ခဲ့တာလဲ

ဆံပင်အလှပြင်ခြင်း hairdressing သမိုင်းကိုပြန်ကြည့်လျှင် နှစ်ပေါင်းထောင်ချီနောက်ပြန် ခြေရာကောက်နိုင်သည်။ ရှေးခေတ်နံရံပန်းချီများမှသည် ရှေးဟောင်းအီဂျစ်ပြည်၊ ဂရိပြည်တွင် စာရေးဆရာအရစ္စတိုဖန်းနိစ်နှင့် ဟိုးမားတို့၏ အရေးအသားများတွင်လည်း ဆံပင်အလှပြင်ဆင်ခြင်းကို ဖွဲ့နွဲ့ထားသည်။ ရှေးခေတ်ရောမနှင့် ဂရိတို့တွင် ကျွန်များမှာ သခင်များအတွက် ဆံပင်ဖြီးသင်အလှပြင်ပေးရခြင်း၊ မုတ်ဆိတ်ရိတ်ပေးရခြင်းစသည်တို့ကို ပြုလုပ်ရသူများဖြစ်သည်။ စာပေနှင့် သမိုင်းအထောက်အထားများအရ ဆံပင်အလှပြင်ခြင်းအတတ်ပညာရှင်များရှိခဲ့သည်မှာ ၅ ရာစုနှင့် ခရစ်နှစ် ၁၃၀၀ ကျော်ကာလများတွင်ဖြစ်သည်။ ဆံပင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဆံသခြင်းလုပ်ငန်းများမှာ ၁၀၉၂ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီးက ရိုမန်ကက်သလစ်ဘုန်းတော်ကြီးအားလုံး မုတ်ဆိတ်များရိတ်ပယ်သန့် ရှင်းရမည်ဟူသောအမိန့်ကြောင့် ဆံသဆရာများက သီးသန့်လုပ်ကိုင်ပေးရသည့် အလုပ်အကိုင်သစ်တစ်ခုအဖြစ် ပေါ်ထွက်လာသည်။

Soyrce-Wiki

## တစ်ပတ်တာကံကြမ္မာ

ဖေဖော်ဝါရီ ၁၂ မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ

စံဇာဏီဘို



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ရည်မှန်းချက်သစ်အောင်မြင်မည်။ ထူးခြားသော အပြောင်းအလဲများကြုံမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ပစ္စည်းပျောက်တတ်သည်။ မူလစီစဉ်ထားသော ကိစ္စများနောက်ဆုံးအချိန်ရောက်မှ တလွဲတချော်ဖြစ်မည်။ လမ်းဟောင်းအတိုင်း ရှေ့တိုးလုပ်ပါက နှောင့်နှေးမည်။ စကားကတိမတည်သော သူများနှင့် တွေ့တတ်သည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စိတ်ချမ်းမြေ့စရာများ ကြုံမည်။ လုပ်ငန်းအကြံအစည်များဆောင်ရွက်အောင်မြင်မည်။ အဘက်ဘက်မှ တိုးတက်မည်။ စိတ်ကူးရည်မှန်းထားသည်နှင့် လက်တွေ့အနည်းငယ် ကွာဟမှုရှိလင့်ကစားစိတ်အလိုပြည့်မည်။ အမျိုးသမီးမိတ်ဆွေတစ်ဦးထံမှ ထူးခြားသော အထောက်အကူရမည်။ အခွင့်အရေးနှစ်မျိုးတစ်ပြိုင်နက် တည်း ပေါ်မည်။ ယှဉ်ပြိုင်လာသူများ အပေါ် အနိုင်ရမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အခက်အခဲများကြားမှ တိုးတက်မည်။ ရန်အတိုက်အခံနှင့် ယှဉ်ပြီး လုပ်ငန်းများလုပ်ကိုင်ရမည်။အိမ်တွင်းရေး လူမှုရေးများတွင် အညံ့ရှိသည်။ မိသားစုတွင် ငွေကုန်ကိန်းများ ရှိသည်။ သူတစ်ပါးပြဿနာများအတွက် စိတ် ပင်ပန်းရမည်။ မတော်တဆထိခိုက်မှုအန္တရာယ်သတိပြုပါ။ ခိုက်ရန် ဖြစ်ရတတ်သည်။ အထင်မှားခံရတတ် သည်။ ငွေလက်လွန်တတ်သည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အပြောင်းအလဲသစ်များဖြစ်ပေါ်မည်။ ငွေကြေးကိစ္စအဆင်ပြေမည်။ မင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ နေရာဟောင်းမှ မိတ်ဆွေကောင်းများနှင့် ပူးပေါင်းလုပ်သော လုပ်ငန်းသစ်အောင်မြင်မည်။ ကာလရှည်ကြာစောင့်စားနေသော အခွင့်အရေးရရှိမည်။ ငွေအစုလိုက်ဝင်မည်။ရပ်တန့် ထားသော လုပ်ငန်းများပြန်လည် စတင်လုပ်ရမည်။ ရသင့်သည်များ ပြန်ရမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

မိမိဘက်မှ ရပ်တည်သူများမည်။ တောင်းဆိုထားပြီး မျှော်လင့်နေသည့် အထောက်အကူများရရှိမည်။ မိမိရပ်တည်သောဘက်မှ အမှားကို ပြင်နိုင်လိမ့်မည်။ အတိတ်ကာလက မိမိအားကြီးစွာ ဒုက္ခပေးခဲ့သူ တစ်ဦး တောင်းပန်၍ ပြန်လည်ဆက်ဆံလာမည်။ ခွင့်လွှတ်နိုင်သည်။ သို့သော်ဆက်လက်ပူးတွဲရန် မသင့်။ မေတ္တာရေး စန်းကောင်းမည်။ မိသားစုလုပ်ငန်းစီးပွားတိုးမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

တာဝန်မသိသူ၊ လုပ်ငန်းမကျွမ်းကျင်သူတို့၏ ကိစ္စများကြားဝင် ဆောင်ရွက်ပေးရမည်။ အထင်မှားနေသည့် ကိစ္စတစ်ခုအား အချိန်ယူပြီး ဖြေရှင်းရမည်။ တွဲဖက်လုပ်ကိုင်နေသူတစ်ဦး မရိုးသားမှုကြောင့် မိမိတို့်ငြ ပြဿနာဖြစ်တတ်သည်။ တဇွတ်ထိုးလုပ်လိုစိတ်ပြင်းထန်နေမည်။ အတတ်ပညာနှင့် ပတ်သက်၍ ရည်မှန်းသလောက် အောင်မြင်မည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အဘက်ဘက်မှ ကောင်းသည်။ အလိုရှိရာ ပြည့်စုံမည်။ သူတစ်ပါးအပေါ် အနိုင်ယူလွှမ်းမိုးနိုင်မည်။ သူတစ်ပါးကိစ္စဝင်ရောက်ပြီး မပတ်သက်လိုလင့်ကစား မရှောင်နိုင်၍ ပတ်သက်ပြောဆိုရခြင်းဖြေရှင်းပေးရခြင်း များမည်။ ငွေကြေးစာရင်းဇယားကိစ္စများ ရှင်းလင်းရမည်။ သူတစ်ပါးအား ယုံစားမှု လွန်ကဲ၍ ဖြစ်ပေါ်လာသည့် ပြဿနာများစွာကို ဖြေရှင်းပေးရမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အလိုအလျောက် မိမိအား ကူညီမည့်သူ ပေါ်များမည်။ ကျန်းမာရေးအညံ့ရှိနေသည်။ ဆေးစား၊ ဆေးကုမပြတ်သော ကာလဖြစ်မည်။ အလုပ်ရည်ရွယ်ချက်နှင့် ဘဝတိုးတက်မှုများအလိုရှိရာ ပြည့်စုံခြင်းကြုံမည်။ အခက်အခဲကြုံက မိမိဘက်မှ ရပ်တည်ကူညီသူပေါ်များမည်။ မိသားစုနှင့် ပတ်သက်သည့် ကောင်းသတင်း၊ တိုးတက်မှုသတင်းစကားများ ကြားသိရမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလိုရှိရာ အောင်မြင်မည်။ ရည်ရွယ်ချက်ပြည့်ဝမည်။ ကာလရှည်ကြာကြိုးစားဆောင်ရွက်ထားသည်များမှ အကျိုးဆက်ကောင်းရရှိမည်။ ဖြစ်မှ ဖြစ်ပါ့မလားဟု ရင်တထိတ်ထိတ်ဖြင့် ဆောင်ရွက်ရမည့် ကိစ္စများ အဆုံး ပိုင်းတွင် အဆင်ပြေသွားမည်။ ကြိုတင်ဆောင်ရွက်ရန် အချိန်မရ။ အနီးကပ် အရေးပေါ် ဆောင်ရွက်လိုက်သည်များမှ အောင်မြင်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

သူတစ်ပါးအပူသောကများကို လက်ခံဖြေရှင်းကူညီပေးနေရမည်။ မဖြစ်နိုင်သည့်ကိစ္စများကို တစ်ပါးသူ စိတ်ချမ်းသာစေရန်အတွက် စိတ်ရှုပ်ခံပြီး လုပ်နေရမည်။ ဆောင်ရွက်နေသည့် ကိစ္စများ၊ တစ်ပါးသူ ဖျက်၍ ပျက်ယွင်းရတတ်သည်။ စိတ်ချယုံကြည်ထားသူက ဒုက္ခပေးလိမ့်မည်။ ကြေကွဲစရာဖြစ်ရပ်နှစ်မျိုးကြုံမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အိမ်တွင်မိဘစကားနားမထောင်သူကြောင့် စိတ်ညစ်ရခြင်းများရှိမည်။ အကြိမ်ကြိမ်ကြိုးစားပြီး အဆင်မပြေဖြစ်နေသည့် လုပ်ငန်းများ၊ ရှေ့တိုးမရ ရပ်တန့်နေသည့် လုပ်ငန်းများ ယခုရက်အတွင်း ထပ်မံဆောင်ရွက်ပါ။ အလုံးစုံအဆင်ပြေမည်။ ဆန္ဒစောပြီး အလောတကြီးဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် အမှားများ ပြဿနာများ ဖြေရှင်းနိုင်မည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

မမျှော်လင့်ဘဲ ရုတ်တရက်ရရှိလိုက်သည့် အခွင့်အရေးအပေါ် မည်ကဲ့သို့ အသုံးချရမည်။ လုပ်ဆောင်ရမည်ကို မသိအောင်ဖြစ်နေမည်။ ကိုယ်ပိုင်အရည်အသွေးများထက်မြက်နေမည်။ မူလပုံစံနှင့်မတူသော လမ်းသစ်ထွင်၍ အလိုရှိရာဆောင်ရွက်သွားပါ။ အပြောင်းအလဲများကို ဆောင်ရွက်နိုင်လေ တိုးတက်လေဖြစ်မည်။ ကိုယ့်အတွက် အကျိုးမရှိဘဲ တစ်ပါးသူအတွက် အကျိုးရှိသော လုပ်ငန်းများနေသည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၇၁)

### အလျားလိုက်

၂။ လိုင်စင်ရ၍ ဝမ်းမြောက်သူ
၄။ အကြောက်တရားဖြင့် တာဝန်ထမ်းဆောင်နေရသူများ
၈။ မြန်မာ့ရုပ်ရှင်ပရိသတ်များ စောင့်မျှော်နေသောအရာများ
၁၀။ လမ်းပန်းဆက်သွယ်ရေး အဓိကလုပ်ရမည့်နေရာ
၁၁။ လိပ်ခေါင်းရောဂါဖြစ်ပွားမှုများလာသူများ
၁၂။ နွေးထွေးမှုမရှိတော့၍ ဂျပန်မှ မိခင်နိုင်ငံသို့ စောစီးစွာပြန်လာသူ

### ဒေါင်လိုက်

၁။ ရွာလုံးကျွတ်မူးယစ်ဆေးဝါး သုံးစွဲသောနေရာများ
၃။ ၂၀၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံက အပြီး တည်ဆောက်ပေးခဲ့သောအရာများ
၅။ ကလေးငယ်များ ပန်းအဖျားဖြတ်ခြင်း
၆။ အင်္ဂလန်အသင်း၏ နာမည်ကျော် တိုက်စစ်မှူးတစ်ဦး
၇။ မြန်မာနိုင်ငံတွင်သာမက တခြားနိုင်ငံများတွင်ပါ စည်ကားရှုပ်ထွေးသောနေရာ
၉။ ကြီးမားသော ဆန္ဒပြပွဲများ လနှင့်ချီကြုံနေသောနိုင်ငံ



**ပဟေဠိအမှတ်စဉ် (၂၇၀) အတွက် အဖြေမှန်သူမရှိပါ။**

ယခင် သီတင်းပတ် 7 Day Puzzle အမှတ်စဉ် (၂၇၀)တွင် နံပါတ်(၁) အလျားလိုက်မေးခွန်းတွင် 'အရေအတွက်အားဖြင့် သက်သာရာရစေခြင်း' Quantitative easing နေရာတွင် Qualitative easing ဖြင့် မှားယွင်း ပဟေဠိဖွဲ့ခဲ့ခြင်းအတွက် အဖြေမှန် ထုတ်မပေးနိုင်သည်ကို တောင်းပန်အပ်ပါသည်။

**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................

**နေရပ်လိပ်စာ** ........................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၀) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၄-၂-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုန်းဘုန်း

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

### ခရုအိမ်

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

### ဆက်သွယ်လျှာဒါန်းနိုင်ပါသည်

မုံရွာကွန်ပျူတာ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို (၂၃. ၂. ၂၀၁၄)ရက် တနင်္ဂနွေနေ့တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူငွေထည့်သွင်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဆက်သွယ်ရန်-

**ဖုန်း-၀၉ ၂၅၀၀၉၉၄၇၆/မင်းမင်းထွန်း**

### သင်ကြားပေးသည်

Grade II ဘာသာစုံ(သို့)တစ်ဘာသာချင်း အိမ်အရောက် Guide လုပ်ပေးသည်။ Grade 6 မှ Grade 10 အထိ English အိမ်အရောက်သင်ကြားပေးသည်။

ဖုန်း-၀၉-၄၂၀၁၄၇၃၀၄

### ရောင်းမည်

တောင်ဥက္ကလာ၊ ပင်းယ ၁၁လမ်း၊ ပေ (၁၉× ၅၂)၊ မြေညီ၊ သိန်း-၆၅၀၊ မှန်ခန်း၊ သိန်း- ၄၅၀ (၃ လပိုင်းစတင်မည်)။

ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

### ရောင်းမည်

ရှင်သိဒ္ဓိလမ်း(၁၁)လမ်း၊ ၇ရပ်ကွက်၊ ပေ (၁၈×၅၂)၊ မြေညီ၊ သိန်း (၄၈၀)၊ လေးလွှာ သိန်း (၃၅၀)။

ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

### ရောင်းမည်

တောင်ဥက္ကလာပ၊ ရဿဝတီလမ်းမကြီးပေါ်၊ ၁၃ ရပ်ကွက်၊ ပေ (၁၈×၅၅)၊ မြေညီ - သိန်း (၅၅၀)၊ လေးလွှာ သိန်း (၄၇၀)။

ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

### ရောင်းမည်

ကမာရွတ်ဆင်ရေတွင်း၊ မြေညီတိုက်ခန်း၊ ပေ (၂၃×၅၅)၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ပါကေခင်း၊ ကြွေပြားကပ်၊ သိန်း (၁၂၀၀)။

ဖုန်း-၀၉-၄၂၀၀၇၆၅၂၂

### ရောင်းမည်

မလွှကုန်းလမ်းကျယ်၊ မြေညီ ပေ (၃၃×၅၅)၊ ကြွေပြားကပ်။ သိန်း (၂၂၀၀)။

ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

### ရောင်းမည်

သဃ်န်းကျွန်း၊ ဘုရားလမ်းနှင့် ဇဝန ကြားဂရန်ကြီး၊ မြေညီ၊ ပေ (၁၃×၆၀)၊ အိပ်ခန်းနှစ်ခန်း၊ ဘိုထိုင်၊ ရေချိုးခန်း၊ ကြွေပြားကပ်။ သိန်း (၅၀၀)။

ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

### ရောင်းမည်

ပါရမီစိန်ဂေဟာအနီး၊ အနော်ရထာလမ်း၊ မြေညီ၊ ပေ (၁၂ခွဲ×၅၂)၊ မရမ်းကုန်းမြို့နယ်၊ ရောင်းဈေး(သိန်း-၄၄၀)

ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

### ရောင်းမည်

မင်းရဲကျော်စွာ ၂လမ်း၊ တောင်ဥက္ကလာ၊ မြေညီ ပေ (၁၈×၅၂)၊ သိန်း (၄၇၀)။

ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

### ရောင်းမည်

တောင်ဥက္ကလာပ၊ စာဂ(၁၇)လမ်း၊ ပေ (၁၈×၅၂)၊ မြေညီ၊ သိန်း-၆၅၀၊ မှန်ခန်း၊ သိန်း-၄၅၀၊ ၄ လွှာ၊ သိန်း-၃၅၀ (၂လပိုင်းစတင်မည်)။

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

### ငှားရန်ရှိသည်

ဆိုင်ခန်း/ရုံးခန်း/လုံးချင်း/ကွန်ဒို ငှားရန်ရှိသည်။ ငှားသူ အကျိုးဆောင်ခပေးရန် လုံးဝမလိုပါ။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

### Teacher Yamin

အစိုးရကျောင်းနှင့် International ကျောင်းမှ ကလေးများအား အင်္ဂလိပ်စာသင်ကြားပေးသည်။ ယူကေနိုင်ငံအတွေ့အကြုံရှိ ဆရာမမှ ထိထိရောက်ရောက် သင်ကြားပေးသည်။

ဖုန်း-၀၉ ၂၅၀၁၃၆၆၉၅

### Study Guide

Grade 4 to 10 ဘာသာစုံ Teaching & Guide ပြုလုပ်ပေးသည်။ အင်္ဂလိပ်နှင့် သင်္ချာအထူးသင်သည်။

ဖုန်း-၀၉ ၅၄၁၅၇၆၁

### သင်ကြားပေးသည်

၂၀၁၄-၁၅ ပညာသင်နှစ်အတွက် ၉၊ ၁၀ တန်း ဘာသာစုံအိမ်လိုက်သင်သည်။

ဖုန်း-၀၉ ၂၅၄၂၀၇၇၃၉

### ရောင်းမည်

မြန်မာ့ဆေးဖက်ဝင် ရှင်မတောင် သနပ်ခါးပျိုးနှင့် နံ့သာဖြူပျိုးများရောင်းမည်။

ဖုန်း-၀၉ ၄၀၁၅၀၀၀၉၉

### ရောင်းမည်

အသစ်နီးပါးကောင်းမွန်သော iPads& Samsung Tablet များရောင်းမည်။

ဖုန်း-၀၉ ၃၁၂၈၈၀၇၇

### ရောင်းမည်

U.S.A Japan Made Golf-SET
ရွှေဘုံသာလမ်း G.F.

ဖုန်း-၀၉ ၄၅၀၀၁၅၇၈၈

### ငှားမည်

မြောက်ဥက္ကလာပ (၁) ရပ်ကွက်၊ သုမိတ္တာ (၁၄) လမ်း၊ ရေမီးအစုံ။ ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၉ ၅၀၄၉၁၁၀

### ငှားမည်

ဥတ္တရသီရိမြို့သစ်၊ ၁/ဥတ္တရသီရိမြောက် အရပ်၊ဇဝနသိဒ္ဓိရပ်ကွက်၊အမှတ်(၃. ၅၀၂၈) ဥတ္တရဆေးရုံအနီး။

ဖုန်း-၀၉ ၅၀၄၉၁၁၀

### ရောင်းမည်

သန်လျင်၊ အလယ်ရွာ(နည်းပညာ တက္ကသိုလ် ရှေ့ရပ်ကွက်၊ သီလဝါဇုန်အနီး)။ ပေ (၆၇×၁၈၀)။ ဥယျာဉ်ခြံမြေ၊ နှစ်ထပ်အိမ်၊ မီတာပါဝင်သည်။

ဖုန်း-၀၉ ၇၃၀၀၆၃၀၉

### ရောင်းမည်

ကျောက်မြောင်း၊ သီတာလမ်း၊ ၄ လွှာ၊ ပေ (၁၆×၆၀)၊ အခန်းကျယ်၊ အိပ်ခန်း (၂) ခန်းပါ၊ အဲကွန်းပါ၊ ဘိုထိုင်၊ ရေပူရေအေး၊ အဆင့်မြင့်ပြင်ဆင်ထားသည်။ သိန်း (၅၆၀) ညှိနှိုင်း။

ဖုန်း-၀၉ ၅၁၄၆၇၄၅

### အလိုရှိသည်

| | |
|---|---|
| ဆိုင်အကူ | မ (၁) ဦး |
| ဟင်းချက်ကျွမ်းကျင် | မ (၁) ဦး |

ဖုန်း-၀၉ ၂၅၀၃၇၀၇၃၅

### ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| Caisher(ကွန်ပျူတာ) | ကျား (၃) ဦး |
| Waiter | ကျား (၃) ဦး |
| ဓားကိုင် | ကျား (၃) ဦး |
| အကြော်ဆရာ | ကျား (၃) ဦး |
| ဂိတ်ကြေးကောက်ဝန်ထမ်း | ကျား (၃) ဦး |
| ညစောင့် | ကျား (၃) ဦး |
| သန့်ရှင်းရေး | ကျား (၃) ဦး |

ဖုန်း-၀၉ ၃၁၂၇၆၃၅၃

### ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| Marketing Manager | M/F (1) Post |
| Marketing Assistant | M/F (1) Post |
| English Teacher For Summer Programme | M/F (5) Posts |
| Chinese Teacher For Summer Programee | M/F (5) Posts |
| Driver | M (1) Post |

Ph:01 382213

### GH Golden Heart

အိမ်၊ ခြံ၊ မြေအမြန်ဆုံးရောင်း/ဝယ် ငှားရမ်းလိုသူများဆက်သွယ်ရန်ဖိတ်ခေါ်အပ်ပါသည်။ ဖုန်း-၀၉ ၃၃၃၃၆၃၉၅

### လွင်မြင့်မိုရ်အောင်ဝန်ဆောင်မှု

ရန်ကုန်မြို့တွင်း၊ မြို့ပြင်အိမ်ခြံမြေများရောင်း၊ ဝယ်လိုပါလျှင် ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပေးပါ။

ဖုန်း-၀၉ ၇၃၀၅၄၅၄၃

### ကားမောင်းသင်သည်

မန္တလေးမြို့မှ လူကြီးမင်းတို့၏ အိမ်စီးကားဖြင့် သင်ပေးသည်။ အချိန်ပိုင်းအမျိုးသမီးယာဉ်မောင်းလို အပ်ပါက ဆက်သွယ်နိုင်ပါသည်။

ဖုန်း- ၀၉ ၃၃၀၁၄၇၈၀

### ဝန်ဆောင်မှု

Desktop,Laptop and Network Game PC များကို လိုက်လံပြုပြင်သည်။ Internet Error များကို ဖြေရှင်းပေးသည်။

ဖုန်း- ၀၉ ၄၂၀၁၀၉၀၅၀

### ရေးဆွဲပေးသည်

Web Project လက်ခံသည်။ asp.net ဖြင့် web site များလက်ခံရေးသားပေးသည်။

ဖုန်း- ၀၉ ၄၉၂၆၂၄၆၆

### ဝန်ဆောင်မှု

စိတ်ဓာတ်ကျနေသော အနာဂတ်ပျောက်နေသော လူငယ်များ ဆက်သွယ်ပါ။ စိတ်ဓာတ်ခွန်အား ရှိလာစေရမည်။

ဖုန်း-၀၁ ၂၂၇၁၉၉

### အောင်ဘာသာပြန်အဖွဲ့

စီးပွားရေးလုပ်ငန်းသုံး၊ ဥပဒေ၊ စာပေ အနုပညာ၊ ကြော်ငြာစာနှင့် ရုပ်ရှင်ဗီဒီယိုဖိုင်များ၊ အသံသွင်းတိတ်ခွေများစသည့် ဘာသာပြန်ခြင်းအမျိုးမျိုးကို တိကျစွာ ဘာသာပြန်ဆိုပေးပါသည်။

ဖုန်း- ၀၉ ၇၃၂၁၁၉၀၇

### HLC

ဟိန္ဒီ(အိန္ဒိယစကား)အရေး၊ အဖတ်၊ အပြောသင်တန်းလက်ခံနေပြီ။

ဖုန်း- ၀၉ ၄၂၁၀၉၈၇၉၀

7 ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.12, No.49 ▪ FEBRUARY 12 , 2014

စာမျက်နှာ (၅)မှ

## အိမ်မပြန်ချင်သေးသည့် ယိုးဒယားမြေမှ ကြက်ကြော်သည်လေး

သမ္မတဦးသိန်းစိန် အစိုးရသစ်လက်ထက် အလုပ်အကိုင်နေရာတစ်သန်းကျော်ရှာဖွေပေးနိုင်ခဲ့ပြီး ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP)ကလည်း တိုးတက်လာကြောင်း သမ္မတက ပြောကြားထားသည်။

“အခု ၂ နှစ်လောက် အတွင်းမှာ အဆင်ပြေမယ်ထင်ပြီး စုဆောင်းထားတာလေးကိုင်ပြီး ပြန်သွားတာ။ ကုန်လည်းကုန် ရောဒီပြန်ရောက်လာတာပဲ။ ဟိုမှာ စက်ရုံမှ မရှိတာ။ ဒီမှာက ပညာမတတ်လည်း တောက်တိုမည်ရလုပ်ရင် တောင်ပိုက်ဆံပေးမယ့်အလုပ်တွေရှိနေတာကိုး”ဟု ဘဝတူအလုပ်သမားအချို့ မွေးရပ်မြေပြန်သွားကြပြီး အဆင်မပြေသည့် ပြဿနာများကို အပြန်အလှန်ကူညီဖေးမနေကြသည့် အတွေ့အကြုံများကို MBK ကုန်တိုက်တွင် ၁၃ နှစ်ကျော် အလုပ်လုပ်ကိုင်ခဲ့ပြီး ထိုင်း-မြန်မာဘာသာပြန် လုပ်ကိုင်နေသည့်ကရင်တိုင်းရင်းသားကိုဝင်းသိန်း က ပြောပြသည်။

“မြန်မာပြည်မှ အပြောင်းအလဲတွေ ဖြစ်လာနေတယ်ဆိုပေမယ့် ပုံမှန်ဝင်ငွေရှိတဲ့ အလုပ်ရဖို့ မလွယ်သေးပါဘူး။ ရှိသမျှလုပ်ငန်းကြီးတွေနဲ့ လယ်မြေယာမြေတွေဟာလည်း စစ်တပ်နဲ့ ခရိုနီတွေလက်ထဲမှာဆိုတော့ အလုပ်လက်မဲ့မြန်မာတွေ ထိုင်းကို ထပ်ထွက်လာဖို့ပဲရှိတော့တယ်”ဟု ထိုင်းနိုင်ငံတွင် ကာလရှည်ကြာနေထိုင်နေပြီး မြန်မာ့မျက်မှောက်ရေးရာအဖြာဖြာနဲ့ပတ်သက်သည့် ဆောင်းပါးများ ရေးသားနေ သူ ဆောင်းပါးရှင်ဦးဇော်မင်းက ပြောသည်။

ပြည်ပရောက်ပညာတတ်လူတန်းစားအချို့ ပြည်ပအခြေစိုက် မီဒီယာနှင့် အင်န်ဂျီအိုတို့တွင် လုပ်ကိုင်ခဲ့သည့်မြန်မာအချို့မှာပင် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေအရ ၎င်းတို့ လက်သင့်ခိုင်နိုင်သည့် အလုပ်အကိုင်နှင့် လစာတို့ရရှိနေခြင်းကြောင့် ပြည်တော်ပြန်ဝင်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

“ယခု မြန်မာပိစ်စင်တာမှာ လုပ်နေတဲ့သူတွေ သမ္မတအကြံပေးလုပ်နေသူတွေဆို သူတို့ပြည်တွင်းမှာလုပ်လိုတဲ့ အနေအထားနဲ့ အလုပ်အကိုင်တွေရရှိတဲ့အခါ မြန်မာပြည်ပြန်ပြီးအလုပ်လုပ်တာဖြစ်တယ်။ လက်ရှိပြည်တွင်းက လုပ်ငန်းတွေကတော့ သာမန်လူတွေအဖို့ မက်လောက်စရာမရှိပါဘူး”ဟု ၎င်းက ဆိုသည်။

မြန်မာအလုပ်သမားချင်းအတူတူ ဘန်ကောက်မြို့ပေါ်နှင့် ဘန်ကောက်အပြင်ဘက် မဟာချိုင်၊ ဖန်င၊ မဲဆောက်စသည့် နယ်စပ်မြို့များတွင် အလုပ်လုပ်ကိုင်ရသူများအနေအထားချင်းမတူညီကြ။ ဘန်ကောက်မြို့လယ်ကောင်တွင် ဝင်ငွေထွက်ငွေမျှတစွာဖြင့်ရပ်တည်နိုင်သော်လည်း နယ်စပ်များတွင်တော့ တစ်လလုပ်အားခအများဆုံးဘတ် ၂,၅၀၀ ဖြင့် ပင်ပန်းဆင်းရဲစွာရပ်တည်ကြရဆဲဖြစ်သည်။

ကြက်ကြော်နှင့် ကောက်ညှင်းထုပ်များကို သပ်သပ်ရပ်ရပ်ထုပ်ပိုးနေသည့် ကိုမင်းထိုက်က မြန်မာသမ္မတကြီးက ပြန်လာဖို့ခေါ်နေတာကိုပင် သူကအံ့ဩတကြီးဖြစ်နေသည်။ သမ္မတဟူသည့် မြန်မာအသုံးအနှုန်းကိုပင်မသိ၍ ထိုင်းဘာသာဖြင့် ဖုရိုင်(လူကြီးမင်း)ဟု ရှင်းပြတော့မှ သူသဘောပေါက်သွားပြီး ပြန်လာဖို့ခေါ်သည့် မြန်မာဖုရိုင်ကို သူတစ်ခုလောက်မေးလိုသည်ဟု ဆိုသည်။

“ဖုရိုင်က ကျွန်တော်တို့ကို ဘာလို့ပြန်ခေါ်တာလဲ။ ဒီမှာကြက်ကြော်ရောင်းတာ တစ်နေ့ဘတ် ၅,၀၀၀ ရတယ်။ ၂,၀၀၀ လောက်မြတ်တယ်။ ကျွန်တော့်ရွာမှာ အဖေ၊ အမေ၊ ယောက္ခမ၊ သားသုံးယောက်နဲ့ မိန်းမထိုင်စား လို့ရတယ်။ မြန်မာပြည်မှာကြက်ကြော်ရောင်းရင် အဲဒီလိုနေလို့ရမလားလို့။ ကျွန်တော်လုပ်တတ်တာလည်း ဒါပဲရှိတယ်လေ”ဟု ဘန်ကောက်တွင် ၁၀ နှစ်ကြာရောက်ရှိနေပြီး ကြက်ကြော်ရောင်းသည်မှာ ၆ နှစ်ရှိပြီဖြစ်သည့် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ တယဏရွာမှ လာရောက် အလုပ်လုပ်ကိုင်သူ ကိုမင်းထိုက်က နားမလည်စွာမေးသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်မှ ဘွဲ့ရတစ်ဦး၏ လက်ရှိအခြေခံတစ်ရက်ဝင်ငွေမှာ ကျပ် ၂,၀၀၀ မှ ကျပ် ၄,၀၀၀ ကြားဖြစ်ပြီး ထိုင်းနိုင်ငံတွင်မူ လမ်းဘေးဈေးရောင်းသူ၊ အရောင်းဝန်ထမ်း စသည့် အောက်ခြေလုပ်သားပင်လျှင် တစ်ရက်ဝင်ငွေ ဘတ် ၃၀၀ (မြန်မာငွေ ကျပ် ၉,၀၀၀ )ခန့်ရရှိနေပြီဖြစ်သည်။

အကျပ်အတည်းဘယ်လောက်တွေ့တွေ့ ဝင်ငွေထွက်ငွေမျှတပြီး စားပွဲထိုးတတ်လျှင်တောင် ထမင်းမငတ်သည့် ထိုင်းနိုင်ငံကနေ စွန့်ခွာဖို့သတ္တိနည်းနေသေးကြောင်း MBK ကုန်တိုက်ရှိ ဖိနပ်ဆိုင်တွင်(၁၀)နှစ်ကျော်ကြာလုပ်ကိုင်နေသော အသက်(၃၂)နှစ်အရွယ် ကိုစိုးသက်နိုင်က ပြောသည်။

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများသာ မဟုတ်ခေတ်ပညာတတ်အများစုရှိရာ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသားတစ်ဦးက ယခုကဲ့သို့ဆိုသည် အမှန်တကယ်ပြုပြင်ပြောင်းလဲမှုများပြုလုပ်မည်ဆိုပါက အားတက်သရော ပြန်လာချင်သူများ စင်ကာပူနိုင်ငံတွင်ရှိနေပြီး လက်ရှိစင်ကာပူတွင် ရနေသည့်လစာ၏ထက်ဝက်ခန့်မျှ ရလျှင်ပင်ပြန်လိုသူများစွာရှိနေကြောင်း စင်ကာပူနိုင်ငံ inland revenue authority တွင် infocomm officerအဖြစ် လုပ်ကိုင်နေသူ အသက်(၃၀)နှစ်ရှိ မတင်ဇာစိုးမင်းက ပြောသည်။

“ပညာတတ်လူတန်းစားတွေကတော့ ဒီ ၂၀၁၅ မတိုင်မီမှာ တကယ်ပဲ အပြောင်းအလဲတွေဖြစ်လာမလားဆိုပြီး မျှော်လင့်ပြီး အားတက်သရော ပြန်လာမယ့်သူတွေရှိတယ်။ အခုတောင်ပြန်ဖို့ အမျိုးမျိုးကြိုးပမ်းနေတယ်။ ဘာလုပ်ငန်းလုပ်ရင်ကောင်းမလဲလို့လည်း တွေးနေကြပြီ။ အရင်လိုသူများနိုင်ငံမှာ တစ်သက်လုံးနေဖို့ နိုင်ငံကြီးကို ကူးဖို့မကြိုးစားကြတော့ဘူး”ဟု ၎င်းက ပြောသည်။

အခြေခံလုပ်သားများဆိုလျှင်လည်း ယခုချက်ချင်း အလုပ်အကိုင်ဖန်တီးပေးပါက ယခုချက်ချင်း ပြန်လိုသူများရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စင်ကာပူနိုင်ငံတွင် ကလေးထိန်းအိမ်အကူအဖြစ် လုပ်ကိုင်နေပြီး လုပ်သက် ၆ နှစ်ခွဲရှိပြီဖြစ်သည့် မဌေးရီကလည်း “ဒီမှာက ဝင်ငွေကောင်းတယ်။ ကိုယ့်နိုင်ငံကျတော့ စီးပွားရေးကမကောင်းဘူးလေ။ ဘယ်တော့ကောင်းလာမလဲဆိုတာတော့ ကျွန်မ မပြောတတ်ပါဘူး”ဟု ၎င်းက ဆိုသည်။

၎င်းအတွက် ကံကောင်းသည်က မြန်မာမိသားစုထံတွင်ပင် ပြန်လည်အလုပ်လုပ်ရခြင်းဖြစ်ပြီး အလုပ်ခွင်အတွင်း နှိပ်စက်ညှဉ်းပန်းမှုများ မခံရသည်က ကံကောင်းသည့်အချက်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အိမ်နီးချင်းထိုင်းနိုင်ငံတွင် မြန်မာလုပ်သား စုစုပေါင်း ၁ ဒသမ ၇ သန်းကျော်ရှိပြီး မြန်မာနိုင်ငံရှိမိသားစုများထံပြန်ပို့သည့် တစ်နှစ်ဝင်ငွေမှာ ဘတ်သန်းတစ်ထောင်ရှိနေပြီး မြန်မာလုပ်သားအင်အားသည် ထိုင်းနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် မောင်းနှင်မှုတစ်ရပ်ဖြစ်နေခြင်းကလည်း မြန်မာလုပ်သားများစွာ နေရပ်မပြန်နိုင်အောင် ဖန်တီးပေးနေသည်။

“မှန်းထားတဲ့ပိုက်ဆံရရင်တော့ မိုးတွင်းဆိုရွာပြန်မယ်။ ရွာမှာ ဆောင်းဘောက်ဆိုင်ဖွင့်မယ်။ ငှားစားမယ်။ နွေဆို ဒီပြန်တက်လာမယ်။ ကြက်ကြော်ရောင်းမယ်။ အခုတော့(၁၀)နှစ်အတွင်း တစ်ခါမှမပြန်ဘူး”ဟု ဇနီးနှင့်သားအငယ်ဆုံးတစ်နှစ်ကလေးကိုသာ ဘန်ကောက်တွင် ခေါ်ထားလျက် (၆)နှစ်အရွယ်နှင့် (၂)နှစ်အရွယ်သားနှစ်ယောက်ကို ရွာပြန်ပို့ထားသည့် ကိုမင်းထိုက်က ၎င်း၏ ရည်မှန်းချက်ကို ပြောသည်။

ထိုင်းနိုင်ငံတွင် ယခင်က မြန်မာနှင့် နယ်နိမိတ်ချင်းနီးကပ်စွာ ထိကပ်နေသော တနင်္သာရီတိုင်း၊ မွန်၊ ရှမ်း၊ ကရင်ပြည်နယ်တို့မှ အများစုသွားရောက်အလုပ်လုပ်ကိုင်ခဲ့သော်လည်း မြန်မာ နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ တိုက်ပွဲများစတင်ဖြစ်ပွားချိန် ၂၀၁၀ နောက်ပိုင်းမှစ၍ ကချင်ပြည်နယ်မှ ကချင်တိုင်းရင်းသားများလည်း ရောက်ရှိလာခဲ့သည်။

“ဒီမှာကချင်တွေအများကြီးပေါ့။ ဟိုမှာလုပ်စရာလည်းမရှိဘူး။ အခုဒီမှာ တစ်လကို ဘတ်တစ်သောင်းရတယ်”ဟု ဘန်ကောက်ရောက်သည်မှာ ၁၀ လသာရှိသေးသည့် MBK ကုန်တိုက်တွင် အလုပ်လုပ်နေသည့်ကိုအောင်သူက ပြောသည်။

ထိုင်းနိုင်ငံရေး အကျပ်အတည်းက သက်တမ်းလွန် မြန်မာအလုပ်သမားများ ဖမ်းဆီးခံရရန် နီးစပ်နေသော်လည်း ကြီးမားသည့် မြန်မာလုပ်သားအင်အားနှင့် ထိုင်းစီးပွားရေးလုပ်သားလိုအပ်ချက်တို့ အပြန်အလှန်မှီခိုနေရခြင်းကြောင့် မည်သည့်ထိုင်းသူဌေးကမှ သူတို့မြန်မာအလုပ်သမားတွေကို လွယ်လွယ်စွန့်လွှတ်မည်မဟုတ်ကြောင်း ထိုင်းနိုင်ငံဖန်ခရိုင်အခြေစိုက် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်မှ မဝေနှင်းပိုက ပြောသည်။

ရေကြည်ရာမြက်နုရာ ရှာဖွေခဲ့ခြင်းဖြစ်ပြီး တစ်သက်လုံးသူများနိုင်ငံတွင် နိုင်ငံခြားသား၏ အလုပ်သမားအဖြစ် အရိုးမထုတ်ချင်သော်လည်း ပညာလည်းကောင်းကောင်းမသင်ယူခဲ့၊ အသက်မွေးဝမ်းကျောင်းပညာရပ်လည်း ကောင်းကောင်းမတတ်သည့် ထိုင်းရောက်မြန်မာလုပ်သားအများစုအတွက် တူညီသောမျှော်လင့်ချက်ကတော့ တစ်ခုတည်းရှိပါသည်။ ပိုက်ဆံရသော်လည်း ကျီးလန့်စာစားရသည့်ဘဝကို ကယ်တင်ဖို့ မြန်မာအစိုးရအား အလုပ်သမားများကိုယ်စား ကိုဝင်းသိန်းက ယခုကဲ့သို့တောင်းဆိုလိုက်ပါသည်။

“မြန်မာနိုင်ငံမှာ ဘယ်ပါတီအစိုးရတက်တက် ဝင်ငွေထွက်ငွေမျှတပြီး လုပ်ကိုင်စားသောက်ဖို့ အဆင်ပြေအောင် မြန်မာတာဝန်ရှိသူတွေ ဖန်တီးပေးစေချင်ပါတယ်။ ဘယ်သူကမှ သူများနိုင်ငံမှာ တစ်သက်လုံးမနေချင်ပါဘူး”ဟု ဆိုသည်။

ဘန်ကောက်မြို့က ကြက်ကြော်သည် ကိုမင်းထိုက်ကတော့ ထိုမြေကို မစွန့်နိုင်သေး။ မိသားစုတစ်စုလုံး စားဝတ်နေရေး အဓိကဖြေရှင်းပေးနေသည့် ကြက်ကြော်လှည်းကိုစွန့်၍ ဇာတိမြေပြန်ရန် သတ္တိမရှိသေးဟု ဆိုသည်။

စာမျက်နှာ(၂၆) မှ

## မလေးရှားရောက် မြန်မာများရဲ့ လုံခြုံရေးဘာလုပ်ပေးကြမှာလဲ

မလေးရှားအရေးကို ပေါ့ပေါ့တွေး၍မဖြစ်တော့ဟုယူဆပါသည်။ နှစ်နိုင်ငံအာဏာပိုင်များ ပူးပေါင်း၍ အထူးစီမံချက်များဖြင့် ဆောင်ရွက်မှသာ မလေးရှားရောက် မိမိတို့၏ သားသမီးများ လုံခြုံရေးကို မြန်မာမိဘတို့ စိတ်အေးနိုင်ကြမည်ဖြစ်ပါသည်။ ထို့အပြင် အမိမဲ့သား ရေနည်းငါးလိုအဖြစ်မျိုးနှင့် တိုင်းတစ်ပါးတွင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သူတို့နိုင်ငံ၏လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေရသော မြန်မာလုပ်သားများအတွက် အဓိကတာဝန်ရှိသူက မြန်မာအစိုးရပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

မလေးရှားအစိုးရအနေဖြင့်လည်း အာဆီယံမိသားစုအသိုက်အဝန်းရှိဆွေမျိုးရင်းချာနိုင်ငံဖြစ်၍ မြန်မာ့အရေးကို ပေါ့ပေါ့တန်တန်သဘောမထားဘဲ မလေးရှားရောက် မြန်မာများ၏ လုံခြုံရေးကို ယခုထက်ပိုမိုစိတ်ချရသော အခြေအနေမျိုးထိ တာဝန်ယူဆောင်ရွက်ပေးသင့်သည်ဟု ယူဆပါသည်။

သို့ဖြစ်၍ နောင်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးကို အရှည်မျှော်တွေး၍ လူကြီးချင်းစည်းလုံး ပူးပေါင်းဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါသည်။ ယခုလိုသာ မကြာခဏဖြစ်နေမည်ဆိုလျှင်တော့ “မလေးရှားရောက် မြန်မာများရဲ့ လုံခြုံရေးဘာလုပ်ပေးကြမှာလဲ”ဟူ၍ပင် မေးလိုက်ချင်ပါ တော့သည်။

JOKE

### အထောက်အကူမဖြစ်ဘူး

ကျောင်းသားများကိုကဗျာရေးခိုင်းလိုက်သော ဆရာမက ကျောင်းသား တစ်ဦးချင်းစီ၏ ကဗျာများကိုဖတ်ရင်း ဂျော်နီအလှည့်သို့ ရောက်သောအခါ“ဂျော်နီ၊ မင်းရဲ့ ကဗျာက အတန်းထဲမှာ အဆိုးရွားဆုံးပဲ။ မင်းရဲ့ကဗျာက သဒ္ဒါနဲ့ မကိုက်ညီရုံတင်မဟုတ်ဘဲ အသုံးအနှုန်းတွေက ရိုင်းစိုင်းကြမ်းတမ်းပြီး ရွံစရာကောင်းတယ်။ အဲဒီအတွက် မင်းအဖေဆီကို တိုင်ကြားစာပို့မှဖြစ်မယ်”ဟု ပြောလိုက်သည်။ ဤတွင် ဂျော်နီက “ဆရာမ အဲဒီလိုလုပ်လို့အထောက်အကူဖြစ်မှာ မဟုတ်ဘူး။ အဲဒီကဗျာကို အဖေကိုယ်တိုင်ရေးပေးလိုက်တာ”ဟု ပြောပါသည်။

### မွေးစားလိပ်

တောအုပ်တစ်ခုထဲတွင် လိပ်ကလေးတစ်ကောင်သည် သစ်ပင်ပေါ် ကြိုးစား၍ တက်သည်။ နာရီပေါင်းများစွာ ကြာသောအခါ သစ်ပင်ထိပ်သို့ ရောက်သောအခါ လေထဲသို့ ခုန်ချကာ ရှေ့လက်နှစ်ချောင်းယက်ကန်၊ ယက်ကန်နှင့် မြေပြင်ပေါ် သို့ ပြုတ်ကျသွားသည်။ နာကျင်မှု သက်သာလာပြီးနောက် သစ်ပေါ် ပေါ်သို့ တစ်ဖန်ပြန်တက်၍ လေထဲခုန်ချရင်း မြေပြင်ပေါ်ပြုတ်ကျပြန်သည်။

လိပ်ကလေးက ထပ်ခါထပ်ခါကြိုးစားနေသည်ကို သစ်ကိုင်းပေါ်တွင် နားနေသော ငှက်မောင်နှံက စိတ်မကောင်းစွာဖြင့်ကြည့်နေရင်းမှ နောက်ဆုံးတွင် ငှက်မလေးက သူ့အဖော်ကို “မောင်ကြီးရေ၊ သူ့ကို ကျွန်မတို့ မွေးစားထားတယ်ဆိုတာကို ပြောချိန်တန်ပြီနဲ့ တူတယ်ကွယ်”ဟု ပြောလိုက်ပါသည်။

# Environment

7DAY NEWS JOURNAL

Vol.12, No.49 • FEBRUARY 12 , 2014


# မိုးယွန်းကြီးအင်းစောင့်မျှော်နေသော မျှတ၊ ချစ်ကြည်မှု

**အိမြမွန်**

ဆောင်းရာသီနံနက်ခင်း တစ်ခု၏ နေရောင်ခြည်နုနုအောက်တွင် လယ်သမားများကထွန်ရေးငင်နေကြသည်။ နွေစပါးစိုက်ပျိုးရန်ပြင်ဆင်နေကြခြင်းဖြစ်သည်။ ဤဒေသသည် နှစ်စဉ်ရေကြီးရေလျှံသည့် ဒေသဖြစ်သောကြောင့် မိုးစပါးထက်နွေစပါးကိုအားထားနေရသည်။

နွေဖြစ်သော်လည်းစိုက်ပျိုးရေးအတွက်လယ်သမားများ မပူပန်ရခြင်းမှာ ရေချိုများကိုထိန်းသိမ်းပေးထားသောသက်တမ်း ၁၃၆နှစ်ရှိ မိုးယွန်းကြီးအင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် မိုးယွန်းကြီးအင်းသည်သူတို့အတွက် သဘာဝကပေးသောလက်ဆောင်မွန်တစ်ခုဖြစ်သည်ဟုလယ်သမားများက ယနေ့ထိတိုင်ခံယူထားကြသည်။

သို့သော်အင်းရေကိုခွဲဝေသုံးစွဲမှုစနစ်တကျမရှိခြင်းကြောင့် နှစ်စဉ်နွေစပါးစိုက်ရာသီတွင် ရေအတွက် ပြဿနာဖြစ်ပွားခဲ့သည်မှာလည်း ဆယ်စုနှစ်တစ်ခုကျော်လာပြီဟု မိုးယွန်းကြီးအင်းအနီးရှိ ခလောက်ကျေးရွာမှ လယ်သမားဦးစောလွင်ကပြောသည်။

ဦးစောလွင်သည်မိုးယွန်းကြီးအင်းကို မှီ၍နွေစပါးကိုအဓိကစိုက်ပျိုးသောတောင်သူများထဲမှ တစ်ဦးဖြစ်သည်။ ယခင်က သူ့တွင် လယ်ဧက ၃၅ဧကရှိသည်။ ယခုတော့ နှစ်စဉ်နွေရာသီရေမရှိမှုကြောင့် မစိုက်နိုင်မပျိုးနိုင်ဘဲ အကြွေးများပိကာသူပိုင်သော လယ်ဧကများလျော့နည်းလာသည်။

ဦးစောလွင်နည်းတူ ဝေါ၊ သနပ်ပင်နှင့် ပဲခူးနယ်အတွင်းရှိအင်းပတ်ဝန်းကျင်နှင့် အင်းအောက်ဘက်ရှိကျေးရွာများမှလယ်သမားများမှာလည်း နွေစပါးစိုက်ပျိုးရေရရှိရေးအတွက် မိုးယွန်းကြီးအင်းကိုသာအမှီပြုကြရသည်။ မိုးယွန်းကြီးအင်းနှင့်နီးကပ်နေသောလယ်သမားများက ရေရရှိရေးအတွက် မပူပန်ကြသော်လည်း အောက်ဘက်လယ်ယာမြေများမှာ အထက်ဘက်က ရေလွှတ်ပေးမှရသည်မို့မကြာခဏအထက်ဘက်နှင့်အောက်ဘက်ရေကိစ္စအတွက် အငြင်းပွားကြရသည်။

“ဒီကို ရေမကျလာဘူးဆိုရင် လယ်သမားတွေစုပြီးရေလွှတ်ပေးဖို့ပြောကြတယ်။ လူအုပ်ကြီးနဲ့ဆိုတော့လွှတ်ပေးမယ်။ ဒီတစ်မနက်လွှတ်လိုက်တယ်။ လယ်သမားတွေက စက်နဲ့ပြန်တင်ပေးတဲ့ရက်ကနည်းတော့ အောင်ရေမရဘူး” ဟုဦးစောလွင်က သူတို့၏အခက်အခဲကိုဖွင့်ဟသည်။



*မိုးယွန်းကြီးအင်းကိုတွေ့ရစဉ်*

ဓာတ်ပုံ - လင်းဘိုဘို/အီးပီအေ

မိုးယွန်းကြီးအင်းသည် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းဝေါမြို့နယ်အတွင်း တည်ရှိကာ ရေပြင်ဧရိယာအကျယ် ၄၀စတုရန်းမိုင်ရှိပြီးလယ်ဧကပေါင်း ၂၅,၆၀၀ကျော်အတွက်ရေပေးနိုင်သော အင်းကြီးဖြစ်သည်။

ရေဘေး ကာကွယ်နိုင်သော ဧရိယာမှာ ၁၀၄၈ဧကရှိသည်။ အင်းကြီးသို့ဆင်စုဘုရားလေး၊ ဦးကောက်ရွာသစ်၊ ဝမ်းဘဲအင်း၊ ရေတာရှည်နှင့်ပျဉ်ပုံကြီး စသောချောင်းများမှရေဝင်ရောက်သည်။

မိုးယွန်းကြီးအင်းအပါအဝင် ရန်ကုန်-မန္တလေးကားလမ်းနှင့် စစ်တောင်းမြစ်ကြား ပဲနွယ်ကုန်းမှ ပကိုင်တာ(ပျဉ်ပုံတာဆုံ)ရေနက်ကွင်းကြီးကို ပြွန်တန်ဆာလွင်ပြင်ဟုခေါ်ပြီး မကြာခဏ ရဲနွယ်ချောင်း၊ ဘိုင်းဒါချောင်းနှင့်ကောလိယချောင်းတို့ကြောင့် မိုးရာသီတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည်။

ပြွန်တန်ဆာလွင်ပြင်ရှိ ဝေါ၊ သနပ်ပင်၊ ပဲခူးမြို့နယ်တို့တွင် နှစ်စဉ်နွေစပါးစိုက်ပျိုးရန် ပကိုင်တာဆည်ကို ပဲခူး-စစ်တောင်းတူးမြောင်းဖောက်လုပ်စဉ်က တည်ဆောက်ခဲ့သည်။ ပကိုင်တာဆည်တည်ဆောက်ခဲ့ပြီးနောက် ၁၉၉၇ ခုနှစ်တွင် ပကိုင်တာဆည်ကျိုး၍ ဝေါ၊ ပဲခူး၊ သနပ်ပင်နှင့်ကဝမြို့နယ်များတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ အဆိုးရွားဆုံးဖြစ်ခဲ့သောကြောင့် ရေလွှမ်းမိုးမှုတားဆီးနိုင်ရန်မိုးယွန်းကြီး ရေလှောင်ကန်ကိုအစိုးရက ဖော်ဆောင်ခဲ့သည်ဟု စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးရေအရင်းအမြစ် လေ့လာရေးအစီရင်ခံစာကဆိုပါသည်။

“မှန်ပါတယ်။ ရေဘေးကာကွယ်ဖို့အတွက် ဆောက်ထားတဲ့ လူလုပ်အင်းကြီးပါ။ ရမ်ဆာ(ရေတိမ်ဒေသ)ဆိုက်မှာက လူလုပ်ပဲဖြစ်ဖြစ်၊ သဘာဝပဲဖြစ်ဖြစ်စာရင်းတင်သွင်းပြီး ကာကွယ်လို့ရပါတယ်။ ရေတိမ်ဒေသတစ်ခုဆိုရင်လည်း မမှားပါဘူး”ဟု ဝန်းကျင်/သားငှက်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ပြောကြားသည်။

ကမ္ဘာ့ရေတိမ်ဒေသများစာရင်းတွင် ထည့်သွင်းထားသည့် မိုးယွန်းကြီးအင်းသည်ဆောင်းရာသီတွင် ရှားပါးဆောင်းခိုငှက်များနှင့် ဌာနေငှက်များကျက်စားရာဒေသလည်းဖြစ်သည်။ ငှက်မျိုးစိတ်စုစုပေါင်း ၁၂၅မျိုးရှိပြီး ငါးမျိုးစိတ်၄၆မျိုး၊ လိပ်ပြာမျိုးစိတ် ၃၃မျိုး၊ ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ်ရှစ်မျိုး၊ တွားသွားသတ္တဝါမျိုးစိတ်နှစ်ဆယ်ကျက်စားကြသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနက မှတ်တမ်းတင်ထားသည်။

တောရိုင်းတိရစ္ဆာန်များနားခိုရာဒေသဖြစ်သလို ဒေသခံလူထု၏ စားဝတ်နေရေးအတွက်လည်း အရေးပါသည်။ ရေထုတ်ပြွန်ပေါင်းများစွာဖြင့် လယ်ယာမြေများကို ရေပေးဝေနေသော ရေတိမ်ဒေသကြီးလည်းဖြစ်သည်။

ရေတိမ်ဒေသကြီးများကို၄၀ရာခိုင်နှုန်းထိန်းသိမ်းထားနိုင်ပါက စားနပ်ရိက္ခာ ၄၀ရာခိုင်နှုန်းထုတ်လုပ်ပေးနိုင်သောကြောင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဂရုစိုက်လုပ်ဆောင်သင့်ကြောင်း အာရှပစိဖိတ်ရမ်ဆာကွန်ဗင်းရှင်းစင်တာ အကြံပေးဒေါက်တာ Liewellyn Youi ကပြောသည်။

“မြန်မာနိုင်ငံအနေနဲ့ရေတိမ်ဒေသတွေကို ထိန်းသိမ်းပေးမယ့်ကော်မရှင်အဖွဲ့ကြီးမရှိဘူး။ ကော်မရှင်ကိုလည်း ဌာနတစ်ခုတည်းဖွဲ့စည်းထားလို့မရဘူး။ အားလုံးပါဝင်ပူးပေါင်းမှ ရမယ်။ ဒါမှလည်း ရေတိမ်ဒေသကို အသုံးပြုမယ့် သယံဇာတခွဲဝေသုံးစွဲမှုကို သေချာစီမံခန့်ခွဲနိုင်မယ်”ဟု ဒေါက်တာ Liewellyn Youi ကပြောသည်။

ထိန်းသိမ်းနယ်မြေအဖြစ်သတ်မှတ်လိုက်သော်လည်း မိုးယွန်းကြီးအင်းမှ စိုက်ပျိုးရေ သုံးစွဲမှုကို စနစ်တကျစီမံခန့်ခွဲ၍စောင့်ကြပ်ရမည့် သီးသန့်အဖွဲ့မရှိသောကြောင့် ရေခွဲဝေမှုပြဿနာဖြစ်သည့်အခါလယ်သမားများကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းကြသည်ဟုဆိုသည်။

“အရင်က လယ်ဆည်ရော၊ စိုက်ပျိုးရေးကရောသေချာလုပ်ကိုင်ပေးတယ်။ အဲဒီတုန်းကအဆင်ပြေတယ်။ အခုထပ်ထပ်ဖြစ်လာတာ ဆယ်နှစ်ကျော်လောက်ရှိပြီ။ ကိုယ့်အထက်မှာ ညီအစ်ကိုမောင်နှမတွေရှိလို့စိတ်ဝမ်းကွဲကြတာလည်း ခဏခဏပဲ။ ရှာဖွေစားသောက်ရတာလည်းခက်ခဲလာတယ်။ လယ်တွေဖွဲ့ဖွဲ့ရောင်းတော့ လယ်သမားတွေလည်းများလာတယ်” ဟု ပျဉ်ပုံကြီးကျေးရွာအုပ်စု ခလောက်ကွက်တိုင်း ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

မိုးယွန်းကြီးအင်းမှ တစ်ဆင့်ရေခွဲဝေသုံးစွဲကြသည့်ပြဿနာအပြင် အခြားတစ်ဖက်တွင်လည်း ရေရရှိမှုနည်းလာ၍ ကုန်းပေါ်သည့်နေရများရှိလာပြီး တဖြည်းဖြည်းပျက်စီးလာသည်ဟု ဒေသခံများကဆိုသည်။ ထို့ကြောင့် ဒေသခံအားလုံးက ကန်ကြီးလည်းမပျက်စီးဘဲ ရေရှည်တည်တံ့ရန်၊ ဒေသခံများလည်းရေရရှိရန် စနစ်တကျမျှတသော ရေခွဲဝေမှုစနစ်တစ်ခုကို မျှော်လင့်နေကြသည်။




Tourism

7 DAY NEWS JOURNAL

Vol.12, No.49 • FEBRUARY 12 , 2014

# ရန်ကုန် – ဘန်ကောက် လေကြောင်းလိုင်းများ ဈေးကွက်ယှဉ်ပြိုင်မှုပြင်းထန်

**ခန့်ထက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

ရန်ကုန်-ဘန်ကောက်လေကြောင်း ခရီးစဉ်တွင် ပြေးဆွဲသော လေကြောင်းလိုင်း ပိုမိုများပြားလာ၍ ဈေးကွက်ရရှိရန် ပိုမိုယှဉ်ပြိုင်လာကြသည်။

မြန်မာနိုင်ငံသို့ ခရီးသွား တိုးတက်လာသည်နှင့်အမျှ အိမ်နီးချင်း ထိုင်းနိုင်ငံ၏ ခရီးသည် ဝင်ရောက်မှုလည်း မြင့်တက်လာပြီး ရန်ကုန်-ဘန်ကောက်တိုက်ရိုက် ပြေးဆွဲသော လေကြောင်းလိုင်းများလည်း ၂၀၁၃ ခုနှစ်ကုန်တွင် ခုနစ်လိုင်းအထိရှိလာခဲ့ကာမြန်မာနှင့် နိုင်ငံတကာ ခရီးစဉ်များတွင် လိုင်းအများဆုံး ပြေးဆွဲသော ခရီးစဉ်ဖြစ်လာသည်။

"အခုဆိုရင် ပရိုးမိုးရှင်းရာသီမဟုတ်တောင်မှ ခရီးသည်ရရေးအတွက် ပရိုမိုးရှင်း လုပ်ပေးနေရတယ်" ဟု ရန်ကုန်-ဘန်ကောက် ပြေးဆွဲသော အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) မှ ဈေးကွက်ရှာဖွေရေး အရာရှိဒေါ်အေးမရသာက ပြောသည်။

ရန်ကုန် - ဘန်ကောက်ခရီးစဉ်တွင် ယခုအခါ လေကြောင်းလိုင်း ခုနစ်လိုင်း ပြေးဆွဲလျက်ရှိနေသောကြောင့် လေကြောင်းလိုင်းတစ်လိုင်းချင်းစီ၏ ခရီးသည် ရရှိမှု ယခင်ထက် လျော့နည်းလာကြောင်း ဒေါ်အေးမရသာက ဆိုသည်။

ရန်ကုန်-ဘန်ကောက် ခရီးစဉ်တွင် တန်ဖိုးနည်းလေကြောင်းလိုင်းများမှ Business Air ၊ ရွှေမြန်မာ လေကြောင်းလိုင်း၊ နော့ခ်အဲ၊ ထိုင်းအဲအေးရှား အဆင့်မြင့်လေကြောင်းလိုင်းများမှာ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI)၊ ဘန်ကောက်အဲဝေး (BKK) နှင့် အပြည်ပြည်ဆိုင်ရာ ထိုင်းလေကြောင်းလိုင်း (TG) တို့နှင့် အပြိုင်ပြေးဆွဲလျက်ရှိသည်။

ရန်ကုန်-ဘန်ကောက် ခရီးစဉ်တွင် လေယာဉ်ခနွန်းထားများမှာ တန်ဖိုးနည်းလေကြောင်းလိုင်း တစ်လိုင်းလျှင် ပျမ်းမျှ ခရီးစဉ်တစ် ကြောင်းလျှင် ထိုင်းဘတ်ငွေ ၁၉၀၀ (မြန်မာကျပ်ငွေ ငါးသောင်းခွဲဝန်းကျင်) ရှိနေပြီး အဆင့်မြင့်လေကြောင်းလိုင်း တစ်လိုင်းတွင် ထိုင်းဘတ် ၂၆၀၀ (မြန်မာ ကျပ်ငွေရှစ်သောင်းနီးပါး) ရှိသည်။

ပရိုးမိုးရှင်းကာလများတွင် တန်ဖိုးနည်းလေကြောင်းများ ဈေးနှုန်းမှာမြန်မာကျပ်ငွေ သုံးသောင်းခွဲဝန်းကျင်အထိ ဈေးလျှော့၍ ပြေးဆွဲပေးနေသည်ကိုလည်း တွေ့ရသည်။



*ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းရပ်နားထားသည့် လေယာဉ်များ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဝန်ဆောင်မှုအားဖြင့် ဘတ်ဂျက် (တန်ဖိုးနည်း) လေကြောင်းလိုင်းများက နည်းပါးသော်လည်း ခရီးစဉ်သိပ်မဝေး၍လည်းပတ်ချိန်အကြာကြီးမနေဘဲ ပေါ့ပေါ့ပါးပါး သွားရောက်သူများအဖို့ ရွေးချယ်စရာတစ်ခု ဖြစ်လာသည်ဟု လေကြောင်းဦးစီးမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

"ပရိုမိုးရှင်းပေးတဲ့နေရာမှာ လေယာဉ်လက်မှတ်ခကို လျှော့ပေးတယ်။ ဝန်ဆောင်မှုကိုတော့ မလျှော့ပေးဘဲ ရပါတယ်။ ဒါမှလည်း ဘတ်ဂျက် အဲလိုင်းတွေနဲ့ ယှဉ်နိုင်မှာ" ဟု MAI မှ ဒေါ်အေးမရသာက ပြောသည်။

ရန်ကုန်-ဘန်ကောက် ခရီးစဉ်သည် ၂၀၁၃ ခုနှစ်အတွင်း ခရီးစဉ်အကြိမ်ရေလေးထောင်ကျော်ရှိခဲ့ပြီး အမြင့်ဆုံးနေရာတွင် ရပ်တည်နေခဲ့သည်။ ဒုတိယမှ ရန်ကုန်-စင်ကာပူခရီးစဉ်ဖြစ်ပြီး ကြိမ်ရေ ၂၀၀၀ ကျော်ရှိနေကြောင်း ရန်ကုန်လေဆိပ်စာရင်းများအရ သိရသည်။ ရန်ကုန်-ဘန်ကောက်ခရီးစဉ်တွင်သာမက မန္တလေး-ဘန်ကောက်ခရီးစဉ်ကိုလည်း ထိုင်းလေကြောင်းလိုင်းများစိတ်ဝင်စားလာခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဘန်ကောက်အဲဝေး၊ ထိုင်းအဲအေးရှား၊ ထိုင်းစမိုင်းလေကြောင်းလိုင်းတို့က တိုက်ရိုက်ပြေးဆွဲခဲ့သည်။

ချင်းမိုင် ခရီးစဉ်ကိုလည်း ပြည်တွင်းလေကြောင်းလိုင်းများအနက် ရန်ကုန်မှ အဲပုဂံလေကြောင်းလိုင်းက လည်းကောင်း၊ မန္တလေးမှ အေးရှားဝင်း လေကြောင်းလိုင်းမှလည်းကောင်း ပြေးဆွဲလျက်ရှိသည်။

ဘန်ကောက်မှ တစ်ဆင့် မြန်မာနိုင်ငံသို့နှစ်ရက်၊ သုံးရက်အကြာလာရောက်လေ့ရှိသော ထိုင်းလူမျိုးများသည် ၂၀၁၃ ခုနှစ်ကုန်တွင် ၁၃၀,၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ဝင်ရောက်သော နိုင်ငံအလိုက်ဝင်ရောက်သူများစာရင်းတွင် ထိပ်ဆုံးတွင် ရပ်တည်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ စစ်တမ်းများတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံရေးပြဿနာများကြောင့် မြန်မာသို့ ထိုင်းလူမျိုးဝင် ရောက်မှုမှာ ဇန်နဝါရီလတွင် လျော့နိုင်သည်ဟု ခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းမှ ခန့်မှန်းထားသော်လည်း ထိုင်းလူမျိုးဝင်ရောက်မှုမှာ သိသိသာသာ လျော့ကျသွားခြင်းမရှိကြောင်း သတင်းရရှိသည်။




# ထိုင်းဘုရားဖူးများ ဗိုလ်တထောင်စေတီသို့ လစဉ် ၆,၀၀၀ ခန့် ပုံမှန်ရောက်

**ဇေနွေထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

ထိုင်းနိုင်ငံရေး မငြိမ်သက်မှုများဖြစ်နေသော်လည်း ဗိုလ်တထောင်စေတီသို့ လာရောက်ဝတ်ပြုဆုတောင်းကြသော ထိုင်းနိုင်ငံသားများ လစဉ်ပုံမှန် ခြောက်ထောင်ကျော်ခန့် ဝင်ရောက်နေကြောင်း နိုင်ငံခြားသားများ ဝင်ကြေးအလှူကောက်ခံရေးဌာနမှ သတင်းရရှိသည်။

"နိုင်ငံခြားသား ၁၀၀ နဲ့ ၂၀၀ ကြား နေ့စဉ်ဝင်နေပါတယ်။ နေ့ကြီးရက်ကြီးဆို ၂၀၀ နဲ့ ၃၀၀ ကြားဝင်တယ်။ ထိုင်းနိုင်ငံသားက များတယ်" ဟု တာဝန်ခံ ဂေါပကဦးအောင်ဆုက ပြောကြားသည်။

ဗိုလ်တထောင် ဆံတော်ရှင်မြတ်ကို ဦးတိုက်ပြီးနောက် ဘိုးဘိုးကြီးနန်းနှင့် မြနန်းနွယ်သို့ စီးပွားရေး၊ ကျန်းမာရေးများအတွက် ထိုင်းနိုင်ငံသားများ အများဆုံးလာရောက်ကြကြောင်း နိဗ္ဗာန်ဆော်လုပ်သက် ၂၅ နှစ်ရှိ ဦးထွန်းရင်ကရှင်းပြသည်။

ရွှေတိဂုံစေတီတော် ဌာပနာပြုရန် ဗိုလ်တထောင်ဘိုးဘိုးကြီးလက်ညှိုးထိုး၍ ညွှန်ပြခဲ့သည့် သမိုင်းကြောင်းကို ယုံကြည်၍ လက်ညှိုးညွှန်ရာဖြစ်စေမည်ဆိုပြီး ဆုတောင်းပြည့်၍ လာခြင်းဖြစ်သည်ဟု လုပ်သက် ၁၀ နှစ်ရှိ ထိုင်းဧည့်လမ်းညွှန် စိုင်းအောင်ကြီးက မှတ်ချက်ပြုသည်။

ပြီးခဲ့သည့်နှစ်က ထိုင်းနိုင်ငံဝန်ကြီးချုပ် ယင်လပ်ကိုယ်တိုင် ဗိုလ်တထောင်ဘိုးဘိုးကြီးထံ ပွဲပေး၍ ဆုတောင်းဖူးကြောင်း ကသစ်ပန်းပွဲဆိုင်ပိုင်ရှင် ဒေါ်လဲ့လဲ့ထွန်းက ပြောသည်။

ဗိုလ်တထောင် စေတီအနီးတွင် အုန်းပွဲ၊ ငှက်ပျောပွဲ ရောင်းချပေးသည့် ဆိုင် ၁၂ ဆိုင်ရှိပြီး ထိုင်းနိုင်ငံသားများ အများဆုံး လာရောက်ပွဲပေးလေ့ရှိကြောင်း ယင်းပန်းဆိုင်များထံမှ သိရသည်။

ဗိုလ်တထောင်စေတီသို့ဇန်နဝါရီလက နိုင်ငံခြားသားဦးရေတစ်သောင်းကျော် ဝင်ရောက်ခဲ့ပြီး ခြောက်ထောင်ကျော်မှာ ထိုင်းနိုင်ငံသားများဖြစ်ကာ တစ်ဦးလျှင် သုံးဒေါ်လာဖြင့် ကောက်ခံခဲ့ရာ အမေရိကန်ဒေါ်လာ သုံးသောင်းကျော် ရရှိခဲ့သည်။

ထိုင်းနိုင်ငံသားများအပြင် ပြင်သစ်၊ ဂျာမနီတို့ ဒုတိယအဝင်များပြီး အမေရိကန်နှင့် အင်္ဂလန်တို့က တတိယအဝင်များကြောင်း၊ အီတလီ၊ တရုတ်နှင့် အခြားနိုင်ငံသားများက စတုတ္ထ အဝင်များကြောင်း ယင်းဌာနထံမှ သိရသည်။

7DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# Cartoon


























7DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014



# “ကျွန်တော်တို့ထောက်ခံတာ၊ ဝေဖန်တာတွေက တန်ဖိုးစံတွေနဲ့ပဲ ပတ်သက်ပါတယ်”

## တူရကီနိုင်ငံရေးတွင် ဩဇာကြီးသည့် ဘာသာရေးဆရာ ဖတ်တူလာဂါလန်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

တူရကီမှ မွတ်ဆလင်ဘာသာရေးခေါင်းဆောင် ဖတ်တူလာဂါလန်ဟာ တူရကီနိုင်ငံရေးမှာ ကိုယ်တိုင်မပါဝင်ပေမယ့် အထူးဩဇာကြီးတဲ့သူတစ်ဦးအဖြစ် သတ်မှတ်ခံရပါတယ်။ တူရကီမှာမနေဘဲ အမေရိကန်မှာ အခြေချနေထိုင်တဲ့ ဖတ်တူလာဂါလန်ရဲ့ဩဇာက သူ့ရဲ့ ပညာရေးကွန်ရက်မှတစ်ဆင့် တူရကီရဲ့ပညာရေးနဲ့ ဘာသာရေးနယ်ပယ်မှာ လွှမ်းမိုးတာဖြစ်ပြီး အဲဒီကမှတစ်ဆင့် သူ့ဩဇာသက်ရောက်တဲ့သူတွေက တရားစီရင်ရေးနဲ့ ရဲတပ်ဖွဲ့အတွင်းမှာရှိနေပြီး အစိုးရအဖွဲ့ကိုပါ တန်ပြန်ထိန်းညှိမှုတွေလုပ်နိုင်လာတဲ့ သဘောဖြစ်ပါတယ်။ မကြာမီလက တူရကီမှာ ခြစားမှုတိုက်ဖျက်ရေးအစီအစဉ်တွေအရ အရေးယူမှုတွေလုပ်ဆောင်ခဲ့ရာမှာ ဝန်ကြီးချုပ်အာဒိုဂန်ရဲ့အစိုးရအဖွဲ့ဟာ လှုပ်ရမ်းသွားခဲ့ရပြီး လာဘ်စားမှုတွေနဲ့ ဆက်နွယ်လို့ ဝန်ကြီးသုံးဦးခန့် အစိုးရထဲကနုတ်ထွက်သွားရကာ နိုင်ငံရေးမတည်ငြိမ်မှုတွေကို ဖြစ်စေခဲ့ပါတယ်။ ဝန်ကြီးချုပ်အာဒိုဂန်ကတော့ ဒီလိုမျိုး အစိုးရကို မတည်မငြိမ်ဖြစ်အောင်လုပ်ဆောင်နေခြင်း၏နောက်ကွယ်မှာ ဂါလန်နဲ့ သူ့ရဲ့အဖွဲ့ ဟာ့စ်ဇမက်တို့ ရှိနေတယ်လို့ စွပ်စွဲနေပါတယ်။ ဒါကြောင့် တူရကီနိုင်ငံရေးမှာ ရွေးကောက်ပွဲမဝင်ပေမယ့် အာဏာရဝန်ကြီးချုပ်လိုပဲ ဩဇာကြီးမားတဲ့ နိုင်ငံရေးပြိုင်ဘက်ဖြစ်နေသူ ဖတ်တူလာဂါလန်ကို ဝေါလ်စထရိဂျာနယ်က အင်တာဗျူးပြုလုပ်မေးမြန်းခဲ့တာကို ပြန်လည်တင်ဆက်ပေးလိုက်ရပါတယ်။

**ဝန်ကြီးချုပ်အာဒိုဂန်ကတော့ ဆရာနဲ့ ဟာ့စ်ဇမက်ကို ပြီးခဲ့တဲ့အပတ်တွေအတွင်း အကြိမ်ကြိမ်တိုက်ခိုက်ခဲ့တယ်နော်။ အခုဆိုရင် ဆရာနဲ့ အာဒိုဂန်ရဲ့ အေကေပီပါတီတို့ကြား မဟာမိတ်ဖြစ်ထားတာဟာ လုံးဝကိုပဲ အဆုံးသတ်သွားပြီလို့ယုံကြည်နေပါသလား။**

မဟာမိတ်ဖွဲ့တဲ့အကြောင်း ကျွန်တော်တို့ပြောနိုင်တယ်ဆိုရင် အဲဒါဟာ အားလုံးနဲ့သက်ဆိုင်တဲ့ လူ့အခွင့်အရေးတွေနဲ့ လွတ်လပ်မှုအကြောင်း၊ဒီမိုကရေစီအကြောင်းမျှဝေထားတဲ့ တန်ဖိုးတွေပဲဖြစ်ခဲ့ပါတယ်။ နိုင်ငံရေးပါတီတွေ၊ ရွေးကောက်ခံအမတ်တွေအကြောင်း ဘယ်တော့မှမဟုတ်ပါဘူး။ ၂၀၁၀ တုန်းက အခြေခံဥပဒေဆန္ဒခံယူပွဲတုန်းက ကျွန်တော်ပြောခဲ့ပါတယ်။ တကယ်လို့ အဲဒီ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးတွေကို CHP က လုပ်ခဲ့တယ်ဆိုရင် (အဲဒါတွေကလည်း ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ် ဝင်ရောက်ဖို့လိုအပ်ချက်တွေနဲ့အညီဖြစ်ပါတယ်)ကျွန်တော် သူတို့ကို ထောက်ခံသွားမှာပဲလို့ပြောခဲ့ပါတယ်။

ဟာ့စ်ဇမက်လှုပ်ရှားမှုထဲပါသူတွေအပါအဝင် တူရကီပြည်သူတွေရဲ့အမြင်ကတော့ နိုင်ငံရေးအပေါ် စစ်တပ်ကလွှမ်းမိုးထားမှုကိုအဆုံးသတ်ရေးအတွက် နိုင်ငံကိုအီးယူထဲဝင်ရောက်ရေးဖြစ်စဉ် ပိုမြန်နိုင်ဖို့နဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေး ပြုပြင်ပြောင်းလဲမှုတွေအတွက်အေကေပီကိုထောက်ခံခဲ့ကြပါတယ်။ မှန်ကန်တယ်လို့ ကျွန်တော်တို့ ယုံကြည်တဲ့အရာတွေကို ဒီမိုကရေစီနည်းကျ သဘောနဲ့ ညီညွတ်တဲ့အရာတွေကို ကျွန်တော်တို့ အမြဲပဲထောက်ခံခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဒီသဘောတရားတွေနဲ့ ဆန့်ကျင်တဲ့၊ မှားယွင်းတယ်လို့ မြင်မိတာတွေကိုလည်း ဝေဖန်ခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့တန်ဖိုးတွေ၊ ရပ်တည်ချက်တွေကတော့ မပြောင်းလဲခဲ့ပါဘူး။ ကျွန်တော်တို့ ဒီမိုကရေစီအတွက်ဆက်ပြီး ရှေ့ဆက်သွားမှာပါ။ နိုင်ငံရေးဇာတ်ဆောင်တွေရဲ့လုပ်ရပ်တွေ (သို့မဟုတ်) ရပ်တည်ချက်တွေက သူတို့ရဲ့အရင်က စံချိန်မှတ်တမ်းတွေနဲ့ ညီ၊ မညီကိုတော့ တူရကီပြည်သူတွေနဲ့ အစွဲမထားတဲ့လေ့လာသူတွေကပဲ ဆုံးဖြတ်သင့်ပါတယ်။

**ဆရာက မစ္စတာအာဒိုဂန်နဲ့ ဆယ်စုနှစ်ကြာအောင်ကို မဟာမိတ်အဖြစ်ရပ်တည်လာခဲ့ဖူးတယ်။ သူ့ရဲ့ခေါင်းဆောင်မှုနဲ့ပတ်သက်လို့ ဆရာ့ကို အံ့အားသင့်စရာ အဖြစ်စေဆုံးအချိန်ကာလက ဘာများဖြစ်မလဲ။**

ထပ်ပြီးရှင်းလင်းအောင်ပြောပါမယ်။ တကယ်လို့ ကျွန်တော်တို့အနေနဲ့ မဟာမိတ်ဖွဲ့တဲ့အကြောင်းပြောပြီဆိုရင် အဲဒါဟာ တန်ဖိုးစံတွေနဲ့ သဘောတရားတွေကို အခြေခံရပါတယ်။ အေကေပီပါတီအာဏာရနေတဲ့ ကာလတစ်လျှောက်လုံး ကျွန်တော်တို့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေကို ထောက်ခံခဲ့ပြီး ဒီမိုကရေစီမဆန်တဲ့လုပ်ရပ်တွေကိုတော့ ဝေဖန်ဆန့်ကျင်ခဲ့ပါတယ်။ ဥပမာဆိုရင် ၂၀၀၅ တုန်းက ကျွန်တော်တို့ဟာ အကြမ်းဖက်ရာဇဝတ်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကြီး အနက်ဖွင့်သတ်မှတ်ထားပြီး လွတ်လပ်မှုတွေကိုထိခိုက်စေတဲ့ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးဥပဒေကြမ်းကို ဝေဖန်ခဲ့ပါတယ်။

၂၀၀၃ နဲ့ ၂၀၁၀ ကြားကာလမှာတော့ နိုင်ငံရေးလမ်းကြောင်းတစ်ခုလုံးက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေဆီ ဦးတည်နေခဲ့ပြီး တူရကီပြည်သူတစ်ရပ်လုံးရဲ့သဘောထားကလည်း အဲဒါတွေကိုထောက်ခံခဲ့ပါတယ်။ ဒါဟာ ၂၀၁၀ မှာထောက်ခံမဲ ၅၈ ရာခိုင်နှုန်းရခဲ့တဲ့ အခြေခံဥပဒေဆိုင်ရာပြည်သူ့ဆန္ဒခံယူပွဲမှာ သက်သေပြခဲ့တာပဲလေ။ အမှန်ကလည်း တူရကီဟာပြီးခဲ့တဲ့ ၁၅နှစ်တာကာလလုံးမှာ ဒီမိုကရေစီနဲ့ စီးပွားရေးတိုးတက်မှုကို ဖန်တီးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့အဲဒီ ဒီမိုကရေစီဖော်ဆောင်ရေးပြုပြင်ပြောင်းလဲမှုတွေကို ကျွန်တော်တို့ ဆက်လုပ်စေချင်ပါတယ်။ ၂၀၁၀ အခြေခံဥပဒေပြင်ဆင်မှုတွေကို‘ကောင်းတော့ကောင်းတယ်၊ မထိရောက်ဘူး’ ဆိုပြီး ထောက်ခံခဲ့ကြတဲ့ တူရကီပြည်သူတွေဟာ ပြီးခဲ့တဲ့ ၂ နှစ်အတွင်း ဒီမိုကရေစီတိုးတက်မှုက အခုပြောင်းပြန်ဖြစ်သွားတာကို အံ့အားသင့်ခဲ့ရပါတယ်။ အရပ်ဘက်ရေးဆွဲထားတဲ့၊ အသစ်ဖြစ်တဲ့ ဒီမိုကရေစီအခြေခံဥပဒေကြမ်းဟာ ဒီမိုကရက်တစ်ဖြစ်တဲ့ အောင်မြင်မှုတွေကိုရရှိနိုင်ရမှာ၊ တူရကီကို အီးယူရဲ့ ဒီမိုကရက်တစ်တန်ဖိုးတွေ ပေးအပ်နိုင်ပါလိမ့်မယ်။ ကံမကောင်းစွာဘဲ ဒီကြိုးပမ်းမှုဟာ အခုတော့လွှင့်ပစ်ခံလိုက်ရပါတယ်။

**ရဲတပ်ဖွဲ့ခေါင်းဆောင်ပိုင်းကို ဖယ်ရှားဖို့ ဝန်ကြီးချုပ်ရဲ့လှုပ်ရှားမှုတွေနဲ့ပတ်သက်လို့ ဆရာ့ရဲ့တုံ့ပြန်မှုက ဘယ်လိုရှိပါသလဲ။**

ရဲတပ်ဖွဲ့(သို့မဟုတ်) အခြားအစိုးရဌာနတစ်ခုခုရဲ့ အဖွဲ့ဝင်တစ်ဦးဟာ နိုင်ငံရဲ့ဥပဒေတွေ၊ သူတို့သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ဥပဒေတွေကို ချိုးဖောက်တယ်ဆိုရင် ဘယ်သူမှကာကွယ်မပေးနိုင်ဘဲ ဒီလူတွေဟာ တရားရေးဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို ခံယူသင့်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ သူတို့ တရားမဝင်တာဘာမှမလုပ်ဘူး။ အဖွဲ့အစည်းဆိုင်ရာဥပဒေတွေကိုမကျူးလွန်ဘူးဆိုရင်၊ သူတို့ဟာ သူတို့ရဲ့ လောကအမြင်တွေကြောင့်၊ ပတ်သက်မှုတွေကြောင့် စွပ်စွဲခံရတာဆိုရင်၊ သူတို့ကိုဖိနှိပ်ဆက်ဆံတာဟာ ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေးနဲ့ လူ့အခွင့်အရေးတွေနဲ့ မဆက်စပ်နိုင်တော့ပါဘူး။

**ဟာ့စ်ဇမက်အဖွဲ့ဟာ သူတို့ရဲ့ ကျောင်းသားတွေကို အလုပ်အကိုင်လမ်းကြောင်းရွေးတဲ့အခါ ရဲတပ်ဖွဲ့နဲ့ တရားရေးအပိုင်းတွေကို ရွေးချယ်ဖို့ တက်တက်ကြွကြွ တွန်းအားပေးကြတဲ့အကြောင်းရင်းက ဘာများလဲ။**

ခင်ဗျားမေးခွန်းထဲက အဆိုကို အရင်ဆုံးအမှန်ပြင်ပေးပါရစေ။ ကျွန်တော်က ကိုယ့်ရဲ့ တစ်ကိုယ်ရေထောက်ခံအားပေးမှုအကြောင်းပဲ ပြောနိုင်ပါတယ်။ အဲဒါက တူရကီပြည်သူလူထုကို ယေဘုယျအားဖြင့် ပြောခဲ့တာပါ။ ပညာရေးဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီတွေကို ထိန်းကျောင်းပဲ့ပြင်နိုင်ဖို့ လူ့အဖွဲ့အစည်းအတွက် အခြေခံအုတ်မြစ်ကိုတည်ဆောက်ဖို့ အကောင်းဆုံးနည်းလမ်းလို့ ကျွန်တော် အမြဲပဲယုံကြည်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်နဲ့ အမြင်တူတဲ့သူတွေဟာ စာသင်ကျောင်းတွေ၊ ဝင်ခွင့်စာမေးပွဲဖြေဆိုရေးသင်တန်းဌာနတွေ၊ပုဂ္ဂလိကကျောင်းတွေ၊ အခမဲ့ကျောင်းတွေကို တည်ထောင်ခဲ့ကြတာပေါ့။

ဟာ့စ်ဇမက်အဖွဲ့ဝင်တွေတည်ထောင်တဲ့ကျောင်းတွေမှာတော့ အခုအချိန်အထိ သူတို့ဆီကဘွဲ့ရကျောင်းသားတွေရဲ့ အလုပ်အကိုင်လမ်းကြောင်းရွေးချယ်မှုတွေကိုကျွန်တော်တိတိကျကျမသိပါဘူး။ ဒါပေမဲ့ ခင်ဗျားပြောသလိုရဲနဲ့ တရားစီရင်ရေးနယ်ပယ်တွေမှာကျောင်းသားတွေအလုပ်ရှာကြတာကတော့ သမိုင်းအရဆိုရင် အဲဒီလိုကျောင်းတွေက ပြီးလာတဲ့သူတွေဟာ ခွဲခြားဆက်ဆံခံရဖို့ အလားအလာတော့ရှိခဲ့ပါပြီ။

**တူရကီအစိုးရဟာ ပြီးခဲ့တဲ့နှစ်ပိုင်းတွေက အာဏာသိမ်းဖို့ ကြံစည်တယ်ဆိုပြီး စီရင်ခံခဲ့ရတဲ့ စစ်တပ်အရာရှိတွေရဲ့ အမှုတွေကိုပြန်သုံးသပ်ဖို့ ရှိနေတယ်လို့ ပြောခဲ့ပါတယ်။ သူတို့ဟာ ဆရာ့ရဲ့နောက်လိုက်တွေကိုဆန့်ကျင်ဖို့မဟာမိတ်အသစ်ဖွဲ့ကြမှာကို ဆရာ မစိုးရိမ်ဘူးလား။**

အထောက်အထားအသစ်တွေတွေ့ရှိလို့ အမှုတွေကိုပြန်စစ်တာ။ တရားစီရင်ရေးပိုင်းမှာ မလျော်ကန်တာတွေရှိခဲ့တာကိုပြန်စစ်တာတွေက အခြေခံကျတဲ့ လူ့အခွင့်အရေးတွေပဲ ဖြစ်ပါတယ်။ အပြစ်မရှိတဲ့သူတစ်ယောက် မတရားအပြစ်ပေးခံရတာကို ဘယ်သူမှ မလိုချင်ကြပါဘူး။ ဒါပေမဲ့ ဒီနောက်ကွယ်က ရည်ရွယ်ချက်က အမှုတွေထောင်နဲ့ချီရှိတာကိုလုံးဝဖျက်သိမ်းဖို့ဆိုရင် ဒါဟာ တရား

ရေးစနစ်ကို ဖျက်ဆီးတာ၊ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းရခဲ့တဲ့ ဒီမိုကရေစီအောင်မြင်မှုတွေကို ပြောင်းပြန်လှန်ပစ်တာပါပဲ။

အာဏာသိမ်းပွဲလုပ်ဖို့ ကြိုးစားခဲ့တဲ့ စစ်တပ်အရာရှိတွေကို မကြာမီက တရားရုံးတွေမှာ ပြန်စစ်ဆေးမယ်လို့ဆိုလာကြတာဟာစစ်အရာရှိတွေအတွက် တရားမျှတမှုရှာပေးချင်တဲ့ဆန္ဒထက် နိုင်ငံရေးအရလှုံ့ဆော်မှုရှိထားတယ်ဆိုတာကိုပြသနေပါတယ်။ ဒီလိုလုပ်တာဟာ ဒီမိုကရက်တစ်အဖွဲ့အစည်းတွေအပေါ် စစ်တပ်ကအုပ်စီးထားမှုကို ဖယ်ရှားရေး လုပ်ဆောင်ချက်တွေကို ပြောင်းပြန်လှန်လိုက်သလိုဖြစ်မှာပေ့ါ။ တူရကီသမိုင်းမှာ ပြီးခဲ့တဲ့ ရာစုနှစ်ဝက်ကာလအတွင်းမှာပဲ ပြည်သူက ရွေးကောက်တင်မြှောက်ခံရတဲ့ အစိုးရလေးရပ်ဟာ စစ်တပ်က ဖြုတ်ချတာကို ခံခဲ့ရပါတယ်။

**မီဒီယာနယ်ထဲမှာ ဆရာ့ကိုထောက်ခံသူတော်တော်များများက ရီပတ်ဘလေကန်ပြည်သူ့ပါတီ (CHP)နဲ့ ပတ်သက်ပြီး အလွန်အကောင်းမြင်နေကြပါတယ်။ ဆရာ့ရဲ့ ဟစ်ဇမက်လှုပ်ရှားမှုအဖွဲ့နဲ့ CHP တို့ဟာ လာမယ့်ရွေးကောက်ပွဲမှာ မဟာမိတ်ဖြစ်နိုင်တယ်လို့ ယုံကြည်နေပါသလား။**

ထပ်ပြောရပါဦးမယ်။ ကျွန်တော်တို့ဟာ ဘယ်တော့မှ နိုင်ငံရေးပါတီတစ်ခုခုနဲ့ အမတ်လောင်းတစ်ဦးဦးနဲ့ ပူးတွဲတာ၊ မဟာမိတ်ဖွဲ့တာတွေကို တစ်ခါမှမလုပ်ခဲ့ဖူးပါဘူး။ ကျွန်တော်တို့ ထောက်ခံတာ၊ ဝေဖန်တာတွေက တန်ဖိုးစံတွေနဲ့ပဲ ပတ်သက်ပါတယ်။ အဲဒီလို မဟာမိတ်ဖွဲ့တာမျိုးလည်း အနာဂတ်မှာဖြစ်လာမှာ မဟုတ်ပါဘူး။ အရပ်ဘက်လူ့အဖွဲ့အစည်း ဇာတ်ဆောင်တစ်ဦးအနေနဲ့ လူ့အဖွဲ့အစည်းထဲမှာ လူတိုင်းအတွက် လွတ်လပ်ပွင့်လင်းစွာရှိနေဖို့က ကျွန်တော်တို့အတွက် မရှိမဖြစ်ပါ။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ တန်ဖိုးစံတွေက ရှင်းပါတယ်။ လူ့အခွင့်အရေး၊ လွတ်လပ်မှု၊ ဒီမိုကရေစီ၊ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှုရှိတဲ့ အုပ်ချုပ်ရေးတို့ဟာ အဲဒီတန်ဖိုးတွေထဲမှာ ပါဝင်ပါတယ်။

အခွင့်အလမ်းတွေပေါ်လာတဲ့အခါ ဟစ်ဇမက်အဖွဲ့ဝင်တွေကလည်း အခြားနိုင်ငံသားတွေလိုပဲ သူတို့ကိုင်စွဲတဲ့ တန်ဖိုးစံတွေကို အခြေခံပြီး ရွေးချယ်မှုတွေလုပ်ပါလိမ့်မယ်။ အဓိကကျတဲ့တန်ဖိုးတွေကို အတူဝေမျှလက်ခံသူတွေကတော့ ရွေးချယ်မှုတွေလုပ်ရင်လည်း အတူတူပဲရွေးတာမျိုးကဖြစ်နိုင်ပါတယ်။

*—Ref: Fethullah Gulen's Interview with The Wall Street Journal in English, realtime.wsj.com*



## Leader's Profile

# အမေရိကန်ဗဟိုဘဏ်၏ ပထမဆုံး အမျိုးသမီးဥက္ကဋ္ဌ
# ဂျဲနက်ယယ်လင်

ရဲမင်း

မစ္စစ်ဂျဲနက်ယယ်လင်သည် အမေရိကန်စီးပွားရေးပညာရှင်ဖြစ်ပြီး အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ၂၀၁၄ ဖေဖော်ဝါရီ ၃ ရက်တွင် စတင်တာဝန်ယူသည်။ ၂၀၁၀ မှ ၂၀၁၄ အထိ ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌဖြစ်ပြီး ယခုအခါ ဗဟိုဘဏ်ကို ဦးဆောင်သော ပထမဆုံးအမျိုးသမီးဥက္ကဋ္ဌဖြစ်လာသည်။

မစ္စစ်ဂျဲနက်ကို ၁၉၄၆ ခုနှစ်၊ နယူးယောက်မြို့၊ ဘရွတ်ကလင်းဒေသတွင် မွေးဖွားခဲ့သည်။ အထက်တန်းကျောင်းတက်နေစဉ်မှာပင် ဘာသာရပ်များစွာတွင် ထူးချွန်ခဲ့သည်။ ကျောင်းပြင်ပလုပ်ငန်းများတွင်လည်း ပါဝင်လှုပ်ရှားခဲ့သည်။ ဘရောင်းတက္ကသိုလ်တွင် စီးပွားရေးပညာရပ်ကို သင်ယူခဲ့ပြီး ၁၉၆၇ တွင် ဘွဲ့ရရှိခဲ့သည်။ ယင်းတက္ကသိုလ်တွင်ပါရဂူဘွဲ့အတွက် ဆက်လက်တက်ရောက်ပြီး ၁၉၇၁ တွင် ပါမောက္ခဂျိမ်းစ်တိုဘင်နှင့် ဂျိုးဆက်စတစ်ဂလစ်ဇ်တို့၏ ကြီးကြပ်မှုဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

မစ္စစ်ဂျဲနက်ယယ်လင်သည် စီးပွားရေးပညာဒေါက်တာဘွဲ့ရရှိပြီးနောက် ဟားဗတ်တက္ကသိုလ်တွင် လက်ထောက်ပါမောက္ခအဖြစ် ခြောက်နှစ်ကြာတာဝန်ထမ်းဆောင်သည်။ ၁၉၇၇-၇၈ ခုနှစ်တွင် ကန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့တွင်ပါဝင်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် လန်ဒန်စီးပွားရေးပညာနှင့် နိုင်ငံရေးသိပ္ပံကျောင်းတွင် ကထိကအဖြစ် သုံးနှစ်ကြာသွားရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် မိခင်နိုင်ငံသို့ပြန်လာပြီး ကယ်လီဖိုးနီးယား တက္ကသိုလ်၌ သုတေသနလုပ်ရင်း စီးပွားစီမံမဟာဘွဲ့ (MBA) ကျောင်းသားများအား အချိန်ပိုင်းနှင့်အချိန်ပြည့်အတန်းများတွင် မက်ကရိုအီကိုနောမစ် စီးပွားရေးပညာကို သင်ကြားပို့ချခဲ့သည်။ သင်ကြားမှုထူးချွန်ဆုနှစ်ကြိမ်ရခဲ့သည်။

မစ္စစ်ဂျဲနက်သည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများအဖွဲ့တွင် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၇-၉၉ သမ္မတဘီလ်ကလင်တန်လက်ထက်တွင် အိမ်ဖြူတော်စီးပွားရေးအကြံပေးကောင်စီ၌ ပါဝင်ခဲ့သည်။ ၂၀၀၉ တွင် မစ္စစ်ဂျဲနက်ယယ်လင်သည် ဆန်ဖရန်စစ္စကိုမြို့ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ်တာဝန်ယူခဲ့သည်။ ၂၀၀၈ ၌ အမေရိကန်အိမ်ရာလုပ်ငန်းအကျပ်အတည်းဖြစ်နိုင်ကြောင်း ကြိုတင်ဟောကိန်းထုတ်ခဲ့သူ စီးပွားရေးပညာရှင်အနည်းငယ်တွင် ပါဝင်ခဲ့သူဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၈ ရက်တွင် သမ္မတအိုဘားမားက မစ္စစ် ဂျဲနက် ယယ်လင်အား အမေရိကန်ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌနေရာအတွက် အမည်စာရင်းတင်သွင်းခဲ့ပြီး အထက်လွှတ်တော်ဘဏ်လုပ်ငန်းကော်မတီက ၁၇ မဲ၊ ၆ မဲဖြင့် အတည်ပြုခဲ့သည်။ မစ္စစ်ယယ်လင်သည် အလုပ်လက်မဲ့များပြားမှုလျှော့ချရေးအတွက် ဗဟိုဘဏ်စွမ်းအားများကိုအသုံးချရေး ပွင့်လင်းစွာထောက်ခံအားပေးသူဖြစ်ပြီး ၎င်းရည်မှန်းချက်ပေါက်မြောက်ရန် ငွေကြေးဖောင်းပွမှုအနည်းငယ်မြင့်တက်ခြင်းကို လက်သင့်ခံရန် စိတ်အားထက်သန်သော စီးပွားရေးပညာရှင်အုပ်စုတွင် ပါဝင်သူတစ်ဦးဖြစ်သည်။

၂၀၁၃ အောက်တိုဘာတွင် သမ္မတအိုဘားမားကပင် မစ္စစ်ဂျဲနက်ယယ်လင်အား ဗဟိုဘဏ်ဥက္ကဋ္ဌနေရာအတွက်မစ္စတာဘင်ဘာနန်ကီးကို ဆက်ခံရေးအမည်စာရင်းတင်သွင်းခဲ့သည်။ အမေရိကန် အထက်လွှတ်တော်က ဇန်နဝါရီ ၆ ရက်တွင် ကန်ဗဟိုဘဏ်ဥက္ကဋ္ဌနေရာအတွက် အတည်ပြုပေးခဲ့ပြီးနောက် မစ္စစ်ဂျဲနက်ယယ်လင်သည် ကန်ဗဟိုဘဏ်ကို ဦးဆောင်ခွင့်ရသော ပထမဆုံးအမျိုးသမီးဖြစ်လာခဲ့သည်။

မစ္စစ်ဂျဲနက်ယယ်လင်သည် နိုဗယ်ဆုရစီးပွားရေးပညာရှင်နှင့် ကယ်လီဖိုးနီးယားတက္ကသိုလ်ဂုဏ်ထူးဆောင်ပါမောက္ခဂျော့ချ်အာကာလော့ဖ်နှင့် အိမ်ထောင်ကျခဲ့ပြီးသားတစ်ဦး ထွန်းကားခဲ့သည်။

*—Ref: Wikipedia*

# စင်ကာပူလူငယ် ၅၂ ရာခိုင်နှုန်း အကြမ်းဖက်တိုက်ခိုက်မှုကို ကြောက်ရွံ့ဟုဆို

**စင်ကာပူ၊ ဖေဖော်ဝါရီ-၉**

စင်ကာပူနိုင်ငံရှိ အသက်(၁၆)နှင့် (၃၅)နှစ်ကြားလူငယ်များ၏ ၅၂ရာခိုင်နှုန်းမှာ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ကိုယ်တိုင်ကိုယ်ကျ ထိပ်တိုက်ကြုံတွေ့ရမည်ကို ကြောက်ရွံ့ကြပြီး ငါးဦးလျှင်တစ်ဦးက သံသယရှိသောလုပ်ရပ်ကို စုံစမ်းစစ်ဆေးမည် (သို့မဟုတ်) သတင်းပို့မည်ဟု ပြောကြားကြောင်း အမျိုးသားလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုစီစဉ်ညွှန်ကြားရေးဌာန (NSCS) ၏ စစ်တမ်းအရ သိရသည်။

သို့သော် အစိုးရက ယင်းကဲ့သို့သော အဖြစ်အပျက်များမှ ကာကွယ်ပေးလိမ့်မည်ဟု ၆၈ ရာခိုင်နှုန်းက ယုံကြည်သည်။ ယင်းစစ်တမ်းကောက်ယူမှုကိုစက်တင်ဘာအတွင်း အွန်လိုင်းမှတစ်ဆင့်ကောက်ယူခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီပထမပတ်တွင် ကြေညာခဲ့သည်။ စင်ကာပူနိုင်ငံသားလူငယ် ၃၁၄ ဦးကို အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ မည်သို့သဘောထားကြောင်း သိရှိနိုင်ရန် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

၎င်းတို့အနက် ၁၀ ဦးလျှင် ခုနစ်ဦးမှာ အကြမ်းဖက်ဝါဒသည် ပုံစံအမြဲပြောင်းလဲနေသည်ဟု ခံစားရကြောင်း ပြောကြားသည်။ စင်ကာပူနိုင်ငံမှာ ယခင်က အကြမ်းဖက်သမားများ၏ ပစ်မှတ်ထားခြင်းခံခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ်အတွင်းက အော့ချက်ဒ်ဘူတာရုံကို မင်ဖြင့်ဝိုင်းထားသည့် MRT ရထားလမ်းကွန်ရက် မြေပုံတစ်ခုကို အင်ဒိုနီးရှားနိုင်ငံရှိ အကြမ်းဖက်သမားဟု သံသယရှိသူတစ်ဦး၏ နေအိမ်၌ရှာဖွေတွေ့ရှိခဲ့သည်။

ကြီးမားသောအကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုများရှိနေဆဲတွင် အစွန်းရောက်တစ်ဦးချင်း၏ တိုက်ခိုက်နိုင်သည့် အန္တရာယ်ပိုများလာသည်ဟု NSCS ဒုညွှန်ကြားရေးမှူး လိုကန်ဝါက ပြောသည်။

အကြမ်းဖက်တိုက်ခိုက်မှုများမှ ကြိုတင်တားဆီးရန် အစီအစဉ်များကို NSCS က ဆောင်ရွက်ထားပြီးဖြစ်သည်။

"စင်ကာပူနိုင်ငံမှာ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်နိုင်ခြေရှိပါတယ်။ ဒါပေမဲ့ အခြားနိုင်ငံတွေမှာထက် ဖြစ်နိုင်ခြေပိုနည်းပါတယ်" ဟု အစိုးရဝန်ထမ်းယူဂျင်းတန် (၂၈)နှစ်က ပြောသည်။

လုံခြုံရေးသတိရှိမှုအတွက် သတင်းပေးရန် (သို့မဟုတ်) အကြံရယူရန် စင်ကာပူနိုင်ငံအကြမ်းဖက်မှု တိုက်ဖျက်ရေးဌာန၏ ၂၄ နာရီအရေးပေါ် ဖုန်းနံပါတ် ၁၈၀၀-၂၆၂-၆၄၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

*—Ref: The Straits Time*

# ပြစ်ဒဏ်ကျခံဖူးသော ဩစတြေးလျအကြမ်းဖက်သမား ဆီးရီးယားနိုင်ငံသို့ထွက်ပြေး

**ဆစ်ဒနီ၊ ဖေဖော်ဝါရီ-၉**

ပြစ်ဒဏ်ကျခံဖူးသော ဩစတြေးလျ အကြမ်းဖက်သမားတစ်ဦးသည် ဆစ်ဒနီလေဆိပ်မှ ထွက်ခွာ၍ ဆီးရီးယားနိုင်ငံပဋိပက္ခတွင် သွားရောက်ပါဝင်နေခြင်းအတွက် နယ်စပ်လုံခြုံရေးစနစ် ယိုယွင်းပျက်စီးနေပြီဟု ဩစတြေးလျအရာရှိများက ပြစ်တင်ပြောကြားသည်။

၂၀၀၅ ခုနှစ်က ဆစ်ဒနီမြို့ကို တိုက်ခိုက်ရေးအတွက် ပူးပေါင်းကြံစည်ခဲ့မှုကိုဝန်ခံခဲ့ပြီး ထောင်ဒဏ်လေးနှစ်ကျခံခဲ့ရသူ ခါလစ်ရှာရုဖ် နိုင်ငံမှထွက်ပြေးသွားသည်ဟူသော မီဒီယာသတင်းအပေါ် စိုးရိမ်မိကြောင်း နယူးဆောက်သ်ဝေးလ်ပြည်နယ် ဝန်ကြီးချုပ်ဘယ်ရီအိုဖာရယ်ကပြောသည်။

ဩစတြေးလျ News Corp သတင်းဌာန၏အဆိုအရ ရှာရုဖ်သည် အစ်ကိုဖြစ်သူ၏ နိုင်ငံကူးလက်မှတ်ကိုအသုံးပြု၍ ပြီးခဲ့သည့်လက ဆစ်ဒနီလေဆိပ်မှမလေးရှားနိုင်ငံသို့ ထွက်ခွာသွားပြီး ယခုအခါ ဆီးရီးယားနိုင်ငံသို့ ရောက်ရှိနေပြီဟု ယုံကြည်ရသည်။

ရှာရုဖ်တစ်ယောက် လွတ်မြောက်သွားမှုကို မေးမြန်းရာတွင် ဖာရယ်လ်က "လူဝင်မှုကြီးကြပ်ရေး၊ ဖက်ဒရယ်ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဌာနက အကောင်းဆုံးလုပ်ကိုင်နေကြတယ်လို့ ယူဆပါတယ်။ ဒါပေမဲ့လည်း ကြီးမားတဲ့ လုံခြုံရေးယိုယွင်းပျက်စီးမှု ဘယ်လိုကြောင့်ဖြစ်ခဲ့သလဲဆိုတာ ကြည့်ရှုရပါဦးမယ်"ဟု ပြောကြားသည်။

ရှာရုဖ်(၃၁)နှစ်သည် နိုင်ငံကူးလက်မှတ် သိမ်းဆည်းခံထားရပြီး အကျဉ်းထောင်မှလွတ်မြောက်ချိန် ၂၀၀၉ ခုနှစ်မှစ၍ နိုင်ငံတကာစောင့်ကြည့်စာရင်း၌ ထည့်သွင်းခံထားရသူဖြစ်သည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# လစ်ဗျားတွင် ပြန်ပေးဆွဲခံရသော အီတလီဝန်ထမ်းနှစ်ဦး ပြန်လွတ်လာ

**ထရီပိုလီ၊ဖေဖော်ဝါရီ-၈**

ပြီးခဲ့သည့်သီတင်းသုံးပတ်ခန့်က လစ်ဗျားနိုင်ငံတွင် ပြန်ပေးဆွဲခံရသော အီတလီဆောက်လုပ်ရေး ဝန်ထမ်းနှစ်ဦးသည် အီတလီနှင့် လစ်ဗျားနှစ်နိုင်ငံအစိုးရ၏ ပူးပေါင်းကြိုးပမ်းမှုများကြောင့် ပြန်လွတ်လာခဲ့သည်ဟု ယင်းနိုင်ငံအရာရှိများက ပြောကြားသည်။ ၎င်းတို့နှစ်ဦး ပြန်လွတ်လာသည့် အသေးစိတ်အခြေအနေမှာမူ မရှင်းလင်းသေးပေ။

ဘိလပ်မြေစက်ရုံတစ်ရုံတွင် အလုပ်လုပ်သော အဆိုပါအမျိုးသားနှစ်ဦးသည် ၎င်းတို့၏မိခင်နိုင်ငံ ရောမမြို့သို့ပြန်လာပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက်တွင် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန အွန်လိုင်းစာမျက်နှာ၌ ပြောကြားခဲ့သည်။

အီတလီနိုင်ငံသားနှစ်ဦးသည် ပြီးခဲ့သည့်လက ဘင်ဂါဇီမြို့အရှေ့ဘက်ရှိဒါနာမြို့တွင်ပြန်ပေးဆွဲခံခဲ့ရသည်။ ယင်းမြို့မှာအစ္စလာမ်မစ်စစ်သွေးကြွများကြီးစိုးရာ ဒုစရိုက်နယ်မြေတစ်ခုဖြစ်သည်။ သို့သော် ယခုပြန်လွတ်လာသော အီတလီဝန်ထမ်းနှစ်ဦးမှာ ၎င်းတို့၏ လုပ်ငန်းနှင့်ပတ်သက်သော အငြင်းပွားမှု တစ်စုံတစ်ရာကြောင့် ပြန်ပေးဆွဲခံရခြင်းဖြစ်နိုင်သည်ဟု လစ်ဗျားနိုင်ငံရေးသမားတစ်ဦးက ပြောကြားသည်။

ကဒါဖီအစိုးရ ပြုတ်ကျပြီးနောက်တွင် လစ်ဗျားအစိုးရသည် ကဒါဖီအစိုးရကို ပူးပေါင်းဖြုတ်ချခဲ့သော ယခင်သူပုန်များ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် စစ်သွေးကြွများအပေါ် အာဏာသက်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

လစ်ဗျားနိုင်ငံတွင် နိုင်ငံခြားသားများသည် ရာဇဝတ်ဂိုဏ်းများ၏ ပြန်ပေးဆွဲခြင်းနှင့် နိုင်ငံရေးရည်ရွယ်ချက်များအတွက် အဓိကပစ်မှတ်ဖြစ်နေသည်။

—*Ref: Reuters*






AHMAD AL-RUBAYE/AFP

# အာဖဂန်နစ္စတန်တွင် ပြီးခဲ့သည့်နှစ်အတွင်း တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုနှုန်း မြင့်တက်ခဲ့

**ကဘူးလ်၊ဖေဖော်ဝါရီ-၈**

အာဖဂန်နစ္စတန်နိုင်ငံတွင် လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသော အရပ်သားအရေအတွက်မှာ ပြီးခဲ့သည့်နှစ်ကထက် ၁၄ ရာခိုင်နှုန်းမြင့်တက်လာပြီး သုံးထောင်နီးပါး သေဆုံးခဲ့ကာ ၅,၆၀၀ ခန့် ဒဏ်ရာရခဲ့သည်။

ကုလသမဂ္ဂကထုတ်ပြန်သည့် အစီရင်ခံစာတွင် အာဖဂန်မှ နိုင်ငံခြားတပ်ဖွဲ့များတစ်ဆင့်ချင်း ဆုတ်ခွာသွားချိန်မှစ၍ သေဆုံးဒဏ်ရာရမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းဆိုသည်။ အစီရင်ခံစာက နိုင်ငံခြားတပ်ဖွဲ့များ လက်ထဲမှ အာဖဂန်တပ်များက လုံခြုံရေးလွှဲပြောင်းရယူစဉ်တွင် အရပ်သားများထိခိုက်မှုမှာ ပိုမိုများပြားလာလာကြောင်းဆိုသည်။ အာဖဂန်တွင် အစိုးရကိုပုန်ကန်တိုက်ခိုက်မှုများကြောင့် တိုက်ပွဲများပိုမိုမြင့်တက်လာနေပြီး အရပ်သားသေဆုံးမှုများတွင်လည်း ကလေးငယ်များနှင့် အမျိုးသမီးများ ပိုမိုများပြားလာသည်။

အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂအထောက်အကူပြုမစ်ရှင်အဖွဲ့က သေဆုံးသူများတွင် ကလေး ၃၄ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၃၆ ရာခိုင်နှုန်းရှိခဲ့ကာ ဒဏ်ရာရသူများထဲတွင်လည်း ၂၀၁၂ ကထက် ၂၀၁၃ တွင် ကလေးနှင့် အမျိုးသမီးဦးရေ ပိုများလာကြောင်း ဆိုသည်။

အာဖဂန်တွင် ၂၀၁၃ အတွင်း သေဆုံးမှုနှုန်းအများဆုံးတိုက်ခိုက်ခံရမှုမှာ လမ်းဘေးဗုံးထောင်ခြင်းနှင့် မြေပြင်တိုက်ပွဲများအတွင်း အစိုးရနှင့်တာလီဘန်တပ်များ အပြန်အလှန်တိုက်ခိုက်မှုများကြောင့်ဖြစ်သည်။ ယခုအချိန်အထိ သေဆုံးမှုအများဆုံးနှစ်မှာ ၂၀၁၁ ဖြစ်ပြီး ထိုစဉ်က အရပ်သား ၃,၁၃၃ ဦး သေဆုံးခဲ့ရသည်။ *Ref: BBC*

# နိုင်ငံအမည်ပြောင်းလဲခေါ်ဝေါ်လိုကြောင်း ကာဇက်စတန်သမ္မတထုတ်ဖော်ပြောကြား

**အက်စတာနာ၊ဖေဖော်ဝါရီ-၈**

ကာဇက်စတန်သမ္မတ နာဆူလ်တန်နာဇာဘေယက်ဗ်က ၎င်းတို့နိုင်ငံ၏အမည်နောက်တွင် ပါဝင်နေသော "စတန်"ဆိုသည့်အမည်မှာ ကမ္ဘာလှည့်ခရီးသည်များအား အာရုံစိုက်မှုနည်းစေပြီး ရင်းနှီးမြှုပ်နှံသူများကို အဟန့်အတားဖြစ်စေကြောင်း ပြောကြားလိုက်ကာ နိုင်ငံအမည် ပြောင်းလဲလိုကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

သမ္မတက ကာဇက်စတန်အစား "ကာဇက်အီလီ (သို့မဟုတ်) ကာဇက်နိုင်ငံ"ဟု ပြောင်းလဲခေါ်ဝေါ်လိုကြောင်း ကာဇက်စတန်အင်တာဖက်စ်သတင်းတွင် ဖော်ပြသည်။ "နိုင်ငံခြားသားတွေဟာ လူဦးရေနှစ်သန်းလောက်ပဲရှိတဲ့ မွန်ဂိုလီးယားနိုင်ငံကို စိတ်ဝင်စားကြပါတယ်။ သူ့နာမည်မှာ စတန်ဆိုတဲ့ နောက်ဆက်အမည်မပါပါဘူး"ဟု နိုင်ငံတွင်းပညာရှင်များနှင့် တွေ့ဆုံမှုတစ်ခုတွင် သမ္မတကပြောသည်။

အာရှဒေသတွင်ပါဝင်သည့် ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း ကာဇက်စတန်သည် ယခင်ကလည်း နာမည်အခေါ်အဝေါ်ပြောင်းလဲမှုများ ကြုံတွေ့ခဲ့ရသည်။ ၁၉၉၃ တွင် မြို့တော် အယ်လ်မာအေတာမှာ အယ်လ်မေတီဟုပြောင်းခဲ့ပြီး လေးနှစ်ခန့်အကြာတွင်မြို့တော်ကိုနိုင်ငံတွင်းနေရာသို့ရွှေ့ပြောင်းခဲ့ကာ အက်ခ်မိုလာဟု ခေါ်ဝေါ်ခဲ့သည်။ ထို့နောက် ၁၉၉၈ တွင် ထိုမြို့တော်နာမည်ကိုပင် လက်ရှိအက်စတာနာသို့ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

သမ္မတနာဇာဘေယဗ်က ယခုကဲ့သို့နိုင်ငံအမည်ပြောင်းလဲခြင်းမှာ ပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများလုပ်ပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။ နိုင်ငံကျယ်ဝန်းပြီး သယံဇာတပေါကြွယ်ဝသည့် ကာဇက်စတန်နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုမှ ၁၉၉၁ ခုနှစ်တွင် ခွဲထွက်ခဲ့သည်။

—*Ref: BBC*

7DAY NEWS JOURNAL

# Entertainment

Vol.12, No.49 • FEBRUARY 12 , 2014

# ''မွေးရာပါ ပါရမီတစ်ခုလည်း ကိုယ့်မှာရှိနေတယ်လို့ ယုံကြည်တယ်''

## နေတိုးနှင့်တွေ့ဆုံခြင်း

ကြူကြူဟန်

စွယ်စုံရအနုပညာရှင်အဖြစ် ပရိသတ်များ သတ်မှတ်အားပေးမှုရရှိနေသူတစ်ဦးက မင်းသားနေတိုးဖြစ်သည်။ ဇာတ်ကားရိုက်ကူးရာတွင် ဟာသ၊ ဒရာမာ စသည့်ဇာတ်လမ်းများကိုပိုင်နိုင်စွာသရုပ်ဆောင်နိုင်သူဖြစ်ပြီး ယင်းဇာတ်ကားများတွင်ပါဝင်သောဇာတ်ဝင်တေးများက နေတိုးကိုအဆိုပိုင်းအတွက်တွန်းအားတစ်ခုဖြစ်စေခဲ့သည်။ နေတိုး၏ ချိုသာသော အသံများက အဆိုပိုင်းတွင်လည်း ပရိသတ်အားပေးမှုကို ထပ်မံရယူနိုင်ခဲ့သည်။ ထို့ကြောင့် နေတိုး၏ လတ်တလော ဂီတ၊ ရုပ်ရှင်စသည့် အနုပညာလှုပ်ရှားမှုများကို တွေ့ဆုံမေးမြန်းထားသမျှပြန်လည် ဖော်ပြလိုက်ရပါသည်။

**အခုနောက်ပိုင်းကျော်ကျော်ဗိုနဲ့ အတွဲညီညီဇာတ်ကားတွေတောက်လျှောက်ရိုက်ဖြစ်နေတာ အမြဲတွေ့ရတယ်နော်။**

ဟိုးလွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်လောက်က ကိုကြွ(ကျော်ကျော်ဗို)နဲ့ ကျွန်တော်နဲ့ စပြီးဆုံတဲ့ဇာတ်လမ်းတစ်ခုရှိတယ်။ ဒါရိုက်တာမင်းထင်ကိုကိုကြီးနဲ့ ရိုက်တဲ့ "နောက်ဆုံးကဗျာ"ကားပေါ့။ ကိုကြွရယ်၊ ကျွန်တော်ရယ်၊ အူဝဲရယ်၊ အဲဒီအချိန်မှာ အငြိမ့်တွေကတာလည်း မရှိသေးဘူး။ အရှေ့မှာ ဟာသတွေရိုက်တယ်။ ဘာတွေရိုက်တယ်ဆိုတာ ဒါရိုက်တာတွေ၊ ပရိုဂျူဆာတွေအပိုင်းက အတွဲညီတယ်ဆိုတော့ လုပ်ရကိုင်ရတာ ပိုပြီး အဆင်ပြေတဲ့ အခါကျတော့ ရိုက်ဖြစ်နေတာပေါ့။ အဓိကပူးပေါင်းပြီးတော့ လုပ်တယ်ဆိုတဲ့ သဘောက တစ်ကားချင်းစီလည်း ရိုက်ကြတာတွေ ရှိပါတယ်ပေါ့။

**ကိုကြွ(ကျော်ကျော်ဗို)နဲ့ အစ်ကိုတို့နှစ်ယောက်ပေါင်းလုပ်တဲ့ ACE Digital Warehouse ထုတ်လုပ်ရေးက စီစဉ်မှုတွေကို ပရိသတ်တွေဆီ ကျယ်ကျယ်ပြန့်ပြန့်ချပြတာမတွေ့ရဘူး။ ဘာကြောင့်ပါလဲ။**

ကျွန်တော်တို့ ထုတ်လုပ်မှုနောက်ကွယ်က အကြောင်းအရာတွေက ပရိသတ်တွေက တကယ်တမ်းဆို သိစရာမလိုဘူး။ ပရိသတ်သိစရာလိုတာက ကျွန်တော်တို့ရဲ့ အနုပညာကို အဆိုးအကောင်း ဝေဖန်ပေးဖို့ အဓိကပိုကျတယ်လို့ ထင်တယ်။ ကုန်ပစ္စည်းတစ်ခုက ဘယ်ကနေပဲထွက်လာ၊ ထွက်လာ သုံးစွဲသူကို ထိရောက်မှုဖြစ်စေတယ်ဆိုရင် ရပြီ။

**ဇာတ်ဝင်ခန်းတွေမှာ Makeup Effect ပညာနဲ့ သူများတွေကို ပြင်ပေးတယ်။ ကိုယ်တိုင်လည်း လုပ်တာတွေ့ရတယ်။ အဲဒီပညာကို အစ်ကို ဘယ်လိုသင်ယူခဲ့တာလဲ။**

စပယ်ရှယ်မိတ်ကပ်ပေါ့။ အဓိကရုပ်ရှင်မိတ်ကပ်ကို မြန်မာပြည်မှာ လုပ်တဲ့သူတွေ တစ်ယောက်၊ နှစ်ယောက်လောက်ရှိကြတယ်။ ဒါပေမဲ့ သူတို့တွေက ရှုတင်ပေါ်မှာ အမြဲတမ်းရှိမနေဘူး။ လူလည်းနည်းတဲ့ အခါကျတော့ ရိုက်ကူးတဲ့ကားများတော့ လိုတဲ့အခါကျရင် အလွယ်တကူငှားဖို့ခဲယဉ်းတယ်ပေါ့။ ဒီဟာလေးတွေ ကိုယ်တိုင်လုပ်ကြည့်ရင်း၊ လုပ်ကြည့်ရင်းမှ ကိုယ်ကလည်း ပန်းချီဝါသနာပါတော့ ဒီပစ္စည်းလေးတွေစုဖြစ်တယ်။ ပစ္စည်းတွေ ကိုယ်ဆီမှာရှိနေတော့ တခြားသူတွေလိုအပ်ရင် ကူညီပေးတဲ့ သဘောပါ။ ကျွန်တော်ရဲ့ ကားမှာ ဆိုပိုများတာပေါ့။ တခြားကားတွေတော့ တစ်ခါ၊ နှစ်ခါလောက်တော့ သွားပြီး ကူညီပေးဖူးတယ်။

**တခြားပွဲတွေမှာရော နှင်းဆီအဖွဲ့နဲ့ ဖျော်ဖြေတဲ့ ပွဲတွေမှာ အစ်ကိုလုပ်တဲ့ ပြည်တွင်း၊ ပြည်ပအနုပညာရှင်ကြီးတွေရဲ့ ရုပ်တူ၊ အသံတူ လုပ်တာတွေကို ပရိသတ်တွေလည်း သဘောကျတယ်။ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်မှုအပြင် ဘက်စုံထူးချွန်တဲ့ သရုပ်ဆောင်လို့ချီးမွမ်းပြောဆိုနေကြတဲ့အပေါ် ဘာများ ပြောချင်ပါသလဲ။**

စာမျက်နှာ ၄၁ ››



ဓာတ်ပုံ-နစ်ကီ



## ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားမှာ အဓိကဇာတ်ကောင်အဖြစ် သရုပ်ဆောင်မယ့် ကင်ယိုဂျန်း

**ဆိုးလ်၊ ဖေဖော်ဝါရီ-၈**

တောင်ကိုရီးယားနာမည်ကျော်ကလေးသရုပ်ဆောင် ကင်ယိုဂျန်းသည် ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားတွင် ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်မည်ဟု ၎င်း၏ အေဂျင်စီက ပြောကြားသည်။

ကေဒရာမာစတား ကင်ယိုဂျန်းသည်ဟောလိဝုဒ်ရုပ်ရှင်လောကမှ ကျော်ကြားသော အနုပညာရှင်များ၊ ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့သားများနှင့် Room 731 အမည်ရ သဘာဝလွန်သည်းထိတ်ရင်ဖိုရုပ်ရှင်ဇာတ်ကားတွင် ပူးပေါင်းဆောင်ရွက်ရန် ရွေးချယ်ခံရသည်။

Room 731 ရုပ်ရှင်ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်အတွင်းက နာမည်ဆိုးနှင့်ကျော်ကြားသော ဖက်ဆစ်ဂျပန်တို့၏ ချွေးတပ်စခန်း Unit 731 ကို နောက်ခံထားသည့် ဇာတ်ကားဖြစ်သည်။

ယင်းဇာတ်ကားတွင် ကင်ယိုဂျန်းသည် ဂျပန်ချွေးတပ်စခန်းမှ ဆယ်ကျော်သက် အကျဉ်းသား Wei အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။ ဇာတ်ကား၏ အဓိကဇာတ်ဆောင် Wei သည် အကျဉ်းစခန်းတွင် သေဆုံးခဲ့သော မိန်းကလေးတစ်ဦး၏ ဝိညာဉ်ကိုမြင်ရပြီး ၎င်း၏ ပျောက်ဆုံးနေသော မှတ်ဉာဏ်ကို ကြိုးစားရှာဖွေမည်ဖြစ်သည်။

Room 731 ရုပ်ရှင်ဇာတ်ကားသည် သည်းထိတ်ရင်ဖို ရုပ်ရှင်ဇာတ်ကားဖြစ်သော်လည်း ရုပ်ရှင်ထုတ်လုပ်သူများသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ချွေးတပ်စခန်းများတွင်ဖြစ်ပွားခဲ့သော ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်အချို့ကို မီးမောင်းထိုးပြနိုင်ရန် မျှော်လင့်သည်ဟု သိရသည်။ ယင်းဇာတ်ကားကို ဟောလိဝုဒ်မှ နာမည်ကျော်ရုပ်ရှင်ပညာရှင် အချို့ကလည်း အားပေးကူညီလျက်ရှိသည်ဟု သိရသည်။ Room 731 ရုပ်ရှင်ကို ဇူလိုင်လတွင် အမေရိကန်နိုင်ငံ၌ ရုံတင်မည်ဖြစ်သည်။

—*Ref: KDrama Stars*






7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# ပါပါရာဇီတွေကို ကျေးဇူးတင်နေတဲ့ ဘရက်ဒလေကူးပါး

**လော့စ်အန်ဂျလိစ်၊ ဖေဖော်ဝါရီ-၈** အမေရိကန်နာမည်ကျော် သရုပ်ဆောင်မင်းသား ဘရက်ဒလေကူးပါးက ပါပါရာဇီခေတ်ပုံသတင်းထောက်များသည် ယခုအချိန်အထိ ၎င်း၏ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို မနှောင့်ယှက်သေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်သည်ဟု ပြင်သစ်မဂ္ဂဇင်း Gala အား ပြောကြားခဲ့သည်။



အသက် (၃၉)နှစ်အရွယ်ရှိ ဘရက်ဒလေကူးပါးသည် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလက လန်ဒန်မြို့ပါတီပွဲတစ်ခုတွင်၎င်းထက် အသက် (၁၇)နှစ်ငယ်သော ဗြိတိန်မော်ဒယ် ဆူကီဝါးတားဟောက်စ်နှင့် တွေ့ဆုံခဲ့ပြီး ချစ်သူများ ဖြစ်ခဲ့ကြသည်။ “ဘာကြောင့်လဲတော့မသိဘူး။ ဒါပေမဲ့ အခုချိန်အထိ ကျွန်တော်တို့နှစ်ယောက်ရဲ့နောက်ကို ပါပါရာဇီတွေ အမြဲတမ်းတကောက်ကောက် မလိုက်ကြသေးဘူး။ အဲဒီလိုမလိုက်တဲ့အတွက် တကယ့်ကို ကျေးဇူးတင်ပါတယ်။ အဲဒီလိုပဲ အမြဲတမ်းဖြစ်နေပါစေလို့ဆုတောင်းပါတယ်”ဟု ဘရက်ဒလေကူးပါးက Gala မဂ္ဂဇင်းနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

ထို့အပြင် ဘရက်ဒလေက ၎င်းသည်အသက်(၄၀)အရွယ်သို့ရောက်တော့မည်ဖြစ်သော်လည်း ၎င်း၏ မိသားစုဝင်များကြားတွင် ဘေဘီလေးအဖြစ် ရှိနေသေးသည်ဟု ပြောကြားခဲ့သည်။ ဟောလိဝုဒ်စတား ဘရက်ဒလေကူးပါးသည် Gala မဂ္ဂဇင်းနှင့် အင်တာဗျူးတွင် ၎င်း၏လျှို့ဝှက်စွမ်းရည်တစ်ခုကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ “အသက် (၁၅) နှစ်လောက်ကနေပြီးတော့ နှစ်အနည်းငယ်လောက် ကျွန်တော်စားသောက်ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ခဲ့ဖူးတယ်။ မိသားစုအတွက် အစားအစာတွေ ချက်ပေးရတာသဘောကျတယ်။ ကျွန်တော်ကြက်ဆင်သားချက်တာ ပိုကျွမ်းတယ်။ အချက်အပြုတ်စွမ်းရည်ကို အဘွားဆီကနေ အမွေရထားတာပါ”ဟု ဘရက်ဒလေက ပြောကြားခဲ့သည်။

*—Ref: Hollywood Buzz*

# ပရိသတ်ဝေဖန်မှုကို နားထောင်မယ့် ဖူးပွင့်သခင်

**ဖွဲ့ညက်**

**ရန်ကုန်**- ခေါင်းဆောင်မင်းသမီးနေရာမှပါဝင်ရသော်လည်း သရုပ်ဆောင်သစ်တစ်ယောက်ဖြစ်၍ ကိုယ့်ကိုယ်ကိုယ် ပြည့်စုံပြီဟုခံယူမထားဘဲ ပရိသတ်များ၏ ဝေဖန်မှုကိုနားထောင်မည်ဟု ဖူးပွင့်သခင်ကပြောသည်။



“အခုထိတော့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရတာမရှိသေးပါဘူး။ ကောင်းတာ၊ မကောင်းတာတွေက ပရိသတ်ပဲဝေဖန်ပေးမှာ။ အဲဒီလိုမကောင်းဘူးဆိုတာမြင်မှသာဒီထက်မကကြိုးစားချင်စိတ်ဖြစ်မယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အရာရာပြည့်စုံတယ်လို့ဘယ်တော့မှမတွေးပါဘူး”ဟု ဇာတ်ကားရိုက်ကူးမှုများနှင့်ပတ်သက်၍ ဖူးပွင့်သခင်ကပြောသည်။

အနုပညာလောကသို့မော်ဒယ်အဖြစ် စတင်ဝင်ရောက်ခဲ့သော်လည်း သရုပ်ဆောင်အလုပ်ကို ပို၍ဝါသနာပါပြီး လက်ရှိအချိန်အထိ ဇာတ်ကားနှစ်ဆယ်ခန့် ရိုက်ကူးထားသည်ဟုဆိုသည်။

ခေါင်းဆောင်မင်းသမီးအဖြစ် ရိုက်ကူးထားသည့်ဇာတ်ကားဆယ်ကားကျော်ရှိပြီး ခေါင်းဆောင်အဖြစ် ရိုက်ကူးရသည်မှာ စမ်းသပ်ဆဲအဆင့်သာဖြစ်၍ ကြိုးစားရိုက်ကူးနေကြောင်း ဖူးပွင့်သခင်က ပြောသည်။

၎င်းခေါင်းဆောင်ပါဝင်သည့်ဇာတ်ကားများပရိသတ်ရှေ့ မရောက်သေးသဖြင့် သရုပ်ဆောင်မှုများနှင့်ပတ်သက်၍ ပရိသတ်၏ အသံနားထောင်ရမည်ဟု ဖူးပွင့်သခင်က ပြောသည်။

လတ်တလောအနုပညာလှုပ်ရှားမှုအနေဖြင့် ကျော်ကျော်ဗိုနှင့်အတူ ‘အာဒမ်ဝှက်တဲ့ပဟေဠိ’ အမည်ရှိ လူငယ်ဆန်ဆန် ဖန်စီဇာတ်ကားရိုက်ကူးရန်ရှိသည်ဟု ဆိုသည်။






စာ(၃၉)မှ

# နေတိုးနှင့်တွေ့ဆုံခြင်း

အဲဒါကတော့ ကျွန်တော်က ဘယ်အနုပညာရပ်မဆို ခံစားတဲ့ အချိန်မှာ လေးလေးနက်နက်ခံစားတယ်။ သူတို့ရဲ့ အနုပညာ ဖန်တီးတယ်ဆိုတာက စိတ်ကူးတွေနဲ့ ဖန်တီးတယ်ဆိုတာထက် နှလုံးသားက ဖန်တီးတာ။ တကယ်ရင်ထဲက လာတဲ့ အနုပညာဆိုတော့ သူတို့ရဲ့ ရင်ထဲကို ရောက်အောင် ကြည့်တတ်ဖို့လိုတာပေါ့။ သူတို့ရင်ထဲကို ကြည့်တတ်ပြီဆိုရင် သူတို့ သွားတဲ့ လမ်းကြောင်း သူက ဘယ်လိုသွားတယ်ဆိုတာ တိတိကျကျသိထားတယ်ဆိုရင် ကိုယ်လည်း သွားလို့ရပါတယ်။ အဲလိုပါပဲ။ သူတို့အနုပညာဖန်တီးတဲ့ အချိန်မှာလည်း သူတို့ရဲ့ အဓိကဖန်တီးမှုက ပရိသတ်ဆီမှာ စိတ်ဝင်စားမှုခံရတဲ့ ကိုယ်ပိုင်အနုပညာဟန်ဆိုတာ ရှိတယ်လေ။ ကိုယ်ပိုင်အနုပညာဟန်ကို ဘယ်လိုစိတ်နဲ့လုပ်သလဲဆိုတဲ့ သူ့စိတ်ကို မြင်အောင် ကြည့်တတ်ဖို့လိုတာပေါ့။ အဲဒီလို ကြည့်တယ်ဆိုရင် လွယ်တာပေါ့။ အဲဒီလိုလုပ်တဲ့အချိန်မှာ ရုပ်တူ၊ အသံတူလုပ်တော့မယ်ဆိုရင် သူ့ရဲ့ သီချင်းလေးတွေကို အကြိမ်ကြိမ် အခါခါနားထောင်ကြည့်ပြီးတော့မှ ကိုယ့်စိတ်ထဲမှာ မှတ်ထားတာပေါ့။ အဓိကတော့ အသံပိုင်းဆိုင်ရာနဲ့ ပြောမယ်ဆိုရင် အသံသင်တန်းတက်ထားတာလည်း တစ်ကြောင်းပါမှာပေါ့။ ဒီလိုကွဲပြားမှုကို လုပ်ရတာလည်း ဝါသနာပါတဲ့အတွက်ကြောင့်မို့နောက်တစ်ချက်ကတော့ မွေးရာပါ ပါရမီတစ်ခုလည်း ကျွန်တော်ဆီမှာ ရှိနေတယ်လို့ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်တယ်။ အဲဒါတွေနဲ့လည်း ပေါင်းစည်းတယ်။ နောက်ပြီးတော့ ပရိသတ်အားပေးမှုပေါ့။ ရှေ့မှာလည်း ကျွန်တော်အလားတူတွေ နည်းနည်းလုပ်ဖူးတယ်။ ဗီဒီယိုဇာတ်ကားတွေ၊ အချို့ဟာတွေမှာ ပါတယ်ဆိုတော့ အဲဒီအချိန်မှာ ပရိသတ်အားပေးမှုနဲ့အတူ ဒီဘက်မှာ အင်အားတစ်ခုထပ်ယူရတာပေါ့။ ကျွန်တော့်ရဲ့လုပ်ဆောင်ချက်တွေကို ပရိသတ်က အားမပေးဘူးဆိုလို့ရှိရင်လည်း ဒီလိုမျိုးအနုပညာကို ဖော်ထုတ်ဖို့က ခဲယဉ်းမယ်လေ။ ပရိသတ်ရဲ့ လိုချင်တဲ့ အရာတွေ၊ မထင်မှတ်ထားတဲ့ အရာတွေအပေါ်မှာ အမြဲတမ်းစဉ်းစားပြီးတော့ ဖျော်ဖြေရတဲ့ သဘောပါပဲ။

**မွေးရပ်မြေမှာ ရခိုင်ဓလေ့နဲ့ ပတ်သက်တဲ့ အနုပညာဖန်တီးမယ်လို့ သိရပါတယ်။ ဘယ်တော့လောက် အကောင်အထည်ဖော်ဖို့ရှိပါသလဲ။**

ပရိသတ်လည်း ဇာတ်လမ်းတစ်ပုဒ်လို ခံစားရမယ်။ ရိုးရာဓလေ့ကိုလည်း မြင်နိုင်တဲ့ ဇာတ်လမ်းအမျိုးအစားကို စဉ်းစားပြီး လုပ်နေတယ်။ ဇာတ်ညွှန်း၊ ဝတ္ထု၊ ရိုက်ကူးမှုပိုင်းတွေ အကုန်လုံးကို သေချာစဉ်းစားပြီး အကောင်အထည်ဖော်ရမှာပါ။ နိုင်ငံတကာကို ထိုးဖောက်နိုင်တဲ့ အရည်အသွေးလေးဖြစ်ချင်တော့ အချိန်ယူရတာပေါ့။

**နေတိုးနာမည်နဲ့ Fan Page မှာ "အဖြူရောင် ရဲတိုက်"ရုပ်ရှင်ကားနဲ့ပတ်သက်ပြီးတစ်ဖက်ကပြောတဲ့ အကြောင်းအရာတွေကို အမြဲစာပြန်ပေးဖြစ်ခဲ့တယ်နော်။**

စာပြန်တာ အများကြီးတော့ မရှိပါဘူး။ တစ်ဖက်က တောင်းဆိုမှုအပေါ် စိတ်ကျေနပ်အောင် လုပ်ပေးတာပဲရှိပါတယ်။ ရိုက်ကူးခဲ့စဉ်အချိန်တုန်းကနေ အခုလက်ရှိရုံတင်သွားတဲ့ အချိန်ထိ ရိုက်ကူးမှု၊ ဇာတ်လမ်းပိုင်းနဲ့ ပတ်သက်ပြီးတော့ ယုံကြည်မှုတွေ အကုန်လုံးပေါ်မှာ ထားခဲ့တယ်။ ရုံပေါ်ရောက်တဲ့ အခါကျမှ တချို့ကိစ္စလေးတွေက မပါလာတာတွေရှိတယ်။ အခုကားမှာပါတဲ့ ဒါရိုက်တာ၊ သရုပ်ဆောင်တွေက ပရိသတ်အများဆုံးအားပေးလက်ခံကြတဲ့ သူတွေဖြစ်တော့ ပရိသတ်တွေက ဒီကားအပေါ် မျှော်လင့်ချက်အများကြီးထားပြီးတော့ စိတ်ကျေနပ်မှုပေးနိုင်လိမ့်မယ်လို့ ယုံကြည်ကြတယ်။ ပရိသတ်ရဲ့ ယုံကြည်မှုကို လျစ်လျူရှုလိုက်သလိုဖြစ်တဲ့ အပိုင်းလေးတွေလည်းပါနေတော့ ဝေဖန်မှုလေးတွေရှိကြတာပေါ့။

**"ဖန်ဆင်းရှင်"အခွေမှာ ကိုယ့်အကြိုက်၊ ပရိသတ်အကြိုက်ထပ်တူကျတာ ဘယ်သီချင်းဖြစ်မလဲ။**

"လေနှင်တိမ်"သီချင်းက ရင်ထဲကို အရင်ဆုံးရောက်တယ်လို့ အွန်လိုင်းစာမျက်နှာတွေအပေါ်မှာ တွေ့ရတယ်။ တေးရေးဆရာဝင်းကိုခိုင်ဆိုပြခဲ့တုန်းက ပရိသတ်ရင်ထဲကို ရောက်သလိုပဲ ကျွန်တော့်ရင်ထဲကို ရောက်လာတယ်။ သီချင်းလေးက ကျွန်တော့်ရင်ထဲကို ၉၉ ရာခိုင်နှုန်းလောက်ရောက်တော့ ပရိသတ်ကြိုက်တဲ့ ရာခိုင်နှုန်းက ဘယ်လောက်ရှိမလဲ မသိဘူး။ ကိုယ့်ရဲ့ အနုပညာကို ပရိသတ်တွေကြိုက်တယ်ဆိုကတည်းက ကျေနပ်စရာကောင်းနေပြီ၊ အလုပ်အတွက်အင်အားတွေလည်း ဖြစ်စေတယ်။

**ဖန်ဆင်းရှင်အခွေက သီချင်းအေးအေးလေးတွေများတော့ ဗီစီဒီကို ဘယ်လိုရိုက်ဖို့ စိတ်ကူးထားလဲ။**

ဗီစီဒီကတော့ နှင်းဆီအဖွဲ့နဲ့ အမေရိကသွားပြီး ပြန်လာမှ အကုန်လုံးစီစဉ်ရမှာ။ ဒါရိုက်တာတွေကို သီချင်းပေးနားထောင်ပြီး ရိုက်ကူးမှုပုံစံလေးတွေ စဉ်းစားလို့ရအောင် ပြောထားတာလေးတွေ ရှိတယ်။ ရိုက်ကူးမှုပိုင်းက ဘယ်လောက်ကြာဦးမလဲမသိပေမယ့် ၂၀၁၄ ထဲမှာ ထွက်နိုင်ဖို့ များပါတယ်။

**လူပျိုကြီးဘဝနဲ့ နေတော့မှာလားလို့ ပရိသတ်တွေက သိချင်နေကြတယ်။ ချစ်သူအကြောင်း၊ မင်္ဂလာသတင်းပါးစရာတွေရှိနေပြီလား။**

လူပျိုကြီးဘဝနဲ့တော့မနေပါဘူး။ နှလုံးသားရေးနဲ့ပတ်သက်ပြီးတော့ လောလောဆယ်မှာ အတိအကျ မဖြေပေးနိုင်တာကို ပရိသတ်တွေနားလည်ပေးပါလို့။တစ်ချိန်ချိန်မှာတော့ မင်္ဂလာသတင်းကို ကြားရမှာပါ။

**ကျေးဇူးတင်ပါတယ်**




UPSTREAM AYEYAWADY
CONFLUENCE BASIN HYDROPOWER CO.,LTD.

ACHC ကုမ္ပဏီသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အစုရှယ်ယာ(၅)ရာခိုင်နှုန်း၊ AWC ကုမ္ပဏီမှ အစုရှယ်ယာ(၁၅) ရာခိုင်နှုန်း ၊ CPIYN ကုမ္ပဏီမှ အစုရှယ်ယာ၈၀ရာခိုင်နှုန်းတို့ဖြင့် ၂၀၁၀ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့တွင် နေပြည်တော်၌ ဖက်စပ်တည်ထောင်ထားသောကုမ္ပဏီဖြစ်ပါသည်။ ACHC ကုမ္ပဏီသည် ဧရာဝတီအထက်ပိုင်း ရေအားလျှပ်စစ်စီမံကိန်းများအား တာဝန်ယူဆောင်ရွက်နေသည့် အကြီးစား ရေအားလျှပ်စစ်ကုမ္ပဏီ ဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်ဆောင်ရွက်ပေးနေသောကုမ္ပဏီဖြစ်ပါသည်။

ကုမ္ပဏီ၏ဝန်ထမ်းများက စီမံကိန်းတွင်ဖြစ်စေ၊ တရုတ်နိုင်ငံသို့ စေလွှတ်၍ဖြစ်စေ နည်းပညာနှင့်ပတ်သက်သော အသိဉာဏ်များကြွယ်ဝလာစေရန် (operation maintainance and manangement) စသည့် ဘာသာရပ်များကို သင်တန်းပို့ချပေးလေ့ရှိပါသည်။

မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားမလုံလောက်မှုကို ကူညီဖြေရှင်းရန်၊ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးနိုင်ရန် ACHC ကုမ္ပဏီသည် တည်ဆောက်ပြီးစီးခဲ့သော ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းမှ နိုဝင်ဘာလ (၉)ရက်နေ့မှ စတင်၍ ကချင်ပြည်နယ်ကို လျှပ်စစ်ဓာတ်အားပို့လွှတ်နေပြီဖြစ်ပါသည်။ ထိုစီမံကိန်းကို ထိန်းသိမ်းစောင့်ရှောက်ရန် အောက်ဖော်ပြပါဝန်ထမ်း(၁၀)ဦး အလိုရှိသည်။ လုပ်ငန်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံပေါ် မူတည်၍ လစာကောင်းကောင်း သတ်မှတ်ပေးပါမည်။ အခါအားလျော်စွာသင်တန်းများ ပို့ချပေးရန်လည်း ရှိပါသည်။

၁။ ရာထူး
Production,Operation,Maintainence staff
၂။ လုပ်ငန်းနေရာ
ချီဖွေဒေသ၊ကချင်ပြည်နယ်။
၃။ ဝန်ထမ်းလိုအပ်ချက်
-တရုတ်(သို့)အင်္ဂလိပ်ဘာသာကျွမ်းကျင်ရမည်။
-အသက်(၁၈)နှစ်မှ(၃၅)နှစ်ကြား
-ပညာအရည်အချင်း ဘွဲ့ရ
AGTI/B.Tech/B.E များဦးစားပေးမည်။
လျှောက်ထားလိုသူသည် ကိုယ်ရေးရာဇဝင်၊ ကျန်းမာရေးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူများဖြင့် (၂၈.၂.၂၀၁၄)နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်သည်။
ဆက်သွယ်ရန်လိပ်စာ
1.NayPyiTaw
Add:Building No. 5566/5567, Zawana Theikdi Quarter,OaktaraThiriTownship, Nay Pyi Taw
Tel: 067-417211 , 09-8625237
Fax:067-417211
2. Yangon
Add: No.13,7 miles housing villa, Mayangone Township, Yangon city, Myanmar
Tel: 01-653555, 01-653636, 09-5394620
3.Myitkyina
Add: MD 56 House,Sitharpu,Myitkyina
Tel: 074-20230,074-20057,09-6400882
ကုမ္ပဏီ E-mail: achcphyu@gmail.com သို့လည်း ပေးပို့လျှောက်ထားနိုင်သည်။ interview ဖြေဆိုရန် ပြန်လည်အကြောင်းကြားပေးပါမည်။

အလျော့တွက်ပေးရင်၊ လက်ခမယူ။ လက်ခပေးရင်၊ အလျော့တွက်မယူ။ "ရွှေဆိုလျှင်၊ နောင်တာရှည်အထိ၊ ဘောင်သမာဓိက ၊ တာဝန်ယူ။"




ဆိုင်(၁) ၈၃လမ်း၊ ၂၁ × ၂၂ကြား၊ မန္တလေးမြို့၊ ၀၂-၇၁၇၄၄
ဆိုင်(၂) အမှတ်(၁၁၅)၊ ၈၄လမ်း၊ ၂၉ × ၃၀လမ်းကြား၊ မန္တလေးမြို့၊ ၀၂-၆၆၇၈၅
ဆိုင်(၃) အမှတ်(၅၅)၊ ၂၉လမ်း(အောက်ဘလောက်)၊ ရန်ကုန်မြို့၊ ၀၁-၃၈၉၉၂၂
ဆိုင်(၄) အမှတ်(၁၇၇)၊ ၈၄လမ်း၊ ၃၁ × ၃၂လမ်းကြား၊ မန္တလေးမြို့၊ ၀၂-၃၀၃၄၂

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့မှ ဖိတ်ခေါ်တယ်နော် ခိုင်ခိုင်ကျော်

ရန်ကုန်မြို့က ခိုင်ခိုင်ကျော် ...မြန်ပြည်တစ်ခွင် ဂုဏ်သတင်းမွှေး...
များပြည်သူအားပေးသမို့ ...
မြို့ကျိုက်ထို ရာမညတိုင်းမှာ ဆိုင်ခွဲတစ်ခု ဖွင့်ဖို့ပြင်...
သန့်ရှင်း၊ ကျန်းမာ၊ ရသာစုံပြီး ဖော်ရွေကာ ဝန်ဆောင်ပေး ကြွခဲ့ပေါ့မနေး ...

မော်တော်ယာဉ်မှူးကြီးများခင်ဗျာ -
ရန်ကုန်မှ သွားလျှင် ကျိုက်ထိုမြို့ (တိုးဂိတ်)အဝင် ညာဘက်ခြမ်း ဗောဓိကိုးထောင်အကျော် အေးရိပ်ငြိမ်ရပ်တွင် တည်ရှိပြီး၊ မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ (Breakfast) - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘာ့ဇောက်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။
ရန်ကုန်တက္ကသိုလ်ဆိုင်ခွဲ - တောင်ငူဆောင် Canteen ၊ ရန်ကုန်တက္ကသိုလ်။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၀၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၁၄၂၀၈

# အာရှအားကစားပြိုင်ပွဲဝင်ပြိုင်မည့် ကစားနည်း ၁၀ မျိုးအတွက် လက်ရွေးစင်ကစားသမားများရွေးချယ်မည်

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၁၇)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက ကစားနည်း ၁၀ မျိုးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် လက်ရွေးစင်ကစားသမားများကို ဇူလိုင်လအတွင်း ရွေးချယ်သွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဦးမြသန်းထိုက်ကပြောသည်။

၂၀၁၄ စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကိုရီးယားနိုင်ငံအင်ချွန်းမြို့၌ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၄၃၇ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံက ရေကူး၊ မြားပစ်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဘော်လီဘော၊ ရိုးရာလှေ၊ အလေးမ၊ ဝူရှူးနှင့်ဘောလုံးပြိုင်ပွဲအစရှိသည့် ကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"အာရှပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ဆီးဂိမ်းလက်ရွေးစင်ကစားသမားတွေဖြစ်ဖို့များတယ်။ အခုလက်ရှိကတော့ ဘယ်ကစားသမားနဲ့ဝင်ပြိုင်မယ်ဆိုတာ မရွေးရသေးဘူး။ ဇူလိုင်လလောက်မှ လက်ရွေးစင်ကစားသမားရွေးပြီး စခန်းသွင်းလေ့ကျင့်ပေးသွားမယ်"ဟု ဦးမြသန်းထိုက်ကပြောသည်။

အာရှပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်ကစားနည်းများ ရွေးချယ်ရာတွင် ဘီလိယက်ကစားနည်းကိုပါထည့်သွင်းရွေးချယ်ပြီး နောက်ဆုံးအဆင့်ရွေးချယ်မှုတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အဆင်မပြေမှုများကြောင့် ဘီလိယက်ကစားနည်းကို ဖြုတ်ချခဲ့ကြောင်း၊ ဘောလုံးကစားနည်းတွင်လည်း အမျိုးသမီးအသင်းဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်နေကြောင်း ၎င်းကပြောသည်။

"ဘောလုံးကဝင်ပြိုင်မယ်လို့ ပြောထားတယ်။ အတိအကျတော့မသိသေးဘူး။ ပြိုင်မယ်ဆိုရင်တော့ အမျိုးသားရော၊ အမျိုးသမီးအသင်းတွေကို ပါဝင်ပြိုင်စေချင်တယ်။ အာရှပြိုင်ပွဲဆိုတော့ အတွေ့အကြုံကောင်းတွေအများကြီးရနိုင်တယ်"ဟု ဦးမြသန်းထိုက်ကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲကို ၁၉၅၁ ခုနှစ်တွင်ပထမဆုံးအကြိမ်ကျင်းပသည့်ပြိုင်ပွဲမှစတင်ကာနှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ရွှေ ၁၄ခု၊ ငွေ ၃၀ နှင့်ကြေးတံဆိပ်၅၂ခုရယူထားနိုင်သည်။ ယခုနှစ်ဝင်ရောက်ယှဉ်ပြိုင်မည့်ကစားနည်းများတွင် အောင်မြင်မှုရရှိရန်မျှော်မှန်းထားသော်လည်း အာရှတိုက်အတွင်း အားကစားလောကတွင်ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံကြီးများပါဝင်လာခြင်းကြောင့် ကစားသမားများအတွေ့အကြုံကောင်းများရရှိရန်သာ ရည်ရွယ်ထားကြောင်း ပြီးခဲ့သည့် ၂၀၁၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ပိုက်ကျော်ခြင်းကစားနည်းနှင့် ငွေတံဆိပ်သုံးခုရရှိခဲ့သည့် ရိုးရာလှေပြိုင်ပွဲတို့တွင်သာ ဆုတံဆိပ်ရရှိရန်မျှော်မှန်းထားကြောင်း ၎င်းကပြောသည်။ မြန်မာနိုင်ငံက အာရှအားကစားပြိုင်ပွဲစတင်ကျင်းပကတည်းကဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုအများဆုံးရရှိသည့်နှစ်မှာ ၁၉၇၀တွင် ထိုင်းနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော(၆)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်ခုနစ်ခုရရှိခဲ့ကာ အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် ဆုတံဆိပ်အများဆုံးရရှိခဲ့သောနှစ်ဖြစ်ကြောင်း ဦးမြသန်းထိုက်ကရှင်းပြသည်။

"ဘောလုံးအသင်းတွေက ဝင်ပြိုင်မယ်၊ မပြိုင်ဘူးဆိုတာက အတိအကျ မပြောနိုင်သေးဘူး။ ပြိုင်ဖို့တော့စာရင်းပေးထားတယ်။ နည်းပြတွေနဲ့ညှိနှိုင်းပြီးမှ အတိအကျပြောလို့ရမယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဦးစိုးမိုးကပြောသည်။

၂၀၁၀ ပြည့်နှစ်ကွမ်ကျိုးအာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေနှစ်ခု၊ ငွေငါးခုနှင့် ကြေးသုံးခုရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးခဲ့သော ကစားနည်းမှာ ပိုက်ကျော်ခြင်းနှစ်ယောက်တွဲအမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတို့ဖြစ်ကြောင်း သတင်းရရှိသည်။

# ယူ – ၁၉ အမျိုးသားဘောလုံးအသင်း ဂျပန်နှင့် ဂျာမနီ ကလပ်များနှင့်ခြေစမ်းမည်



ယူ-၁၉အမျိုးသားဘောလုံးအသင်းကိုတွေ့ရစဉ်

MFF

**ချစ်ဝိုင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

အာရှယူ-၁၉ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားအသင်းအား အောင်မြင်မှုရရှိစေရန်အတွက် ဂျပန်နှင့်ဂျာမနီနိုင်ငံများသို့သွားရောက်ကာ ခြေစမ်းပွဲများကစားရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှသတင်းရရှိသည်။

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှယူ-၁၉ချန်ပီယံရှစ်ပြိုင်ပွဲတွင် အောင်မြင်ရရှိရန်လာမည့်ဧပြီလ၌ စခန်းသွင်းလေ့ကျင့်မှုများစတင် ပြုလုပ်သွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

"နည်းပြနဲ့တိုင်ပင်ပြီး ဂျပန်နဲ့ဂျာမနီနိုင်ငံတွေမှာခြေစမ်းပွဲတွေသွားရောက်ကစားဖို့ စီစဉ်ထားတယ်။ ဂျာမနီကနာမည်ကြီးကလပ်တွေဖြစ်တဲ့ ကိုလုံး၊ ဟမ်းဘတ်အသင်းတွေနဲ့ခြေစမ်းပွဲတွေကစားသွားဖို့ရှိတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ မီဒီယာဒါရိုက်တာဦးစိုးမိုးကဆိုသည်။

မြန်မာယူ-၁၉အသင်းသည် လက်ရှိအချိန်တွင် မြန်မာနေရှင်နယ်လိဂ်ပထမတန်းအမှတ်ပေးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အာရှချန်ပီယံရှစ်ပြိုင်ပွဲအတွက် အဆိုပါအသင်းမှ ကစားသမားအနည်းငယ်နှင့် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများမှ လူငယ်ကစားသမားပြန်လည်ရွေးချယ်ရန် ပူးပေါင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

"ယူ-၁၉အသင်းကို ဧပြီမှာစခန်းသွင်းလေ့ကျင့်မှုစတင်ပြုလုပ်သွားမှာပါ။ ဒီပြိုင်ပွဲကို AFC အချိန်မသတ်မှတ်သေးပေမယ့် ပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် စောစီးစီးစခန်းသွင်းလေ့ကျင့်သွားမယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနေရှင်နယ်လိဂ် ပထမတန်းအမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာယူ-၁၉အသင်း၌ ၂၀၁၃ ခုနှစ်က နိုင်ငံတကာပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောကစားသမားခုနစ်ဦးသာပြန်လည်ပါဝင်ပြီး လူငယ်ကစားသမားကိုထပ်မံရွေးချယ်သွားရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ယူ ၁၄၊ ယူ-၂၂ အမျိုးသား၊ အမျိုးသမီး လက်ရွေးစင်အသင်းများနှင့် စီနီယာလက်ရွေးစင်အသင်းများအပြင် ဖူဆယ်အမျိုးသား၊ အမျိုးသမီးလက်ရွေးစင်အသင်းများဖွဲ့စည်းကာ နိုင်ငံတကာပြိုင်ပွဲ ၁၉ ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ထားပြီ။ လူငယ်ဘောလုံးပွဲတော်များ ကျင်းပသွားမည်ဖြစ်သည်။ အာဆီယံ-၁၉ပြိုင်ပွဲနှင့် အာရှယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲများကိုမူ အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မြို့တော်ဂေါက်ကွင်းတွင် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ချစ်ဝိုင်း**


**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ နှင့် ၁၆ ရက်တွင် ရန်ကုန်မြို့တော်ဂေါက်ကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဆီးဂိမ်းမစတင်မီက လစဉ်ကျင်းပခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲ ရှိနေခြင်းကြောင့် ရပ်နားခဲ့ကာ ယခုလမှစတင်၍ ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသက် ၂၄ နှစ်အောက် ပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက်၊ အသက် ၁၄ နှစ်အောက် ပြိုင်ပွဲနှင့် အသက် ၁၀ နှစ်အောက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

"ပြိုင်ပွဲကို ဆီးဂိမ်းရှိနေတဲ့အတွက် ရပ်ထားခဲ့တယ်။ ဒီလမှစပြီး လတိုင်း ပြန်လည်ကျင်းပသွားဖို့ရှိတယ်။ အခုက ငါးကြိမ်မြောက် ပြိုင်ပွဲပါ"ဟု မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယှဉ်ပြိုင်မည့် ကစားသမားများသည် အမည်စာရင်း၊ မှတ်ပုံတင်(သို့မဟုတ်)မွေးစာရင်း(မူရင်းမိတ္တူ)ဖြင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်သို့ ဖေဖော်ဝါရီ ၁၃ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပြီး ဆုရရှိသည့်ကစားသမားများအား ထိုက်တန်စွာ ဆုချီးမြှင့်သွားမည်ဖြစ်သည်။



www.kia.com.mm
KIA
Major Sponsor
KIA
australian open
Kia, the sponsor that moves your heart
SPORTAGE
KIA
The Power to Surprise
Kia Motors, the major sponsor of the Australian Open 2014

7DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# အာဆင်နယ် – မန်ယူ၊ မန်စီးတီး – ဆန်းဒါးလန်း ပွဲကောင်းတွေနဲ့ ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ်ကစားမယ့် ဥရောပလိဂ်တွေထဲမှာ ပရီးမီးယားလိဂ်က ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲတွေ တွေ့ရမှာဖြစ်သလို စီးရီးအေနဲ့ လာလီဂါမှာလည်း တွေ့ရဦးမှာဖြစ်ပါတယ်။ ပရီးမီးယားလိဂ်ကတော့ ပွဲကြီးပွဲကောင်းတစ်ခုအဖြစ် အာဆင်နယ်-မန်ယူတို့ပွဲကိုကြည့်ရမှာဖြစ်ပြီး စီးရီးအေမှာ ဂျူဗင်တပ်၊ ရိုးမားတို့ရဲ့အိမ်ကွင်းပွဲများ၊ လာလီဂါမှာ အက်သလက်တီကိုမက်ဒရစ်၊ ဘာကာတို့ရဲ့ အိမ်ကွင်းပွဲများကို ကြည့်ရမှာဖြစ်ပါတယ်။

**၁၃၊ ဖေဖော်ဝါရီ၊ ကြာသပတေး**
**အာဆင်နယ်-မန်ယူ**
**(နံနက် ၂း၁၅ နာရီ)**
**ပကျော့ရလဒ် ဝ-၁**

အာဆင်နယ်တို့ လီဗာပူးကို ဂိုးပြတ်ရှုံးခဲ့ရပြီးနောက် အိမ်ကွင်းမှာ အနိုင်ပြန်ရှာမယ့်ပွဲဖြစ်ပါတယ်။ လက်ရှိမှာမန်ယူမှာမာတာပါဝင်လာနိုင်တဲ့ကွင်းလယ်နဲ့ အားဖြည့်ထားပြီး အာဆင်နယ်က ချယ်လ်ဆီးကိုပြန်လည်ကျော်ဖြတ်ဖို့ ကြိုးစားလာမှာကြောင့် အထူးကြည့်ကောင်းနိုင်ပါတယ်။ အာဆင်နယ် ကပ်နိုင်ဖို့ပဲရှိပြီး သရေလည်းဖြစ်နိုင်တယ်။ အိမ်ရှင်တို့နိုင်ခြေနည်းနေတဲ့ပွဲပါ။

**မန်စီးတီး-ဆန်းဒါးလန်း**
**(ည ၂း၁၅ နာရီ)**
**ပကျော့ရလဒ် ဝ-၁**

မန်စီးတီးက အိမ်ကွင်းမှာတော့ နိုင်ပွဲရှာပါလိမ့်မယ်။ သရေဖြစ်နိုင်ခြေနည်းပြီး မန်စီးတီး ဂိုးအနည်း (သို့) အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်သွားနိုင်ပါတယ်။

**နယူးကာဆယ်-စပါး**
**(နံနက် ၂း၁၅ နာရီ)**
**ပကျော့ရလဒ် ၁-ဝ**

စပါးတို့ အဝေးကွင်းမှာ ခြေစွမ်းပြနိုင်ဖို့ မလွယ်ပေမယ့် နယူးကာဆယ်ကအိမ်ကွင်းမှာတောင့်ခံကစားနိုင်တယ်။ ပြီးခဲ့တဲ့နိုဝင်ဘာ ပထမအကျော့တုန်းက ရှုံးခဲ့တာကို စပါးအကြွေးပြန်ဆပ်မှာပါ။ စပါး သရေနဲ့ ကပ်နိုင်ခြေရှိတယ်။

**ဖူလ်ဟမ်-လီဗာပူး**
**(နံနက် ၂း၃၀ နာရီ)**
**ပကျော့ရလဒ် ဝ-၄**

အိမ်ကွင်းမှာ ဖူလ်ဟမ်တို့ ဘာမှမတတ်နိုင်တဲ့ပွဲဖြစ်သွားပါလိမ့်မယ်။ ညှော်သည်လီဗာပူး ဂိုးအများနဲ့ နိုင်သွားနိုင်တယ်။ နှစ်ဂိုးအသာလောက်ရနိုင်တယ်။

**စီးရီးအေ**
**၁၆၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**
**ဂျူဗင်တပ်-ချီယေဗို**
**(ည ၈း၃၀ နာရီ)**
**ပကျော့ရလဒ် ၂-၁**

ဂျူဗီတို့ အိမ်ကွင်းနိုင်ပွဲဆက်သွားနိုင်ပါတယ်။ ပထမအကျော့ရလဒ်လိုဖြစ်နိုင်ပြီး နှစ်ဂိုးပြတ်လောက်လည်း ရသွားနိုင်ပါတယ်။


**ဆတ်ဆူလို-နာပိုလီ**
**(ည ၈း၃၀ နာရီ)**
**ပကျော့ရလဒ် ၁-၁**

နာပိုလီ ဇယားမှာ ဦးဆောင်မှုရဖို့ကြိုးစားနေဆဲဖြစ်ပြီး ဂျူဗီ၊ ရိုးမားနဲ့ အမှတ်ကွာသွားပေမယ့် ရှုံးပွဲဆက်တိုက်ဖြစ်နေတဲ့ ဆတ်ဆူလိုကို နှစ်ဂိုးအသာနဲ့ နိုင်သွားမှာပါ။

**၁၇၊ ဖေဖော်ဝါရီ၊ တနင်္လာ**
**ရိုးမား-ဆမ်ဒိုးရီးယား**
**(နံနက် ၂း၁၅ နာရီ)**
**ပကျော့ရလဒ် ၂-ဝ**

ရိုးမားအိမ်ကွင်းမှာ ဆမ်ဒိုးရီးယားကို အနိုင်ပဲရှိတယ်။ လက်ရှိတန်းဆင်းဇုန်အထက်နားမှာပဲ ရိုးမား ထပ်ရှိနေဖို့များပါတယ်။ ရိုးမား နှစ်ဂိုးလောက်ရနိုင်တယ်။

**လာလီဂါ**
**၁၅၊ ဖေဖော်ဝါရီ၊ စနေ**



**အက်သလက်တီကို-ဗယ်လာဒိုလစ်**
**(ည ၉း၃၀ နာရီ)**
**ပကျော့ရလဒ် ၂-ဝ**

အက်သလက်တီကို အိမ်ကွင်းမှာ သရေပွဲတော့အဖြစ်ခံမှာ မဟုတ်ပါဘူး။ နောက်ဆုံးတွေ့ဆုံမှုတိုင်းမှာ နိုင်ခဲ့သလို လက်ရှိခြေစွမ်းအရလည်း လိဂ်ကိုဦးဆောင်ထားတဲ့ အိမ်ရှင်တို့ပဲ ဂိုးအနည်းနဲ့ နိုင်သွားနိုင်ပါတယ်။

**၁၆၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**
**ဘာစီလိုနာ-ဗယ်လီကာနို**
**(နံနက် ၁း၃၀ နာရီ)**
**ပကျော့ရလဒ် ၄-ဝ**

မက်ဆီ ဂိုးသွင်းခြေစွမ်းမပြနိုင်သေးပေမယ့် အိမ်ကွင်းမှာ ဗယ်လီကာနိုကို နိုင်ခြေအများကြီးရှိတာပါ။ ဘာကာတို့ နှစ်ဂိုးလောက်ရနိုင်ပြီး သရေပွဲဖြစ်ဖို့မရှိပါ။

**ဂီတာဖေး-ရီးရဲလ်မက်ဒရစ်**
**ပကျော့ရလဒ် ၁-၄**

ရီးရဲလ်မှာ ရော်နယ်ဒို ပြစ်ဒဏ်ကြောင့်မပါဝင်နိုင်ပေမယ့် ဂီတာဖေးအိမ်ကွင်းမှာ ရုန်းကန်ရဦးမှာပါ။ ရီးရဲလ်ဂိုးသွင်းအားကောင်းနေဆဲဖြစ်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်သွားပါလိမ့်မယ်။




# ကန်လုံခြုံရေးအေဂျင်စီ NSA ဖုန်းခေါ်ဆိုမှုအားလုံး၏ အချက်အလက် ၃၀ ရာခိုင်နှုန်းအောက်သာ စုဆောင်းပေးခဲ့ဟုဆို

**ဝါရှင်တန်၊ ဖေဖော်ဝါရီ-၈**

အမေရိကန်ဖုန်းခေါ်ဆိုမှုအားလုံး၏ ၃၀ ရာခိုင်နှုန်းအောက်သာကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA)က စုဆောင်းခဲ့သည်ဟု သတင်းဌာနများက ဖော်ပြလိုက်ပြီး ယင်းပမာဏမှာ ယခင်ထင်ထားသည်ထက် များစွာလျော့နည်းနေသည်။

အမေရိကန်နိုင်ငံ၏ဖုန်းခေါ်ဆိုမှုအားလုံးနီးပါးကို NSA က စောင့်ကြည့်မှတ်တမ်းတင်ထားခဲ့သည်ဟု လွှတ်တော်အမတ်များက ပြောကြားသော်လည်း လက်ကိုင်ဖုန်းများမှ အချက်အလက်များ စုဆောင်းရန် NSA အနေဖြင့် အခက်အခဲရှိခဲ့သည်ဟု အရာရှိများက ဝါရှင်တန်ပို့စ်နှင့် ဝေါလ်စထရိဂျာနယ်အား ပြောကြားသည်။

လက်ကိုင်ဖုန်းသုံးစွဲမှုအလွန်များပြားလာခြင်းကြောင့် NSA အနေဖြင့် နည်းပညာနှင့် ပို့ဆောင်ရေးဆိုင်ရာပြဿနာများ ရင်ဆိုင်ခဲ့ရသည်။ သမ္မတဂျော့ချ်ဒဗလျူဘုရှ်လက်ထက်က ပထမဆုံးသတင်းထွက်ပေါ်လာခဲ့သည့် ယင်း



အငြင်းပွားဖွယ်အစီအစဉ်မှာ ဖုန်းခေါ်ဆိုနေချိန်ကြာမြင့်မှု၊ ခေါ်ဆိုသည့်အကြိမ်အရေအတွက် အပါအဝင် ဖုန်းခေါ်ဆိုမှုမှတ်တမ်းမြောက်မြားစွာကို စုဆောင်းကာ အစွန်းရောက်တိုက်ခိုက်ရေးသမားများကိုခြေရာခံရန်(သို့မဟုတ်) အခြားသောထောက်လှမ်းရေးပစ်မှတ်များကို ခြေရာခံရန်ကြိုးပမ်းခြင်းဖြစ်သည်။

နိုင်ငံသားများ၏ ဖုန်းခေါ်ဆိုမှုများကို NSA ၏ မှတ်တမ်းတင်မှုသည်တစ်ကြိမ်က ၁၀၀ ရာခိုင်နှုန်းအထိ ရှိခဲ့သော်လည်း ပြီးခဲ့သည့်နှစ်က ၂၀မှ၃၀ရာခိုင်နှုန်းအထိကျဆင်းခဲ့ပြီး လက်ရှိတာဝန်ထမ်းဆောင်ဆဲ အရာရှိများနှင့် အရာရှိဟောင်းများက ယင်းသတင်းဌာနများအား ပြောသည်။

ယင်းကွာဟမှု ကျဉ်းမြောင်းသွားစေရန် NSA က ကြိုးပမ်းနေပြီး ဆက်သွယ်ရေးကုမ္ပဏီများအနေဖြင့် ဖုန်းခေါ်ဆိုမှုမှတ်တမ်းများကို ယခင်က လွှဲပြောင်းပေးအပ်ခြင်းမရှိခဲ့လျှင် လွှဲပြောင်းပေးအပ်စေရေး တရားရုံးက အမိန့်ချမှတ်ပေးရန် NSA က ကြိုးစားနေသည်ဟု ယင်းအရာရှိများက ပြောသည်။

လက်ရှိအချက်အလက်များ စုဆောင်းနေမှုအတွင်း Verizon Wireless ကုမ္ပဏီနှင့် T-Mobile ကုမ္ပဏီတို့မပါဝင်ကြောင်း ဝေါလ်စထရိဂျာနယ်၏ ဖော်ပြချက်အရ သိရသည်။ သို့သော် အင်တာနက်အခြေခံဆက်သွယ်ခေါ်ယူမှုများ ပါဝင်သည်လားဆိုသည်ကို ရှင်းလင်းစွာမသိရပေ။ ယင်းသတင်းများနှင့်ပတ်သက်၍ NSA ကို မေးမြန်းရာထောက်လှမ်းရေးဆိုင်ရာ သတင်းစုဆောင်းမှုနည်းလမ်းများကို အသေးစိတ်မဆွေးနွေးလိုဟု NSA က ပြန်လည်ဖြေကြားသည်။

—*Ref: AFP*



FRANCOIS LENOIR/REUTERS

# သူပုန်များနှင့်ဆွေးနွေးပွဲများ လာမည့်သီတင်းပတ်တွင် စတင်ကျင်းပနိုင်ဖွယ်ရှိဟု မာလီဝန်ကြီးချုပ်ပြောကြား

**ဘာမာကို၊ ဖေဖော်ဝါရီ-၈**

မာလီနိုင်ငံမြောက်ပိုင်းတွင် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ တည်ထောင်ရန် ကြိုးစားနေသည့် တူအာရက်သူပုန်များ အဓိကပါဝင်သော တစ်ကျော့ပြန်တော်လှန်ရေး အဆုံးသတ်စေရန် ကနဦးဆွေးနွေးပွဲများကို လာမည့်သီတင်းပတ်အစောဆုံးထား၍ စတင်ကျင်းပနိုင်သည်ဟု မာလီဝန်ကြီးချုပ်က ဖေဖော်ဝါရီ ၇ ရက်တွင် ပြောသည်။

မာလီနိုင်ငံမြောက်ပိုင်းဒေသကို ထိန်းချုပ်သိမ်းပိုက်ရန် ကြိုးစားမှုတစ်ခုအပြီး ဖြစ်ပေါ်လာသော ကစဥ့်ကလျားအခြေအနေများကို အခွင့်ကောင်းယူကာ တူအာရက်ခွဲထွက်ရေးသူပုန်များနှင့် အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်သည့် အစ္စလာမ်မစ်တိုက်ခိုက်ရေးသမားများက တော်လှန်ပုန်ကန်ကြသဖြင့် မာလီနိုင်ငံတွင် ၂၀၁၂ ခုနှစ်အတွင်း ထိန်းမနိုင်သိမ်းမရအခြေအနေများ ဖြစ်ပေါ်ခဲ့သည်။


အစ္စလာမ်မစ်တိုက်ခိုက်ရေးသမားများကို ပြင်သစ်တပ်ဖွဲ့ဝင်များက ပြီးခဲ့သည့်နှစ်အတွင်းက တိုက်ထုတ်ခဲ့ပြီးနောက်ရွေးကောက်ပွဲကျင်းပခဲ့သည်။ သို့သော် မာလီအစိုးရ၊ တူအာရက်နှင့် အာရပ်သူပုန်များကြား ဆွေးနွေးပွဲများမှာ နိုင်ငံရေးဆိုင်ရာ တောင်းဆိုမှုများကြောင့် ရပ်ဆိုင်းသွားခဲ့ရသည်။

သဘောတူညီမှုရယူရန်ပျက်ကွက်ခြင်းကြောင့် တိုက်ခိုက်ရေးသမားများကို လုံးဝပြောင်းလဲသွားစေနိုင်ပြီး လုံခြုံရေးမဆောင်ရွက်နိုင်သည့် အန္တရာယ်ရှိကြောင်း ကုလလုံခြုံရေးကောင်စီက သတိပေးထားသည်။ ပြီးခဲ့သည့်နှစ်ရက်က လုံခြုံရေးကောင်စီသို့ နိုင်ငံရေးလမ်းပြမြေပုံတစ်ရပ် ပေးပို့ထားသည်ဟုမာလီဝန်ကြီးချုပ်တာတမ်လီက ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

မာလီသမ္မတသစ် ကီတာမှာ ယခင်ဆူပူအုံကြွမှုများအတွင်း သူပုန်များကိုဆန့်ကျင်ကာ အခိုင်အမာရပ်တည်ခဲ့ခြင်းအတွက် နာမည်ကောင်းရခဲ့ပြီး ရွေးကောက်ခံခဲ့ရခြင်းဖြစ်သည်။ နိုင်ငံပြိုကွဲနိုင်သောအခြေအနေများအတွက် အပြစ်တင်ခံထားရသည့် တိုက်ခိုက်ရေးသမားများကို အလျှော့မပေးရန် သမ္မတကီတာမှာ ဖိအားများနှင့် ရင်ဆိုင်နေရသည်။

မာလီနိုင်ငံမြောက်ပိုင်းဒေသကိုအစ္စလာမ်မစ်များကပြင်သစ်တပ်ဖွဲ့များ ဝင်မလာမီအချိန်ထိ သိမ်းပိုက်ထားခဲ့သည်။ ယင်းဒေသမှာ ဒေသတွင်းနှင့် အနောက်နိုင်ငံများကို တိုက်ခိုက်ရန် ခြေကုပ်ယူရာ ဒေသတစ်ခုဖြစ်လာသည်ဟု မာလီနိုင်ငံကို ယခင်က ကိုလိုနီပြုခဲ့သည့်ပြင်သစ်နိုင်ငံက သတိပေးခဲ့သည်။

—*Ref: Reuters*




ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိခြင်းအတွက် တန်ဖိုးထားဂုဏ်ယူဝမ်းမြောက်မိပါတယ်

မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိခြင်းကို မြန်မာမိသားစုဝင်တစ်ဦးအဖြစ် အသိအမှတ်ပြု ကြိုဆိုခြင်းခံရသကဲ့သို့ TELENOR MYANMAR က တန်ဖိုးထားဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မြန်မာပြည်သူလူထုအားလုံး တိုးတက်မြင့်မားသော လူနေမှုဘဝနဲ့ ပိုမိုကောင်းမွန်သောအနာဂတ် အခိုင်အမာ တည်ဆောက်နိုင်စေမယ့် အရည်အသွေးမြင့် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးစနစ်သုံး ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီတဲ့ ဈေးနှုန်းနဲ့ ဆောင်ကျဉ်းပေးဖို့ဆိုတဲ့ TELENOR MYANMAR ရဲ့ အဓိကရည်မှန်းချက်ကို မြန်မာနိုင်ငံတွင် မကြာမီအကောင်အထည်ဖော်ပါတော့မယ်။

ဆက်သွယ်ရေးကဏ္ဍရဲ့ အကျိုးကျေးဇူးတွေကို မြန်မာပြည်သူပြည်သားများအပြည့်အဝရရှိအောင်ကူညီပေးဖို့ TELENOR MYANMAR ရောက်ရှိနေပါပြီ။

7 DAY NEWS JOURNAL

Vol.12, No.49 • FEBRUARY 12 , 2014

# နှစ်ပေါင်းနှစ်ဆယ်အတွင်း အာရှတိုက်၌ ကန်ဒေါ်လာ နှစ်ထရီလီယံခန့်တန်ဖိုးရှိ လေယာဉ် ၁၃,၀၀၀ လိုအပ်




*စင်ကာပူလေကြောင်းပြပွဲကျင်းပရန် ချန်ဂီနိုင်ငံတကာလေဆိပ်၌ ရပ်နားထားသော အဲဘတ်စ် A350-900 လေယာဉ်တစ်စီးကို တွေ့ရစဉ်* ROSLAN RAHMAN/AFP

**စင်ကာပူ၊ ဖေဖော်ဝါရီ-၁၀**

အာရှ-ပစိဖိတ်ဒေသသည် လာမည့်နှစ် ၂၀ကာလ ၂၀၃၂တွင်ကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန်ဖိုးရှိသည့် လေယာဉ်သစ် စီးရေပေါင်း၁၃,၀၀၀ခန့်လိုအပ်မည်ဖြစ်ကြောင်း အမေရိကန်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီး ဘိုးရင်းက ထုတ်ဖော်ပြောကြားလိုက်သည်။

အာရှတွင် ချမ်းသာကြွယ်ဝမှုများလာခြင်းနှင့် လေကြောင်းခရီးဖြင့် ခရီးသွားလာမှုများပြားလာခြင်းကြောင့် ထိုသို့လေယာဉ်သစ်လိုအပ်မှု ပိုမိုများပြားလာမည်ဖြစ်ကြောင်း စင်ကာပူတွင် ပြုလုပ်သည့် စင်ကာပူလေကြောင်းပြပွဲမကျင်းပမီတွင် ဘိုးရင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီက အာရှ-ပစိဖိတ်လေကြောင်း ခရီးစဉ်များသည် ၂၀၁၂ တွင် ၅,၀၉၀ ခန့်သာရှိခဲ့ရာမှ လာမည့် နှစ် ၂၀ ကာလတွင် ၁၄,၇၅၀ ခန့် ရှိလာမည်ဖြစ်ကြောင်းဆိုသည်။

ဘိုးရင်း၏ကြေညာချက်မှာ ပြိုင်ဘက်ဥရောပကုမ္ပဏီ အဲယားဘတ်စ်ကပြီးခဲ့သည့်လတွင်ဖော်ပြခဲ့သည့် အာရှ-ပစိဖိတ်လေကြောင်းလိုင်းများသည် လာမည့်နှစ် ၂၀ အတွင်း ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံတန်ဖိုးရှိသည့် ခရီးသည်တင်နှင့် ကုန်တင်လေယာဉ်ပေါင်း ၉,၈၇၀ ခန့် လိုအပ်မည်ဖြစ်ကြောင်းထုတ်ပြန်မှုအပြီးတွင်ထပ်မံပေါ်ထွက်လာခြင်းလည်း ဖြစ်သည်။

“လာမည့်နှစ် ၂၀ မှာ ကမ္ဘာ့လေကြောင်းခရီးသွားလာမှုများရဲ့ ထက်ဝက်ခန့်က အာရှ-ပစိဖိတ်ဒေသကိုအသွားနဲ့အပြန် သွားလာကြမယ့် လေကြောင်းခရီးစဉ်တွေဖြစ်လာမှာပါ”ဟု ဘိုးရင်းက ဖော်ပြခဲ့သည်။ အာရှတွင် လေကြောင်းခရီးသွားလာမှုတိုးတက်လာရခြင်းတွင် တရုတ်နှင့် အိန္ဒိယကဲ့သို့စီးပွားရေးထွန်းသစ်စနိုင်ငံများတွင် လူလတ်တန်းစားများ တိုးလာခြင်းကြောင့်လည်းဖြစ်သည်။

အင်္ဂါနေ့တွင် စတင်ခဲ့သည့် စင်ကာပူလေကြောင်းပြပွဲသည် အာရှတွင် ခရီးသွားလာရေးနှင့်စစ်ဘက်သုံး လေယာဉ်များကို ပြသရောင်းချသည့် ထိပ်တန်းပြပွဲများမှ တစ်ခုလည်းဖြစ်သည်။

*—Ref: AFP*

## စီးပွားရေးထွန်းသစ်စနိုင်ငံများ ဖွံ့ဖြိုးမှု ဇန်နဝါရီလတွင် အနည်းငယ်နှေးကွေးခဲ့

**လန်ဒန်၊ ဖေဖော်ဝါရီ-၁၀**

ကြီးမားသောဖွံ့ဖြိုးဆဲနိုင်ငံကြီးလေးနိုင်ငံဖြစ်သော ဘရာဇီး၊ တရုတ်၊ အိန္ဒိယ၊ ရုရှားတို့၏ ဝန်ဆောင်မှုကဏ္ဍ စီးပွားရေးနှေးကွေးခြင်းနှင့်အတူ ကမ္ဘာ့စီးပွားရေးထွန်းသစ်စနိုင်ငံများ၏ ဇန်နဝါရီလအတွင်းဖွံ့ဖြိုးမှုမှာ လေးလအတွင်း အနှေးကွေးဆုံးဖြစ်သည်ဟု စစ်တမ်းတစ်ရပ်တွင် တွေ့ရှိခဲ့သည်။

HSBCငွေကြေးအဖွဲ့ကောက်ယူခဲ့သော စစ်တမ်းအရ ကုန်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍအဝယ်မန်နေဂျာများ၏ညွှန်းကိန်းမှာ ၅၁ ဒသမ ၄ သာရှိပြီး နှစ်လဆက်တိုက် ကျဆင်းမှုဖြစ်သည်။ ယင်းမှာ ၂၀၁၃ ခုနှစ် ပျမ်းမျှညွှန်းကိန်း ၅၁ ဒသမ ၇ ထက် လျော့နည်းသလို ယမန်နှစ် ဇန်နဝါရီလညွှန်းကိန်း ၆၄ ဒသမ ၁ ထက် သိသာစွာလျော့ကျနေသည်။

လစဉ်ကောက်ယူသောညွှန်းကိန်း ၅၀ အောက် ရောက်ပါက စီးပွားရေးကျဆင်းမှုဟု မှတ်ယူပြီး ၅၀ ထက် ပိုများလေ စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းလေဟု သတ်မှတ်ခြင်းဖြစ်သည်။

ယခုစစ်တမ်းကို နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၈,၀၀၀ မှ အဝယ်မန်နေဂျာများအား မေးမြန်းကောက်ယူခဲ့ခြင်းဖြစ်ပြီး တရုတ်နှင့် ဘရာဇီးတွင် ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးမှုနှေးကွေးနေကာ ရုရှားနှင့် အင်ဒိုနီးရှားတွင် ကုန်ထုတ်လုပ်မှု ကျဆင်းနေသည်။

အိန္ဒိယ၊ ပိုလန်၊ ထိုင်ဝမ်နှင့် မက္ကဆီကိုတို့တွင်မူ ဖွံ့ဖြိုးမှု အားကောင်းလာကြောင်း စစ်တမ်းက တွေ့ရှိခဲ့သည်။

*—Ref: Reuters*

## ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ လာမည့်ကြာသပတေးနေ့တွင် အာရှခရီးစဉ်စတင်မည်

**ဝါရှင်တန်၊ ဖေဖော်ဝါရီ-၁၀**

ကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီသည် အာရှဒေသသို့ ပဉ္စမအကြိမ်ခရီးထွက်ခြင်းအဖြစ် ကြာသပတေးနေ့တွင် တရုတ်၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့သွားရောက်လည်ပတ်မည့် အာရှခရီးစဉ်စတင်မည်ဖြစ်သည်။

ဂျွန်ကယ်ရီသည်ဖေဖော်ဝါရီ ၁၃ မှ ၁၈ ရက်အထိ အာရှခရီးစဉ်အပြီးတွင် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့လည်း သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဂျန်ပက်ဆာကီကပြောသည်။ ဂျွန်ကယ်ရီသည် ဆိုးလ်မြို့တွင် မြောက်ကိုရီးယားအရေးတောင်ကိုရီးယားနှင့်ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေးသွားမည်ဖြစ်သည်။ ၎င်းသည်ပြီးခဲ့သည့်ဧပြီလတွင် ဆိုးလ်မြို့သို့ နောက်ဆုံးရောက်ရှိခဲ့ပြီး ယခုခရီးစဉ်သစ်မှာပြီးခဲ့သည့်တနင်္ဂနွေတွင် မြောက်ကိုရီးယားက ဖမ်းထားသော ကန်နိုင်ငံသား ကတ်နက်ဘေးလ်ကို ထောင်ဒဏ်မှ အလုပ်ကြမ်းစခန်းသို့ ရွှေ့ပြောင်းလိုက်ကြောင်း သတင်းများထွက်ပေါ်လာပြီးနောက်ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဂျွန်ကယ်ရီသည် တရုတ်နိုင်ငံ၌ကမ္ဘာတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့အများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည့်တရုတ်နှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်တားဆီးရေးဆိုင်ရာကိစ္စများ ဆွေးနွေးသွားမည်ဖြစ်သည်။

*—Ref: AFP*

## အစိုးရဝန်ဆောင်မှုအဆင့်မြှင့်တင်ရန် မောင်းသူမဲ့လေယာဉ်များ ယူအေအီးနိုင်ငံ အသုံးပြုမည်

**ဒူဘိုင်း၊ ဖေဖော်ဝါရီ-၁၀**

အစိုးရဌာနများ၏ ဝန်ဆောင်မှုအဆင့်မြှင့်တင်ရန် ကြိုးစားမှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အာရပ်စော်ဘွားများပြည်ထောင်စု (UAE)နိုင်ငံက တရားဝင်စာရွက်စာတမ်းများ ပြည်သူများထံ ပေးပို့ရာတွင် မောင်းသူမဲ့လေယာဉ်များ အသုံးပြုသွားရန် စီစဉ်ထားသည်။

“အစိုးရဌာနတွေရဲ့ ဝန်ဆောင်မှုတွေကို ယူအေအီးနိုင်ငံက မောင်းသူမဲ့လေယာဉ်တွေနဲ့ ဆောင်ရွက်ပေးသွားပါမယ်။ ဒါက ကမ္ဘာ့မှာ ပထမဆုံးလုပ်တဲ့လုပ်ငန်းစဉ်ပါ”ဟု အစိုးရအဖွဲ့ရေးရာဝန်ကြီးမိုဟာမက်အယ်လ်ဂျာဂါဝီကပြောသည်။ အစိုးရအတွက်ရည်ရွယ်ထုတ်လုပ်ထားသော မောင်းသူမဲ့လေယာဉ်နမူနာတစ်စီးကိုလည်း ၎င်းကပြသသွားသည်။

ဘက်ထရီဖြင့် မောင်းနှင်ရမည့် မောင်းသူမဲ့လေယာဉ်မှာ တစ်ပေခွဲရှည်ပြီး အပေါ်ပိုင်းတွင် ပါဆယ်ထုပ်ငယ်များသယ်ဆောင်ရန် နေရာပါရှိသည့် လိပ်ပြာတစ်ကောင်နှင့်ဆင်တူသည်။ ယင်းလေယာဉ်ငယ်တွင် ဒလက်လေးခုပါရှိကာ အဖြူရောင်နောက်ခံတွင် ယူအေအီးနိုင်ငံအလံ ပုံဖော်ထားသည်။

ယင်းမောင်းသူမဲ့လေယာဉ်များ၏ ပျံသန်းနိုင်စွမ်းနှင့် အသုံးချနိုင်မှုကို ဒူဘိုင်းတွင် ခြောက်လကြာစမ်းသပ်သွားမည်ဟု ဂျာဂါဝီကပြောသည်။ ထို့နောက် တစ်နှစ်အတွင်း ယူအေအီးနိုင်ငံတစ်ဝန်းတွင် စတင်အသုံးပြုသွားမည်ဖြစ်သည်။ ကနဦးဝန်ဆောင်မှုများတွင် မှတ်ပုံတင်ကတ်များ၊ ယာဉ်မောင်းလိုင်စင်များနှင့် အခြားသောပါမစ်များ ပေးပို့မှုများ ပါဝင်မည်ဖြစ်သည်။ ယင်းလေယာဉ်များ လုံခြုံမှုရှိစေရန် လက်ဗွေရာနှင့် မျက်ကြည်လွှာ တိုက်ဆိုင်စစ်ဆေးသည့် နည်းပညာကို အသုံးပြုသွားမည်ဟု ယင်းလေယာဉ်ကို တည်ဆောက်ခဲ့သည့် အင်ဂျင်နီယာက ပြောသည်။

ယူအေအီးနိုင်ငံ၏ မောင်းသူမဲ့လေယာဉ်များ သုံးစွဲမည့်အစီအစဉ်မှာ အခက်အခဲအချို့နှင့် ရင်ဆိုင်နေရသည်။ ယူအေအီးတွင် နွေရာသီ၌ တစ်ခါတစ်ရံ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်လွန်လေ့ရှိပြီး ပြင်းထန်သော သဲမုန်တိုင်းများကြောင့် ယင်းအစီအစဉ်ဆောင်ရွက်ရန် အခက်အခဲများရှိနေသည်။

ယင်းစနစ်၏ စွမ်းဆောင်နိုင်မှုများကို မိမိတို့တစ်နှစ်အတွင်း နားလည်လာမည်ဖြစ်ပြီး မည်သည့်ဝန်ဆောင်မှုမျိုးဖြစ်သည်၊ မည်မျှဝေးဝေးထိ ပေးပို့နိုင်သည်ဆိုခြင်းကို သိလာရမည်ဖြစ်ကာ နောက်ဆုံးတွင် ယင်းမောင်းသူမဲ့လေယာဉ်ကို နိုင်ငံတစ်ဝန်း အသုံးပြုသွားမည်ဟု ဂျာဂါဝီကပြောသည်။

*—Ref: Reuters*

# အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ စပိန်မင်းသမီး တရားရုံး၌ သက်သေထွက်ဆို

**မာယော့ကာ၊ ဖေဖော်ဝါရီ-၈**

တော်ဝင်မိသားစုအပေါ် ဘဝင်မကျမှုနှင့် အုပ်ချုပ်သူလူတန်းစားအား ပြည်သူလူထု၏ အမျက်ဒေါသကို ပိုမိုလာစေခဲ့သည့် အကျင့်ပျက်ခြစားမှုတစ်ခုနှင့်ပတ်သက်၍ စပိန်မင်းသမီး ခရစ္စတီးနားသည် တရားသူကြီးတစ်ဦး၏ ရှေ့မှောက်တွင်ဖေဖော်ဝါရီ၈ရက်က သက်သေခံထွက်ဆိုခဲ့သည်။

စပိန်ဘုရင် ဟွန်ကားလို့စ်၏ သမီးထွေး ခရစ္စတီးနားသည် အခွန်လိမ်လည်မှု၊ ငွေကြေးခဝါချမှု အကြံစွဲချက်တင်ခြင်းများနှင့် ရင်ဆိုင်နေရသည်။ မာယော့ကာမြို့ရှိ တရားရုံးသို့ မင်းသမီးခရစ္စတီးနား(၄၈)နှစ်သည် နံနက် ၁၀ နာရီမတိုင်မီ ရောက်ရှိလာခဲ့ပြီး တရားသူကြီး၏ စစ်ဆေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။



*စပိန်မင်းသမီး ခရစ္စတီးနား မာယော့ကာမြို့ တရားရုံးသို့ ရောက်ရှိလာသည်ကို ဖေဖော်ဝါရီ ၈ ရက်က တွေ့ရစဉ်* JAIME REINA/AFP

မင်းသမီးခရစ္စတီးနား၏ အမျိုးသား အာဒန်ဂါရင်မှာလည်း ပြည်သူ့ရန်ပုံငွေ ယူရိုငွေခြောက်သန်း အလွဲသုံးစားပြုမှုအပါအဝင် ရာဇဝတ်မှုများဖြင့် စွဲချက်တင်ခံထားရသည်။

မင်းသမီးခရစ္စတီးနားကို လုံခြုံရေးအကြောင်းပြချက်များဖြင့် တရားရုံးအထိ ကားဖြင့်လာရောက်ခွင့်ပြုထားသည်။ မင်းသမီးအနေဖြင့် ရာပေါင်းများစွာသောကင်မရာများကို ရှောင်ရှားနိုင်မည်ဖြစ်သဖြင့်ယင်းဆုံးဖြတ်ချက်ကိုအများကဒေါသထွက်ခဲ့ကြပြီး ၎င်းအပေါ် တရားရေးဌာနက မျက်နှာသာပေးဆုံးဖြတ်၊ မဖြတ် အချေအတင်ပြောဆိုမှုများ အရှိန်မြင့်လာစေခဲ့သည်။

၎င်းသည်တရားရုံးအနီးတွင် ကားပေါ်မှဆင်းကာ လမ်းလျှောက်ဝင်သွားပြီး မီဒီယာသမားများဘက်သို့ ပြုံးပြခဲ့သည်။ တရားရုံး၏အပြင်ဘက်တွင် သတင်းထောက် ၄၀၀ နီးပါးရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင် ၂၀၀ ခန့် လည်း ရှိနေခဲ့သည်။

မင်းသမီးခရစ္စတီးနားသည် ၎င်း၏အမျိုးသားကြောင့်ထိခိုက်ခဲ့ရသော်လည်း ပြီးခဲ့သည့်နှစ်က မီဒီယာသမားများ၏ အာရုံစိုက်မှုမှ လွတ်မြောက်ရန် ဆွစ်ဇာလန်နိုင်ငံသို့ သားသမီးလေးဦးနှင့် အတူ ပြောင်းရွှေ့သွားခဲ့ပြီး အလှူပေးရေးအဖွဲ့တွင် အလုပ်လုပ်ခဲ့သည်။

မာယော့ကာမြို့ရှိ တရားရုံးအနီးသို့ ဆန္ဒပြသူများ လာရောက်ပါက တားဆီးနိုင်ရန် ရဲတပ်ဖွဲ့ဝင် ၂၀၀ ကျော်ချထားပြီး ယင်းရပ်ကွက်အတွင်း လမ်းများကိုလည်း တားဆီးပိတ်ဆို့ထားခဲ့သည်။

*—Ref: Reuters*

# ဆိုက်ပရပ်စ်နှင့်ပြန်လည်ပေါင်းစည်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်မည်

**နီကိုးရှား၊ဖေဖော်ဝါရီ-၈**

ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရေး လမ်းပြမြေပုံတစ်ရပ်ကို တူရကီနွယ်ဖွား ဆိုက်ပရပ်စ်နိုင်ငံသားများနှင့် ဂရိနွယ်ဖွား ဆိုက်ပရပ်စ်နိုင်ငံသားများကြား သဘောတူညီမှုရရှိခဲ့ပြီးနောက် ဆိုက်ပရပ်စ်နိုင်ငံအား ပြန်လည်ပေါင်းစည်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်တော့မည်ဖြစ်သည်။

နှစ်ဖက်ဘုံကြေညာချက်ထွက်ပေါ်လာခဲ့သဖြင့် ဆွေးနွေးပွဲများ လာမည့်သီတင်းပတ်တွင် စတင်နိုင်မည်ဆိုသော အဓိပ္ပာယ်ဖြစ်သည်ဟု တူရကီနွယ်ဖွားခေါင်းဆောင်များက ပြောသည်။ ဂရိနွယ်ဖွားခေါင်းဆောင်များကလည်း သဘောတူညီချက်မှာ နှစ်ဖက်ချဉ်းကပ်ရေးမျဉ်း ပေါ်လာခြင်းဖြစ်သည်ဟု ပြောသည်။

၁၉၇၄ ခုနှစ်က ဆိုက်ပရပ်စ်နိုင်ငံကို ဂရိနိုင်ငံနှင့် ပြန်လည်ပေါင်းစည်းရေး ရည်ရွယ်ခဲ့သော အာဏာသိမ်းမှု ဖြစ်ပေါ်ခဲ့ပြီးနောက် ဆိုက်ပရပ်စ်နိုင်ငံမှာ နှစ်ခြမ်းကွဲသွားခဲ့သည်။ ထိုအချိန်မှစ၍ ဆိုက်ပရပ်စ်ကျွန်းနိုင်ငံ မြောက်ပိုင်းတွင် တူရကီနွယ်ဖွားများကနေထိုင်၍ တောင်ပိုင်း၌ဂရိနွယ်ဖွားများ နေထိုင်ကြသည်။ မြောက်ပိုင်းနှင့်တောင်ပိုင်းကို ကုလသမဂ္ဂက ကြီးကြပ်သောကြားခံဇုန် အစိမ်းရောင်မျဉ်းက ခွဲခြားထားခဲ့သည်။

သို့သော် နှစ်ဖက်ဆွေးနွေးပွဲများပြန်လည်စတင်ရေး လပေါင်းများစွာ ညှိနှိုင်းခဲ့ကြပြီးနောက် ယခုအခါ ယင်းလုပ်ငန်းစဉ်ကို လမ်းပြမြေပုံနှင့်အတူ စတင်ကြရေး နှစ်ဖက်ခေါင်းဆောင်များက ကြေညာခြင်းဖြစ်သည်။ ဆိုက်ပရပ်စ်နိုင်ငံ၏ ဂရိနွယ်ဖွား သမ္မတအနက်တာစီယာဒက်စ်ကလည်း အခက်ခဲဆုံးအပိုင်း ယခုမှ စတင်သည်ဟုပြောသည်။ ဂရိဝန်ကြီးချုပ်ဆာမာရက်စ်ကမူ ဆိုက်ပရပ်စ်ပြန်လည်ပေါင်းစည်းရေးမှာ ဂရိနိုင်ငံရေးမူဝါဒ၏ ဦးစားပေးကိစ္စတစ်ခုဟု ပြောကြားသည်။

*—Ref: BBC*



7DAY NEWS JOURNAL

# International

Vol.12, No.49 • FEBRUARY 12 , 2014



ကယ်လီဖိုးနီးယားပြည်နယ် ဒိုမွန်းဘားအရပ်ရှိ မွန်မိုနာအဝေးပြေးလမ်းတွင် လူခြောက်ဦးသေဆုံးခဲ့ရသော ယာဉ်မျိုးစုံဆင့်တိုက်ခဲ့မှုဖြစ်စဉ်ကို တာဝန်ရှိသူတစ်ဦး စစ်ဆေးနေစဉ် WATCHARA PHOMICINDA/AP

## အမေရိကန်အဝေးပြေးလမ်းမနှစ်ခုတွင် ယာဉ်တိုက်မှုများဖြစ်ပွားပြီး လူ ၁၁ ဦး သေဆုံး

**လော့စ်အန်ဂျလိစ်၊ ဖေဖော်ဝါရီ-၁၀**

ဖေဖော်ဝါရီ ၉ ရက် နံနက်တွင် အမေရိကန်နိုင်ငံ အဝေးပြေးလမ်းမနှစ်ခု၌ ယာဉ်တိုက်မှုများ ဖြစ်ပွားခဲ့ရာ လူ ၁၁ ဦး သေဆုံးခဲ့သည်ဟု ကန်အရာရှိများက ပြောကြားသည်။ ယာဉ်တိုက်မှုများမှာ လမ်းပြောင်းပြန်မောင်းရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အဝေးပြေးလမ်းမ၌ ဖြစ်ပွားသောယာဉ်တိုက်မှုတွင် လူငါးဦးသေဆုံးခဲ့ပြီး ကယ်လီဖိုးနီးယားပြည်နယ် ယာဉ်တိုက်မှုတွင် လူခြောက်ဦး သေဆုံးခဲ့သည်။

ဖလော်ရီဒါပြည်နယ် တမ်ပါမြို့ အဝေးပြေးလမ်း အမှတ်(၂၇၅) တွင် မြောက်မှ တောင်သို့ မောင်းနှင်လာသော SUV မော်တော်ကားသည် ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်တွင် ဟွန်ဒိုင်းဆန်နာတာကားတစ်စီးနှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး SUV ယာဉ်မောင်းနှင့် ဟွန်ဒိုင်းကားပေါ်မှ လူလေးဦးစလုံး သေဆုံးခဲ့သည်ဟု ဖလော်ရီဒါအဝေးပြေးလမ်းမ ကင်းလှည့်တပ်ဖွဲ့က ပြောကြားသည်။

ဖေဖော်ဝါရီ ၉ ရက် အရုဏ်မတက်မီအချိန်တွင် ကယ်လီဖိုးနီးယားပြည်နယ် ဒိုမွန်းဘားမြို့ အဝေးပြေးလမ်း အမှတ်(၆၀)၌ အရှိန်ပြင်းစွာဖြင့် လမ်းပြောင်းပြန်မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ကားနှစ်စီးတို့ တိုက်မိခဲ့သည်ဟု ကယ်လီဖိုးနီးယားအာဏာပိုင်များက ပြောကြားသည်။ အသက်(၂၁)နှစ်အရွယ် အမျိုးသမီးတစ်ဦးမောင်းလာသော မော်တော်ယာဉ်ကြောင့် အခြားကားနှစ်စီးမှ လူလေးဦးအပြင် ၎င်း၏ကားပေါ်မှ လူနှစ်ဦးလည်း သေဆုံးခဲ့သည်။ အဆိုပါအမျိုးသမီးကိုယ်တိုင်လည်း ဒဏ်ရာပြင်းထန်စွာရရှိထားကြောင်းနှင့် ၎င်းကို သောက်စားမူးယစ်မောင်းနှင်မှု၊ လူသေမှုတို့ဖြင့် သံသယရှိသည့်အတွက် ဖမ်းဆီးခဲ့သည်ဟု ကင်းလှည့်တပ်ဖွဲ့က ပြောသည်။

*—Ref: Reuters*

## အင်္ဂလိပ်ဘာသာမှ ကော်မာကို ဖယ်ရှားနိုင်ဟု အမေရိကန်ပါမောက္ခပြော

**လန်ဒန်၊ ဖေဖော်ဝါရီ-၁၀**

အင်္ဂလိပ်စာတွင် အတွေ့အများဆုံးအရာတစ်ခုဖြစ်သော ကော်မာ (,)ကို ဘာသာစကားအား များစွာထိခိုက်မှုမရှိဘဲ ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတအဖြစ်မှ ဖျက်သိမ်းနိုင်သည်ဟု အမေရိကန်တက္ကသိုလ်ဆရာတစ်ဦးက အကြံပြုသည်။

ကိုလံဘီယာ တက္ကသိုလ်၌ အင်္ဂလိပ်စာဌာန တွဲဖက်ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသော ဂျွန်မက်ခ်ဟောတာက ယနေ့ခေတ် အမေရိကန်စာများမှ ကော်မာကို ဖယ်ရှားလိုက်ခြင်းဖြင့် မရှင်းလင်းမှုအနည်းငယ်သာ ဖြစ်နိုင်သည်ဟု ယုံကြည်ကြောင်းပြောကြားသည်။ မက်ခ်ဟောတာ၏ ဆိုလိုရင်းအရ လက်ရှိတွင် ကော်မာသည် ခေတ်မစားတော့ဟု အဓိပ္ပာယ်သက်ရောက်သည်။

အင်တာနက်အသုံးပြုသူများနှင့် စာရေးဆရာအချို့တို့သည် ကော်မာအသုံးပြုမှု တဖြည်းဖြည်းအလေးအနက် မထားတော့ဟု မက်ခ်ဟောတာက ပြောကြားသည်။

"ယနေ့ခေတ် အမေရိကန်စာအရေးအသားကနေ ကော်မာကို ဖယ်လိုက်လို့ရတယ်။ အဲဒါကို မသုံးဘူး၊ ဖယ်လိုက်မယ်ဆိုရင်လည်း အရမ်းရှုပ်ထွေးသွားတာမျိုး မဖြစ်နိုင်ပါဘူး"ဟု ၎င်းကပြောကြားသည်။ *—Ref: Dailymail*

## HTC ကုမ္ပဏီ ဈေးကွက်မှ အမြတ်အစွန်းရရှိရေး တန်ဖိုးနည်းစမတ်ဖုန်းများ ထုတ်လုပ်မည်

**တိုင်ပေ၊ ဖေဖော်ဝါရီ-၁၀**

၂၀၁၃ ခုနှစ်တွင် အရှုံးပေါ်ခဲ့ပြီးနောက် ဈေးပိုမိုသက်သာသော စမတ်ဖုန်းများ ထုတ်လုပ်ရောင်းချရန် လိုအပ်သည်ဟု တရုတ်တိုင်ပေမှ HTC ကုမ္ပဏီကပြောကြားသည်။

တရုတ်နိုင်ငံရှိပြိုင်ဘက်ကုမ္ပဏီ Xiaomi Inc အပြင် ဆမ်ဆောင်းနှင့် Apple ကုမ္ပဏီများကြောင့် ၂နှစ်ကြာ ရောင်းအားကျဆင်းပြီး ရှယ်ယာဈေးနှုန်း ၈၀ ရာခိုင်နှုန်း ကျဆင်းသွားခြင်းကို ပြောင်းပြန်လှန်ပစ်ရန် HTC ကုမ္ပဏီက ကြိုးစားနေသည်။

"မနှစ်က ကျွန်မတို့ရဲ့ ပြဿနာက စမတ်ဖုန်းကိုပဲ အဓိကအာရုံစိုက်ခဲ့တာပါ။ အလယ်အလတ်အဆင့်ဈေးကွက်မှာ ပမာဏများများ မရောင်းချမိခဲ့ဘူး"ဟု HTC ကုမ္ပဏီပူးပေါင်းတည်ထောင်သူ ဥက္ကဋ္ဌ မစ္စစ်ချာဝမ်က ရိုက်တာသတင်းဌာနအား ပြောသည်။

တန်ဖိုးကန်ဒေါ်လာ ၁၅၀ မှ ၃၀၀ အထိ လက်လီရောင်းဈေး တန်ဖိုးရှိပစ္စည်းများကို ထွက်ပေါ်လာမည့် ဈေးကွက်များနှင့် ဖွံ့ဖြိုးပြီးဈေးကွက်နှစ်ခုလုံးတွင် HTC က ရောင်းချသွားမည်ဟု မစ္စစ်ချာဝမ်က ပြောသည်။ ကန်ဒေါ်လာ ၆၀၀ ကျော် တန်ဖိုးရှိသော တန်ဖိုးကြီးဖုန်းများကိုလည်း HTC က ရောင်းချသွားမည်ဖြစ်ပြီး အလွန်တန်ဖိုးနည်းသော ဈေးကွက်များသို့ ဝင်ရောက်မည်မဟုတ်ဟု HTC ကုမ္ပဏီဥက္ကဋ္ဌ မစ္စစ်ချာဝမ်ကပြောသည်။ သို့သော် အဓိကစမတ်ဖုန်းသစ်တစ်မျိုးကို HTC က မကြာမီ ထုတ်ဖော်ပြသသွားမည်ဟု မစ္စစ်ချာဝမ်က ပြောသည်။ ၂၀၁၃ ခုနှစ်အတွင်းက HTC ကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာရှယ်ယာတန်ဖိုး ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း မဟာဗျူဟာလေ့လာရေးအဖွဲ့မှ နီးလ်မော်စတွန်ကပြောသည်။ HTC ကုမ္ပဏီ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကြောင့် သုံးလပတ်နှစ်ကြိမ်ဆက်တိုက် အရှုံးပေါ်ခဲ့သည်ဟု HTC ကုမ္ပဏီက ပြီးခဲ့သည့်လက ဖော်ပြခဲ့သည်။

ယခုနှစ်အတွင်း စမတ်ဖုန်းရောင်းအားမြင့်တက်လာစေရန် HTC ဥက္ကဋ္ဌ မစ္စစ်ချာဝမ်က ရည်ရွယ်ထားသည်။ ပြီးခဲ့သည့်နှစ်က HTC One စမတ်ဖုန်းထွက်ရှိချိန်ကလည်း ထင်သလောက်ရောင်းအားမကောင်းခဲ့ပေ။ HTC အနေဖြင့် ယင်း၏ဈေးကွက်ကိုချဲ့ထွင်ရန် ပြင်းပြင်းထန်ထန် ယှဉ်ပြိုင်ရန်လိုအပ်သည်ဟု လေ့လာသူများက ပြောသည်။ *—Ref: Reuters*





Happy Valentine's Day
DM
Dennis Martin
DM နာရီတစ်လုံးဝယ်ယူသူတိုင်း 3% Discount နှင့်
DM Mug ခွက်တစ်လုံးကို လက်ဆောင်ပေးသည်။
3% Off +
Special Discount + + For Pairs Watch
DM 9888
Available at :
CHERRY OO
DENNIS MARTIN WATCH GROUP,NFC.LTD
PHONE : (09)73022249, (01)256494, 373022, (02)72992, (02)76461, (02)76424.




IVECO
-19 Seater with Luggage rack
-1.94 Meter internal height
-individual aircon & reading light
-Electric passenger door at right side
ရောင်းဈေး - USD 40,000
ကီလို 100,000 (သို့) တစ်နှစ်အတွင်း Free Service
(အင်ဂျင်ပိုင်နှင့် အင်ဂျင်ပိုင်ဖစ်တာအပါ) အရစ်ကျငွေချေစနစ် (အတိုးမယူပါ)
SYNERGY
Myanmar Synergy Co.,Ltd.
Tel : (+95) 09 5134221, (+95) 09 448005515
(+95) 01 687975, (+95) 01 684829

# Home

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.49 ▪ FEBRUARY 12 , 2014

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များ ရာထူးပြောင်းလဲခန့်အပ်

စစ်ထောက်ချုပ်အပါအဝင် တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များအား ဖေဖော်ဝါရီ ၆ ရက်က ပြောင်းလဲခန့်အပ်လိုက်သည်။စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နေရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ညိုစောကို ခန့်အပ်ခဲ့ပြီး ၎င်း၏နေရာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးကို လည်းကောင်း၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီးကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ်လည်းကောင်း ပြောင်းလဲခန့်အပ်ခဲ့သည်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်တို့အား သံအမတ်ကြီးအဖြစ် ပြောင်းလဲခန့်အပ်ခဲ့ပြီး သူနာပြုတက္ကသိုလ်ကျောင်းအုပ်အား စစ်သံမှူးအဖြစ်ခန့်အပ်ခဲ့သည်။ လစ်လပ်သွားသော အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနေရာတွင် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးအားလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နေရာတွင် စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီးတို့အားလည်းကောင်းပြောင်းလဲခန့်အပ်လိုက်သည်။

## ဂျာမနီသမ္မတ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်

ဂျာမန်သမ္မတ Joachim Gauck ၏ ပထမဆုံးအကြိမ် ခရီးစဉ်အဖြစ် ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ လေးရက်ကြာ လာရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရအား ကြွေးမြီလျှော်ကြေးပေးသည့်အပြင် အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့မှုများပေးခဲ့သည်။ ခရီးစဉ်အတွင်း ရွှေတိဂုံစေတီသို့ လည်ပတ်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင်လည်း မိန့်ခွန်းများ ပြောခဲ့သည်။ သမ္မတဦးသိန်းစိန်အပါအဝင်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အတိုက်အခံပါတီမှ ဒေါ်အောင်ဆန်းစုကြည်၊ ၈၈ မျိုးဆက် ကျောင်းသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များလည်း တွေ့ဆုံခဲ့သည်။

## ငှက်ဖျားရောဂါကု ကွီနိုလုံးဆေးများ အရည်အသွေးမပြည့်မီ

ဈေးများအတွင်း ရောင်းချနေသော ငှက်ဖျားရောဂါကုသရန် အသုံးပြုသည့် ကွီနိုလုံးဆေးများမှာ ဆေးဝါးအရည်အသွေး မပြည့်မီကြောင်း ဆေးသုတေသနဦးစီးဌာနရှိ သုတေသနပညာရှင်များ၏ လေ့လာချက်က ဆိုသည်။ ဗိုလ်ချုပ်အောင်ဆန်းဈေးသစ်နှင့် ရွှေပြည့်စုံဈေးများတွင် ရောင်းချနေသည့် ကွီနိုလုံးဆေးဝါးအုပ်စုဝင်များဖြစ်သည့် စီပရိုဖလော်စပ်စင်၊ နော်ဖလော်စပ်စင်၊ လီဗိုဖလော်စပ်စင်နှင့် အိုဖလော်စပ်စင် ဆေးဝါးများအား အလေးချိန်၊ ဆေးစတင်ပြိုကွဲချိန်၊ ဆေးဝါးပျော်ဝင်မှု၊ သတ်မှတ်စံချိန်ဆေးပမာဏပါဝင်မှုစသည်တို့ကို သုတေသနပြုလုပ်ခဲ့ရာ ထိုဆေးများတွင် သတ်မှတ်ထားသည့် စံချိန်နှင့် ပြည့်မီခြင်း မရှိသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

## မြန်မာဘောလုံး လက်ရွေးစင်အသင်းအတွက် နည်းပြသစ်ခေါ်ယူ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာဘောလုံးလက်ရွေးစင်အသင်းအား ကိုင်တွယ်ရန် စင်ကာပူနည်းပြဟောင်း ဆားဗီးယားနိုင်ငံသား အေဗရာမိုနိုဗစ်ကို တစ်နှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် နည်းပြခန့်အပ်မှု စာချုပ်ချုပ်ဆိုပွဲ ကျင်းပပြုလုပ်ခဲ့ပြီး အိုင်ဗန်နိုဗစ်အပြင် ၎င်း၏ လက်ထောက်နည်းပြနှင့် ဂိုးနည်းပြတို့ပါ ခေါ်ယူစာချုပ်ခဲ့သည်။ ၎င်းတို့ကို ပေးချေရမည့်လစာငွေပမာဏကို ဖွင့်ပြောခြင်းမပြုရန် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုခဲ့သည်။



## လယ်သိမ်းခံ ထားဝယ်လယ်သမားများ ကျိန်စာတိုက်ပွဲ ပြုလုပ်

ထားဝယ်မြို့မှ လယ်ယာမြေများ သိမ်းဆည်းခံခဲ့ရသည့် တောင်သူလယ်သမား ၅၀ ခန့်က ၎င်းတို့လယ်မြေများ သိမ်းဆည်းခဲ့သည့် ကုမ္ပဏီများနှင့် အာဏာပိုင်များအား ကျိန်စာတိုက်ပွဲကို ဖေဖော်ဝါရီ၈ ရက်ကပြုလုပ်ခဲ့သည်။လယ်ယာမြေများ ပြန်လည်ရရှိရန် တောင်းဆိုခဲ့သော်လည်း တစ်စုံတစ်ရာ ထူးခြားလာခြင်း မရှိ၍ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြစ်ပြီး လယ်မြေသိမ်းဆည်းခဲ့သော အာဏာပိုင်များနှင့် ကုမ္ပဏီများသည် သံသရာအဆက်ဆက်၊ ဆွေမျိုးခုနစ်ဆက်တိုင်အောင် ဘေးဒုက္ခအမျိုးမျိုး၊ စိတ်သောကအမျိုးမျိုး ရပါစေဟု ကျိန်စာတိုက်ကာ မြေများသိမ်းယူသဖြင့် တမလွန်တွင် မြေစောင့်သရဲများ ဖြစ်ပါစေဟုလည်း ကျိန်ဆိုခဲ့သည်။

## ရိုင်းစိုင်းစွာပြောသည့် ဝန်ကြီးဦးအုန်းမြင့်ကို အရေးယူရန် အရေးကြီးအဆိုတင်သွင်း

မွေးရေကျေးလက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဇန်နဝါရီ ၂၈ ရက်က မကွေးမြို့ သစ်ရာကောက်ကျေးရွာ ဒေသခံများအား ရိုင်းစိုင်းသော စကားများ ပြောခဲ့သဖြင့် ဦးအုန်းမြင့်ကို သမ္မတက ခေါ်တွေ့ခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အရေးယူပေးရန် အရေးတကြီးအဆိုတင်သွင်းခဲ့သည်။ သမ္မတနှင့် တွေ့ဆုံပြီးနောက် ဝန်ကြီးဦးအုန်းမြင့်က အဆိုပါကျေးရွာသို့ နောက်တစ်ကြိမ်သွား၍ ရှင်းလင်းခဲ့သော်လည်း ဒေသခံများ ကျေနပ်မှုမရှိဘဲ ဆန္ဒပြမှုများ ပြုလုပ်နေကြသည်။ ဝန်ကြီးဦးအုန်းမြင့်က မည်သည့်နိုင်ငံရေးသမားကိုမှ ဂရုစိုက်မည်မဟုတ်ဘဲ ၎င်းမှာ စစ်တပ်၌ရှိစဉ်က နယ်တကာလှည့်၍ ပါးရိုက်လာခဲ့သူဖြစ်ကြောင်း၊ မည်သည့်နိုင်ငံရေးပါတီမျှမကြောက်ဘဲ လက်ရှိအစိုးရကို ဝေဖန်ပါက ထောင်ချမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း ယင်းကဲ့သို့ ကျင့်သုံးနေကြောင်း ပြောခဲ့ခြင်းဖြစ်သည်။

## သမီးကလေးကျေးရွာရှိ အိမ်ခြေလေးရာကျော်ကို စစ်တပ်က အင်အားသုံးဖယ်ရှား

သမီးကလေးကျေးရွာရှိအိမ်ခြေ ၄၀၀ ဝန်းကျင်ကို တပ်ပိုင်မြေဟုဆိုကာ အာဏာပိုင်များက ဖေဖော်ဝါရီ၅ ရက်တွင် အင်အားသုံးဖယ်ရှားခဲ့သည်။ ဖယ်ရှားခံရသော သမီးကလေးကျေးရွာမှ ရွာသူရွာသားများသည် လက်ရှိအချိန်တွင် ပဲခူးတိုင်းရှိအောင်သိဒ္ဓိဘုန်းတော်ကြီးသင်စာသင်ကျောင်း၌ ဒုက္ခသည်အဖြစ် တည်းခိုနေသည်။ သမီးကလေးကျေးရွာသည် ယခင်ကတည်းက ရွာအဖြစ်တည်ရှိနေကြောင်း ကျေးရွာခံများက ပြောဆိုရာ အစိုးရဘက်ကလည်း တပ်ပိုင်မြေဟု ပြောဆိုထားသည်။ သမီးကလေးကျေးရွာရှိအိမ်အများစုမှာ ခိုင်ခံ့စွာတည်ဆောက်ထားခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် သမီးကလေးကျေးရွာကို စစ်တပ်မှ သိမ်းယူထားကာ ဖြတ်သန်းခွင့်လမ်းကိုလည်း စစ်တပ်က ပိတ်ထားသည်။

## ဒီချုပ်ဥက္ကဋ္ဌနှင့် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များတွေ့ဆုံ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များဖြစ်ကြသော ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီး၊ ဦးဂျင်မီ၊ ဦးပြုံးချိုနှင့် ဦးမြအေးတို့သည် ဖေဖော်ဝါရီ၄ ရက်က နေပြည်တော်ရှိ စည်ပင်ဧည့်ရိပ်သာတွင် တစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အဆိုပါ တွေ့ဆုံမှုသည် အသွင်ကူးပြောင်းရေးကာလ အရေးကြီးသည့် အချိန်အခါရောက်ရှိနေသဖြင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကိုယခင်ကထက် ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်ဟု တွေ့ဆုံမှုအပြီးတွင် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းက သတင်းထုတ်ပြန်သည်။

## မလေးရောက်မြန်မာနိုင်ငံသားများအရေး ဆောင်ရွက်သူ ၈၈ မျိုးဆက် ကျောင်းသား ကိုအောင်ကြီး အသတ်ခံရ

မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏အရေး၊ မြန်မာလုပ်သားများ၏ အရေးများကို ကူညီဆောင်ရွက်ပေးနေသော ၈၈ မျိုးဆက်ကျောင်းသားကိုအောင်ကြီးမှာ ဖေဖော်ဝါရီ၄ ရက်တွင် အသတ်ခံခဲ့ရသည်။ ကိုအောင်ကြီးအား ချွန်ထက်သောအရာဖြင့် ထိုးသတ်ကာ ၎င်း၏ ကားနောက်ဖုံးထဲတွင် ထည့်ထားခြင်းဖြစ်သည်။ ၎င်းကို သတ်သွားသည့် တရားခံများကို စုံစမ်းဆဲဖြစ်ပြီး ဖေဖော်ဝါရီ ၉ ရက်တွင် သဂြိုဟ်ခဲ့သည်။

## တယ်လီနောက ဆင်းမ်ကတ်သန်း ၃၀ ခန့် ရောင်းမည်

ဇန်နဝါရီ ၃၀ ရက်က တရားဝင်ဆက်သွယ်ရေးလိုင်စင်ရရှိခဲ့သည့် တယ်လီနောမြန်မာ ကုမ္ပဏီမှ ရှစ်လအတွင်း မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကို ကာမိစေရန် မိုဘိုင်းဖုန်းဆင်းမ်ကတ် သန်း ၃၀ ခန့် ရောင်းချပေးမည် ဖြစ်သည်။ အဆိုပါ ဆင်းမ်ကတ်များတွင် ဂဏန်းအလုံးရေ ၁၀ လုံးခန့် ပါဝင်မည်ဖြစ်ပြီး ၀၉၅ နံပါတ်ဖြင့် စမည့် မိုဘိုင်းဆင်းမ်ကတ်များဖြစ်သည်။

## NLD အမျိုးသားကွန်ရက်ရန်ပုံငွေ ဂီတဖျော်ဖြေပွဲသို့ နိုင်ငံတော်အကြီးအကဲအချို့ တက်ရောက်မည် ဆိုသော်လည်း တကယ်တမ်း မတက်ရောက်နိုင်ခဲ့

ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်သည့် NLD အမျိုးသားကွန်ရက် ရန်ပုံငွေဂီတဖျော်ဖြေပွဲသို့ ဒုသမ္မတအပါအဝင် ပြည်ထောင်စုဝန်ကြီးအချို့တက်ရောက်မည်ဆိုသော်လည်း အမှန်တကယ် တက်ရောက်နိုင်ခြင်း မရှိခဲ့ပေ။ ယင်းဖျော်ဖြေပွဲသို့ ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး ဖျော်ဖြေပွဲမှ အလှူငွေကျပ်သိန်း ရှစ်ရာကျော်နှင့် လူနာတင်ယာဉ်တစ်စီး ရရှိခဲ့သည်။

## စင်ကာပူကုမ္ပဏီထံ ပဲမပို့၍ ထိန်းသိမ်းခံရသော ပဲကုန်သည်များ အာမခံဖြင့် ပြန်လွှတ်

စင်ကာပူအခြေစိုက်ကုမ္ပဏီထံ ပဲတင်ပို့မည်ဆိုကာ အမေရိကန်ဒေါ်လာနှစ်သန်းကျော် ရယူပြီး တင်ပို့နိုင်ခြင်းမရှိ၍ စုံစမ်းစစ်ဆေးရေးအဖွဲ့က ခေါ်ယူထိန်းသိမ်းထားရသောပြည်တွင်းပဲကုန်သည်များကို အာမခံဖြင့်ပြန်လွှတ်ပေးခဲ့သည်။ အရစ်ကျပြန်လည်ပေးဆပ်စေသော နည်းဖြင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့က အာမခံပေးခဲ့ခြင်းဖြစ်သည်။

မျက်နှာဖုံး မှ-

# ခေါင်းဆောင်နှစ်ဦးကြား ယုံကြည်မှုပျက်သွားပြီလား

၂၀၁၃ နှောင်းပိုင်းမှ စသည်ဟုဆိုရမည်ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီးသူတို့နှစ်ဦးကြား ဆက်ဆံရေးမှာ အေးစက်လာခဲ့သည်ဟု နိုင်ငံရေးလေ့လာသူများကဆိုသည်။ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ သမ္မတဦးသိန်းစိန်၏ နှုတ်ဆိတ်နေမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အားမလိုအားမရဖြစ်ခဲ့ရသည်။

၂၀၁၃ နိုဝင်ဘာလကုန် ပိုင်းတွင် အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်သမ္မတ၊ပြည်ထောင်စုလွှတ်တော်နာယက၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့နှင့် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရန် တောင်းဆိုခဲ့သည့်အပေါ် သမ္မတက လက်မခံခဲ့ခြင်းမှစ၍ သူတို့နှစ်ဦး၏ ဆက်ဆံရေးမှာ အေးစက်လာခဲ့သည်ဟု နိုင်ငံရေးလေ့လာသူများက သုံးသပ်ကြသည်။

"လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်ပြီး တောင်းဆိုတာ မဖြစ်ခဲ့တဲ့နောက်ပိုင်း ဆက်ဆံမှုနွေးနွေးထွေးထွေးရှိတာမမြင်ရသေးဘူး"ဟု ၈၈ မျိုးဆက် (ငြိမ်းပွင့်)မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးမြအေးက သုံးသပ်သည်။

သို့သော် ထိုအချက်တစ်ခုတည်းကြောင့်တော့ မဖြစ်နိုင်ကြောင်းလည်း ဦးမြအေးကဆိုသည်။

"ဒေါ်စုကလည်းအခုနောက်ပိုင်း သမ္မတကိုတိုက်ခိုက်မှုဆန်တဲ့စကားရပ်တွေသုံးလာတာရှိတယ်လေ။ ဥပမာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာဖို့မှာ ဆန်းစစ်ဖို့တို့ပေါ့။ ဒီလိုဖြစ်လာပြီး နောက်ပိုင်းမှာလည်း သမ္မတကလည်း သတိထားမိလာပြီး ဆက်ဆံရေးကိုပါ ထိခိုက်လာတယ်ထင်ပါတယ်"ဟု အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေကဆိုသည်။

ထို့နောက်ပိုင်း သမ္မတဦးသိန်းစိန်အားကိုးရသော ဝန်ကြီးများနှင့်ပါ ဆက်ဆံရေးအေးစက်လာသည့်အနေအထားမျိုးများတွေ့လာရသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်၏အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာဟောပြောပွဲနှင့်လူထုဆန္ဒခံယူပွဲခရီးစဉ်များထဲမှ ချင်းပြည်နယ်ခရီးစဉ်နှင့် ကချင်ပြည်နယ်မြစ်ကြီးနားခရီးစဉ်တို့တွင် တည်းခိုရေးနှင့် ဟောပြောမည့်ကွင်းနေရာငှားရမ်းမှုတို့အဆင်မပြေခဲ့ခြင်းက သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်ကြားဆက်ဆံရေးအေးစက်လာမှု၏ သက်သေဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်သည်။



*အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ၂၀၁၂ ဧပြီ ၁၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြစဉ်*

ဦးသိန်းစိန်အစိုးရတက်လာပြီးနောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင်းပသည့်ရန်ပုံငွေပွဲများတွင် နိုင်ငံတော်သမ္မတ၏ ဘယ်လက်ရုံး၊ ညာလက်ရုံးဖြစ်သော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်သည်။ ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့တက်ရောက်ကြသည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီ၈ရက်က ရန်ကုန်မြို့တွင်ပြုလုပ်သော NLD ကျန်းမာရေးကွန်ရက်က ကျင်းပသည့်ရန်ပုံငွေပွဲတွင် ဒုသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများအားဖိတ်ကြားခဲ့သော်လည်းတက်ရောက်ခြင်းမရှိခဲ့ပေ။ ထိုနေ့တွင် သမ္မတရုံးပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးစိုးသိန်းနှင့် ဦးအောင်မင်းမှာ ရန်ကုန်မြို့တွင်ရှိနေခဲ့ကြသည်။

ထို့ကြောင့် အစိုးရရော ဒီချုပ်နှင့်ပါနီးစပ်သူတစ်ဦးကခေါင်းဆောင်နှစ်ဦးအကြား ယုံကြည်မှုပျက်သွားပြီဟု သူ၏အမြင်ကိုပြောသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နေအိမ်အကျယ်ချုပ်မှလွတ်မြောက်လာပြီးနောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ၂၀၁၁ ခုနှစ်ဩဂုတ် ၁၉ ရက်တွင် သမ္မတအိမ်တော်၌ ပထမဆုံးအကြိမ် တစ်နာရီကျော်ကြာ တွေ့ဆုံခဲ့ကြသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံရှေ့တွင် မတ်တတ်ရပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦးတွေ့ဆုံရာတွင် မတူတာတွေကိုဘေးဖယ်ထားပြီး တူတာတွေတွဲလုပ်ကြဖို့ သဘောတူခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း သမ္မတဦးသိန်းစိန်မှာ ရိုးသားသူဖြစ်ပြီး အတူလက်တွဲအလုပ်လုပ်၍ရကြောင်း ထုတ်ဖော်ပြောခဲ့သည်။ ထို့အပြင် အတိုက်အခံအချို့ကိုပင် ၎င်းကို ယုံကြည်ပါက သမ္မတကြီးကိုပါ ယုံကြည်ဖို့ပြောဆိုမှုများပင်ရှိခဲ့သည်။ လက်ပံတောင်းတောင်ကိစ္စနှင့်ပတ်သက်၍ အစိုးရက အကူအညီတောင်းသဖြင့် ဒေါ်အောင်ဆန်းစုကြည်က ခေါင်းမရှောင်ဘဲ စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌတာဝန်ယူကာ ဖြေရှင်းပေးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပြည်ပနိုင်ငံခရီးစဉ်များတွင် မြန်မာနိုင်ငံအား ကူညီပေးရန် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် ၎င်းအား အစဉ်တစိုက်ထောက်ခံသော ဥရောပနှင့် အမေရိကန်အစိုးရအားတိုက်တွန်းခဲ့သည်။

သမ္မတဦးသိန်းစိန်ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား ပြန်လည်မှတ်ပုံတင်ခွင့်ရရှိရန်နှင့် အကျဉ်းကျနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ပါတီဝင်များအား ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်နိုင်ရန် လွတ်ငြိမ်းချမ်းသာခွင့်များ ပေးခဲ့သည်။

မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ သမ္မတဦးသိန်းစိန်၊ သူရဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ သုံးဦးပေါင်း၍ ပြည်သူလူထုသို့ ပန်ကြားစာတစ်စောင်ထုတ်ပြန်ခဲ့သည်။

ယုံကြည်မှုခိုင်မာစဉ် သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၂ နှစ်အတွင်း တရားဝင်တွေ့ဆုံမှုလေးကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၂၀၁၃ ဩဂုတ် ၃၁ ရက်တွင် လယ်တောရိပ်သာ၌ တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်း မတွေ့တော့သည်မှာ ခြောက်လနီးပါးရှိပြီဖြစ်သည်။

သို့သော် ၂၀၁၅ ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ တိုင်းပြည်တိုးတက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အလွန်အရေးကြီးသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ ဆက်ဆံရေးတင်းမာလာသည့် အနေအထားများတွေ့လာရသည်။

အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်ဘက်မှ တွန်းတွန်းတိုက်တိုက် ပြောလာသော်လည်း သမ္မတဦးသိန်းစိန်မှာ နှုတ်ဆိတ်နေခြင်းအပေါ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြည်တွင်း၊ပြည်ပခရီးစဉ်များတွင် နိုင်ငံတော်သမ္မတအား ဝေဖန်သည့်စကားလုံးများ ပြောဆိုလာခဲ့သည်။

အခြေခံဥပဒေပြင်ဆင်ရေးသည် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးသိန်းစိန်ကြား အကျိုးစီးပွားဆန့်ကျင်ဘက်ကဲ့သို့ ဖြစ်လာရာမှ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးပြောင်းလဲလာခဲ့ပြီး သူ့ဘက်ကိုယ့်ဘက်စွဲသည့် အနေအထားမျိုးဖြစ်လာကြောင်း သတင်းစာဆရာ ဦးစည်သူအောင်မြင့်ကဆိုသည်။

ထိုကိစ္စနှင့်ပတ်သက်၍လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတကြား တွန်းတွန်းတိုက်တိုက်ပိုဖြစ်လာလိမ့်မည်ဟုလည်း ဦးစည်သူအောင်မြင့်ကသုံးသပ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံစဉ်က တိုင်းပြည်တွင်ဖြစ်ပေါ်နေသော ပကတိအခြေအနေအားရှင်းပြပြီး တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်ပေါ်လာရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်မည်ဟု ပြောဆိုခဲ့ခြင်းသာဖြစ်ကြောင်း နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီးဌာန ဒုဝန်ကြီးဦးရဲထွဋ်ကဆိုသည်။

"ယုံကြည်မှုပျက်တယ်ဆိုတာ ဘာကိုပြောတာလဲ။ ကျွန်တော်တို့ စပြောကတည်းက ဒေါ်အောင်ဆန်းစုကြည် လိုချင်သမျှအားလုံးလိုက်လျောမယ်လို့ကတိပေးခဲ့တာ မဟုတ်ဘူးလေ။ ကျွန်တော်တို့ပြောသမျှကိုဒေါ်အောင်ဆန်းစုကြည် ထောက်ခံဖို့လည်း တောင်းဆိုခဲ့တာမဟုတ်ဘူး"ဟုဦးရဲထွဋ်ကဆိုသည်။

လက်ရှိအနေအထားသည် ယုံကြည်မှုပျက်သွားသည့်အဆင့်ထိမရောက်သေးသော်လည်း နိုင်ငံရေးကစားကွက်အဆင့်တွင်သာရှိပြီး အစိုးရဘက်မှ ကစားတာပိုများနေသေးကြောင်း နိုင်ငံရေးလေ့လာသူကိုသူရ(ခေါ်)ကိုဇာဂနာက သုံးသပ်သည်။

"ကစားတာအရမ်းများသွားတဲ့အခါမှာ လူတွေက သည်းမခံနိုင်တော့တဲ့အဆင့် ရောက်သွားရင် ကြောက်ရတယ်။ ၂၀၁၄-၂၀၁၅ မှာ သည်းမခံနိုင်တဲ့အဆင့်ရောက်သွားရင် ဆော်ကုန်ကြလိမ့်မယ်"ဟု ကိုဇာဂနာကဆိုသည်။

သမ္မတဦးသိန်းစိန်အနေဖြင့် သမ္မတဖြစ်လာပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အတိုက်အခံအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ခဲ့သည်။ ထို့ကြောင့်လည်း တိုင်းပြည်အတွင်းပြုပြင်ပြောင်းလဲရေးအချို့ဖြစ်လာခဲ့သည်။ နိုင်ငံတကာအကူအညီများ သိသိသာသာရရှိလာခဲ့ပြီး နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုများလည်း ဖြေလျှော့လာခဲ့သည်။

တိုင်းပြည်လည်း အတန်အသင့်တိုးတက်မှုများ ရှိလာခဲ့ပြီး နိုင်ငံတကာနှင့်ပါ ပြန်လည်ဝင်ဆံ့သည့် အနေအထား ဖြစ်လာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့်ပါ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပေါ်ထွန်းလာခဲ့ပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် ဆွေးနွေးနေကြပြီဖြစ်သည်။

"ဒေါ်အောင်ဆန်းစုကြည်တောင် သမ္မတနဲ့တွေ့ဆုံဆွေးနွေးစကားပြောနေမှပဲ ကျွန်တော်တို့လည်း အစိုးရနဲ့ငြိမ်းချမ်းရေးဆွေးနွေးရမှာပေါ့"ဟု ပြီးခဲ့သည့်နှစ်ကကွယ်လွန်သွားခဲ့သော ကရင်အမျိုးသားအစည်းအရုံးမှ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဦးဆောင်ပါဝင်ခဲ့သူ ဖဒိုဒေးဗစ်ထောက ၂၀၁၂ ခုနှစ် ဇန်နဝါရီလဆန်းတွင် ပြောဆိုခဲ့သည်။

သို့သော် ယခုကဲ့သို့ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးပြန်လည်အေးစက်လာသည့်အပေါ် တိုင်းရင်းသားခေါင်းဆောင်အချို့က စိုးရိမ်နေကြသည်။ ဇန်နဝါရီလအတွင်း တောင်ကြီးမြို့ဟောပြောပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ဟောပြောမည့်ကွင်းအား သက်ဆိုင်ရာက ခွင့်မပြုခဲ့သော သတင်းနားထောင်ရင်း KNU ထိန်းချုပ်နယ်မြေ လော်ခီးလာညီလာခံတက်ရောက်လာသော တိုင်းရင်းသားခေါင်းဆောင်တစ်ဦး၏ ညည်းတွားသံကို ယခုလိုကြားခဲ့ရသည်။

"ခေါင်းဆောင်တွေမတည့်ရင် ငါတို့ ငြိမ်းချမ်းရေးဘယ်လိုဆက်ဆွေးနွေးရမှာလဲ"ဟူ၍ဖြစ်သည်။ ။

**ပထမအကြိမ်**
၂၀၁၁ ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီ။ နေပြည်တော်၊ သမ္မတအိမ်တော် ညနေ ၄ နာရီ ၅ နာရီထိ တွေ့ဆုံဆွေးနွေး။

**ဒုတိယအကြိမ်**
၂၀၁၂ ဧပြီ ၁၁ ရက် နံနက် ၁၁ နာရီ။ နေပြည်တော်ရှိသမ္မတအိမ် တော်တွင် တွေ့ဆုံဆွေးနွေး။

**တတိယအကြိမ်**
၂၀၁၂၊ စက်တင်ဘာ ၂၅ ရက်၊ အမေရိကန်စံတော်ချိန် ည ၇နာရီ။ နယူးယောက်မြို့တွင် မိနစ် ၂၀ ကြာ တွေ့ဆုံဆွေးနွေး။

**စတုတ္ထအကြိမ်**
၂၀၁၃၊ ဩဂုတ် ၃၁ ရက် နေပြည် တော်၊ လယ်တောဆောင်၊ နေ့ လယ် ၃ နာရီတွင် တွေ့ဆုံဆွေးနွေး။

7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

# ယဉ်ကျေးမှုမြို့တော်မှ နဂါးေ

မောင်တာ



*မန္တလေးကျုံးရှေ့တွင် ကျန်းမာရေးလေ့ကျင့်ခန်းလုပ်နေသူများ*

မြန်မာဘုရင်နောက်ဆုံးမင်းဆက် ထီးနန်းစိုးစံခဲ့ရာ ရတနာပုံနေပြည်တော်၏ နန်းမြို့ရိုးရှေ့ကျုံး ပလက်ဖောင်းသည် လွန်ခဲ့သော ဆယ်စုနှစ်မှ စတင်ကာတရုတ်လူမျိုးတို့ နံနက်ပိုင်းကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရာနေရာတစ်ခုအဖြစ်အသွင်ပြောင်းသွားသည်။

ကျုံးရေပြင်တွင် မြူနှင်းများရစ်သိုင်းနေဆဲဖြစ်ပြီး အလင်းရောင်မသဲကွဲမီအချိန်ကတည်းကပင်ရွှေနန်းတော်ကျုံးဘေးပတ်လည်တွင် တရုတ်ရိုးရာထိုက်ကျိကစားသူများ၊ ဝူရှူးကစားသူများ၊ လမ်းလျှောက်သူများဖြင့် စည်းကားနေပြီးကျုံးဘေးလမ်းမပေါ်တွင် အရောင်အသွေးစုံနောက်ဆုံးပေါ်ကားများ အစီရီရပ်တန့်ထားကာ အသက်အရွယ်မျိုးစုံတရုတ်အမျိုးသား၊အမျိုးသမီးများမှာ လည်းနေ့သစ်တစ်ခု မစတင်မီကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နေကြသည်။

အစုလိုက်၊ အစုလိုက် ထိုက်ကျိကစားသူများက ကက်ဆက်များ၊ ဆောင်းဘောက်များဖြင့် တေးသီချင်းများ ကျယ်လောင်စွာဖွင့်ထားကြပြီး သူတို့ထံမှ တရုတ်သီချင်းနှင့် တရုတ်သံစဉ်များမှာ ကျုံးဘေးဝန်းကျင်ပျံ့လွင့်နေသည်။ မြန်မာတို့၏ အထွတ်အထိပ်၊ အလေးထားဂုဏ်ယူရာနေရာ၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် မြို့၏ အထိမ်းအမှတ်ပြယုဂ်ဖြစ်သည့် မန္တလေးနန်းတော်နှင့် ကျုံးမြို့ရိုးသည် တရုတ်သီချင်းသံစဉ်များ ဖုံးလွှမ်းခံနေရပြီး ခေါင်းဖော်နိုင်ခြင်းမရှိတော့။

ရှေးအစဉ်အဆက်ကတည်းက လာရောက်နေထိုင်မှုများရှိခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမြန်မာ့နိုင်ငံရေးအပြောင်းအလဲနှင့်တပ်မတော်အစိုးရအုပ်ချုပ်သည့် ကာလများတွင် မန္တလေးမြို့သို့ တရုတ်လူမျိုးများအလုံးအရင်းဖြင့် ဆက်တိုက်ဝင်ရောက်လာခဲ့ သည်။

ယဉ်ကျေးမှုမြို့တော်တွင် တရုတ်နိုင်ငံသားများ များလာခြင်းသည် စစ်အစိုးရလက်ထက်တွင် လာဘ်ပေးလာဘ်ယူမှုကြီးမားလာခြင်းနှင့် တိုက်ရိုက်ဆက်စပ်သည်။

“အာဏာပိုင်တွေက တရုတ်ကိုကြောက်ပြီး မျက်နှာသာပေးနေတယ်ဆိုရင်တော့ ဒီပြဿနာဖြစ်နေမှာပဲဗျ။ အစဉ်အဆက်မှာလည်း နိုင်ငံသားနဲ့ တရုတ်ဆိုရင် တရုတ်ကိုပဲ အာဏာပိုင်တွေက မျက်နှာသာပေးခဲ့တာ။ တရုတ်ကလည်း ပက်ပက်စက်စက်ကိုပဲ လာဘ်ထိုးတယ်။ လာဘ်လည်း ထိုးနိုင်တယ်ဆိုတော့ အပေးအယူတည့်နေကြတယ်။ နိုင်ငံသားတွေကတော့ မျက်နှာသာပေးတာ မခံရဘူး။ ဥပဒေအရရော။ အမျိုးစုံ မျက်နှာသာပေးမခံရဘူး။ နောက်ဆုံးလာဘ်စားတဲ့နေရာမှာတောင် နိုင်ငံသားဆီက များများလည်းမရသလိုသိပ်လည်းမစားရဲဘူး။ တရုတ်နဲ့ကျတော့ လဘ်စားမှုလည်း ရဲရဲစားတယ်။ မျက်နှာသာလည်း ပေးတယ်။ အဲဒီလိုနဲ့ အစဉ်အဆက်စစ် အစိုးရခေတ် ကတည်းက နေရာတွေ ရလာကြတယ်”ဟု မန္တလေးမြို့ခံစာရေးဆရာနှင့်သတင်းစာဆရာဖြစ်သူ ဆရာကျော်ရင်မြင့်ကပြောသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့တွင်းမြန်မာစကားမပြောသော တရုတ်များ တစ်နေ့တခြား တိုးပွားများပြားလာသည်။ မန္တလေးတွင် အခြေချနေထိုင်သူလား၊ ပတ်စ်ပို့ဖြင့် လာရောက်သူလား မကွဲပြားနိုင်သည့် မြန်မာစကားမပြောသော တရုတ်များသည် မန္တလေးမြို့တွင်းလမ်းမများပေါ် ဥဒဟိုသွားလာနေကြသည်။ မန္တလေးမြို့၏ အထင်ကရနေရာများ၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် ရထားဂိတ်၊ ကားဂိတ်များ၊ ဈေးများ၊ စားသောက်ဆိုင်များနှင့် ဟိုတယ်တည်းခိုခန်းများတွင် တရုတ်စကားသံများ ဆူညံစွာ ကြားနေရသည်။

၁၉၈၀ ပြည့်နှစ်များအတွင်း နောက်ဆုံးကောက်ယူခဲ့သည့် သန်းခေါင်စာရင်းကို အခြေခံတွက်ချက်ထားသည့် ခန့်မှန်းလူဦးရေစာရင်းအရ မန္တလေးတိုင်းဒေသကြီးအတွင်း တရုတ်လူမျိုး ၇၄၄၀၀ ဦးကျော်နေထိုင်သည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။ ၎င်းမှာ တိုင်းဒေသကြီးအတွင်းနေထိုင်သော လူဦးရေ ၇ သန်းကျော်၏ ၁၀ ရာခိုင်နှုန်းဖြစ်ပြီး ဗမာ၊ အိန္ဒိယ၊ ရှမ်းလူမျိုးစုများပြီးလျှင် စတုတ္ထအများဆုံးနေထိုင်သူလည်းဖြစ်သည်။

သို့သော် လက်ရှိအချိန်တွင် မန္တလေးမြို့ပေါ်၌ နေထိုင်သော တရုတ်လူမျိုးမှာ မြို့လူဦးရေ၏ သုံးပုံတစ်ပုံခန့်အထိရှိနိုင်ပြီး လူဦးရေသိန်းချီရှိနေပြီဟု မန္တလေးမြို့ခံများကပြောသည်။ ၂၀၁၂ ခုနှစ်အတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွက် ထိုင်းနိုင်ငံ အခြေစိုက်အဖွဲ့အစည်းတစ်ခုမှ စစ်တမ်းကောက်ယူခဲ့ရာ တရုတ်လူမျိုးများမှာ မန္တလေးမြို့တွင်နေထိုင်သော လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းခန့်အထိ ရှိနိုင်သည်ဟု ဖော်ပြထားသည်။

“သူတို့ရဲ့ ပိုင်ဆိုင်မှုကတော့ တော်တော်များတယ်။ မြို့တွင်းပိုင်း အိမ်ခြံမြေရဲ့ ၅၀ ရာခိုင်နှုန်းလောက်ကို တရုတ်နွယ်ဖွားတွေ ပိုင်ဆိုင်ထားတယ်လို့ ခန့်မှန်းမိပါတယ်။ ဟိုတယ်ဆောက်ချင်တယ်ဆိုတာမျိုး မြေကွက်ကျယ်ကျယ်နဲ့ စီမံကိန်းတင်ပြလာရင် ပိုင်ဆိုင်သူက သူတို့တွေပဲ ဖြစ်နေတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ အတိအကျစာရင်းကောက်ယူထားတာ။ စစ်တမ်းပြုစုထားတာမျိုးတော့ မရှိပါဘူး”ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဌာနမှ ဌာနခွဲမှူး ဦးသန်းဝေကပြောသည်။

မန္တလေးမြို့တွင် တရုတ်လူမျိုးများပြားလာခြင်းက မြို့ခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးများအပေါ် ထူးခြားသည့်ရိုက်ခတ်မှုများရှိလာသည်။ အထူးသဖြင့် စီးပွားရေးနှင့် လူမှုရေးပိုင်းတို့တွင် တရုတ်တို့နေရာယူလာခြင်းက မြို့ခံများ၏ နေ့စဉ်ဘဝလှုပ်ရှားမှုများအပေါ် များစွာပြောင်းလဲသွားစေသည်ဟု မြို့ခံများကဆိုသည်။

မန္တလေးမြို့ပေါ်ရှိ ပုဂ္ဂလိကကျောင်းအများစုသည် အင်္ဂလိပ်စာ၊ မြန်မာစာအပြင် တရုတ်စာကိုပါတွဲဖက်သင်ကြားနေရသည်။ မြို့ပေါ်ရှိ တရုတ်ကုမ္ပဏီများတွင် အလုပ်ဝင်နိုင်ရန် တက္ကသိုလ်ဘွဲ့ရများအနေဖြင့် တရုတ်စာကိုပါလေ့လာသင်ယူနေရသည်။ ဆွမ်း၊ကွမ်းနှင့် ပစ္စည်းလေးပါးအလှူခံရန်အတွက် မြို့သစ်ပိုင်းနှင့် မြို့စွန်ပိုင်းရှိ ရပ်ကွက်များကို ပိုမိုဦးတည်ရွေးချယ် လာနေရသည် ဟု ဆရာတော်၊ သံဃာတော်နှင့် သီလရှင်ဆရာလေးများက မိန့်ကြားသည်။

မန္တလေးမြို့၏ အထင်ကရနှင့် မြို့ခံများ၏ စီးပွားရေးနှင့် နက်နဲစွာပတ်သက်ဆက်နွှယ်နေသော မန္တလေးဈေးချိုတော်သည် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှ စတင်ကာ ရောင်းဝယ်မှုပုံစံများ ပြောင်းလဲလာသည်ဟု ဈေးချိုတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချနေသူ အချို့

7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014



# ခြရာများ





မန္တလေးမြို့တစ်နေရာမှ တရုတ်နိုင်ငံသားအချို့




မန္တလေးကျောက်မျက်ဈေးအတွင်းတစ်နေရာ




မန္တလေးမြို့လယ်ရှိ ဈေးချိုပလာဇာအားတွေ့ရစဉ်

ကပြောသည်။ အထက်မြန်မာပြည်မြို့ရွာငယ်များမှ ကုန်သည်၊ ဈေးသည်များသည် ဈေးချိုတော်တွင် ဈေးဝယ်ခြင်းထက် တရုတ်ကုန်သည်ကြီးများ၏ နေအိမ်တွင် စိတ်ကြိုက်ဝယ်ယူခြင်းများ ပိုမိုပြုလုပ်လာသည်။ တရုတ်ကုန်သည်ကြီးများက ၎င်းတို့၏ ဖောက်သည်များအား ဈေးချိုမှ အိမ်သို့ခေါ်ဆောင်သွားခဲ့ပြီး အကြွေးရောင်းချပေးနေကြရာ ဈေးချိုတော်မှ ဈေးဆိုင်ငယ် အချို့တဖြည်းဖြည်းယိုင်နဲ့ပြိုလဲနေရသည်ဟု ဈေးချိုတော်တွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းဝယ်နေသူအချို့ကပြောသည်။

မန္တလေးကျောက်ဝိုင်းတွင် ဆိုင်ခန်း ၁၁၀၀ ကျော်ရှိရာ လေးပုံတစ်ပုံခန့်မှာ တရုတ်လူမျိုးများ ဆိုင်ဖွင့်ကာ လုပ်ကိုင်နေကြခြင်းဖြစ်သည်။ မန္တလေးကျောက်ဝိုင်းရှိ လွှာချပ်ဝိုင်းတွင် တရုတ်ကျောက်မျက်ကုန်သည်လာရောက်ဝယ်ယူမှုမရှိလျှင် အရောင်းအဝယ်ရပ်တန့်နေရသည်ဟု ကျောက်မျက်ကုန်သည်များကပြောသည်။

"လွှာချပ်ဝိုင်းက တရုတ်ကုန်သည်အပေါ် အဓိကမှီခိုနေရတယ်။ သူတို့မလာရင် အရောင်းအဝယ်မဖြစ်ဘူး။ တရုတ်နှစ်သစ်ကူးလိုအချိန်တွေမှာဆို ကျောက်ဝိုင်းက လွှာချပ်သမားတွေ အရောင်းအဝယ်မဖြစ်လို့ ဆိုင်ပိတ်ထားရတာမျိုးထိရှိတယ်"ဟု မန္တလေးမှ ကျောက်မျက်ကုန်သည် ဦးဇော်ဇော်ကပြောသည်။

မန္တလေးမြို့၏ အိမ်ခြံမြေဈေးကွက်တွင်လည်း တရုတ်နွယ်ဖွားများ အများဆုံးပိုင်ဆိုင်သည့် မြို့တွင်းရှိအချက်အချာကျသော နေရာအများစုကို တရုတ်လုပ်ငန်းရှင်များက ပိုင်ဆိုင်ပြီး မူလမြို့ခံများမြေရောင်း၊ အိမ်ရောင်းပြီး မြို့စွန်သို့ အများဆုံးပြောင်းရွှေ့သွားကြသည်။

သီးနှံစိုက်ပျိုးခြင်းနှင့်သစ်သီးဝလံရောင်းဝယ်ခြင်းလုပ်ငန်းများတွင် တရုတ်လူမျိုးများ ဝင်ရောက်လုပ်ကိုင်နေပြီး ဖရဲ၊ သခွားစိုက်ပျိုးခြင်းနှင့် ရောင်းဝယ်ခြင်းတွင် တရုတ်ကုန်သည်များကလွှမ်းမိုးထားကာ မြန်မာများ လုပ်ကိုင်နိုင်ခြင်းမရှိဟု သစ်သီးဝလံတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကိုကိုထွေးကပြောသည်။

မန္တလေးမြို့ပေါ်တွင်ဖွင့်လှစ်ထားသော ဟိုတယ် ၁၀၀ ရှိပြီး ၎င်းဟိုတယ်များ၏ ၈၀ ရာခိုင်နှုန်းခန့် တရုတ်နွယ်ဖွားများက ပိုင်ဆိုင်ထားသည်။ မကြာမီကာလအတွင်း မြန်မာ့ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ အလားအလာကောင်းသည့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် တရုတ်လူမျိုးများနေရာဦးထားခြင်းဖြစ်သည်။

မန္တလေးမြို့တွင် တရုတ်လူမျိုးတို့၏ စီးပွားရေးအင်အားမှာ တစ်နေ့တခြားကြီးပွားများပြားလာသည်။ မြို့၏ အဓိကစီးပွားရေးလုပ်ငန်းများအားလုံးတွင် ဝင်ရောက်လုပ်ကိုင်နေပြီး ညှော်သည်အနေဖြင့်မဟုတ်တော့ဘဲမြို့၏စီးပွားရေးပွဲကိုင်ရှင်များဖြစ်လာကြသည်ဟု မြို့ခံများကပြောသည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ အချက်အချာနေရာတွင် ရှိပြီး လမ်းပန်းဆက်သွယ်ရေးအရ အလွန်အရေးပါသော နေရာတွင် ရှိနေသည်။ အစိုးရအပြောင်းအလဲကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများလည်း လာမည့်နှစ်များအတွင်း များစွာပွင့်လင်းလာမည်ဖြစ်သည်။ ထိုအထဲတွင် မန္တလေးသည် အဓိကအခရာကျနေသည်။ သို့သော်မန္တလေးမြို့ဖွံ့ဖြိုးလာမည်ဖြစ်သော်လည်း မြို့၏စီးပွားရေးလုပ်ငန်းများ မန္တလေးသူ၊ မန္တလေးသားများကိုယ်တိုင်ဖန်တီးပြီး အကျိုးခံစားခွင့်ရရန် အရေးကြီးသည်ဟုမြို့ခံများကဆိုသည်။ ထို့အတွက် မန္တလေးတွင် တရားမဝင်လာရောက်နေထိုင်သူများရှိပါကလည်း စိစစ်အရေးယူပေးစေလိုသည်ဟု မြို့ခံများကပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်တွင် ကျရောက်ခဲ့သည့် တရုတ်နှစ်သစ်ကူးနေ့တွင် မန္တလေးမြို့သည် အသက်မဲ့နေသည်။ မြို့လယ်ရပ်ကွက်များသည် ခြောက်သွေ့တိတ်ဆိတ်နေပြီး တိုက်အိမ်ကြီးများက တံခါးပိတ်ထားကြသည်။

မြို့တွင်းလမ်းမပေါ်တွင်လည်း ယာဉ်သွားလာမှုရှင်းနေသည်။ အထူးသဖြင့် မော်ဒယ်မြင့်ကားများကို ထိုနေ့က လမ်းပေါ်တွင် သိပ်မတွေ့ရ။ ဈေးများတွင် နေ့စဉ်ကြိတ်ကြိတ်တိုးစည်းကားခဲ့သော ဈေးဆိုင်ကြီးများ ပိတ်ထားကြသည်။ မြို့ခံအများစုကတော့ ထိုအခြေအနေကိုအလွန်အံ့သြဟန်ရှိနေပြီး ယဉ်ကျေးမှုမြို့တော်မန္တလေးသေဆုံးခြင်းဟုပြောဆိုကြသည်။ မန္တလေးမြို့တရုတ်လွှမ်းမိုးခံရခြင်း၏ ဆုပ်ကိုင်ပြရန်ရနိုင်သော သက်သေတစ်ခုအဖြစ် မှတ်ချက်ပြုကြသည်။

ကမ္ဘာ့အကြီးဆုံးနှင့် လူဦးရေ ၁၃၄၃ သန်းကျော်ရှိသည့် တရုတ်နိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံအတွက် နိုင်ငံတွင်း တရုတ်လူမျိုးများလာရောက်အခြေချနေထိုင်မှုမှာရှောင်လွှဲ၍ မရနိုင်။ သို့သော် လူမျိုးခံရပြီး လူမျိုးမပျောက်စေရန်တော့ အလေးထားရန်လိုသည်။ လက်ရှိအချိန်တွင်ပင် မြန်မာနိုင်ငံလူဦးရေ၏ ၃ ရာခိုင်နှုန်းသည် တရုတ်လူမျိုးများဖြစ်သည်ဟု အမေရိကန်နိုင်ငံမှ ထုတ်ပြန်သော စစ်တမ်းများတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင်း နေထိုင်သူများတွင် လူမျိုးစုအလိုက်အနေဖြင့် ဗမာ ၆၈၊ ရှမ်း ၉၊ ကရင် ၇၊ ရခိုင် ၄ နှင့် တရုတ် ၃၊ အိန္ဒိယ ၂၊ မွန် ၂ ရာခိုင်နှုန်းအနေဖြင့် နေထိုင်မှုရှိသည်ဟု အမေရိကန်နိုင်ငံစစ်တမ်းကဆိုသည်။ မန္တလေးမြို့တွင် တရားဝင်နေထိုင်သူများအပြင် အလည်အပတ်ဗီဇာ၊ အလုပ်ဗီဇာများဖြင့် လစဉ်လာရောက်နေသူများလည်းရှိနေပါသေးသည်။ တစ်လလျှင် လူဦးရေ ၁၀၀၀ ဝန်းကျင်ရှိသည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။

မန္တလေးမြို့သည် တဖြည်းဖြည်းရိုင်းစိုင်းလာသည်။ အချင်းချင်း အမြင်မကြည်မှုများ၊ မထီမဲ့မြင်ပြုမှုများမှာ တစ်နေ့ထက် တစ်နေ့ပိုမိုဆိုးရွားလာသည်ဟု မြို့ခံများကဆိုသည်။ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ခံယူချက်များ တူညီမှုမရှိသောကြောင့် တစ်ဦးနှင့်တစ်ဦးနားလည်မှုလွဲခြင်းသာဖြစ်သည်ဟု မန္တလေးတွင် မွေးပြီး မန္တလေးတွင် နေထိုင်သည့် တရုတ်အမျိုးသားတစ်ဦးကပြောသည်။

"စကားပြောတဲ့ နေရာမှာ လေယူလေသိမ်းချင်းကမတူတော့ ရိုးရိုးစကားပြောပေမယ့် တစ်ဖက်လူနားဝင်မချိုတာမျိုးဖြစ်စေပါတယ်။ ခန္ဓာကိုယ်အစိတ်အပိုင်းတွေပါ အလေးထားပုံချင်းမတူတော့ အမူအရာတွေကလည်း တစ်ဖက်လူက ရိုင်းတယ်လို့ ထင်ရလောက်အောင်ဖြစ်သွားတာမျိုးရှိတယ်"ဟု ၎င်းကပြောသည်။

မန္တလေးမြို့သို့လာရောက်နေထိုင်သော တရုတ်လူမျိုးအများစုတို့သည် တရုတ်နိုင်ငံတွင် ဆင်းရဲပြီး ဖွံ့ဖြိုးတိုးတက်မှုနည်းသည့် ကျေးလက်ဒေသများမှ လာရောက်ကြခြင်းဖြစ်သည်။ ကုန်းတွင်းပိတ်ဒေသဖြစ်သည့် ယူနန်နှင့် ပြည်မကြီးမှ လာရောက်ပြောင်းရွှေ့နေထိုင်သူများသည်။ မြန်မာနိုင်ငံတွင်းရပ်တည်နေနိုင်ရန် စီးပွားရေးကို ကြိုးစားလုပ်ကိုင်ကြခြင်းဖြစ်ကြောင်း တရုတ်လူမျိုးများနှင့် အနေနီးသည့် မန္တလေးဈေးချိုတော်မှ ကုန်သည်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"သူတို့စီးပွားရေးဘယ်လိုလုပ်လဲ အတုယူသင့်တယ်။ ငွေရှိလို့ ကိုယ့်ကို ကျော်တယ်ထင်ရင် သူတို့ကိုပြန်ကျော်နိုင်အောင် ကြိုးစားလုပ်ဆောင်ရုံပဲ။ တကယ်ယှဉ်လုပ်ရင် သူတို့ထက် ကျွန်တော်တို့က အခွင့်အရေးရော၊ လုပ်ရည်ကိုင်ရည်ရော အားလုံးသာပါတယ်"ဟု ၎င်းကပြောသည်။ မြန်မာတို့အနေဖြင့် စည်းလုံးမှုရှိစွာဖြင့် ယှဉ်ပြိုင်လုပ်ကိုင်ပြီး နေရာဖယ်မပေးရအောင် ကြိုးစားရန်လိုသည်ဟု ၎င်းကဆိုသည်။

တရုတ်နိုင်ငံအတွင်းမှ တရုတ်များ မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်ကို ငွေကြေးဖြင့် ဝယ်ယူပြီး ရောက်ရှိမလာတော့ရန်၊ တရားဥပဒေစိုးမိုးမှုရှိရန် လွန်စွာအရေးကြီးသည်။ ထို့အပြင် မှတ်ပုံတင်အတုကိုင်ဆောင်ထားသူများကိုလည်း ထိထိရောက်ရောက်အရေးယူရန်နှင့် တရားဥပဒေစိုးမိုးမှုရှိရန် အစိုးရက အာရုံစိုက်သင့်ကြောင်းလည်းဆရာကျော်ရင်မြင့်က အကြံပြုသည်။

"သူတို့ကို ထိန်းချုပ်ဖို့ဆိုတဲ့အပိုင်းမှာကျတော့ ဥပဒေစိုးမိုးဖို့လိုတာပေ့ါ။ ဥပဒေစိုးမိုးပြီးတော့ မှထားပါတော့ဗျာ။ မှတ်ပုံတင်အတုထုတ်ပေးတဲ့ သူတွေကိုလည်း ဆက်ပြီးတော့ ထုတ်မပေးအောင် ဖိဖိစီးစီးအရေးယူမယ်ဆိုလို့ရှိရင် အလိုအလျောက်ပေ့ါလေ။ ပိုက်ဆံပေးပြီး နိုင်ငံသားဖြစ်နေတဲ့ ပြဿနာတွေ သက်သာသွားမယ်။ ဥပဒေစိုးမိုးမှုလိုတယ်။ မြန်မာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် မျှမျှတတနဲ့ ဥပဒေပါအခွင့်အရေးကိုသာ ပေးမယ်ဆိုရင် ဒေသခံတွေက သူတို့ကို မနာလိုစရာလည်း မရှိဘူး။ အမုန်းပွားစရာလည်းမရှိဘူး။ အရေးကြီးတာက ကျွန်တော်တို့ဆီက အာဏာပိုင်များက မျှမျှတတနဲ့ ဆက်ဆံ၊ မျက်နှာသာမပေးနဲ့။ ဥပဒေစိုးမိုးမှုရှိမယ်ဆိုရင် ပြဿနာ ဘာမှ ဖြစ်စရာ မရှိပါဘူး"ဟု ဆရာကျော်ရင်မြင့်ကဆိုသည်။

7 DAY NEWS JOURNAL
Vol.12, No.49 • FEBRUARY 12 , 2014

စာမျက်နှာ(၂၃)မှ

## ကျူးတွေကမြိုင် အင်းဂလိုင်

မြေခွန်တော်ဥပဒေဖြင့်လည်း ကောင်း၊ ရာဇဝတ်မှုဖြင့်လည်း ကောင်းတရားစွဲအရေးယူပါကတစ်ဦးတစ်မှုနှင့် အမှုပေါင်းထောင်သောင်းချီပြီး ချီလေတဲ့ချီလေခရီးက ရှည်ဦးမည်ဖြစ်၏။

ရန်ကုန်မြို့ မြေစီမံခန့်မှုခွဲ၏ အတိတ်သမိုင်းကိုကြည့်လျှင် စည်ပင်နှင့် အိုးအိမ်မှာ စာရေးသူတို့ငယ်စဉ်ကကြည့်ရသည့် ရုပ်ရှင်ထဲက ရွှေဘနှင့်တင်ညွန့်လို ဖြစ်နေ၏။ တစ်ဦးက အထက်ရောက်လိုက် တစ်ဦးက အောက်ရောက်လိုက်နှင့် နောင်ဂျိန်ပွဲကြည့်ရသလိုဖြစ်၏။ မဆလ ခေတ်က စည်ပင်သည် ဒေသန္တရ အဖွဲ့ဖြစ်ပြီး အိုးအိမ်က နိုင်ငံတော်အဆင့်အဖွဲ့အစည်း ဖြစ်၏။ နဝတ လက်ထက်တွင်မူ စည်ပင်မှ မြို့တော်ဝန်ကိုဝန်ကြီးအဆင့်သတ်မှတ်ပြီး အိုးအိမ်က ညွှန်/ချုပ်အဆင့်ဦးစီးဌာနဖြစ်ပြန်၏။ ဒီမိုကရေစီခေတ်ရောက်သောအခါ စည်ပင်က တိုင်းဒေသကြီးအစိုးရအဖွဲ့ လက်အောက်ရောက်သွားပြီး အိုးအိမ်က ပြည်ထောင်စုအစိုးရဝန်ကြီးဌာန လက်အောက်ရောက်သွား၏။ ရွှေဘနှင့်တင်ညွန့်တို့က သူလိုလို ကိုယ်လိုလို မျက်နှာလွှဲလိုက်သောအခါ ကျူးတို့က စိတ်ကြိုက်လက်ခုပ်သြဘာပေးပြီး နေရာယူကြသည်လည်း ရှိ၏။ အမယ်ဘုတ်၏ သူ့ချည်ခင်လို ဖြစ်နေလေတော့၏။

သို့သော် ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုအောက်တွင် စည်ပင်ကမြို့ပြမြေစီမံခန့်ခွဲမှုကို အပြည့်အဝတာဝန်ယူပြီး မြို့/အိုးက အိမ်ရာပြဿနာဖြေရှင်းရေးကို အဓိကတာဝန်ယူဆောင်ရွက်နေသောလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း တွေ့မြင်နေရ၏။ အဖွဲ့ နှစ်ဖွဲ့ပေါင်း၍ ကျူးကျော်ပြဿနာကို တက်ညီလက်ညီ ညှိနှိုင်းဖြေရှင်းပေးရန်လည်း လိုအပ်ပေသည်။ ကျူးကျော်အိမ်ရာများကို ဖျက်သိမ်းပစ်ရုံဖြင့် ပြဿနာပြေလည်မည် မဟုတ်ပေ။ “ဖျက်ရှင်း”ခြင်းသည် တစ်ခဏဖြစ်၍ “ဖြေရှင်း”ခြင်းသည် ထာဝရဖြစ်၏။ “ဖျက်ရှင်း”ခြင်းသည် အခြားတစ်နေရာတွင် ထပ်မံကျူးကျော်ရေးကို ဦးတည်၏။

‘ဖြေရှင်း’ခြင်းသည် အိမ်ရာမဲ့ဘဝမှ လွတ်မြောက်ရေးကို ဦးတည်၏။ အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားမှု အခွင့်အလမ်းများ မြင့်သည်ထက်မြင့်အောင် ဖန်တီးပေးခြင်း၊ အိမ်ရာမဲ့တို့အတွက် ဝင်ငွေနှင့်လျော်ညီသော အိမ်ရာများ ဖြည့်ဆည်းပေးခြင်း၊ ကျေးလက်နှင့်မြို့ပြလူမှုစီးပွားကွာဟချက်ကို ကျဉ်းမြောင်းအောင် ဆောင်ရွက်ပေးခြင်းစသည့် နည်းလမ်းများဖြင့်သာ ဖြေရှင်းပေးနိုင်မည် ဖြစ်၏။ တစ်ဖက်မှလည်း မင်းမဲ့စရိုက်ဆန်ဆန်ဝင်ရောက်အပိုင်စီးမှုများကို ကာကွယ်ရန်အတွက် မြို့ပြမြေယာစီမံခန့်ခွဲမှုဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဟန့်တားသော နည်းလမ်းဖြင့် ဆောင်ရွက်နေရမည်သာ ဖြစ်၏။ ထို့အပြင် ကျူးတို့အပေါ် နိုင်ငံရေးအရ အသုံးချခြင်း၊ ငွေကြေးရယူ၍ လိမ်ညာနေရာချထားခြင်းကို သတင်းကြားသည်နှင့် အမြန်ဆုံးအထိရောက်ဆုံးအရေးယူရန်လည်း လိုအပ်၏။

ဝင်ငွေနည်းသူတို့အတွက် တန်ဖိုးနည်းအိမ်ရာ လုံးဝဆောက်လုပ်မှု မရှိသည်မှာ နှစ်ပေါင်း ၁၅ နှစ်ကျော်ခဲ့ပြီ ဖြစ်၏။ ယခုရွှေလင်ပန်းတွင် တစ်ခန်းလျှင် သိန်း ၁၂၀ ထက် မကျော်စေဘဲ မြို့/အိုးဦးစီးဌာနကခြောက်ခန်းတွဲ လေးထပ်စုစုပေါင်း ၃၂လုံးဆောက်လုပ်နေသည်ကိုစတင်တွေ့မြင်ရ၏။ အင်းဂလိုင်ကို ယွင်းယိုင်မှုမရှိအောင် ကူညီသည့် စီမံကိန်းအဖြစ် ကြိုဆိုအပ်၏။ သို့သော် အိမ်ခန်းတန်ဖိုးကိုသိန်းတစ်ရာထက်မပိုအောင် နည်းလမ်းရှာဖွေသင့်၏။ ရောင်းချရာတွင်လည်း အနည်းဆုံးဆယ်နှစ်အထိ အရစ်ကျငွေသွင်းစနစ်ဖြင့် ရောင်းချသင့်၏။ အတိုးနှုန်းကိုလည်း သက်သာစွာသီးခြားသတ်မှတ်ပေးရန် လို၏။ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ၏ ကုန်ကျစရိတ်က အိမ်တန်ဖိုးကို များစွာမြင့်တက်စေကြောင်း သိရှိရ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ပံ့ပိုးမှုပူးပေါင်းပါဝင်ရေးမှာ လွန်စွာအရေးကြီးကြောင်း တွေ့ရှိရ၏။ ပထမဒီမိုကရေစီ ခေတ်ဟုဆိုအပ်သော ဖဆပလခေတ်က အငှားအိမ်ရာ (Rental) များကို အစိုးရထောက်ပံ့မှု (Subsidy) အခြေပြုဆောက်လုပ်ပေးခဲ့သည့် နည်းအတိုင်း စမ်းသပ်ဆောက်လုပ်နိုင်လျှင် ကောင်းမည်ဟု အကြံပြုလိုပါသည်။ အိမ်ရာမြေကွက်များ ဖော်ထုတ်သည့်နည်းကို စဉ်းစားရန်မှာလည်း မြေကအလွန်ရှား၊ အလွန်ဈေးကြီးနေ၍ တာဝန်ရှိသူအားလုံး စုပေါင်းပြီး နည်းလမ်းရှာဖွေရဦးမည် ဖြစ်၏။ ဤအချိန်တွင် ထပ်မံဆောက်လုပ်မည့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းမြေများကိုလည်း ခြံခတ်ထားသည့် ကြားမှ မူလလယ်သမားဆိုသူတို့က ပြန်လည်ဝင်ရောက်ခြင်း၊ ထပ်ဆင့်ခြံခတ်ခြင်းများကြောင့် အခက်ကြီးကြုံနေရပြန်၏။ ယွင်းယိုင်နေသော အင်းဂလိုင်ကို“သိကြားဒေဝမှိုင်းမပါ”ဟု ဆိုရမည့် ကိန်းနှင့်ကြုံနေလေပြီ။

သိကြားမင်းကလည်း ဦးပုညတေးထပ်လို “ထောင်မျက်စိ ပိပိနော်၊ မှုန်သီတော်မူရော့ထင့်၊ ဘယ်တော့မှ အိုပိုင်ပိုင်၊ ဘုန်းရှူတော့နိုင်” ဆိုသကဲ့သို့ နတ်မျက်စိ တစ်ထောင်က မှုန်နေပြန်လျှင် ခက်ပေဦးမည်။ နိုင်ငံတော်သမ္မတကြီးကိုပဲ အားကိုးတော့မည်။ သမ္မတကြီးက “အသေအချာစိစစ် ကိုင်တွယ်သွားမည်” ဟု ဆိုထား၏။ သမ္မတကြီးခင်ဗျာ-စိစစ်တာကတစ်နှစ်၊ ကိုင်တွယ်တာကတစ်နှစ် ဒီလိုနဲ့ ၂၀၁၅ ကျော်သွားမှာ စိုးရိမ်မိပါကြောင်း တင်ပြလိုက်ပါရစေခင်ဗျား ....။ ။

---

စာမျက်နှာ(၂၄)မှ

## မင်းဒင်ရဲ့ သက်ခိုင်(၂)

အဖေဆုံးပါးသွားပြီးကတည်းက အစ်ကိုကြီးလုပ်သူဟာ ကျောင်းစာဘက်စိတ်ကုန် တယ်ထင်ပါရဲ့။ မှိုက်ပင်ချည်းစွပ်ကယ်စွပ်ကယ်ပြန်နေရာကနေ လက်သည်မပေါ်ဘဲ ဘာကိစ္စကြောင့်မှန်းမသိ အရိုက်ခံရတာဗျ။ ရွာထဲမှာပဲကျိတ်ပြီးကု နေရာကနေ မသက်သာဘဲ နတ်မောက် ဆေးရုံတင်ရတော့ အမေ့ညီမဒွေးလေး မစန်းဆီကနေ “ညည်းသားအသက်မီချင်အမြန်လာ”ဆိုတဲ့ကြေးနန်းရောက်လာပါလေရော။ အမယ် ကြေးနန်းစာမှာ“သက်ခိုင်ကိုခေါ်မလာနဲ့”ဆိုတဲ့ စာသားလည်းပါသေးဗျာ။ ကျွန်တော့်ဇနဲ့ တစ်ဖွတ်ထိုးညဉ့်အကြောင်း ပန်းသတင်းလေညင်းဆောင်ပြီး ရွာအထိရောက်နေခဲ့ထင်ပ့ါ။

အမေကတော့ ကျွန်တော်ဖတ်ပြတဲ့ကြေးနန်းစာလည်းဆုံးရော ငိုမဲ့မဲ့အသံနဲ့ “ဟောတော်၊ ဒါက ဘာသဘောတုံး။ ငါ့မှာ အားကိုးစရာဆိုလို့ သက်ခိုင်ပဲရှိတာ။ သူ့မခေါ်လို့ရွာကိုငါဘယ်လိုရောက်ပ့ါမတုံး။ ငါ့သားလိုက်မှကိုဖြစ်မှာ”ဆိုပြီး နီးရာရထားပေါ်တက်လာလိုက်တာ၊ ဘယ်လိုရွာရောက်မှန်းတောင်ပြန်စဉ်းစားမရတော့ပါဘူး။ သေချာပေါက်မှတ်မိနေတာကတော့ သားမြားဘူတာကနေ လှည်းနဲ့ကြိုလာပြီး ဒွေးလေးမစန်းအိမ်ဝင်ပြီး အထုပ်အပိုးမချရသေးခင် သူကြီးဦးချစ်စိန်အခေါ်တော်ရှိသမို့ သွားလိုက်ရသဗျာ။

သူကြီးဦးချစ်စိန်က အသံခပ်သြသြ၊ ဗလုံးဗထွေး စကားတွေပြောနေရာကနေ အမေ့ဆီပိုက်ဆံတချို့လှမ်းပေးရင်း “ရော့၊ ခင်သန်း ပိုက်ဆံသုံးထောင် ညည်းသားဆေးကုဖို့။ ရိုက်တယ်ဆိုတဲ့ကလေးတွေက ပေးတာ။ အရှုည်အရှည်မဖြစ်နဲ့တော့”ဆိုပဲ။ သူကြီးရှေ့မှာ ခပ်ယို့ယို့လေးထိုင်နေတဲ့ အမေဟာ ဆတ်ခနဲဖြစ်သွားပြီး ကျွန်တော့်ဘက်ကို လှည့်ကြည့်ရင်း “ကျပ်လာတာ ကျပ်သားလွှတ်သည်းနေလို့လာတာ ဘချစ်စိန်ရဲ့။ ကျပ်ကလေးဘယ်လိုနေတယ်ဆိုတာတော့ စမပြောဘူး။ ပိုက်ဆံထိုးပေးတာတော့ ကျုပ်လက်မခံနိုင်ဘူး” ပြောရင်း ငိုပါလေရောဗျာ။ အမေ့ငိုသံလည်းကြားရော၊ ကျွန်တော်လည်း မခံချင်စိတ်က ငယ်ထိပ်ထိုးတက်သွားတာမို့ ပါလာတဲ့အိတ်ထဲက သောင်းချီတဲ့ငွေတွေကိုသူကြီးရှေ့ပစ်ချပြီး “ကဲပါဘကြီးရာ ရိုက်တဲ့ကောင်တွေသာ ဘကြီးခေါ်လိုက်ပါ။

ငါးထောင်ဖိုးစီလောက် ကျွန်တော်ပြန်ရိုက်မယ် ဆိုပြီး”စွတ်တွန်းလိုက်တာ သူကြီးတရားစီရင်ခန်းပျက်ပါလေရောဗျာ။ ဟုတ်ပါတယ်။ အဲဒီပြဿနာဖြစ်ချိန်မှာ အမေ့ရဲ့မဆုတ်မနစ်တဲ့ လုံ့လ၊ အားမာန်၊ အမေ့ကျေးဇူးကြောင့် ကျွန်တော်တို့ မိသားစုဟာ အထိုက်အလျောက်ချောင်လည်တဲ့ဘဝကို ရောက်နေပါပြီ။ နောက်ပိုင်းမှသိရတာက အစ်ကိုကြီးအရိုက်ခံရတဲ့ကိစ္စရဲ့ စနက်ဟာ အမေ့မောင်အရင်း ဦးလေးကိုသာဒွန်းလက်ချက်ပါပဲ။ တိုတိုပြောရရင် အမေ့ကိစ္စဆိုပါတော့။ အမေ့မှာ မောင်တစ်ယောက်၊ ညီမတစ်ယောက်ရှိတယ်။ အမေက အကြီးဆုံး။ အမေ့အဖေကျွန်တော့်အဘိုးဆုံးတော့ ကျန်ခဲ့တဲ့ယာတွေ၊ ချောင်းတွေ မနည်းလှဘူး။ အမွေခွဲတဲ့အခါ ဦးလေးကိုသာဒွန်းဟာ အပျိုကြီးဖြစ်တဲ့ ဒွေးလေးမစန်းရဲ့ ဝေစုကို သူရမယ်လို့ မျှော်လင့်ထားတယ်။ ဒီအချိန်မျိုးမှာ ကျွန်တော့်အစ်ကိုကြီးကရွာပြန်ယာလုပ်မယ့်အပေါက်ချိုးတာမို့ ဒွေးလေးအမွေစု ကျွန်တော့်အစ်ကိုကြောင့် လမ်းကြောင်းပြောင်းသွားမှာကိုစိုးရိမ်ပြီး တူအရင်းကိုအပြတ်ရှင်းတဲ့ဇာတ်လမ်းပေ့ါဗျာ။ ကျွန်တော့်ဦးလေးကလည်း ဇတော့မသေးလှဘူး။ သူ့ခေတ်သူ့အခါတုန်းက အမတော်ကြေးပြန်မဆပ်နိုင်တဲ့ကိစ္စကြောင့် ရွာအရှေ့တံခါး၊ အနောက်တံခါးမင်းတုပ်ကန့်လန့်ထိုးပိတ်ထားတာကို ဓားမကြီးတစ်ချောင်းခါးကြားထိုးသွားတဲ့ပြီး ရိုက်ဖျက်ပစ်ဖူးသတဲ့။ “သာဒွန်းဖျက်တယ် မိုက်တဲ့ကောင်ထွက်” ဆိုတဲ့ လူစားမျိုး။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ငယ်ကလည်း ငယ်၊ ရန်ကုန်မက္ခရာနယ်မြေလို နေရာမျိုးမှာ ကြီးပြင်းလာတာကြောင့်ထင်ပါရဲ့။ တက်လူကလေးမို့ ဘက်တူရင်လူမရွေးဘူးဆိုတဲ့စိတ်မျိုးဝင်နေချိန်ပေ့ါဗျာ။ ဦးလေးသောဘာသော နားမလည်ဘူး။ မတရားရင် ခေါင်းငုံ့မခံနိုင်ဘူးပေ့ါ။ တိုတိုဇာတ်လမ်းချုံ့ရရင် “ကိုရင်သက်ခိုင်၊ ကိုရင့်ဦးလေးကလူ့တစ်ဖွတ်ထိုးနော်။ သူ့ပေးစာကမ်းစာစားနေတဲ့လက်မရွံ့တွေ အများကြီး”ဆိုပြီး အမျိုးတွေတားနေတဲ့ကြားထဲက ကျွန်တော့်အစ်ကိုကို ချောင်းရိုက်တဲ့ရွှေကြည်ဆိုတဲ့မောင်ကိုအရီးလေးမအေးသိန်းအိမ်ဆင်ဝင်ပေါ်ကနေလှမ်းမြင်တော့ ငှက်ကြီးတောင်တစ်ချောင်းဆွဲပြီး လိုက်ခုတ်မိတဲ့အထိပေ့ါဗျာ။ ဒါတင်မဟုတ်သေးဘူးဗျာ။ တရားခံအမှုတွဲစိန်ကျော်မောင်ကိုလည်း ရွာလုံးကျွတ်ခြိမ့်ခြိမ့်သဲသဲဝင်နွှဲနေတဲ့ကြက်ဝိုင်းထဲနီးရာဓားမတိုနဲ့ ဝင်ပိုင်းတဲ့အဖြစ်လည်း ရှိသေး။ ကျွန်တော့်အရိပ်အခြည်ကြည့်ပြီး သတိနဲ့နေကြတာကြောင့် ဆိုးဆိုးရွားရွားဒဏ်ရာမရပေမယ့် တစ်ရွာလုံး အုတ်အော်သောင်းတင်းဖြစ်ကုန်ကြရောဗျာ။ အဖေ့အမျိုးအမေ့အမျိုးတွေ အချင်းချင်းရန်စောင်ကုန်ကြပါလေရော။ ဒီမှာတင် သူကြီးဦးချစ်စိန်ကိုယ်တိုင် “သက်ခိုင်၊ ကိုရင်ရမ်းတာတော်ပါတော့။ ရှိကြီးခိုးပါရဲ့။ မင်းအမှုဖွင့်ချင်သပဆိုရင် နတ်မောက်ကိုကြွပေတော့။ ဘကြီးစာရေးပေးပ့ါမယ်”ဆိုတဲ့ ကိန်းဆိုက်ရော။ ဒီတော့ ကျွန်တော်လည်း လက်စွဲတော်ငှက်ကြီးတစ်ချောင်းဆောင်ပြီး နတ်မောက်တက်အမှုဖွင့်ဖြစ်တော့တာပဲ။ အမယ်၊ နတ်မောက်ဂတ်က ဂတ်စာရေးကြီးကလည်း “ငါ့တူလုပ်ပုံက ဓလေ့ထုံးစံကိုကျော်သလိုဖြစ်နေတယ်။ ကိုယ့်သားအရင်းအရိုက်ခံရဖူးတာ ငတို့အရပ်ထုံးစံအတိုင်းကျေအေးခဲ့ရတာပါပဲ”ဆိုပြီး ရွှေပြည်အေးတရားဟောရင်း အချိန်ဆွဲလို့ နှစ်ရက်ကြာသေးဗျာ။ ကျွန်တော်ကလည်းတင်းခံပြီးခေါင်းမာနေတယ်။ အဲ၊ နတ်မောက်ဂတ်မှာ အမှုဖွင့်ဖို့စောင့်နေတုန်း တွံတေးသိန်းတန်ဇာတ်အဖွဲ့ နတ်မောက်မှာပွဲသွင်းချိန်နဲ့ကြုံနေတော့ ပွဲကြည့်ပြီးစောင့်နေလိုက်ရော။

နောက်ဆုံးတော့ ခေါင်းမာလှတဲ့ ကျွန်တော့်ကို အလျှော့ပေးပြီး အမှုဖွင့်လက်ခံလိုက်တာ ရွာထဲပုလိပ်ဝင်ပြီး တရားခံတွေကို ဖမ်းတော့တာပဲဗျာ။ ရဲကိုမမြင်ဖူးတဲ့ တရားခံရဲ့ဆွေမျိုး မိန်းမတွေတစ်သိုက် အမေ့ကို ဝိုင်းတောင်းပန်ကြတော့ အမေကတော့ “ညည်းတို့ ငါ့လာတောင်းပန်မနေနဲ့၊ ငါ့မောင်လက်ချက်ဆိုတာ ငါသိတယ်။ ငါ့သားကျေနပ်အောင်သာပြော”တဲ့ဗျ။ ကျွန်တော့်ဦးလေးလူရည်လည်ချက်က၊ ကျွန်တော်တို့သားအမိကိုဖွတ်ထမင်းဖိတ်ကျွေးပြီး “ဦးလေးဆိုတော့ အထင်မလွဲပါနဲ့” လုပ်သေးဗျာ။ အမေ့ကိုလည်း “အစ်မ၊ နင့်သားကြည့်ပြောပါဦး။ ကလေးကကျုပ်ကို တစ်မျိုးထင်နေတယ်”တဲ့။ သတိဆိုတာ ပိုတယ်မရှိဘူးဆိုတယ်မဟုတ်လား။ ညဏ်ကိုလွှာပြီး သုံးလိုက်ရသေးတယ်။ ထမင်းစားပွဲပေါ်က ရှိသမျှဟင်းတွေ ဦးလေးကိုသာဒွန်းပန်းကန်ထဲ “ဦးချတာပါ”ဆိုပြီး ဇွတ်ထည့်ပြီး အရိပ်အခြည်အရင်ကြည့်ရတာပေ့ါဗျာ။

နိဂုံးမှာတော့ ရွှေကြည်နဲ့ စိန်ကျော်မောင် အမေ့ကိုဦးချကန်တော့၊ ဆေးဖိုးဝါးခကုန်သမျှပေးတာကြောင့် အမှုပြန်ပိတ်ခဲ့ရောဆိုပါတော့။ အခုတော့ ဦးလေးကိုသာဒွန်းလည်း ကွယ်လွန်ရှာပါပြီ။ မသေခင်လည်း ကျွန်တော်တတ်နိုင်သလောက် ထောက်ပံ့ခဲ့ပါသေးတယ်။

အေးဗျာ။ ကျွန်တော်ဟာ အမေ့သွေးရော အဖေ့သွေးပါ ပါနေပုံရတယ်ဗျ။ ကြမ်းချင်ရမ်းချင်တဲ့စိတ်နဲ့ နူးညံ့တဲ့စိတ်နှစ်စိတ်ရောနေလေရဲ့။ အဲ စွန့်စွန့်စားစားလုပ်ချင်စိတ်ကတော့ ကျွန်တော့်အဖေဘက်က ပါတာဖြစ်နိုင်တယ်။ ဘာလို့တုံးဆိုတော့ မှိုက်ပင်မှာရွာကို စွန့်ခွာ၊ မြို့တက်ပြီး ပထမဆုံးပညာသင်ထွက်ခဲ့သူဟာ ကျွန်တော့်ဘကြီး ဦးလှစိန်ပဲဗျ။ ကျွန်တော် လူမှန်းသိတဲ့အချိန်မှာ ဦးလှစိန်ဆုံးပါးသွားတာ ကြာပြီမို့ အဖေ့ညီအစ်ကိုမောင်နှမတွေထဲမှာ ကျွန်တော့်အဖေက အကြီးဆုံးလို့ ကျွန်တော်ထင်နေခဲ့ပေမယ့် မဟုတ်ဘူးဗျာ။ ဆွေစဉ်မျိုးဆက်ကိစ္စတွေ တစ်စတစ်စလေ့လာကြည့်မိတော့ အဖေ့အစ်ကိုအကြီးဆုံး ဦးလှစိန်ဟာ အသက်(၁၅)နှစ်သားလောက်မှာ ကိုရင်ဝတ်နဲ့မြင်းခြံ၊ ပခုက္ကူမြို့တွေတက်ပြီး စာဝါလိုက်ဖူးသတဲ့။ ကိုရင်ဘဝနဲ့ စာသင်ချင်တယ် ပူဆာလွန်းလို့ ကျွန်တော့်အဘွား ဒေါ်ရွှေဘွဲ့ရဲ့မောင် သူကြီးဦးချစ်ခိုင်တို့လင်မယားက သင်္ကန်းဆီးပေးခဲ့တာဆိုပဲ။ ပခုက္ကူမှာ ပထမကြီးတန်းအောင်ပြန်တော့ ရန်ကုန်ကိုတက်လာတယ်။ အလုံက နတ်မောက် ကျောင်းမှာ ဓမ္မာစရိယတန်းစာ သင်သားဘဝ၊ ဒူလာကိုင်သွေးဝမ်းသွားတဲ့ရောဂါနဲ့ ရန်ကုန်ဆေးရုံကြီးမှာ ဆွေမရှိ၊ မျိုးမရှိ၊ သင်္ဂြိုဟ်မယ့်သူမရှိဘဲ ပိုင်ရှင်မဲ့အလောင်းအဖြစ် စခန်းသိမ်းခဲ့ရသတဲ့ဗျာ။

အဲဒီ သူ့အစ်ကိုကြီးဦးလှစိန်ရဲ့ခြေရာကိုနင်းပြီး သားသမီးတွေပညာရေးအတွက် ကျွန်တော်တို့တစ်မိသားစုလုံးကို ရန်ကုန်လိုမြို့ကြီးဆီ ဇွတ်ခေါ်ချလာတဲ့ မှိုက်ပင်သားတွေထဲမှာ ဒုတိယမြောက်စွန့်စားသူကတော့ ကျွန်တော့်အဖေ ဦးအောင်မြတ်ပေ့ါဗျာ။ သူလည်း ခေသူမဟုတ်ဆိုတဲ့အထဲကလို့ ဆိုရမယ်ထင်ပါရဲ့”

(ဆက်လက်ဖော်ပြပါမည်)


PREMIER®
COFFEE
၂၀၁၄ နှစ်သစ်လက်ဆောင်
၂၀၀ကျပ်မှ
ကျပ်သိန်း ၁၀၀ အထိ
ဗလာမပါ ငွေသား ကံစမ်းမဲ
PREMIER 3IN1 COFFEEMIX ကံထူးရှင်များအား ဝမ်းမြောက်စွာ ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။
သိန်း (၅၀) ကံထူးရှင်
သိန်း(၁၀၀)ဆုမဲများအပါအဝင် တန်ဖိုးကြီး ဆုမဲပေါင်းများစွာ ကျန်ရှိနေသေးသည့်အတွက် Premier 3 in 1 Coffeemix သောက်ပြီးရင်ခုန်ကံစမ်းကြပါစို့။


THET PAING SOE CO., LTD.
01-660 923, 02-35 412
SUNLIFE®
Multivitamin+Mineral
ရေဆူအားဆေး
Be Fresh, Be Healthy
SUNLIFE® A brand that works!
Multi-vitamin +Mineral
20 effervescent tablets with vitamins and minerals
Orange/Grapefruit flavour
Sugar free
Content: 90 g
လိမ္မော်/ဂရိတ်ဖရုအနံ့အရသာ
SUGAR FREE
www.thetpaingsoe.com
ThetPaingSoeCompany


FOREVER BEC-TERO
presents
Myanmar Drama Series
၁၀-၂-၁၄ တနင်္လာနေ့မှစ၍
MRTV-4
Monday to Friday
7:00 PM to 8:00 PM
အောင်မင်းခန့်
အောင်ရဲချမ်း
ဟန်လင်းသန့်
နကွတ်
နေအဥ္စရာ
မေမီကျော်ကျော်
ဂျူးဂျူးကေ နှင့်
များစွာ...များစွာ...
အကယ်ဒမီနေအောင်
အကယ်ဒမီမိုမိုမြင့်အောင်
အကယ်ဒမီမေသန်းနု
အကယ်ဒမီမေသဥ္စာဦး
သန်းသန်းစိုး နှင့်
များစွာ...များစွာ...
ဇာတ်လမ်း
Mr.Brian. L.Marcar
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ
အကယ်ဒမီငြိမ်းမင်း
ထာဝရမန္တလေး
Forever Mandalay
မြန်မာ့နှလုံးသားများကို ကိုယ်စားပြုသော မြန်မာဇာတ်လမ်းတွဲ